156

# အနန္တကြေးမုံ

ညောင်ကန် အရှင်ဣန္ဒက
မဟာစည့်ဓမ္မကထိက နယ်လှည့်ကမ္မဋ္ဌာနာစရိယ

# အနန္တကြေးမုံ

ညောင်ကန် အရှင်ဣန္ဒက

ငွေစာပေရိပ်မြုံ
၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၇၇၂၂၀

ပထမအကြိမ်

၁၉၇၉-ခု၊ ဇွန်လ

အုပ်ရေ ၃၀၀၀

အဖုံးရိုက် - ဇွဲ (ကာလာလေစက်)

မျက်နှာဖုံးပန်းချီ - ဦးမြင့်မောင်

တန်ဖိုး ၁၀-ကျပ်

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၁၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၁၂)

ထုတ်ဝေသူ။ ။ဦးစိုးမြင့် (မြဲ-၀၁၀၃၃)၊ ဆုစဒပေတိုက်၊
အမှတ် (၂)၊ သစ္စာရိပ်သာလမ်း၊ ကန်ဘဲ့
ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးထွန်းရှိန် (မြဲ ၀၂၁၃၈)၊ ဇွဲစာပုံနှိပ်တိုက်၊
အမှတ်-၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# ပန်ကြားလွှာ

## နှစ်သက်စရာ ရတနာ

ဤစာပေများသည် အသစ်စက်စက်များမဟုတ်ကြကုန်သော်လည်း မပစ်ရက်စရာ နှစ်သက်စရာ ရတနာများဟု ဆိုချင်ပါသည်။

မှန်ပါသည်၊ စာရေးသူသည် ၁၃၂၅-ခုနှစ် ခန့်မှစ၍ စာရေးချင်သောကြောင့် စာများကို ရေးသားခဲ့ပါသည်၊ ရေးသောစာကလည်း ဗုဒ္ဓ သားတော်တပါးဖြစ်သည့် အားလျော်စွာ **ဘုရားတရား သံဃာ ဆရာမိဖဟူသော** အနန္တငါးပါး၏ ဂုဏ်ကျေးဇူးများနှင့် စပ်သော စာပေများသာ ဖြစ်ပါသည်။

ထိုစာပေများသည် **ဗုဒ္ဓဓမ္မလောကစာစောင်၊ ဓမ္မဗျူဟာစာစောင်**နှင့် အိုး**ဝေဂျာနယ်**များ၌လည်း ပါခဲ့ပါသည်။ **ဟံသာဝတီ သတင်းစာ**၌လည်း ပါခဲ့ပါသည်။ **လုပ်သား၊ ကြေးမုံ၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း၊ ရန်ကုန်သတင်းစာ** များ၌လည်း အနည်းအပါး ပါဘူးပါသည်။

စာရေးသူ၏ ယနေ့စာပေ အခြေအနေသည် တရားဟောခရီးသွား မှတ်တမ်း၊ တရားဟော တရားခွန်းများကို စုစည်း၍ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေလျက် ရှိသည်။ ယခုစာအုပ်တွင် ပါဝင်သော စာပေသည် ၁၉၇၀-ခုနှစ်က ထုတ်ဝေခဲ့သော

ဗုဒ္ဓဓမ္မ ဆောင်းပါးများ စာအုပ်နှင့် ၁၉၇၃-ခုနှစ်က ထုတ်ဝေခဲ့သော ဗုဒ္ဓဓမ္မကြေးမုံ စာအုပ်များတွင် ပါဝင်ခဲ့သော စာပေများကို စုစည်းရွေးချယ်၍ ပြန်လည် ထုတ်ဝေသော စာပေ ဖြစ်သည်။ ထို့ပြင် (၂၂-၈-၇၁)နေ့ထုတ် သတင်းစာများတွင် ပါဝင်သည့် ဆောင်းပါးနှင့် ထိုဆောင်းပါး၏ ဂယက် ကောက်နုတ်ချက်များလည်း ပါဝင်ပေသည်။

ဤစာအုပ်တွင် ပါဝင်သည့် စာပေများသည်အနန္တငါးပါး၏ ဂုဏ်ကျေးဇူးများကို ဖော်ပြထားသောကြောင့် ဤစာအုပ်ကိုလည်း "အနန္တကြေးမုံ"ဟု ကင်ပွန်းတပ်လိုက်ပါသည်။ စာရှုသူများသည် အနန္တကြေးမုံကို အကြိမ်ကြိမ် ကြည့်ရှုနိုင်ကြ၍ အနန္တကျေးဇူးတို့ကို အထူးသိမြင်ကြလျက်ကျေးဇူးဆပ်နိုင်သော အာဇာနည်သူတော်ကောင်းများ ဖြစ်ကြပါစေသော်။

ညောင်ကန်အရှင်ဇနက
မဟာစည် နယ်လှည့်သာသနာပြုဓမ္မကထိက
၁၆-သာသနာ့ရိပ်သာ၊
ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့။

သာသနာတော်နှစ် ၂၅၂၂။ ကောဇာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်၊
တော်သလင်းလဆန်း ၂-ရက်၊ (၃-၁၀-၇၈) အင်္ဂါနေ့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပန်ကြားလွှာ .... | ဂ |
| ၂။ | သြောင်ကန် အရှင်ဣန္ဒကာ၏ စာအုပ်စာပေများကို ဒီလိုမြင်ကြသည် .... | ဈ |
| ၃။ | ဒကာတော် ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး၏ မိန့်ခွန်းနှင့်ပတ်သက်၍ .... | ၁ |
| ၄။ | ဤဆောင်းပါး၏ ဂယက်(၁) ပွင့်ပွင့်လင်းလင်း | ၁၃ |
| ၅။ | ဤဆောင်းပါ၏ ဂယက်(၂) ကြိုဆိုအပ်သော ပြင်ဆင်ချက် | ၁၉ |
| ၆။ | ဤဆောင်းပါး၏ ဂယက်(၃) ခေတ်သစ် ရှင်နာဂသိန်နှင့် ဒကာတော် ဗိုလ်နေဝင်း | ၂၅ |
| ၇။ | အညစ်အကြေး စင်အောင်ဆေး .... | ၄၀ |
| ၈။ | ကိုယ့်အားကိုယ်ကိုးပါ .... | ၄၄ |
| ၉။ | ဘုရားပေးသော ကိုယ့်အားကိုယ်ကိုးနည်း | ၄၇ |
| ၁၀။ | တောင်းသာတောင်း၍ မကျင့်ပွားကမရ | ၅၂ |
| ၁၁။ | မိမိသည်သာ ကိုးကွယ်ရာ .... | ၅၆ |
| ၁၂။ | ငါဘုရားကား ညွှန်ကြားရုံသာ .... | ၅၈ |
| ၁၃။ | အလုပ်နှင့်ချမ်းသာ .... | ၆၀ |
| ၁၄။ | အပူအအေးကိုသည်းခံနိုင်ယင် ငြိမ်းချမ်းမှုရမယ် | ၆၂ |
| ၁၅။ | ခံနိုင်ရည်ရှိရမည် .... | ၆၅ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆။ | သည်းခံလျှင် နိဗ္ဗာန်ရောက်သည် | .... | ၆၈ |
| ၁၇။ | တကြောင်းတည်းသောနိဗ္ဗာန်လမ်း | .... | ၇၁ |
| ၁၈။ | သောကကင်းဝေး အမြိုက်ဆေး | .... | ၇၅ |
| ၁၉။ | ငိုကြွေးကင်းရေး သတိဆေး | .... | ၇၈ |
| ၂၀။ | ဗိုက်ကွဲနာရှုပွား နိဗ္ဗာန်သွား | .... | ၈၁ |
| ၂၁။ | သတိထား၍ ကြိုးစားကြရမည် | .... | ၈၃ |
| ၂၂။ | ပေါင်ကျိုးနာရှုပွား နိဗ္ဗာန်သွား | .... | ၈၅ |
| ၂၃။ | မသိဒုက္ခံ သိနိဗ္ဗာန် | .... | ၈၈ |
| ၂၄။ | ကျားကိုက်နာရှုပွား နိဗ္ဗာန်သွား | .... | ၉၁ |
| ၂၅။ | ဘာ့ကြောင့် ဆင်းရဲကြသနည်း | .... | ၉၄ |
| ၂၆။ | သံသရာပိုက်ကွန်တွင်းမှ လွတ်ကင်းရေး | .... | ၉၆ |
| ၂၇။ | ကြောက်ရွံ့ကင်းဝေး တရားဆေး | .... | ၉၈ |
| ၂၈။ | လှံစူးနာရှုပွား နိဗ္ဗာန်သွား | .... | ၁၀၂ |
| ၂၉။ | လူဖြစ်ကျိုးနပ်ကြရအောင် | .... | ၁၀၆ |
| ၃၀။ | ပတ်ဝန်းကျင်ရှိသံဝေဂများ | .... | ၁၁၁ |
| ၃၁။ | မာရ်နတ်၏စကားထဲမှ ဗုဒ္ဓ၏ တရားတော် | .... | ၁၁၅ |
| ၃၂။ | လုပ်အားတန်ဖိုး အကျိုးကြီးလှ | .... | ၁၁၉ |
| ၃၃။ | သူတော်မွေ့ရာ တောဝနာ | .... | ၁၂၃ |
| ၃၄။ | မှန်မြတ်သောအောင်နိုင်ခြင်းတရား | .... | ၁၂၆ |
| ၃၅။ | မီးကိုရေဖြင့် ငြိမ်းစေသလို | .... | ၁၃၀ |
| ၃၆။ | အောင်မြင်လိုသော် | .... | ၁၃၅ |
| ၃၇။ | လောဘပျောက်ဖို့ ဩသဓသောက်စို့ | .... | ၁၃၉ |
| ၃၈။ | ရွှေသို့ အတ္တပရ လမ်းစဉ်ခရီး | .... | ၁၄၃ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၉။ | အသက်ရှည်လိုသော် (၁) | .... | ၁၄၅ |
| ၄၀။ | အသက်ရှည်လိုသော် (၂) | .... | ၁၄၉ |
| ၄၁။ | အရက်ကြောင့် | .... | ၁၅၃ |
| ၄၂။ | မာန-ဒေါသ-လျှောကျအောင် | .... | ၁၆၀ |
| ၄၃။ | သူ့ကို သတိပြု | .... | ၁၆၃ |
| ၄၄။ | မနာလို ဝန်တိုမှု | .... | ၁၆၇ |
| ၄၅။ | မိခင်ဖခင် ကျေးဇူးရှင် | .... | ၁၇၂ |
| ၄၆။ | မိဖကျေးဇူး ဥဒါန်းကျူး | .... | ၁၇၈ |
| ၄၇။ | မိဖကျေးဇူး | .... | ၁၈၂ |
| ၄၈။ | ပုံကောင်းပုံလှကလေးများဖြစ်ကြရအောင် | .... | ၁၈၇ |
| ၄၉။ | လူယဉ်ကျေးများ ပေါများရေး | .... | ၁၉၁ |
| ၅၀။ | အထူးအဆန်း ဝမ်းနည်းစရာ | .... | ၁၉၄ |
| ၅၁။ | လူရည်ချွန်ဟူသည်ကား | .... | ၂၀၁ |
| ၅၂။ | သားသမီးတာဝန် ကျေပွန်စေလိုသည် | .... | ၂၀၃ |
| ၅၃။ | အမေ့နို့ဖိုး ကျေသောနေ့ | .... | ၂၁၂ |
| ၅၄။ | ကိုရင်ထိန်း .... | .... | ၂၁၇ |
| ၅၅။ | ဤအကြောင်းကြောင့် ဤအကျိုးပေါ် | .... | ၂၂၂ |
| ၅၆။ | မေတ္တာပန်းများ မျိုးဆက်ပွားအောင် | .... | ၂၂၅ |
| ၅၇။ | မဟာသီရိစေတီတော် | .... | ၂၂၈ |
| ၅၈။ | ငယ်က ဝါသနာ | .... | ၂၃၂ |
| ၅၉။ | ရန်ကုန် သာသနာ့ရိပ်သာ | .... | ၂၃၆ |
| ၆၀။ | သရက်အောင်မင်္ဂလာ တုံးသံသာ | .... | ၂၄၀ |
| ၆၁။ | ပရိနိဗ္ဗာန်စံခါနီးဝယ် ဤသို့ မိန့်တော်မူ၏ | .... | ၂၄၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | မရှိတာကို အရှိထင်နေကြလို့ .... | ၂၄၈ |
| ၆၃။ | အညမည စောင့်ရှောက်ကြ .... | ၂၅၂ |
| ၆၄။ | သာသနာ့အရည်တည်ရေး .... | ၂၅၇ |
| ၆၅။ | ယောဂီဦးပါ၏ သတင်းထူးကို အကြောင်းပြု၍ | ၂၆၀ |
| ၆၆။ | ဘဝဟာစ်တိုင်နှင့်ပတ်သက်၍ .... | ၂၆၆ |
| ၆၇။ | သူ့ဒုက္ခကိုယ်မသိ ကိုယ့်ဒုက္ခသူမသိ .... | ၂၇၀ |
| ၆၈။ | ဒုက္ခဟူသည် .... .... | ၂၇၄ |
| ၆၉။ | ဒဟတ်ပန်းနှင့် ရင်ခတ်ပန်းတို့ လန်းဆန်းရာ | ၂၇၈ |
| ၇၀။ | တောကို အထင်မသေးပါ .... | ၂၈[illegible] |
| ၇၁။ | အသေထွက် ထွက်လာရပါတယ် .... | ၂၈၆ |
| ၇၂။ | ဝေါဟာရ အသွယ်သွယ် .... | ၂၈၉ |
| ၇၃။ | ညောင်ကန်သားလား ဒန်းတိုင်သားလား .... | ၂၉၄ |


## အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂၁ | ၇ | သုရာသောက်တုပ် | သုရာသောက်ထုပ် |
| ၃၄ | ၁၆ | သည်စရောင်း | စသည်ရောင်း |
| ၆၃ | ၁၀ | လေကန္တရိက် | လောကန္တရိက် |
| ၈၀ | ၂၀ | ဝိနယပါရဂု | ဝိနယပါရဂူ |
| ၁၀၀ | ၁၅ | သဗ္ဗနိဿနိဂ္ဂ | သဗ္ဗနိဿဂ္ဂ |
| ၁၀၂ | ၁၂ | ပဇာဟ | ပဇဟထ |
| ၁၁၂ | ၆ | ဥပဘိဿ | ဥပတိဿ |
| ၁၆၀ | ၁၅ | အတ္တံ | အတ္တံ |

# ညောင်ကန် အရှင်ဇာနိန္ဒက၏

## စာအုပ်စာပေများကို ဒီလို မြင်ကြသည်

၁။ ဗုဒ္ဓဓမ္မဆောင်းပါးများ

(က) ဗုဒ္ဓဓမ္မဆောင်းပါးများ-

မန္တလေးမြို့၊ ရတနာပုံ သာသနာ့ရိပ်သာ၊ ညောင်ကန်-အရှင်ဇာနိန္ဒက၏ ဗုဒ္ဓဓမ္မ၊ ဓမ္မဗျူဟာစသော တရားစာစောင်များ တွင်ရေးသားခဲ့သော တရားဆောင်းပါးများကို စုပေါင်းထားသော စာအုပ် ဖြစ်၏၊ ဗုဒ္ဓတရားတော်များကို ခေတ်လူတို့ အလွယ်တကူ ဖတ်နိုင်အောင် စကားပြေရိုးရိုးဖြင့် ရေးသားထားသော ဆောင်းပါးများ ဖြစ်သည်။ (ကြေးမုံသတင်းစာ ၂၄၊ ဂ၊ ၇၀)

(ခ) ဗုဒ္ဓဓမ္မဆောင်းပါးများ-

ညောင်ကန်-အရှင်ဇာနိန္ဒက စုဆောင်းပြုစုသော "ဗုဒ္ဓ ဓမ္မ ဆောင်းပါးများ" စာအုပ်မှာ လောကီ လောကုတ္တရာ အကျိုးပြုစာအုပ် ဖြစ်သည်၊ ထိုစာအုပ်တွင် ကိုယ့်အား ကိုယ်ကိုးသဘောတရားကို ၂၂-မျိုးသော ရှုဒေါင့်မှ ရေးသားထားသည်

F B

မှာ ထူးခြား၍ မှတ်သားဖွယ်ရာ ကောင်းသည်၊ သချာနည်းအားဖြင့် ရုပ်နှင့် နာမ်ကိုတည်၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံနှင့် မြောက်၊ ရလဒ်ကား=ဘဝပဋိသန္ဓေ, အို, နာ, သေ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ပေတည်း-ဟု ဒုက္ခစက်ကို အတိုချုံး၍ တွက်စစ် ဖော်ပြတားပေသည်။

၎င်းပြင် ပတ်ဝန်းကျင်ရှိ သံဝေဂ၊ မေတ္တာကာလ၏ နယ်၊ လုပ်အားတန်ဘိုး အကျိုးကြီးလှ၊ ရှေးသို့ အတ္တပရ လမ်းခရီး၊ အသက်ရှည်လိုသော်၊ မိခင် ဖခင် ကျေးဇူးရှင် စသော ဆောင်းပါးများနှင့်၊ အဂ္ဂမဟာပဏ္ဍိတ-မဟာစည် ဆရာတော်၏ တရားပွဲမှတ်တမ်းများလည်း ပါသည်။ စာအုပ်ဖိုးမှာ ၃-ကျပ်။

(ရန်ကုန်သတင်းစာ၊ ၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၉-ရက်နေ့ထုတ်)

## ( ဂ ) ညောင်ကန် အရှင်ဣန္ဒက၏ ဗုဒ္ဓ ဓမ္မ ဆောင်းပါးများ

ညောင်ကန်-အရှင်ဣန္ဒကကို ဗုဒ္ဓ ဓမ္မ လောက စာဖတ်ပရိသတ်တိုင်း သိကြသည်။ ညောင်ကန်-အရှင်ဣန္ဒကရေးသော ဆောင်းပါးများသည် ဗုဒ္ဓ ဓမ္မ လောက၌သာ ပါသည်မဟုတ်ပါ၊ အခြားစာစောင်များ၌လည်း ပါသည်ဖြစ်၍ ထိုစာစောင်များ၌ ပါခဲ့ဘူးသော ဆောင်းပါး အားလုံးတို့ကို စုစည်းကာ ဟင်းလေးအိုး ကြိုလိုက်ခြင်း ဖြစ်ပါသည်။

ဟင်းလေးအိုးကား ချို ချဉ် ငန် စပ် ဖန် ခါး ရသာ ခြောက်ပါး သာမက ထို ရသာခြောက်ပါးတို့မှ ထွက်ပေါ်လာ-

သော အဆိမ့်ဓာတ် အဒီဓာတ်တို့ ပါ၀င်သလို ညောင်ကန်-အရှင်ဣန္ဒက၏ ဗုဒ္ဓ ဓမ္မ ဆောင်းပါးစုံ ဟင်းလေးအိုးကလည်း ရသာ ခြောက်ပါးသာမက စုံလှပါ၏လော၊ မပါ၏လော-သိဖို့ရာ ကိုယ်တိုင် ဝယ်ယူမြီးကြည့်လျှင် သိရပေလိမ့်မည်။

ဆောင်းပါး ပုဒ်ရေပေါင်း ၈၁-ပုဒ်၊ စာမျက်နှာပေါင်း ၂၈၈-မျက်နှာ ပါသည်။ အဖိုးမှာ ၃-ကျပ်။ (အတွဲ ၁၆၊ အမှတ် ၁၂၊ ဗုဒ္ဓ ဓမ္မ လောက စာစောင်)

## (ဃ) ဗုဒ္ဓ ဓမ္မ ဆောင်းပါးများ

မန္တလေးမြို့၊ စိန်းရပ်၊ ရတနာပုံ သာသနာ့ရိပ်သာ၊ သာသနာပြု ဓမ္မကထိက–ဆရာတော်ကလေးထံတော်သို့ ၃၂-ဝါဆိုလ ပြည့်ကျော် ၇-ရက်။

ဝမ်းမြောက်ရွှင်လန်းစွာဖြင့်–

အရှင်ဘုရား ရေးသားပေးပို့လိုက်သော ဗုဒ္ဓ ဓမ္မ ဆောင်းပါး (တရားစာအုပ်)ကို ရရှိဖတ်ရှုရသဖြင့် ဝမ်းသာ၍ မဆုံးနိုင်အောင် နှလုံး ပီတိ ဂွမ်းဆီထိသို့ ကြည့်၍မဝ သောမနဿတွေ ဖြစ်မိပါသည်။

ဗုဒ္ဓ ဓမ္မ၌ ရေးသားထားပြီးသော ဆောင်းပါး တရားစာအားလုံးတို့ကို တထိုင်တည်းဖြင့် စုဆောင်း မြီးကြည့်ရှုမှတ်သားခွင့် ရကြသဖြင့်လည်း ဗဟုသုတလိုလား စာပေလိုက်စားသူများအတွက် သုံးစွဲ၍ မကုန်နိုင်အောင် တန်ဖိုး မဖြတ်နိုင်သည့် "ရတနာ ရွှေအိုးကြီး" ကောက်ရသည့်အလား အကျိုးကျေးဇူးများနိုင်ပါသည်။

သာသနာ့အတွက် တိုးတက်ကြီးပွားနိုင်မည့် ကျမ်းစာများကို ကျန်းမာရွှင်လန်းစွာဖြင့် တအုပ်ပြီးတအုပ် ဆက်လက်ထုတ်ဝေနိုင်ပါစေ။

အရှင်ပညာသိရိဘိဝံသ
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊
ပဋိသမ္ဘိဒါမဂ္ဂ ပါဠိပါဠိ ပါဠိပါဠိ ပါဠိ
ဆိုင်းတန်းကျောင်း၊
မဟာဝိသုဒ္ဓါရုံတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဒကာတော်ပါတီဥက္ကဋ္ဌ

## ဗိုလ်ချုပ်ကြီး၏ မိန့်ခွန်းနှင့် ပတ်သက်၍

သို့သော်လဲ မြတ်စွာဘုရား ကိုယ်တော်တိုင် တခါတလေ လူများစုရဲ့သဘောကို လိုက်လျောပြီးတော့ ပညတ်သွားရတာ ရှိတယ်၊ ဘယ်လို ပညတ်သွားသလဲ ဆိုတော့ အဲဒီ ခဝါသည့် ဆတ္တာသည်တွေ အိမ်မှာ ရဟန်းတွေ ဆွမ်းမခံရဘူး၊ ဒီလိုပညတ်တာ ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ ငယ်ငယ်က ကြားဘူးတော့ မြတ်စွာဘုရားတော့ဖြင့် ဒီလို ပညတ်ချက် ထုတ်ချင်မှ ထုတ်မယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ပိုင်းမှာ တချို့ရဟန်းတွေက သူတို့မသိဒီလို့ ဒါပညတ်တယ်လို့ ထင်ခဲ့တယ်၊ အဲဒါနဲ့ ကျွန်တော်သိတဲ့ ပုဂ္ဂိုလ်တွေကို ချဉ်းကပ်ပြီး

တော့ မေးကြည့်ပါတယ်။ မြတ်စွာဘုရားက ဒီလိုများ ပညတ်ခဲ့ပါသလားလို့ ဆိုတော့ ပညတ်ခဲ့တယ်တဲ့။ ဘာဖြစ်လို့ ပညတ်သလဲလို့ဆိုတော့ မြတ်စွာဘုရားက တော်လှန်ရေးသမား၊ ဟိန္ဒူတွေက မဟုတ်တန်းတရားပေါ့လေ၊ဟိန္ဒူထဲမှာမညီမျှဖြစ်နေတဲ့ ဥစ္စာတွေကို မကျေနပ်လို့ တော်လှန်တာ၊ အဲဒီ တော်လှန်တဲ့ ပုဂ္ဂိုလ်တွေတောင်မှလည်း အခုနက ဇာတ်နိမ့်တဲ့ ခဝါသည်တို့ ဘာတို့ အိမ်မှာ ဆွမ်းမခံရဘူးဆိုတော့ ကျွန်တော်မကျေနပ်ဘူး။ မကျေနပ်လို့လဲ ကျွန်တော် မေးတာ၊ ဘုန်းကြီးကိုပါ ကျွန်တော် လျှောက်ကြည့်တာ၊ လျှောက်ကြည့်တော့ ဘုရား ကိုယ်တော်တိုင် ပညတ်သွားတာ၊ ဘာဖြစ်လို့ ပညတ်သွားရတာလဲ ဆိုတော့ ရဟန်းတွေ အဲဒီအိမ်တွေမှာ သွားပြီးတော့ ဆွမ်းခံတဲ့ အခါကျတော့ ကျန်တဲ့လူထုက ကဲ့ရဲ့တယ်။အဲဒါနဲ့ လူထုရဲ့အများရဲ့ သဘောကို မလွန်ဆန်ချင်လို့ မြတ်စွာဘုရား ပညတ်သွားရတယ်။

## သာသနာပြန့်အောင်

ဒီလို နေရာမှာ ကျွန်တော်တို့ ထပ်ဆက်ပြီး တွေးကြည့်ယင်တော့ ထိုအချိန် ထိုအခါက ဟိန္ဒူဘာသာတွေချည်းပဲ၊ အဲဒီ ဟိန္ဒူဘာသာတွေကို ဗုဒ္ဓဘာသာဖြစ်အောင် ဟောပြောပြီးတော့ သိမ်းသွင်းနေရတဲ့အချိန်မှာ ဒီဟိန္ဒူတွေဟာ အခုနက ရဟန်းတွေကို အထင်အမြင် သေးသွားလို့ရှိယင် ချဉ်းကပ်လို့ မရဘူး။ ဒီ ပုဂ္ဂိုလ်ခင်မှ သီလမင်တယ် ဆိုတာလို ဒီရဟန်းတွေကို ဆေးဘော်ကြောဘက်မှ မလုပ်၊ စကား ပြောတာမှ လက်မခံယင်တော့ သာသနာ ပြန့်မှာမဟုတ်ဘူး။ အဲဒါကြောင့်မို့ သာသနာပြန့်အောင် ဆိုပြီး ဒါကလေးတော့ လိုက်လျော

လိုက်မှ ဆိုပြီးတော့ လုပ်သွားသလားလို့ ကျွန်တော် စဉ်းစား မိတယ်။

ဤ ဖော်ပြပါ စကားတို့သည် ၁၂-၇-၇၁ နေ့ထုတ် သတင်းစာများ၌ ပါရှိသော ပါတီညီလာခံ နောက်ဆုံးနေ့ ဥက္ကဋ္ဌကြီး မိန့်ခွန်း၌ ပါရှိသည့် စကားတို့ ဖြစ်ကုန်၏။

## ပထမမေးခွန်း (၃)ရပ်

ဤမိန့်ခွန်းပါ စကားတို့ကို စာရေးသူ ဖတ်မိသောအခါ ဤမိန့်ခွန်းပါ စကားတို့နှင့် ပတ်သက်၍ စာရေးသူ၏စိတ်ထဲ၌—

(၁) မြတ်စွာဘုရားသည် ခဝါသည်၊ ဆတ္တာသည် တို့၏ အိမ်မှာ ဆွမ်းမခံရန် ပညတ်တော်မူခဲ့ပါသလော။

(၂) သင်္ဂါယနာ ၆-ကြိမ် တင်ခဲ့သည့် နိကာယ် ငါးရပ် ပိဋကတ်တော်တို့၌ မြတ်စွာဘုရားသည် ခဝါသည်၊ ဆတ္တာသည် တို့၏အိမ်၌ ရဟန်းတော်တို့ ဆွမ်းမခံရန် ပညတ်တော်မူခဲ့သည် ဟု ပါရှိပါသလော။

(၃) ပညတ်လျှင် အဘယ့်ကြောင့် ပညတ်တော် မူခဲ့ပါ သနည်း။

ဤမေးခွန်း သုံးရပ်တို့သည် ရှေးဦးစွာ ထင်ရှားပေါ်လာပါ ကုန်၏။

## ပထမ မေးခွန်း (၃)ရပ် အဖြေ

စာရေးသူသည် ဖော်ပြပါ ပထမ မေးခွန်း ၃-ရပ်တို့ကို စာရေးသူ ကိုယ်တိုင်ပင် ဤသို့ ဖြေကြားမိပါ၏။

(၁) မေးခွန်းအရ မြတ်စွာဘုရားသည် ယင်းသို့ ပညတ် တော် မမူခဲ့ပါ။

(၂) မေးခွန်းအရ စာရေးသူ ကြည့်ဘူးသမျှ နိကာယ်ငါးရပ် ပိဋကတ်တော်တို့၌ ယင်းသို့ မတွေ့ဘူးပါ။

(၃) မေးခွန်းအရ ဖြေကြားစရာပင် မလိုတော့ပါ။

## ဒုတိယ မေးခွန်း (၃)ရပ်

ဤ မေးခွန်း သုံးရပ်တို့ကို စာရေးသူ ဖြေကြားပြီးနောက် ဤ ဒုတိယမေးခွန်း သုံးရပ်တို့သည်လည်း စာရေးသူ၏ စိတ်ထဲ၌ ထပ်ဆင့်၍ ထင်ရှားစွာ ပေါ်လာပြန်ပါကုန်၏။ အဘယ် မေးခွန်းတို့နည်း။

(၁) ရဟန်းတော်တို့၏ ဆွမ်းမခံရန် ဌာနနှင့် ပတ်သက်၍ ရှေးဆရာတော် တို့သည် မည်သို့ မိန့်ဆိုတော် မူခဲ့ကြပါကုန်သနည်း။

(၂) နိကာယ်ငါးရပ် ပိဋကတ်တော်တို့၌ ဆွမ်းမခံရာဌာနကို ပဓာနထား၍ မိန့်ဆိုချက် ရှိပါသလော။

(၃) မြတ်စွာဘုရားသည် အဘယ်အကျိုးတို့ကို ရည်ရွယ် မှန်းထား၍ သား ရဟန်းတော်တို့ လိုက်နာရန် ဝိနည်းတော်တို့ကို ပညတ်တော်မူခဲ့ပါ သနည်း၊ ဤမေးခွန်းတို့တည်း။

## ဒုတိယမေးခွန်း (၃)ရပ် အဖြေ

စာရေးသူသည် ဤ ဒုတိယ မေးခွန်း သုံးရပ်တို့ကိုလည်း ဤသို့ ဖြေကြားကြည့်မိပါ၏။

## (၁) မေးခွန်းအဖြေ
## ဆွမ်းမခံရာ (၆) ဌာန

(က) သုရာ သောက်ထုပ်၊သေတင်းကုပ်၊ပဏ္ဍုက် ဘိက္ခုနီမ။
(ခ) ပျိုကြီးဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာ မုဆိုးမ။
(ဂ) ဆွမ်းခြောက်ပါးမှာ၊ မခံရာ၊ ကျမ်းလာမှန်မှုချ။

ဤဖော်ပြပါ ရှေးဟောင်း လင်္ကာအရ- (၁) သေအရက် (ထန်းရေးခါး၊ အရက်စသည်)ကို ရောင်းသောအိမ်။ (၂) *ပဏ္ဍုက်တို့၏အိမ်။ (၃) ဘိက္ခုနီခေါ် ရဟန်းမ တို့၏ကျောင်း။ (၄)အပျိုကြီး အိမ်။ (၅) ပြည့်တန်ဆာမအိမ်။ (၆) လင်ကွာ အမျိုးသမီးနှင့် မုဆိုးမအိမ်၊ ဤ(၆)ဌာနတို့၌ ရဟန်းတော်တို့ ဆွမ်းမခံရဟု ဆိုလိုသည်။ ဤကား ရှေးဆရာအချို့တို့၏ အဆို တည်း။ဤသည်လျှင် (၁)မေးခွန်း၏အဖြေတည်း။

## (၂) မေးခွန်းအဖြေ

အကျမ်းတဝင် မဝင်ထွက်ရ ခြောက်ဌာန။
ထိုဖော်ပြပါ ရှေးဟောင်း လင်္ကာ၏မှီရာ ကျမ်းတို့၌ကား *ဤသို့ တွေ့ရ၏။

တတ္ထ ကတမော အဂေါစရော၊ ဣဓေကစ္စော ဝေသိယာ ဂေါစရောဝါ ဟောတိ ဝိဓဝါ=(ပ)=အယံ ဝုစ္စတိ အဂေါစရော။(အဘိ ၂၊၂၅၅၊ဝိသုဒ္ဓိ+ဋ္ဌ-၁၊၁၇)။

---

* မူရင်းဆောင်းပါးတွင် (မိန်းမ အင်္ဂါ ယောကျ်ားအင်္ဂါ နှစ်စုံပါသော) ဟူသော လက်သဲကွင်းတွင်း စာပိုဒ်သည် အမှား အပိုဖြစ်သောကြောင့် ဤ၌ချန်ထားခဲ့၏။

## ပါဠိတော် မြန်မာပြန်

ထိုမာတိကာ၌ (အဝေါစရ အကျွမ်းတဝင် မဝင်ထွက်ရာ ဌာနရှိသူ)ဟူသည် အဘယ်နည်း၊ ဤသာသနာတော်၌ အချို့သော ရဟန်းတို့သည် ပြည့်တန်ဆာမအိမ်သို့အကျွမ်းတဝင်သွားလာလေ့ရှိ၏၊ လင်ကွာအမျိုးသမီးနှင့် မုဆိုးမအိမ်သို့၊ အပျိုကြီးအိမ်သို့၊ပဏ္ဍုက်အိမ်သို့၊ ရဟန်းမကျောင်းသို့၊ သေရည်အရက်ဆိုင်သို့ အကျွမ်းတဝင် သွားလာလေ့ရှိ၏။ မင်း၊ မင်း၏ အမတ်ကြီး၊ တိတ္ထိ၊ တိတ္ထိတို့၏ တပည့်တို့နှင့် သာသနာတော်နှင့် မသင့်လျော်အောင် ရောနှောလျက်နေ၏။ ရတနာသုံးပါးကို မကြည်ညိုသော သူတို့နှင့်ဆက်ဆံ၏။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာတို့ ရေတွင်း ရေကန်သဖွယ် ချဉ်းကပ်ရန်မသင့် သူတို့နှင့် ဆက်ဆံ၏၊ ရဟန်း, ရဟန်းမ,ဥပါသကာ, ဥပါသိကာတို့ကို ဆဲရေးချိမ်းခြောက်သော သူတို့နှင့် ဆက်ဆံ၏။ရဟန်း,ရဟန်းမ, ဥပါသကာ,ဥပါသိကာ တို့၏ ဆင်းရဲမှု၊ ဘေးရှိမှုကို လိုလားသူနှင့် ဆက်ဆံ၏။ အကျွမ်းတဝင် မဝင်မထွက်ရာသော ဌာနရှိသူဟူသည် ဤသူပင်တည်း။ (သိလွယ်အောင် ဘာသာပြန်ထားပါသည်။)

ဤ၌ ဆွမ်းမခံရ ခြောက်ဌာနဟု မပါရှိပေ။ အကျွမ်းတဝင် မဝင်ထွက်ရာဌာနနှင့် အကျွမ်းတဝင် မဆက်ဆံရသော သူတို့ကိုသာ မြတ်စွာဘုရားသည် ရဟန်းတော်တို့ အတွက် သတိထား ဝင်ထွက်ဆက်ဆံရန် မိန့်တော်မူသည်၊ (ဝ ါ) ပညတ်တော်မူသည် ဟု-စာရေးသူသတိပြုမိပါသည်။

## ၎င်းအဋ္ဌကထာအဖွင့်နှင့်ရှေးဆရာတို့၏ သံပေါက်လင်္ကာ

၎င်းပါဠိတော်၏ အဖွင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ (အဘိ-ဋ္ဌ-၂၊ ၃၂၅) ၌ (ရဟန်းတော်တို့ အကျွမ်းတဝင် ဝင်ထွက် ကျက်စားရာအရပ်) ကို ပြသော ဂေါစရ= ဟူသော ပုဒ်နှင့် (ရဟန်းတို့ အကျွမ်းတဝင် မဝင်ထွက် မကျက်စားရာ အရပ်)ကိုပြသော ပုဒ် ၂-ပုဒ်တို့ကို အဋ္ဌကထာ ဆရာက ဤသို့ ဖွင့်ပြထားတော်မူသေး၏။

ဂေါစရောတိ ပိဏ္ဍပါတာဒီနံ အတ္ထာယ ဥပသင်္ကမိတုံ
ယုတ္တဋ္ဌာနံ ဂေါစရော၊ အယုတ္တဋ္ဌာနံ အဂေါစရော။

## ၎င်းပါဠိ၏ မြန်မာဘာသာပြန်

ဆွမ်းစသည်အတွက် ချဉ်းကပ်သော အရပ်သည် ရဟန်းတို့ အကျွမ်းတဝင် ဝင်ထွက်ကျက်စားရာ ဂေါစရ=မည်၏။ ဆွမ်းစသည်အတွက် ရဟန်းတို့ အကျွမ်းတဝင် မဝင်ထွက် မကျက်စားရာအရပ်သည် အဂေါစရ=မည်၏။ ဤကား ၎င်း အဋ္ဌကထာ ဖွင့်ပြချက် မြန်မာပြန်တည်း။

ဤအဋ္ဌကထာ ဖွင့်ပြချက်ကိုသာယူ၍ ရှေးဆရာတော် အချို့တို့က ရဟန်းတော်တို့ အကျွမ်းတဝင်မဝင်ထွက် မကျက်စားရာ ဌာနတို့ကို ဆွမ်းမခံရ-၆-ဌာန-ဟု မြန်မာဘာသာ ပြန်ဆိုတော်မူကြကာ သံပေါက်လင်္ကာ ရေးစပ်တော်မူခဲ့ကြဟန်တူသည်ဟု စာရေးသူ သတိပြုမိပါသည်။

ဤအတိုင်းသာဆိုပါလျှင် ရှေးဆရာတော်အချို့တို့၏ ဆွမ်းမခံရ ၆-ဌာန=ဟူသော အဆိုအမိန့်သည် ပါဠိတော်၏ ပမာန မိန့်ဆိုချက်ကို သတိမပြုမိဘဲ အဋ္ဌကထာဆရာ၏ သာမညဖွင့်ပြ

ချက်ကိုပဓာနထား၍(ပမာဒလေခ၍)ရေးသားတော်မူခဲ့ကြဟန် ရှိသည်ဟု စာရေးသူ ထင်မြင်မိပေသည်။

စင်စစ်သော် ပါဠိတော်၏ ဆိုလိုချက်ပဓာနမှာ ဆွမ်းမခံရ ဇ-ဌာန မဟုတ်ပေ၊အကျွမ်းတဝင် မဝင်ထွက်ရသော ဌာနနှင့် အကျွမ်းတဝင်မဆက်ဆံရသော ပုဂ္ဂိုလ်များသာ ဖြစ်ချေသည်။

## ဂုဏ်အဋ္ဌကထာ ထပ်ဆင့်ဖွင့်ပြချက်

မုန်၏။ဂုဏ်အဋ္ဌကထာ၏ ရဟန်းတို့ ဆွမ်းစသည် အတွက် အကျွမ်းတဝင်မဝင်ထွက်မကျက်စားသင့်သော အရပ်ဟူသည်= အဂေါစရ = မည်သည် ဟု ဖွင့်ပြချက်သည် ပဓာန မဟုတ်၊ သာမညသာဖြစ်ကြောင်းမှာ ဂုဏ်း (အဘိ-ဋ္ဌ-၂၊၃၂၅) ၌ပင် ဆက်လက် ဖွင့်ပြထားပုံကို ဆက်လက် ကြည့်ရှုသော်-ပိုမိုတိကျ ထင်ရှားပြတ်သားလှပါ၏။ အဘယ်သို့နည်း--

ဒက္ခိဏာဝသေန ပန ဥပသင်္ကမန္တေန သတိံ ဥပဋ္ဌာပေတွာ ဥပသင်္ကမိတဗ္ဗံ=ချစ်ကျွမ်းဝင်သောအနေဖြင့်သာ မချဉ်းကပ်ရ၊ မသွားရ၊ မဆက်ဆံရ၊ လှူဖွယ်ဝတ္ထုကို ခံယူရန် အတွက်ကား သတိထား၍ ချဉ်းကပ်ရမည်၊ ချဉ်းကပ်နိုင်သည်၊ ဆက်ဆံနိုင် သည်။ ဤသို့ ဖွင့်ပြထားသတည်း။

## သုခမှတ်စုအဆို

နိုင်ငံကျော် စာရေးဆရာကြီး ဦးသုခ၏ 'သုခမှတ်စု' စာ မျက်နှာ၂၇၇-ဇ-ပါးစု၌လည်း ဤ ဇ-ဌာနကို ရဟန်းတို့အကျွမ်း တဝင် မဝင်ထွက်ရာသော ဇ-ဌာနဟု မြန်မာဘာသာပြန်ဆိုထား

သေးသည်ကိုလည်း စာရေးသူသတိပြုမိပေသေး၏။ ဤသို့မြန်မာဘာသာပြန်ဆိုချက်မှာ ဒက္ခိဏာဝသေနစသော ဤအဋ္ဌကထာ ထပ်ဆင့် ဖွင့်ပြချက်နှင့်ရှင်း၊ ပါဠိတော်၏ ဆိုလိုရင်းနှင့်ရှင်း၊ ညီညွတ်သောကြောင့် နှစ်သက်စရာ ရှင်းလင်း ပြတ်သားလှပေသည်ဟုလည်း စာရေးသူ ဆင်ခြင်မိ၏။

ဆက်ပါဦးမည်၊ ၎င်းတို့ကို ထောက်ဆသော် လုံးဝ ဆွမ်းမခံရ ၆-ဌာနမဟုတ်ပါ၊ ဆွမ်းခံလိုသော် ထို ၆-ဌာနမှာ ခံရသည်၊ ဆွမ်းခံခွင့်ရှိသည်။ သို့သော် သတိတော့ ရှိပါစေ၊ သတိလက်လွတ် ဆွမ်းမခံပါနှင့် သတိထား၍ ဆွမ်းခံပါလေဟု ဆိုလိုရင်းဖြစ်ကြောင်းကိုလည်း စာရေးသူ သတိပြုမိပါ၏။

မြတ်စွာဘုရားသည် ထို ၆-ဌာနသို့ လုံးဝ ဆွမ်းမခံရန် သော်၎င်း၊ ထိုပုဂ္ဂိုလ်တို့နှင့် လုံးဝ မဆက်ဆံရန်သော်၎င်း၊ တားမြစ်တော်မူလိုရင်း မဟုတ်ပါ၊ ထိုဌာနတို့သို့ သတိလက်လွတ် အကျွမ်းတဝင် မသွားလင့်၊ ထိုပုဂ္ဂိုလ်တို့နှင့် သတိလက်လွတ် အကျွမ်းတဝင် မဆက်ဆံလင့်ဟူသော မိန့်တော်မူလိုရင်းပါဟုလည်း စာရေးသူ သတိပြုမိပါ၏။

အကြောင်းမှာ ထိုဌာန ထိုပုဂ္ဂိုလ်တို့နှင့် သတိလက်လွတ် အကျွမ်းတဝင် ဝင်ထွက်ဆက်ဆံသော ရဟန်းသည် သာသနာတော်မှ လျှောကျပျက်စီးတတ်ခြင်း၊ ဘေးရန်ပွားခြင်းများ ဖြစ်နိုင်သောကြောင့်သာ မြတ်စွာဘုရားက သတိပေး ပညတ်တော်မူခြင်း ဖြစ်သည်ဟုလည်း စာရေးသူ သတိပြုမိပါသည်။ ထို့ပြင် မြတ်စွာဘုရား၏ ဤသို့ သတိပေး ပညတ်တော်မူခြင်းသည် ထိုဌာန ထိုပုဂ္ဂိုလ်တို့သည် ဇာတ်နိမ့်ကျသူများ ဖြစ်သော

ကြောင့် ဇာတ်မြင့်ကြသူများ သဘောကျစေရန် ပညတ်တော်မူခြင်း မဟုတ်သည်ကိုလည်း စာရေးသူ သတိပြုမိပါသည်။ ဤကား (၂) မေးခွန်း၏ အဖြေတည်း။

(၃) မေးခွန်း၏ အဖြေ

(၃) မေးခွန်း၏အဖြေကိုမူ(အံ-၃၊၃၁၁)ဥပါလိသုတ်ကို မြန်မာပြန်၍ စာရေးသူ ဖြေဆိုလိုက်၏။ (ဝိ-၁၊၂၄) ၌လည်း ဤသဘောအတိုင်းပင်တည်း။

## ဥပါလိသုတ်-မြန်မာပြန်

ထိုအခါ၌ အရှင်ဥပါလိ (ထေရ်)သည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အရပ်သို့သွား၍ မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ အရပ်၌ နေထိုင်ပြီးနောက် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏။

အရှင်ဘုရား၊ အဘယ်မျှသော အကျိုးတို့ကို စွဲ၍ တထာဂတ နာမခေါ်တွင် ဘုရားရှင်သည် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူပါသနည်း၊ ပါတိမောက်ကို ပြတော်မူပါသနည်း... အရှင်ဘုရား။

ဥပါလိ၊ ဆယ်ပါးသော အကျိုးတို့ကို စွဲ၍ တထာဂတ နာမခေါ်တွင်ဘုရားရှင်သည် တပည့်သာဝကတို့အားသိက္ခာပုဒ်ကို ပညတ်တော်မူပေသည်။ ပါတိမောက်ကို ပြတော်မူပေသည်။

အဘယ်ဆယ်ပါးတို့နည်း ဟူမူကား-

၁။ သံဃာတော်က ကောင်းပြီဟု ဝန်ခံ(လက်ခံ) နိုင်ခြင်း အကျိုး။

၂။ သံဃာတော် ချမ်းသာခြင်း အကျိုး။

၃။ အာပတ်သင့်လျက် ရှက်ရမှန်းမသိ မျက်နှာပြောင်တိုက်ကြသော ပုဂ္ဂိုလ်တို့ကို နှိမ်နင်းရခြင်းအကျိုး။
၄။ သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာနေရခြင်းအကျိုး။
၅။ မျက်မှောက် ယခုဘဝ၌ တွေ့ကြုံရမည့် ဘေးရန်ဆင်းရဲတို့ကို ပိတ်ဆို့တားမြစ်ရခြင်း အကျိုး။
၆။ တမလွန်ဘဝ၌ တွေ့ကြုံရမည့် ဘေးရန်ဆင်းရဲတို့ကို ပိတ်ဆို့တားမြစ်ရခြင်း အကျိုး။
၇။ မကြည်ညိုသေးသောသူတို့ ကြည်ညိုရခြင်း အကျိုး။
၈။ ကြည်ညိုပြီးသောသူတို့ လွန်လွန်ကဲကဲ ကြည်ညိုရခြင်း အကျိုး။
၉။ ပရိယတ်, ပဋိပတ်, ပဋိဝေဓဟူသော သူတော်ကောင်းတရား ကြာမြင့်စွာ တည်တံ့ခြင်းအကျိုး။
၁၀။ ဝိနည်းတော်ကို ချီးမြှောက်ရခြင်း အကျိုး-ဟူ ဆယ်ပါးတို့ပေတည်း။

ဥပါလိ၊ ဤဆယ်ပါးသော အကျိုးတို့ကို စွဲ၍ တထာဂတ-နာမခေါ်တွင် ဘုရားရှင်သည် တပည့်သာဝကတို့အား သိက္ခာပုဒ်ကို ပညတ်တော်မူပေသည်။ ပါတိမောက်ကို ပြတော်မူပေသည်။ ဤကား (၃) မေးခွန်း အဖြေတည်း။

## ဗိုလ်ချုပ်ကြီးကို ကျေးဇူးတင်ခြင်း

ဤသည်တို့ကား ဒကာတော် ပါတီဥက္ကဋ္ဌကြီး၏ ပါတီညီလာခံ နောက်ဆုံးနေ့ မိန့်ခွန်းနှင့် ပတ်သက်၍ စာရေးသူတွေးမိ၊ မေးမိ၊ ဖြေမိသော အမြတ်အစွန်းတို့ပါတည်း။

၅၂၁၇

စာရေးသူ ရိုးသားစွာ ဝန်ခံရသော် ဤဆွမ်းမခံရ ပြဿနာကို ဒကာတော် ဗိုလ်ချုပ်ကြီးသာလျှင် ထည့်သွင်း မပြောကြား ခဲ့ပါက စာရေးသူလည်း ဤသို့ တွေးမိ၊ မေးမိ၊ ဖြေမိမည် မဟုတ်ပါ။ ဒကာတော် ဗိုလ်ချုပ်ကြီး ထည့်သွင်း ပြောကြား သောကြောင့်သာလျှင် စာရေးသူ ဤသို့ တွေးမိ၊ မေးမိ၊ ဖြေမိခြင်းဖြစ်ပါသည်။

ယခင်ကမူကား စာရေးသူလည်း ဤပြဿနာနှင့် ပတ်သက်၍ ကြားဘူးသလိုလို တွေ့ဘူးသလိုလို ဝိုးတဝါးမျှသာ ဖြစ်ခဲ့ရ ပါသည်။ ယခုမူကား ဤဒကာတော် ဗိုလ်ချုပ်ကြီး၏ မိန့်ခွန်း နှင့် ပတ်သက်၍ စာရေးသူ တွေးချင်၊ မေးချင်၊ ဖြေချင် သောကြောင့် တွေးနိုင်၊ မေးနိုင်၊ ဖြေကြားနိုင်ရန် စာပေ ကျမ်းဂန်တို့၌ ရှာဖွေကြည့်ရှုခြင်း၊ ပညာရှင်တို့ထံ ဆွေးနွေး မေးမြန်းခြင်း တို့ကို ပြုရသောကြောင့်သာ ဤ ပြဿနာ၏ မှန်ကန်တိကျသော အဖြေကို ထင်ရှား ပြတ်သားစွာ သိခွင့် ရပါသည်။

စာရေးသူသိခွင့်ရသလို လုပ်သားပြည်သူများလည်းလေ့လာ သိရှိနိုင်ကြစေရန် ဤဆောင်းပါးကို လုပ်သားပြည်သူတို့၏ ရှေ့မှောက်၌ စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသတည်း။ အထူးအားဖြင့် ဤဆောင်းပါး ဖြစ်ပေါ်လာအောင် နှိုးဆော် ပေးသော ဒကာတော် ဗိုလ်ချုပ်ကြီးကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

---

* (၁၃၃၃-ခု၊ တော်သလင်းလဆန်း ၂-ရက်၊ တနင်္ဂနွေနေ့ ၂၂-၈-၇၁ နေ့ထုတ် လုပ်သား ကြေးမုံ စသော သတင်းစာများမှ)

## ဤဆောင်းပါး၏ ဝယက် (၁)

# ပွင့်ပွင့် လင်းလင်း

အဲဒီတော့ ဒီကိစ္စနှင့်ပတ်သက်လို့ ကနေ့ အစည်းအဝေး ခေါ်ခြင်းဖြစ်ပါတယ်။ ရှေ့ဆက်လက်ပြီးတော့ကာ ကြေကြေ လည်လည် ပေါ့လေ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါလို့၊ ဒီကနေ့မှာပဲ အခါအခွင့်ရတုန်းမို့ ဒီမြန်မြန်ဆန်ဆန်ပေါ့လေ လုပ်စရာ လုပ်သင့်တယ်လို့ ထင်တဲ့ကိစ္စတခုကို ကျွန်တော် တင်ပြ ပါမယ်။

အဲဒီ လုပ်သင့်တယ်ထင်တဲ့ကိစ္စကတော့ တခြားမဟုတ်ပါဘူး ပထမအကြိမ် ပါတီညီလာခံနောက်ဆုံးနေ့မှာ ကျွန်တော် ပြော လိုက်တဲ့ မိန့်ခွန်းထဲမှာပါတဲ့ အချက်နှစ်ချက်ကို ကျွန်တော် ထပ်မံတင်ပြပြီးတော့ တင်ပြပါအုံးမယ်။

**အမှားပြင်ရန်**

ပထမအချက်က ဘာလဲလို့ဆိုတော့ တိုတိုပြောရယင် အမှား ကို ပြင်ရန်ပေါ့ ခင်ဗျာ။ ကျွန်တော်ပြောတဲ့အထဲမှာ ဘာပါ သွားသလဲဆိုတော့ "ခဝါသည်–ဆတ္တာသည် တွေရဲ့ အိမ်မှာ ရဟန်းတွေ ဆွမ်းမခံရဘူးလို့ မြတ်စွာဘုရားက ပညတ်တယ်

ဆိုပြီးတော့ ကျွန်တော်ပြောခဲ့ပါတယ်။ အဲဒီပြောခဲ့တဲ့ဥစ္စာဟာ အခု ကျမ်းတွေ ဘာတွေ ပြန်ပြီးတော့ ညှိနှိုင်းတဲ့အခါကျတော့ ဒီလိုမြတ်စွာဘုရားက ပညတ်သွားတယ်ဆိုတာ မတွေ့ရပါဘူး။ အဲဒီတော့ ကျွန်တော်ပြောတဲ့ အချက်ဟာ မှားနေပါတယ်။ အဲဒီတော့ယင် အမှားကို မြန်မြန်ပြင်ပစ်မှ ဖြစ်မယ်။ အမှား အမှားအတိုင်းမဖြစ်ဘူး။ မှားမှန်းသိရင် ကျွန်တော်တို့ ပြန်ပြင်မှ ဖြစ်မယ်။

## ဝန်ခံ

အဲဒီတော့ ပြန်ပြင်တယ် ဆိုတာကတော့ အဲဒီမိန့်ခွန်းမှာ ပေါ့လေ ပါတဲ့အချက် ကျွန်တော်တို့ အမှားကြီးပေါ့လေ၊ ဒါ လုံးလုံးဖျက်ပစ်ရင်တော့ ဖြစ်ပါတယ်။ ဖြစ်သော်လဲပဲ မှတ်တမ်းအနေနဲ့တင်တဲ့အခါကျရင်တော့ မှတ်တမ်းကို အမှန် တင်စေချင်တယ်၊ အဲဒါကြောင့်မို့ ဟိုကအမှားကိုလဲ အမှားပဲ အသာထားပြီးတော့ ဒီအမှားကိုပြင်တယ်ဆိုတဲ့ ဥစ္စာ ဟုတ်လား ဒါ မှားနေပါတယ်လို့ ဝန်ခံတဲ့ဥစ္စာကို ကျွန်တော် ဒီကနေပြီး တော့ယင် ပြောကြားလိုပါတယ်။

## အတွေးအခေါ်

ခုနင်က အမှားကိုပြန်ပြင်ပြီးပါပြီ၊ အဲဒီတော့ အမှားပြင်တဲ့ နေရာမှာ ခဝါသည်၊ ဆတ္တာသည်တွေအိမ်မှာ ဆွမ်းမခံရဘူးဆိုတဲ့ အပိုဒ်သာလျှင် မှားခြင်းဖြစ်ခဲ့ပါတယ်။ အဲဒီတော့ ဒီအပိုဒ် ပြင်ရုံနှင့်တော့ ဟိုမိန့်ခွန်းပြောစဉ်အခါက အတွေးအခေါ်ကို တော်လှန်မယ်ဆိုတဲ့ အချက်ဟာ ဆက်လက်ပြီး ကျင့်သုံးရမှာ ပါပဲ။ ဒီအမှားကိုပြင်တာကြောင့် အရေးကြီးတဲ့ အချက်

ဖြစ်တဲ့ တော်လှန်ရေးအတွေးအခေါ် တော်လှန်ရေးကိုပျက်ပြယ် မသွားပါဘူး။ ဒါကို ဆက်ပြီးတော့ လုပ်သွားရမှာပါ။

အဲဒီတော့ မြတ်စွာဘုရားအနေနှင့် ပညတ်တဲ့အကြောင်းကို ကျမ်းဂန်တွေကို ကျွန်တော်တို့ ညှိနှိုင်းလိုက်တဲ့ အခါကျတော့ ဒီ တိုတိုပြောရရင်ပေါ့ ခင်ဗျာ၊ ဘာလာတွေ့သလဲ ဆိုတော့ ဒီလင်္ကာလေးနှင့် သူတို့ဆွမ်းမခံအပ်တဲ့ အရပ်ခြောက်ပါး ဆိုပြီးတော့ ရှိတယ်၊ ဒါဘာလဲလို့ဆိုတော့....

သုရာသောက်ထုပ်–သေတင်းကုတ်–ပဏ္ဍုက် ဘိက္ခုနီမ။
ပျိုကြီးဂေဟာ–ပြည့်တန်ဆာ–လင်ကွာမုဆိုးမတဲ့။

အဲဒီခြောက်နေရာမှာ ဆွမ်းမခံရဘူး၊ ဒီတော့ အဓိပ္ပါယ် ကတော့ အရက်ဆိုင်တို့၊ နောက်ပဏ္ဍုက်၊ နောက်ဘိက္ခုနီမ၊ နောက် အပျိုကြီးအိမ်၊ ပြည့်တန်ဆာအိမ်၊ နောက်ပြီးတော့ လင်ကွာတဲ့မိန်းမတို့၊ မုဆိုးမတို့ အတူတူပေါ့လေ၊ ဒါ–အိမ် ထောင်ပြုပြီးသား၊ အဲဒီမိန်းမတွေအိမ်မှာ ဆွမ်းမခံရဘူးလို့ ပညတ်–ဟိုဒင်းပေါ့လေ့ ပညတ်တယ်လို့ ကျမ်းမှာ တွေ့ရ ပါတယ်။

## ဝိဘင်းကျမ်းမှာ

ဒီတော့ ဒါကိုအသေးစိတ် တိတိကျကျ သိလိုရင်တော့ ဒီမှာ တော့ သိပ်ရှည်နေမှာစိုးလို့ ကျွန်တော်မပြောတော့ပါဘူး။ ဘယ်ကိုညွှန်းရမလဲဆိုလို့ရှိရင် အဘိဓမ္မာပိဋကက ဆဋ္ဌမူ၊ ဆဋ္ဌမူဆို တော့ ဆဋ္ဌသင်္ဂါယနာတင် 'မူ'ပေါ့ခင်ဗျာ။ဗမာလိုတော့ဝိဘင်း၊

ပါဠိလိုတော့ ဝိဘင်္ဂပါဠိ ဈာနဝိဘင်္ဂဆိုတဲ့ စာအုပ်ကျမ်းပေါ့လေ၊ ဈာနဝိဘင်္ဂ အဲဒီဝိဘင်္ဂပါဠိကျမ်းမှာ စာမျက်နှာ(၂၅၅) မှာ ဂေါစရ၊ အဂေါစရဆိုပြီးတော့ ဒီတော့ ဂေါစရ၊ အဂေါစရဆိုတာကတော့ ဆွမ်းခံအပ်သည့်အရပ်၊ ဆွမ်းမခံအပ်သည့် အရပ်ဆိုပြီးတော့၊ အဲဒီတော့ ဒီဆွမ်းခံအပ်တဲ့အရပ်၊ ဆွမ်းမခံအပ်တဲ့အရပ်ကို ထပ်ပြီးတော့ အကျယ် ချဲ့ထားတာကတော့ နောက်ထပ် ကျမ်းနှစ်စောင်မှာ ပါပါတယ်။

## ကျမ်းနှစ်စောင်

အဲဒီကျမ်းနှစ်စောင်ကတော့ ဆဋ္ဌ'မူ'ပေါ့လေ သုတ္တန္တပိဋက ခုဒ္ဒကနိကာယ မဟာနိဒ္ဒေသ အဋ္ဌကထာ အဋ္ဌကဝဂ်ဆိုတဲ့ အပိုဒ် စာမျက်နှာ(၃၉၆)မှာ အဲဒီကျမ်းမှာပါတယ်။ နောက်ကျမ်းတခုကတော့ ဆဋ္ဌ'မူ'ပဲ သုတ္တန္တပိဋက ခုဒ္ဒက နိကာယ ခုဒ္ဒကပါဌ အဋ္ဌကထာမှာပါတဲ့ မေတ္တသုတ် စာမျက်နှာ (၂၀၂)အဲဒီမှာ ပါပါတယ်။

အဲဒီတော့ ဒီအမှားကို ကျွန်တော်ပြောစဉ်က တိုင်းသိပြည်သိ ပြောထားတဲ့အတွက် ဒီအမှားဟာအမှားလို့ ကျွန်တော် ဒီကနေပြီးတော့ တိုင်းသိပြည်သိကျွန်တော်ဝန်ခံပါတယ်။ ဝန်ခံပြီးတော့ယင် အမှန်ကိုရောက်အောင်ဒီကျမ်းအကိုးအကားနှင့် ကျွန်တော် ထောက်ပြပါတယ်။ ကြေကြေလည်လည် သိချင်ကြယင် ဒီမှာရှိတဲ့ ပုဂ္ဂိုလ်တွေရော တိုင်းပြည်ကပုဂ္ဂိုလ်တွေပါ တိုင်းသူ ပြည်သား အားလုံးပါပေါ့လေ၊ အဲဒီကျမ်းတွေကို ပြန်ပြီးတော့ ရှုလို့ရှိယင် ပြန်ပြီးကြည့်လို့ရှိယင် ဒီအမှန်ကို တွေ့ရပါလိမ့်မယ်။

## မညီ မညွတ်

ဒီအမှားကို ကျွန်တော် ဘယ်လိုလုပ်တွေ့သလဲလို့ဆိုတော့ ကျွန်တော်က အဲဒီနောက်ဆုံးနေ့ စကားပြောပြီးတဲ့ နောက်ပိုင်း ရက် မကြာခင်မှာပဲ တနင်္ဂနွေ တပတ်လောက် အတွင်းမှာဘဲ လူပုဂ္ဂိုလ် တယောက်ပေါ့လေ။ **အဘဲ ဦးသိမ်းမောင်၊ သခင် သိမ်းမောင်** သူ့ဆီက နေပြီးတော့ ကျွန်တော့ဆီ စာရေး လိုက်တယ်။ ဒီလို ဒီလိုပဲ၊ အဲဒါတော့ဖြင့် ကျမ်းဂန်တွေနှင့် မညီညွတ်ပဲ ဖြစ်နေတယ်လို့၊ အဲဒီတော့ နည်းနည်း ပြန်ပြီး တော့ လုပ်လိုက်ယင် ကောင်းမယ်ဆိုတာကို ကျွန်တော့်ဆီ ရေးလိုက်ပါတယ်။

### အထောက်အထား

နောက် တခြားပုဂ္ဂိုလ် တဦးကတော့ **ညောင်ကန် အရှင် ဣန္ဒက ဟင်္သာတမြို့က** အဲဒီ အရှင်မြတ်ကလဲပဲ ကျွန်တော့်ဆီကို ဟိုဒင်းပေါ့လေ၊ အရှင်မြတ်ကတော့ ကျွန်တော့်ဆီ ရေးတာ မဟုတ်ဘူး၊ သတင်းစာတွေကို လှမ်းပြီးတော့ ရေးလိုက်တယ်။ အဲဒီတော့ ဟိုဒင်း ဆောင်းပါးအနေနဲ့ အဲဒါနှင့် သတင်းစာက ုကရေးတဲ့ ဥစ္စာလဲ မှန်လား မမှန်လား သူတို့လဲပဲ မသိဘူး။ ကျွန်တော်ပြောတာ မှားလား မမှားလားလဲ သူတို့လဲ မဆုံးဖြတ် နိုင်လို့ ကျွန်တော့်ဆီကို အဲဒါ ပို့လိုက်တယ်။ ပို့လိုက်တာနဲ့ ကျွန်တော် ကောက်ပြီးတော့ယင် သက်ဆိုင်ရာပေါ့လေ။ **သာသနာရေး ဝန်ကြီးဌာန**ကို လှမ်းပြီးတော့ ကျွန်တော့်ကို ဒါ ကူပါဦးဆိုတဲ့ အခါကျတော့ ခုနက အထောက်အထားနဲ့ လာပြတာ။

## ဆောင်းပါး

အဲဒီတော့ အဲဒီ သခင်သိမ်းမောင်စာတော့ဖြင့် ပေါ့လေ။ သိပ်ပြီး တိတိလင်းလင်း သူက ဟိုဒင်း ရေးမထားပါဘူး။ သို့သော်လဲပဲ ခုနက ရဟန်း အရှင်ဣန္ဒက အနေနှင့်ကတော့ သတင်းစာကို ရေးထားတဲ့ ဟိုဒင်း ရှိပါတယ်။ ဆောင်းပါး အဲဒီတော့ ဒီဆောင်းပါးကို ကနေ့ ကျွန်တော် သတင်းစာတိုက် ပို့ပြီးတော့ အထည့် ခိုင်းလိုက်မယ်။ ဒါမှလဲပဲ တိုင်းပြည်က ကြေကြေလည်လည် သိသွားအောင်ပေါ့လေ။

မှတ်ချက်။ ။၂၂-၈-၇၁ နေ့ထုတ် လုပ်သား ကြေးမုံ စသော သတင်းစာများမှ။

ဤဆောင်းပါး၏ ဝယက် (၂)

# ကြုံဆိုအပ်သော ပြင်ဆင်ချက်

ဒဂုန် - ဦးစန်းငွေ

ယမန်နေ့ည (၂၁-၈-၇၁) ၇-နာရီ အချိန်၌ တကြိမ်၊ ယနေ့နံက် (၂၂-၈-၇၁) ၈-နာရီ ၁၅-မိနစ်အချိန်၌ တကြိမ်၊ ဤသို့ နှစ်ကြိမ်တိုင်တိုင် မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း၏ မိန့်ခွန်းကို ထိုအချိန်မျိုး၌ မကြားစဖူး ထူးခြားစွာ ရေဒီယိုမှ ကြားလိုက်ရပါသည်။

ယင်းမိန့်ခွန်းကို အကြောင်းပြု၍ ဝမ်းသာခြင်း၊ နှစ်သက်ခြင်း၊ ပီတိဖြစ်ရခြင်းတို့ကြားဝယ်၊ စိတ်၏ လှုံ့ဆော်ချက်များအရ ဆောင်းပါး ရေးချင်စိတ်များ ဖြစ်ပေါ်လာနေဆဲတွင် လုပ်သား ပြည်သူ့နေ့စဉ် သတင်းစာကြီး၌ ဗိုလ်ချုပ်ကြီး မြွက်ကြားသွားသော မိန့်ခွန်းများနှင့် တကွ၊ ပါတီညီလာခံ နောက်ဆုံးနေ့တွင် မြွက်ကြားခဲ့သော ဗိုလ်ချုပ်ကြီး မိန့်ခွန်းနှင့် ပတ်သက်၍ ညောင်ကန်-အရှင်ဣန္ဒက၏ ဆောင်းပါးကို တွေ့ရှိဖတ်ရှုရသောအခါ ဆန္ဒများ ပို၍ ကြီးထွားလာခြင်းကြောင့် ဤဆောင်းပါးကို ရေးသားခြင်းဖြစ်ပါသည်။

စာရေးသူ၏ အနေဖြင့် ဗိုလ်ချုပ်ကြီး၏ ပြင်ဆင်ချက် မိန့်ခွန်းကို လည်းကောင်း၊ အရှင်ဋ္ဌကာ၏ ဆောင်းပါးကို လည်းကောင်း၊ တစုံတရာ အတွန့်တက်ခြင်း၊ ပြင်ဆင်လိုခြင်း အလျဉ်းပင် မရှိရုံမက ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြိုဆို လိုခြင်းကို ဖော်ပြအပ်ပါသည်။

ဝိဘင်း ပါဠိတော် (ဆဋ္ဌမူ-စာမျက်နှာ ၂၅၅)၌ မြတ်စွာ ဘုရား ဟောကြားတော်မူသော ဂေါစရ၊ အဂေါစရ (ရဟန်းတော်များ သွားသင့်သောနေရာ၊ မသွားသင့်သော နေရာ)နှင့် ပတ်သက်၍ ဥပဒေတရပ်အဖြစ်ဖြင့်"ပြည့်တန်ဆာမ, စသည်တို့အိမ်၌ ဆွမ်းမခံရ"ဟု ပညတ်ပုံကို အဋ္ဌကထာ၌လည်း တိုက်ရိုက် ဖွင့်ဆိုခြင်းမရှိ "သည်နေရာများသို့ မသွားသင့်" ဟူ၍သာ ဩဝါဒအဖြစ် ဖွင့်ဆိုထားပေသည်။

ပိဋကပါတာဒိနံ အတ္တာဝယ-ဟူသော အဋ္ဌကထာ စကား၌ အာဒိသဒ္ဒါဖြင့်-ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး, ရဟန်းသုံး ပစ္စည်းလေးပါးစလုံးကို ဆိုလိုသည်။ ယင်းပစ္စည်းလေးပါးတို့ကို ရယူခြင်းငှါ၊ ဝါ-အလှူခံခြင်းငှါ ချဉ်းကပ်ထိုက်သော နေရာကို ဂေါစရ (သွားသင့်သောနေရာ)ဟု ဆိုသည်။

ပဋိလောမ (ဆန့်ကျင်ဘက်) အားဖြင့် ပြန်လိုက်သော်- အရက်ဆိုင်၊ နပုန်းပဏ္ဍုက်များ နေထိုင်ရာအိမ်၊ ရဟန်းမ,များ နေထိုင်ရာကျောင်း၊ အပျိုကြီးအိမ်၊ တခုလပ်များ နေထိုင်ရာ အိမ်၊ မုဆိုးမအိမ်၊ ပြည့်တန်ဆာမအိမ်၊ ဤနေရာ ခြောက်ဌာန တို့သည် ရဟန်းတော်များ သွားရန်မသင့်သော၊ ဝါ-သွား၍ မလျော်သော အဂေါစရ နေရာတို့ ဖြစ်ကုန်သည်-ဟု ဆိုလိုသည်။

သာသနာ့ ... ဦးစီးဌာန
အနုတ္တရကြေးမုံ ညွှန်ကြားမှုဆိုက် ၂၁
ကမ္ဘာ့ဗေဒအေး - ရန်ကုန်။

ယင်း အဋ္ဌကထာ စကားကို အထောက်အထားပြု၍ အရက်ဆိုင်၊ ပြည့်တန်ဆာမ စသည်တို့သည် ရဟန်းတို့အနေဖြင့် သွားလာဝင်ထွက် ဆက်ဆံရန် မသင့်သော၊ မလျော်သော နေရာများ ဖြစ်ခြင်းကြောင့် ယင်းနေရာ ခြောက်မျိုးတို့၌ ရဟန်းတို့ ဆွမ်းမခံအပ်၊ မခံသင့်၊ မခံထိုက်ဟု သွယ်ဝိုက်သော နည်းအားဖြင့် ဆိုသည်ဟု အဓိပ္ပါယ် ကောက်ယူနိုင်သဖြင့် 'သုရာသောက်တုပ်၊ သေတင်းကုပ်၊ ပဏ္ဍုက် ဘိက္ခုမ' စသော လင်္ကာစပ်ကို ရှေးဆရာမြတ်တို့ စပ်ထားခဲ့ကြဟန် တူပေသည်။

ဤအချက်အလက်၊ ဤလင်္ကာစပ် အရှိကို ကိုးကား၍ ပြောပြသော ပုဂ္ဂိုလ်တို့၏ စကားကို မှတ်သားလျက် ဗိုလ်ချုပ်ကြီး၏ ညီလာခံ နောက်ဆုံးနေ့ မိန့်ခွန်းတွင်–

"ထိုအချိန် ထိုအခါ ဟိန္ဒူဘာသာတွေချည်းပဲ။ အဲ.... ဟိန္ဒူဘာသာတွေကို ဗုဒ္ဓဘာသာ ဖြစ်အောင် ဟောပြောပြီးတော့ သိမ်းသွင်းနေရတဲ့ အချိန်မှာ ဒီ ဟိန္ဒူတွေဟာ ခုနက ရဟန်းတွေကို အထင်အမြင် သေးသွားလို့ရှိယင် ချဉ်းကပ်လို့ မရဘူး။ ပုဂ္ဂိုလ်ခင်မှ တရားခင်မင်တယ်ဆိုတာလို ဒီရဟန်းတွေကို ဆေးဘော် ကြောဘက်မှ မလုပ်။ စကားပြောတာမှ လက်မခံယင် တော့ သာသနာဟာ ပြန့်မှာမဟုတ်ဖူး၊ အဲဒါကြောင့်မို့ သာသနာပြန့်အောင် ဆိုပြီး "ဒါကလေးတော့ လိုက် လျောလိုက်မှ" ဆိုပြီးတော့ လုပ်သွားသလားလို့ ကျွန်တော် စဉ်းစားမိတယ်"ဟူ၍ ဗိုလ်ချုပ်ကြီးသည် ထိုစဉ်ကပင် လူတန်းစားခွဲခြားပုံကို ဘဝင်မကျပဲ ဤသို့ မြွက်ကြားသွားခဲ့ပေသည်။

၁၉၉၈၀

စင်စစ်အားဖြင့်ကား ယင်းနေရာခြောက်မျိုးတို့၌ ဆွမ်းမခံရ ဟု ဗုဒ္ဓ ပညတ်ချက်လည်း တိုက်ရိုက်မရှိ။ အဋ္ဌကထာ၌လည်း တိုက်ရိုက်မဖွင့်။ "သွားရန်မသင့်၊ မသွားထိုက်" ဟူ၍ သတိ ပေးခြင်းသာ ထင်ရှိပေသည်။ မိဖများက သားသမီးတို့အား "မသင့်သောနေရာများသို့ မသွားရန်" သတိပေး ဆုံးမသော ဩဝါဒစကား အလားပင်တည်း။

ပညတ်ချက်ကား ဥပဒေစကားဖြစ်၏။ ဆုံးမသတိပေးခြင်း မျိုးကား ဥပဒေဘောင်၏ ပြင်ပဖက်စကား ဖြစ်လေသည်။

ထို့ကြောင့် ဝိနည်းသိက္ခာပုဒ် ပညတ်ချက်ကို ဖောက်ဖျက် သော ရဟန်းအား အာပတ်သင့်သော်လည်း သတိပေးခြင်းကို မလိုက်နာသော ရဟန်းကိုမူ ပညတ်စကားကွင်းမှ လွန်သော ကြောင့် အာပတ်ဖြင့် စွပ်စွဲရန် အကြောင်းမရှိချေ။

ဗုဒ္ဓ ဘုရားရှင်၏ ဒေသနာတော်တွင် ဓမ္မနှင့် ဝိနယ ဟူ၍ ပိုင်းခြားထားလျက် ရှိ၏။ ဝိနယသည် ဥပဒေပညတ်ချက်ဖြစ်၍၊ ဓမ္မသည်ကား သဘောတရားဖြစ်သည်အားလျော်စွာ ဤနေရာ၌ တပည့်သာဝကတို့အား ဝင်ထွက်သွားလာ မကျက်စား သင့်သော နေရာဌာနကို ပြဆိုလိုရင်းသာ ပါဠိတော်၌ အဆိုရှိကြောင်း ထင်ရှားပေသည်။

အဋ္ဌကထာဆရာ၏ အာဘော်ကားလည်း ရဟန်းတော်များ အဖို့ မသင့်မလျော်သဖြင့်-ဤကဲ့သို့သော နေရာဌာနမျိုး ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-ပစ္စည်းလေးပါးကို အလှူခံလိုမှုကို အကြောင်းပြု၍ ဝင်ထွက်သွားလာ မကျက်စားသင့်ကြောင်း ဟူသာ ဖွင့်ဆိုလိုရင်း ဖြစ်ပေမည်။

ထို ထို ပြည့်တန်ဆာမ စသော သူတို့၏ နေရာဌာနကိုသာ မဝင်ထွက် မသွားလာကောင်း- ဆိုစကားကိုလည်း သတိပြုရ ပေမည်။

ထိုသူတို့လှူသော ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး-ပစ္စည်း လေးပါးတို့ကို မခံယူအပ်-ဟူ၍ လည်းကောင်း၊ ၎င်းတို့အား တရားဓမ္မ မဟောကောင်းဟူ၍ လည်းကောင်း၊ ထိုသူတို့နှင့် လုံးဝမဆက်ဆံစကောင်း-ဟူ၍ လည်းကောင်း၊ ဝိနယကြောင်း အားဖြင့် ဥပဒေပညတ်ခြင်းလည်း မရှိ။ ဓမ္မကြောင်းအားဖြင့် ဆုံးမခြင်းလည်းမရှိ။

ထိုအဋ္ဌကထာ၌ပင်လျှင် ဒက္ခိဏာဝသေန ပန ဥပသင်္က-မန္တေန သတိံ ဥပဋ္ဌာပေတွာ ဥပသင်္ကမိတဗ္ဗံ-ဟူ၍ မသွားလျှင် မဖြစ် အလှူကိစ္စများ ရှိလာခဲ့သော် သတိကြီးစွာထား၍ သွား လာ အပ်၏ဟု ဆိုသည်ကို ထောက်က ထိုထိုသူ ပြည့်တန်ဆာမ စသည်တို့အပေါ် ပစ်ပယ်လိုရင်း မဟုတ်။ ကျင့်ဝတ်ထိန်း ရဟန်းတို့အတွက် မမှားသင့်ရာ မမှားစေရန်၊ ဝါ-အကျင့်ပျက် သိက္ခာကျမည်စိုးသောကြောင့် ကြိုတင်ဆုံးမခြင်း သဘောသာ ဖြစ်ပေသည်။

ဗုဒ္ဓမြတ်ဘုရားသည် အမျိုးယုတ်မြတ်၊ ပစ္စည်းရှိ၊ ပစ္စည်းမဲ့၊ ဂုဏ်ရှိ၊ ဂုဏ်မဲ့ ခွဲခြားမှုမရှိခဲ့၊ ဤသို့ ခွဲခြားမှုမျိုး၊ ဆက်ဆံမှုမျိုး သတ်မှတ်ချက်များ မရှိရုံမက ပုဂ္ဂိုလ်မရွေး ဗုဒ္ဓတရားတော်ကို ကျင့်သုံးနိုင်ခွင့်၊ သာသနာ့ဝန်ကို ထမ်းနိုင်ခွင့်ကိုပင် ပေးထား ခြင်း ရှိပေသည်။

ထင်ရှားသော သာဓကများမှာ အမ္ဗပါလိနီ ကဲ့သို့သော ပြည့်တန်ဆာမ,၏ဥယျာဉ်တွင်မြတ်ဘုရားကိုယ်တော်တိုင် သီတင်း

သုံးတော်မူခြင်း၊ အမ္ဗပါလိနီ၏ အိမ်ဂေဟာသို့ ဆွမ်းပင့်ကျွေးခြင်းများနှင့် နောက်ဆုံး အမ္ဗပါလိနီအား သာသနာဝန်ထမ်း ဘိက္ခုနီရဟန်းပြုခွင့်ပေးခြင်း၊ ၎င်းပြင် ဝိနည်းတော်ဒဂ်တော်ရ အရှင်ဥပါလိမထေရ်သည် ဆတ္တာသည် ဘဝ၌ ရဟန်းပြုခွင့်ရခဲ့ခြင်းဖြစ်သည်။ ဆတ္တာသည်ဆိုသည်မှာ ဆံ့ မုတ်ဆိတ်ရိတ်ခြင်း၊ ခြေသည်း လက်သည်း လှီးဖြတ် အသက်မွေးရသူဖြစ်၍ ယင်းဆတ္တာသည်ကား ဟိန္ဒူအမျိုးဇာတ်ခွဲမှုတွင် အနိမ့်ဆုံး ဖြစ်လေသည်။

ဤသို့ စသဖြင့် လူမျိုးဇာတ်ခွဲခြားမှု၊ ပစ္စည်းဥစ္စာ၊ ဂုဏ်ရှိမရှိ ခွဲခြားမှု လုံးဝမရှိသော "ဗုဒ္ဓ၏မူဝါဒ" မှာ ကောင်းစွာ ထင်ရှားရှိနေပေသည်။

ဤအကြောင်းများကြောင့် အဆိုပါ ခြောက်ဌာနဆိုသည်တွင်လည်း ဌာန-စခန်းနေရာကိုသာ သတိထား၍ ဝင်ထွက်သွားလာ ကျက်စားရန်ဖြစ်သည်။ ထိုသူတို့ ကျွေးသော ဆွမ်း၊ လှူသော အလှူဝတ္ထုကို မခံယူစကောင်းဟု အဆိုအမိန့် မရှိပေ။ ထိုထိုသူတို့သည်လည်း ဗုဒ္ဓတရားတော်ကို ခံယူကျင့်သုံးပိုင်ခွင့်ရှိသည်။ လှူနိုင်ခွင့်ရှိသည်မှာ ဗုဒ္ဓဝါဒ၌ အစင်အကြယ်၊ အထင်အရှား ဖြစ်သဖြင့် ဗိုလ်ချုပ်ကြီး၏ ပြင်ဆင်ချက်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါသတည်း။

---

မှတ်ချက်။ ။ ၂၃-၈-၇၁ နေ့ထုတ်၊ လုပ်သားပြည်သူ့နေ့စဉ်မှ။

## ဤဆောင်းပါး၏ ဂယက်(၃)

# ခေတ်သစ် ရှင်နာဂသိန်နှင့် ဒကာတော် ဗိုလ်နေဝင်း

(မောင်သုမန)

သာဓုပဲဗျာ၊ သာဓု၊ သာဓု၊ ကျွန်တော်တို့မြန်မာပြည်ရာဇဝင်မှာ စာတင်ရမည့် သုနက္ခတ္တံ သုမင်္ဂလံ အကြောင်းထူးတရပ် ကြုံရပြန်ပါပြီ။

အခြားဟုတ်ရိုးလား၊ ဟသာ်တမြို့က အရှင် ဣန္ဒကနှင့် ဗိုလ်ချုပ်ကြီးနေဝင်း တို့ တရားဓမ္မ ဆွေးနွေးခဏ်းပဲဗျာ။

(ဆွမ်းမခံသင့်တဲ့ အရပ် ၆-ပါး)ဆိုတာ မြတ်စွာဘုရားက တကယ်ပညတ်တော်မူခဲ့သလားဆိုတဲ့ ပြဿနာမှာ ဗိုလ်ချုပ်ကြီးနေဝင်းက မဒဝမခွဲနိုင် ဖြစ်မိပုံကို သူ့မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့တယ်။

အဲဒါနှင့်ပတ်သတ်လို့ အဘသခင်သိမ်းမောင်ကြီးက အူယားဖားယားနှင့် ကျမ်းစာတွေဓမ္မကထိကတွေနှင့်ညှိနိုင်းပြီး ဗိုလ်ချုပ်လွဲမှားနေကြောင်း တင်ပြတယ်။

ဆရာတော် ဦးဣန္ဒကရဲ့ ရှင်းလင်း ဟောကြား ချက်ကို ဗိုလ်ချုပ်က လက်ခံအတည်ပြုပြီး မိမိ မှားယွင်းကြောင်းကို ရက်ရောစွာ ဝန်ခံ ကြေငြာတယ်။

ဒီဇာတ်ထုပ်က အတော်စုံလင်ပါတယ်၊ တရားဟောဆရာက ဦးဣန္ဒက၊ နာခံတော်ကပ္ပိယက သခင်သိမ်းမောင်၊ တရားနာယူသူက ဗိုလ်ချုပ်ကြီးနေဝင်း....။

## မိလိန္ဒပဉှာ

အဲဒါတွေ အကြောင်းပြုပြီး ကျွန်တော် မောင်သုမနက— မြန်မာတို့ရဲ့ သာသနာဝင်မှာ (မိလိန္ဒပဉှာ)လို့ခေါ်တဲ့ ကျမ်း စာအုပ်ကြီးပေါ်ထွက်ချိန်ကို ပြန်လည်သတိရမိပါတယ်။

သာသနာသက္ကရာဇ် ၅၀၀(ခရစ်တော်မပေါ်မီ နှစ် ၁၀၀) အချိန်က ယောနကတိုင်း သာဂလ နေပြည်တော်မှာ မိလိန္ဒမင်း စိုးစံတယ်၊ အဲဒီမင်းဟာ အနောက်ခေါ်မတိုင်းက အိန္ဒိယပြည်ကို လာရောက်တိုက်ခိုက် အနိုင်ရတဲ့ အလိတ်ဇင်းဒါးဘုရင်ရဲ့ အနွယ် တော် ဖြစ်တယ်။

မိလိန္ဒဟာ ပညာဗဟုသုတ လိုက်စားတတ်သူဖြစ်ပြီး ဗုဒ္ဓဝါဒ အယူအဆများမှာ မရှင်းလင်းတဲ့ အချက်အလက်များကို အရှင် နာဂသေန (နာဂသိန်)ထံမှာ မေးမြန်း လျှောက်ထားတယ်။

ဘုရင်ကလဲ ပွင့်ပွင့်လင်းလင်းမေးတတ်ပြီး ရှင်နာဂသိန်ကလဲ အချက်ကျကျ မေးသမျှကို တိကျပြတ်သားစွာ ဖြေတော်မူတတ် ပေတယ်။ အဲဒီအဖြေတွေကို သီဟိုဠ်ကျွန်းက (အရှင်ဒေါ်ဏီ)က စာမူတင်ခဲ့ခြင်းပေပဲ။

(မိလိန္ဒပဉှာ)ခေါ်တဲ့ အဲဒီကျမ်းစာအုပ်ဟာ ဗုဒ္ဓဘာသာဝင် အပေါင်းတို့ရဲ့ လွတ်လပ်စွာ တွေးတော မြော်ခေါ်မှု နိုက်နိုက် ချွတ်ချွတ် မေးသူကမေး၍ ဘစ်တစ်ခွခွ ဖြေသူက ဖြေတတ်ပုံ များကို စုပေါင်း မှတ်တမ်းတင်ထားတဲ့ ဓမ္မအမွေအနှစ် စာအုပ် ပေပဲ။

ယခုလက်ရှိ ကမ္ဘာမှာ **လွတ်သပ်စွာ** ပြောဆိုရေးသားခွင့် ဆိုတာတွေဟာ **ရုရှားအုပ်စု** အတွင်းမှာရော၊ **လိပ် ကန် နိုင်ငံ** များမှာရော **မိလိန္ဒခေတ်ကို** အမှီမလိုက်နိုင်သေးကြောင်း သက်သေပြစရာ **ဗုဒ္ဓဘာသာယဉ်ကျေးမှု သရုပ်ဖော် စာအုပ်ကြီး** ပါပဲ။ ယခုတိုင် အကြိမ်ကြိမ်ပုံနှိပ်ပြီး မရိုးနိုင်ဘဲ ဒီစာအုပ်ကို ရွှေတိဂုံဘုရားဈေးမှာ အမြဲ ဝယ်ယူရနိုင်ပါတယ်။

အဲဒီ စာအုပ်မှာ (ဘုရား ရှိ မရှိ ပြဿနာ၊ သဗ္ဗညုတဉာဏ် စစ် မစစ် ကိစ္စ၊ မိန်းမများ ကိုယ်ဝန်ရနည်း ဘယ်နှစ်မျိုး ရှိသလဲ၊ ဘုရား၌ အကုသိုလ် ကင်းပါ၏လော၊ ဘုရား၌ ဆရာ ရှိ မရှိ၊ လောက၌ ဘီလူး ရှိမရှိ) ဆိုတဲ့ **ဂွကျတဘ** မေးခွန်း တွေကို အကုန် ဖြေထားပါသယ်၊ နမူနာ တချို့ တင်ပြ ပါရစေ။

## ဆွေးနွေးနည်း

(ဝိမံသန ပဉှ) ကဏ္ဍမှာ အောက်ပါအတိုင်း ရှိပါတယ်။

**မိလိန္ဒ**။ ။အရှင်နာဂသေန- အကျွန်ုပ်နှင့် အတူတကွ တိုင်ပင် ပြောဆိုပါအံ့လော။

**အရှင်နာဂသေန**။ ။မင်းမြတ်- အသင်သည် ပညာရှိတို့၏ တိုင်ပင် ပြောဆိုခြင်းမျိုးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ ငါသည်

တိုင်ပင် ပြောဆိုပါအံ့၊ မင်းစိုးရာဇာတို့၏ တိုင်ပင် ပြောဆိုနည်းမျိုးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ ငါသည် မတိုင်ပင် မပြောဆိုလိုပါ။

**မိလိန္ဒ**။ ။အရှင်ဘုရား- ပညာရှိတို့သည် အဘယ်သို့လျှင် တိုင်ပင် ပြောဆိုကုန်ပါသနည်း။

**နာဂသေန**။ ။မင်းမြတ်- စင်စစ် ပညာရှိတို့၏ တိုင်ပင် ပြောဆိုရာ၌ စကားဖြင့် ရစ်ပတ် ချည်နှောင်ခြင်းကို ပြုတတ်၏၊ တုံ့ပြန် ဖြေချွတ်ခြင်းကိုလည်း ပြုတတ်၏၊ နှိမ်နင်း ရှုတ်ချခြင်းကိုလည်း ပြုတတ်၏၊ မြှင့်တင် ချီးမြှောက်ခြင်းကိုလည်း ပြုတတ်၏၊ အကျွမ်းတဝင်ကိုလည်း ပြုတတ်၏၊ တုံ့ပြန် အကျွမ်းတဝင်လည်း ရှိ၏၊ ထိုသို့ ပြုလုပ်ခြင်းကြောင့် ပညာရှိတို့သည် အမျက်လည်း မထွက်ကုန်၊ အို...မင်းမြတ်၊ ပညာရှိတို့သည် ဤသို့လျှင် တိုင်ပင် ပြောဆိုကုန်၏။

**မိလိန္ဒ**။ ။အရှင်ဘုရား- မင်းစိုးရာဇာတို့သည် အဘယ်သို့ တိုင်ပင် ပြောဆိုကြပါကုန် သနည်း။

**နာဂသေန**။ ။မင်းမြတ်- မင်းစိုးရာဇာတို့သည် တိုင်ပင် ပြောဆိုသောအခါ၌ အကြောင်းတခုကို ဝန်ခံခွင့် ပြုကုန်၏၊ အကြင်သူသည် ထိုအကြောင်းကို ချွတ်ယွင်းစေ၏၊ (ဤသူအား ဒဏ်တပ်ကုန်လော) ဟု မင်းက အမိန့်ထုတ်ကာ ထိုသူအား ဒဏ်ထားကုန်၏၊ အို...မင်းမြတ်၊ မင်းစိုးရာဇာတို့သည် ဤသို့လျှင် တိုင်ပင် ပြောဆိုကုန်၏။

**မိလိန္ဒ**။ ။အရှင်ဘုရား - အကျွန်ုပ်သည် ပညာရှိတို့၏ တိုင်ပင် ပြောဆိုခြင်းမျိုးကို လိုလားပါ၏၊ မင်းစိုးရာဇာတို့၏

နည်းမျိုးဖြင့် မပြောဆို မတိုင်ပင်လိုပါ၊ အရှင်မြတ်သည် ရဲရဲဝံ့ဝံ့ တိုင်ပင် ပြောဆိုတော်မူပါ၊ မကြောက်ပါလင့်။

**နာဂသေန**။ ။အို....မင်းမြတ်၊ ကောင်းလှပေပြီ တကား။

## ဘုရား ရှိသလော

**မိလိန္ဒ**။ ။အရှင်ဘုရား– ဂေါတမဘုရားသည် အတုမရှိ မြတ်၏ဟု သိခြင်းငှါ တတ်နိုင်ပါ၏လော။

**နာဂသေန** ။အရှင်မင်းမြတ်– ဂေါတမဘုရားသည် အတုမရှိ မြတ်၏။

**မိလိန္ဒ**။ ။အဘယ်သို့လျှင် သိခြင်းငှါ တတ်ကောင်းပါသနည်း ဘုရား။

**နာဂသေန**။ ။မင်းမြတ်- ရှေးက ဖြစ်ဘူးသည်ကား (တိဿထေရ) အမည်ရသော စာရေးဆရာကြီးသည် ရှိခဲ့ဘူးပြီ၊ ထိုစာရေးဆရာကြီး ကွယ်လွန်ခြင်းသည် နှစ်ပေါင်း များစွာ ကျော်လွန်ပြီး ဖြစ်ပါလျက် ထိုစာရေးဆရာကြီးကို အဘယ်သို့ သိနိုင်ပါသနည်း။

**မိလိန္ဒ**။ ။အရှင်ဘုရား– ဆရာကြီးရေးသော စာဖြင့် သိရပါ၏။

**နာဂသေန**။ ။မင်းမြတ် - ဤအတူသာလျှင် အကြင်သူသည် တရားကို ရှုမြင်၏၊ ထိုသူသည် မြတ်စွာဘုရားကိုလည်း ရှုမြင်၏၊ မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော်မူခဲ့၏။

**မိလိန္ဒ**။ ။အရှင်ဘုရား၏ ဖြေရှင်းချက်သည် သင့်တော် လျောက်ပတ်ပါပေ၏။

## ဘုရားက သက်နှင်းကို လှန်ပြခဲ့သလော

**မိလိန္ဒ**။ ။မြတ်စွာဘုရားက (ကိုယ်နှုတ်နှလုံး) ၃-ပါးဖြင့် မိမိ ဇလန္ဒြေ သိက္ခာကို စောင့်စည်းခြင်းသည် ကောင်း၏ဟု ဟောတော်မူခဲ့ပါသည်၊ တဖန်လည်း မြတ်စွာဘုရား ကိုယ်တော်တိုင် ပင်လျှင် နတ်လူပရိသတ် ၄-ပါးတို့၏အလယ် မျက်မှောက်၌ သေလပုဏ္ဏားအား အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ်ကို ပြတော်မူသည် ဖြစ်အံ့၊ (ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏) ဟူသော ထိုစကားသည် မှားရာ၏၊ အစွန်းထွက်သော ထိုပြဿနာကို ဖြေရှင်းတော်မူပါလော့။

**နာဂသေန**။ ။မင်းမြတ် - (ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏)ဟု မြတ်စွာဘုရားသည် ဤစကားကိုလည်း ဟောတော်မူခဲ့၏၊ သေလပုဏ္ဏားအား အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ်ကိုလည်း ပြတော်မူ၏။

အကြောင်းကား သေလပုဏ္ဏားသည် မြတ်စွာဘုရား၌ ဘုရားဟုတ် မဟုတ် ယုံမှားခြင်းသည် ဖြစ်လေ၏၊ ထို့ကြောင့် ပုဏ္ဏား သိမြင်စေခြင်းငှါ မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ထိုအင်္ဂါဇာတ် အတု ဖြစ်သော ယောကျ်ားကိုယ်ကို ပြတော်မူ၏၊ ယုံမှား၍ ပြခံရသူ ထိုပုဏ္ဏားသာလျှင် ထိုတန်ခိုး ပြာဋိဟာကို မြင်ရလေ၏။

**မိလိန္ဒ**။ ။ပရိသတ်များအလယ်တွင် ထိုပုဂ္ဂိုလ်တဦးတည်းသာလျှင် ထိုလျှို့ဝှက်အပ်သော အင်္ဂါဇာတ်ကို မြင်ရ၍ ကြွင်းသော ပရိသတ်တို့ မမြင်ရကုန် ဟူသော ဤစကားကို အဘယ်သူ ယုံနိုင်လိမ့်မည်နည်း။

**နာဂသေန**။ ။အို.... မင်းမြတ်၊ တစုံတယောက်သော ယောကျ်ားကို ဘုတ်တစ္ဆေ ပူးကပ်ငြားအံ့၊ ထိုသူ၏ ထက်ဝန်းကျင်ရှိ ပရိသတ်သည် ထိုဘုတ်တစ္ဆေ၏ လာခြင်းကို မြင်ရ၏လော။

**မိလိန္ဒ**။ ။မမြင်ရပါဘုရား၊ ပူးကပ်နှိပ်စက်ခြင်း ခံရသူတို့သာ ဘုတ်တစ္ဆေ လာခြင်းကို မြင်ရပါ၏။

**နာဂသေန**။ ။ဤအတူသာလျှင် ယုံမှားသူ တဦးတည်း သိစေခြင်းငှါ မြတ်စွာဘုရားသည် အင်္ဂါဇာတ်အတုကို တန်ခိုးတော်ဖြင့် ပြတော်မူ၏။

**မိလိန္ဒ**။ ။ မည်သူ့အားမျှ မပြသင့် မပြထိုက်သော ယောကျ်ားကိုယ် အင်္ဂါဇာတ်ကို ပြတော်မူသဖြင့် မြတ်စွာဘုရားသည် ပြုတော်မူအပ်ပါလေ၏။

**နာဂသေန**။ ။အို....မင်းမြတ်၊ဥပမာသော်ကား ကိုယ်ဝန်လမ်းမှား သွားမဖွားနိုင်သော မိန်းမသည် ဆေးသမားအား မပြသင့်သော အင်္ဂါဇာတ်ကို ပြရသကဲ့သို့ ဤအတူသာလျှင် မြတ်စွာဘုရားသည် သစ္စာလေးပါး သိထိုက်သော သတ္တဝါတို့ကို သိစေခြင်းငှါ မပြသင့်သော အင်္ဂါဇာတ်ကို တန်ခိုးတော်ဖြင့် အရိပ်အယောင် ပြတော်မူ၏။

အို...မင်းမြတ်၊ ပုဂ္ဂိုလ်ကို ထောက်ဆ၍ မပြသင့်သော အရာ မည်သည် မရှိချေ၊ တစုံတယောက်သော သူသည် မြတ်စွာဘုရား၏ နှလုံးသားတော်ကို မြင်ရမှ သစ္စာလေးပါးကို သိမြင်နိုင်မူ ထိုသူ့အားလည်း နှလုံးသားတော်ကို ပြတော်မူရာ၏။

အို...မင်းမြတ်၊ (ဤသူသည် ဤအကြောင်း လို့လဖြင့် သစ္စာလေးပါးကို သိလတ့်)ဟု မြတ်စွာဘုရားသည် နန္ဒထေရ်၏

အကြွင်းသဘောကို သိတော်မူ၍ ထိုသူအား နတ်ဘုံကို ခေါ်ဆောင်လျက် နတ်သမီးကညာတို့ကို ပြသည် မဟုတ်လော။

ဤသို့လျှင် မြတ်စွာဘုရားသည် နှစ်သက်စရာ သာယာဖွယ်ဟု မှတ်အပ်သော သုဘအာရုံကို ကွဲရဲ စက်ဆုပ်တော်မူပါလျက် ထိုနန္ဒမထေရ် သစ္စာလေးပါး သိနိုင်ရန် အကြောင်းကြောင့် ခိုခြေသဏ္ဌာန် ကြွန်အင် ရှိကုန်သော နတ်သမီးတို့ကို ပြတော်မူဘိသေး၏၊ ဤသို့လည်း မြတ်စွာဘုရားသည် ဒေသနာတော်၌ လိမ္မာတော်မူ၏။

**မိလိန္ဒ။** ။ကောင်းလှပါ၏ ဘုရား၊အမိုက်တိုက်ကို လင်းအောင် ပြုနိုင်ပါပေ၏။

## ဗိုလ်ချုပ် မေးခွန်း

ယခု အချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်းဟာလဲ မိလိန္ဒမင်းလို တရားတော်နှင့် ပတ်သက်ပြီး မရှင်းလင်းတဲ့ ကိစ္စ များကြောင့် ဦးနှောက်ခြောက်ခဲ့ရပုံများကို တလောက ကျင်းပတဲ့ မြန်မာ့လမ်းစဉ်ပါတီ ညီလာခံမှာ အောက်ပါအတိုင်း ဖွင့်ပြောခဲ့တယ်။

မြတ်စွာဘုရား ကိုယ်တော်တိုင် တခါတလေ လူများစုရဲ့ သဘောကို လိုက်လျောပြီးတော့ ပညတ်သွားရတာ ရှိတယ်၊ ဘယ်လိုပညတ်သွားသလဲဆိုတော့ အဲဒီ (ခဝါသည်၊ဆတ္တာသည် အိမ်မှာ ရဟန်းတွေ ဆွမ်းမခံရဘူး)လို့ ဆိုတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက အဲဒီလို ကြားဘူးတော့ (မြတ်စွာဘုရားကတော့ဖြင့် ဒီလိုပညတ်ချက် ထုတ်ချင်မှ

ထုတ်မယ်၊ဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့ နောက်ပိုင်းမှ တချို့ ရဟန်းတွေက သူတို့ မသိဒီလို့ အခုလို ပညတ်တယ်)လို့ ထင်ခဲ့တယ်။

ဒါနဲ့ ကျွန်တော်သိတဲ့ ပုဂ္ဂိုလ်တွေကို ချဉ်းကပ်ပြီး မေးကြည့်ခဲ့ပါတယ်။ (မြတ်စွာဘုရားက ဒီလိုများ ပညတ်ခဲ့ပါသလား) ဆိုတော့ (ပညတ်ခဲ့တယ်) တဲ့။

ဘာပြုလို့ ပညတ်ခဲ့သလဲဆိုတော့ မြတ်စွာဘုရားက တော်လှန်ရေး သမား၊ ဟိန္ဒူတွေက မဟုတ်တန်းတရား ပေါ့လေ၊ ဟိန္ဒူထဲမှာ မညီမမျှ ဖြစ်နေတာတွေကို မကျေနပ်လို့ တော်လှန်တာ၊ အဲဒီလို တော်လှန်တဲ့ ပုဂ္ဂိုလ်တွေတောင်မှလဲ ဇာတ်နိမ့်တဲ့ ခဝါသည်တို့ ဘာတို့ အိမ်မှာ ဆွမ်းမခံရဘူးဆိုတော့ ကျွန်တော်က မကျေနပ်ဘူး၊ မကျေနပ်လို့လဲ ကျွန်တော်က မေးတာ။

ဘုန်းကြီးကိုပါ ကျွန်တော်က လျှောက် ကြည့် တယ်၊ လျှောက်ကြည့်တော့ (ဘုရားကိုယ်တော်တိုင် ပညတ်သွားတယ်၊ ဘာလို့ပညတ်သွားရတာလဲဆိုတော့ ရဟန်းတွေ အဲဒီအိမ်တွေမှာ ဆွမ်းခံတဲ့အခါကျတော့ ကျန်တဲ့လူထုက ကဲ့ရဲ့တယ်၊ အဲဒါနဲ့ လူထုအများရှိသဘောကို မလွန်ဆန်ချင်လို့ မြတ်စွာဘုရားက ပညတ်သွားရတယ်)တဲ့။

အဲဒီလိုရှိရာမှာ ကျွန်တော်တို့က ထပ်ဆက်ပြီး တွေးကြည့်ယင်တော့ ထိုအချိန် ထိုအခါက ဟိန္ဒူဘာသာဝင်တွေချည်းပဲ၊ အဲဒီ ဟိန္ဒူတွေကို ဗုဒ္ဓဘာသာဝင် ဖြစ်အောင် ဟောပြောသိမ်းသွင်းနေချိန်မှာ ဒီ ဟိန္ဒူတွေက ရဟန်းတွေကို အထင်အမြင်သေးသွားလို့ရှိယင် ချဉ်းကပ်လို့မရဘူး၊ (ပုဂ္ဂိုလ်ခင်မှ တရားမင်တယ်)ဆိုသလို ဟိန္ဒူတွေက....

ဒီရဟန်းတွေကို ဆေးဘော်ကြောဘက်မှ မလုပ်၊ စကား ပြောတာမှ လက်မခံယင်တော့ သာသနာဟာ ပြန့်မှာမဟုတ်ဘူး၊ ဒါကြောင့်မို့ သာသနာပြန့်အောင်ဆိုပြီး ဒါကလေးကိုတော့ လိုက်လျောမှုဆိုပြီးတော့ မြတ်စွာဘုရားက လုပ်သွားသလား-လို့ ကျွန်တော် စဉ်းစားမိတယ်။

## အရှင်ဣန္ဒက အဖြေ

ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ ဝိတက်, ဝိစာရတွေကို သတင်းစာ ထဲမှာ ဘတ်ရတော့ ဟသ်ာတမြို့က အရှင်ဣန္ဒကရဲ့ ဖြေရှင်းချက် (အတိုချုပ်)အောက်ပါအတိုင်းပဲ။

(၁) (ဆွမ်းမခံရ ၆-ဌာန) နှင့် ပတ်သက်၍ ရှေးဟောင်း လင်္ကာလေးတခု ရှိ၏။

(က) သူရာသောက်ထုပ်၊ သေတင်းကုပ်၊ ပဏ္ဍုက် ဘိက္ခုမ။
(ခ) ပျိုကြီးဂေဟာ၊ ပြည့်တန်ဆာ၊ လင်ကွာမုဆိုးမ။
(ဂ) ဆွမ်း ၆-ပါးမှာ၊ မခံရာ၊ ကျန်းလာမှန်မုချ။

## ဤလင်္ကာအရ

၁။ သေအရက်ထန်းရေခါး သည် စခရောင်းသောအိမ်၊
၂။ ပဏ္ဍုက်အိမ်၊
၃။ ဘိက္ခုနီခေါ် ရဟန်းမတို့၏ကျောင်း၊
၄။ အပျိုကြီးအိမ်၊
၅။ ပြည့်တန်ဆာမအိမ်၊
၆။ လင်ကွာအမျိုးသမီးနှင့် မုဆိုးမအိမ်၊ ဤကား ရှေး ဆရာအချို့တို့၏ အဆိုတည်း။

(၁) မြတ်စွာဘုရားသည် ယင်းသို့ပညတ်တော်မမူခဲ့ပါ။
(၂) ပါဠိတော်၌ (ဆွမ်းမခံရ ၆-ဌာန) မပါရှိပေ။
(အကျွမ်းတဝင် မဝင်ထွက်ရာဌာနနှင့် အကျွမ်းတဝင် မဆက်ဆံသင့်သောသူများ) ကိုသာ မြတ်စွာဘုရားသည် ရဟန်းတော်တို့အတွက် သတိထား ဝင်တွက် ဆက်ဆံရန် မိန့်တော်မူသည်၊ ဝါ-ပညတ်တော်မူသည်။
(၃) ရှေးဆရာတော်တို့က ရဟန်းတော်တို့ (အကျွမ်းတဝင် မဝင်ထွက်ရာ ဌာန) ကို (ဆွမ်းမခံရ ၆-ဌာန)ဟု မြန်မာဘာသာ ပြန်ဆိုခဲ့ကြကာ သံပေါက်လက်ာ ရေးစပ်တော်မူခဲ့ကြဟန် တူသည်၊ ဤအတိုင်းသာဆိုပါလျှင် ရှေးဆရာတော်အချို့တို့၏ ကောက်ယူချက်သည် ပါဠိတော်၏ ပဓာန မိန့်ဆိုချက်ကို သတိမပြုမိပဲ အဋ္ဌကထာဆရာ၏ သာမညဖွင့်ပြချက်ကို ပဓာနထား၍ (ပမာဒလေခ၍) ရေးသားတော်မူခဲ့ကြဟန် ရှိသည်။
(၄) စင်စစ်သော် ပါဠိတော်၏ ဆိုလိုချက် ပဓာနမှာ (ဆွမ်းမခံရ ၆-ဌာန) မဟုတ်ပေ၊ အကျွမ်းတဝင် မဝင်ထွက်ရသော ဌာနနှင့် အကျွမ်းတဝင် မဆက်ဆံရသော ပုဂ္ဂိုလ်များသာ ဖြစ်သည်။
(၅) နိုင်ငံကျော် စာရေးဆရာကြီး ဦးသုခ၏ (သုခမှတ်စု) စာမျက်နှာ ၂၇၇-၌လည်း (ရဟန်းတို့ အကျွမ်းတဝင် မဝင်ထွက်ရသော ၆-ဌာန)ဟု မြန်မာဘာသာ ပြန်ဆိုထားပါသေးသည်။
(၆) ၎င်းတို့ကို ထောက်ဆသော် လုံးဝဆွမ်းမခံရ ၆-ဌာန မဟုတ်ပါ၊ ဆွမ်းခံလိုသော် ထို ၆-ဌာနမှာ ခံရပါသည်၊

ဆွမ်းခံခွင့် ရှိပါသည်။ သို့သော် သတိတော့ရှိပါစေ၊ သတိ လက်လွတ် ဆွမ်းမခံပါနှင့်၊ သတိထား၍ ဆွမ်းခံပါလေဟု ဆိုလိုရင်း ဖြစ်ပါသည်။

(၇) အကြောင်းမှာ ထိုဌာန ထိုပုဂ္ဂိုလ်တို့နှင့် သတိ လက်လွတ် အကျွမ်းတဝင် ဆက်ဆံသောရဟန်းသည် သာသနာ တော်မှ လျှောကျ ပျက်စီးတတ်ခြင်း၊ ဘေးရန် ပွားများ ခြင်းများ ဖြစ်နိုင်သောကြောင့်သာ မြတ်စွာဘုရားက သတိပေး ပညတ်တော်မူခြင်း ဖြစ်သည်။ ထိုဌာန ထိုပုဂ္ဂိုလ်တို့သည် ဇာတ်နိမ့်ကျသူများ ဖြစ်သောကြောင့် ဇာတ်မြင့်သူများက သဘောကျစေရန်လည်း မြတ်စွာဘုရားက ပညတ်တော်မူခြင်း မဟုတ်ပေ။

## အမှားတော်ပုံ

ရှင်ဋ္ဌနကရဲ့ ရှင်းလင်းချက်ကို ဘတ်ရှုပြီးတဲ့ အခြားမဲ့မှာ ဗိုလ်ချုပ် နေဝင်းက မိလိန္ဒလို (ကောင်းလှပါ၏ ဘုရား)လို့ သဘောပေါက်ပြီး အောက်ပါမိန့်ခွန်း ထုတ်ပြန်ခဲ့ပေတယ်။

× × ×

ပဌမ ပါတီညီလာခံ နောက်ဆုံးနေ့ ကျွန်တော်ပြောလိုက်တဲ့ မိန့်ခွန်းထဲမှာပါတဲ့ အမှားကို ပြင်ရန်ပေါ့ဗျာ၊ အဲဒီအထဲမှာ ဘာပါသွားသလဲဆိုတော့ (ခဝါသည်၊ ဆတ္တာသည်တွေရဲ့ အိမ်မှာ ရဟန်းတွေ ဆွမ်းမခံရဘူး) လို့ မြတ်စွာဘုရားက ပညတ်တယ်ဆိုပြီးတော့ ကျွန်တော် ပြောခဲ့ပါတယ်။ အဲဒီ ဥစ္စာဟာ အခုကျမ်းတွေ ဘာတွေ ပြန်ပြီးတော့ ညှိနှိုင်းတဲ့

အခါကျယော့ ဒီလို မြတ်စွာဘုရားက ပညတ်သွားတယ်ဆိုတာ မတွေ့ရပါဘူး၊ အဲဒီတော့ ကျွန်တော်ပြောခဲ့တဲ့ အချက်ဟာ မှားနေပါတယ်။

အဲဒီတော့ အမှားကို မြန်မြန်ပြန်ပြင်ပစ်မှဖြစ်မယ်၊ အမှားကို အမှားအတိုင်း ထားလို့ မဖြစ်ဘူး၊ မှားမှန်း သိယင် ကျွန်တော်တို့ ပြင်မှဖြစ်မယ်။

မြတ်စွာဘုရား အနေနှင့် ဆွမ်းမခံအပ်တဲ့ အရပ် ၆-ပါး ပညတ်တဲ့အကြောင်းကို ကျမ်းဂန်တွေကို ကျွန်တော်တို့ ညှိနှိုင်းလိုက်တဲ့အခါ ဒီလင်္ကာကလေး တွေ့တယ်။

(သူရာ သောက်ထုပ်၊ သေတင်းကုပ်၊ ပဏ္ဍုက် ဘိက္ခုမ။
မျိုကြီး ဂေဟာ၊ ပြည့်တန်းဆာ၊ လင်ကွာ မုဆိုးမ) တဲ့။

ဒါကို အသေးစိတ် တိတိကျကျ သိချင်ယင်တော့ ဝိဘင်းကျမ်းမှာ ဂေါစရ ဆွမ်းခံသင့်တဲ့ အရပ်၊ အဂေါစရ ဆွမ်းမခံသင့်တဲ့ အရပ် ဆိုပြီးတော့ အကျယ်ချဲ့ထားတာ ပါပါတယ်။

ဒီအမှားကို ကျွန်တော် ဘယ်လိုလုပ်ပြီး တွေ့သလဲဆိုတော့ ကျွန်တော် စကားပြောပြီးတဲ့ ရက်ပိုင်း မကြာခင်မှာပဲ အဘ သခင်သိမ်းမောင်က နေပြီးတော့ ကျွန်တော့်ဆီ စာရေးလိုက်တယ်။

ဒီလို ဒီလိုပဲ အဲဒါကတော့ ကျမ်းဂန်တွေနှင့် မညီညွတ်ဖြစ်နေတယ်၊ နဲနဲ ပြန်ပြီး ရှင်းလိုက်ယင် ကောင်းမယ်လို့ ပြောပါတယ်။

နောက် တခြား ပုဂ္ဂိုလ် တဦးကတော့ ဟင်္သာတမြို့က ညောင်ကန် အရှင်ဣန္ဒက သူကတော့ သတင်းစာတွေကို

လှမ်းပြီး ဆောင်းပါးအနေနှင့် ရေးလိုက်တယ်၊ သတင်းစာကလဲ မဆုံးဖြတ်တတ်လို့ ကျွန်တော့်ဆီကို ပို့လိုက်တယ်၊ တိုင်းပြည်က ပြေပြေလည်လည် သိသွားအောင် ဒီဆောင်းပါးကို သတင်းစာတိုက် ပို့ပြီး အထည့်ခိုင်းလိုက်ပါတယ်။

အဲဒီတော့ အမှားမြင်တဲ့နေရာမှာ (ခဝါသည်၊ ဆတ္တာသည်တွေ အိမ်မှာ ဆွမ်းမခံရဘူး) ဆိုတဲ့ အပိုဒ်သာလျှင် မှားခြင်းဖြစ်ခဲ့ပါတယ်၊ ဒီအမှားကို မြင်တာကြောင့် အရေးကြီးတဲ့ အချက်ဖြစ်တဲ့ အတွေးအခေါ် တော်လှန်ရေးကို ပျက်ပြယ်မသွားပါဘူး၊ ဒီတော့ ဒီအပိုဒ်မြင်ရုံနဲ့တော့ ဟို မိန့်ခွန်းပြောစဉ်အခါက (အတွေးအခေါ်ကို တော်လှန်ရမယ်) ဆိုတဲ့ အချက်ဟာ ဆက်လက်ပြီး ကျင့်သုံးရမှာပဲ။

ဒီအမှားကို ကျွန်တော် ပြောစဉ်အခါက တိုင်းသိပြည်သိ ပြောထားတဲ့အတွက် ကျွန်တော် ဒီကနေပြီးတော့ ဒီအမှားဟာ အမှားပါလို့ တိုင်းသိပြည်သိ ကျွန်တော် ဝန်ခံပါတယ်။

\+ \+ \+

ရှင်နာဂသိန်နှင့် မိလိန္ဒမင်းတို့ လက်ထက်မှစပြီး ဟသ်ာတက ဦးဇာနိကနှင့် ဗိုလ်ချုပ်နေဝင်းတို့၊ အဘ သခင်သိမ်းမောင်တို့ ခေတ် အထိ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် တွေဟာ နလပိန်းတုံးတွေ မဟုတ်ကြောင်းကို အထက်ပါ အကိုးအကားတွေက ထင်ရှားစေတယ် မဟုတ်ပါလားဗျာ၊ ဘယ်လောက်ပွင့်လင်းလဲ၊ ဘယ်လောက် ရိုးသားလဲ။

မေးသူနှင့် ဖြေသူတို့ရဲ့ အာဘော်တွေဟာ နှစ်ဦး နှစ်ဘက်စလုံး သစ္စာတရားကို အခြေပြုကြလို့မို့ အင်မတန် သာယာ

နာပျော်ဖွယ် ရှိပါပေတယ်၊ သစ္စာစကားဆိုတာ အမြဲတမ်း စိုပြေနေမှာပဲ။

ယဉ်ကျေးမှု အသိုင်းအဝိုင်း တခုဟာ မိမိနယ်ပယ် အတွင်းမှာ ပေါ်ပေါက်သမျှ ပြဿနာတွေကို အများ နှစ်ခြိုက် လက်ခံအောင် မိမိဉာဏ်ပညာနှင့် ဖြေရှင်းနိုင်စွမ်း ရှိရတယ်ဗျ၊ အဲသလို မရှင်းနိုင်လို့ မပြေလည်ယင် အဲဒီ ယဉ်ကျေးမှုဟာ ယိမ်းယိုင်ပြီ လို့သာ မှတ်ပေတော့။

အရှင်ဣန္ဒကနှင့် ဗိုလ်နေဝင်းတို့ရဲ့ သိမ်မွေ့စွာ ကိုင်တွယ်ပုံများကို ရှုစားပြီး ကျွန်တော်ဖြင့် အများကြီး အားတက်မိပါတယ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဒီမိုကရေစီဟာ မခေပါဘူး၊ မအိုသေးပါဘူး၊ မနာသေးပါဘူး၊ ဒီစိတ်ဓာတ်နှင့် ဒီသဘောတရား အတိုင်းသာ ဆိုယင် အခြား အခြားသော ပြဿနာ သောင်းခြောက်ထောင်တွေ ကိုလဲ ရှောရှော ရှုရှု ဖြေရှင်း နိုင်စရာ ရှိပါတယ်။

တရား နတ်စည်တော်ကြီးကို သုံးကြိမ် သုံးလီ ဆော်ရွမ်း အမျှဝေစရာ ကောင်းပါပေတယ်ဗျာ။

သာဓုဗျာ.... သာဓု၊ သာဓု၊ သတ္တဝါ အများ ချမ်းသာကြပါစေ။

မှတ်ချက်။ ။အမှတ် ၇၄/၁၃၃၃- ခု၊ တော်သလင်း လဆန်း ၁၂-ရက်။ (၁-၉-၇၁) အိုးခဝ ဂျာနယ်၊ မောင်သုမန၏ လက်ဘက်ရည်ကြမ်းဝိုင်းမှ။

# အညစ်အကြေး စင်အောင်ဆေး

**အသဏ္ဍာယာ မလာ မန္တာ**

သက်ရှိ သက်မဲ့ အရာဝတ္ထုတို့၌ အညစ်အကြေး ရှိခဲ့သော် နှစ်သက်ဖွယ်မရှိ၊ မွန်မြတ်ခြင်းကင်း၏၊ စက်ဆုပ်ရွံရှာဖွယ်ပင် ဖြစ်တတ်သေး၏။ သက်ရှိ သက်မဲ့ အရာဝတ္ထုတို့၌ ညစ်ကြေး မတင် သန့်ရှင်းစင်ကြယ်သည်ရှိသော် နှစ်သက်ဖွယ်ရှိ၏၊ မွန်မြတ်၏၊ တပ်မက် ခင်မင် မက်မောဖွယ်ပင် ဖြစ်တတ်သေး၏။ ထို့ကြောင့် သက်ရှိကိုယ်မှာဖြစ်စေ၊ စိတ်မှာဖြစ်စေ၊ သက်မဲ့ဝတ္ထု ပစ္စည်းမှာဖြစ်စေ အညစ်အကြေး မကပ်ငြိမစွဲဝင် မမှီရ မတင်ရ အောင် စောင့်ရှောက်ထိန်းသိမ်းရာ၏၊ ကာကွယ်တားဆီးရာ၏၊ အညစ်အကြေးများ တင်ပြန် ဝင်ပြန် စွဲငြိပြန်ကလည်း စင်ကြယ် အောင် သုတ်သင် ဆေးကြောရာ၏။

## နည်းလမ်းမှန်မှ စင်ကြယ်မည်

အညစ်အကြေးကို ဆေးကြောသုတ်သင်ရာ၌ နည်းလမ်း မှန်ဘို့လည်း အရေးကြီးသေးသည်။ နည်းလမ်းမှားခဲ့သော် မြန်စွာစင်ကြယ်သင့်ရာ၌ နှေး၍ သက်သာ လွယ်ကူ သင့်ရာ၌ ပင်ပန်းဆင်းရဲတတ်သည်။ လုံ့ဝလွဲမှားခဲ့သော် အကျိုး မပြီး အချည်းနှီးဖြစ်၍ ဖွပ်သည်ထက်လည်း ညစ်တတ်သေးသည်။

## ဥပမာ

လက်ခြေအင်္ဂါစသောကိုယ်၊ အထည်ဝတ္ထုစသော ပစ္စည်း များပေါ်၌ သစ်စေး အညစ်အကြေး၊ သတ္တာဆေး အညစ်

အကြေးများတင်လျှင် ရေဖြင့်ဆေးကြောပါက စင်ကြယ်မှုဖြင့် နေးမည်၊ ပင်ပန်း ဆင်းရဲမည်။ သစ်ဆေးပေလျှင် ဆီဖြင့် ရှေးဦးစွာ ဆေး၍ သဘောဆေးပေလျှင် ရေနံဆီ ဓာတ်ဆီဖြင့် ဆေးကြောရမည်။ ရွှေထည်ပစ္စည်း၌ အညစ်အကြေးတင်လျှင် ငရဲမီးဖြင့် ဆေး၍ အဝတ်အထည်၌ အညစ်အကြေး ပေလျှင် ဆပ်ပြာရေဖြင့်ဆေးကြောက စင်ကြယ်နိုင်သည်။

ထိုသို့မဟုတ်ပါပဲ ရွှေထည် ပစ္စည်းပေါ်၌ တင်သော အညစ်အကြေးကို ရေဖြင့်ဆေး၍ အဝတ်အထည်၌ တင်သော အညစ်အကြေးကို ငရဲမီးဖြင့် ဆေးကြောပါက အလွဲကြီးလွဲ၍ အကျိုးမပြီး အချည်းနှီး ဖြစ်တတ်လေသည်။ စာမေးပွဲရှုံး၍ အဆိပ်သောက်ခြင်း၊ ချစ်သူနှင့် လွဲ၍ကွဲ၍ ကြိုးဆွဲချခြင်း၊ အရက်သောက်ခြင်း၊ အပျော်ကြူးခြင်း စသည်ဖြင့် လွဲမှားစွာ ပြုကျင့်သောသူတို့သည် မျက်မှောက်ဘဝ၌လည်း သေကြေပျက်ပြုန်း ဆုံးရှုံးနစ်နာကုန်၍၊ တမလွန်ဘဝ၌လည်း အပါယ်ဖက်သို့ မျက်နှာမူလျက်ရှိသည်ကို သတိပြုကြကုန်ရာသည်။

အမှန်စင်စစ်သော်ကား အကောင်းအဆိုး အကြောင်း အကျိုးတို့ကို အမှားအမှန် ဝေဖန်ဆန်းစစ် ဖြေရှင်းနိုင်သော ဗုဒ္ဓ၏ တရားတို့ဖြင့်သာ ဆေးကြော သုတ်သင်ပါမှ သန့်ရှင်း စင်ကြယ်မည် ဖြစ်ပေသည်။

## ဗုဒ္ဓဟောကြား အညစ်အကြေးတရား

ဗုဒ္ဓမြတ်စွာသည် အညစ်အကြေး တရားတို့ကို ၄-မျိုး ၄-စား ခွဲခြား၍ ဓမ္မပဒ မလဝဂ် ကာဠုဒါယီ မထေရ်ဝတ္ထု၌ ဟောကြားတော်မူခဲ့သည်။

(၁) သင်အပ်ကုန်သော ပရိတ် အစရှိသော အတတ်ပညာတို့သည် မရွတ်ဖတ် မသရဇ္ဈယ်ခြင်းလျှင် အညစ်အကြေး ရှိကုန်၏။
(၂) အိမ်တို့သည် ထကြွလုံ့လ မပြုခြင်းလျှင် အညစ်အကြေး ရှိကုန်၏။
(၃) ပျင်းရိခြင်းသည် ကိုယ်၏ အညစ်အကြေး ဖြစ်၏။
(၄) မေ့လျော့ခြင်းသည် စောင့်ရှောက်ခြင်း၏ အညစ်အကြေး ဖြစ်၏။

ဤသည်တို့ကား ဗုဒ္ဓဟောကြားတော်မူသော အညစ်အကြေးတရား ၄-ပါးတို့ပေတည်း။

## ဆေးကြောဘို့ရာ နည်းလမ်းမှာ

ဤ၌ ဗုဒ္ဓမြတ်စွာသည် အညစ်အကြေး ၄-ပါးကိုသာ ဟောကြားတော် မူခဲ့သည်မဟုတ်ပေ။ ဆေးကြောသုတ်သင်ဘို့ နည်းလမ်းကိုလည်း အပြီးဟောခဲ့သည်သာ။

(၁) သင်အပ်သော ပရိတ် အစရှိသော အတတ်ပညာတို့သည် မရွတ်ဖတ်ခြင်းလျှင် အညစ်အကြေး ရှိကုန်သည်ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည်။ မှန်လှ၏၊ ကျောင်းသားနှင့် စာသင်သားတို့သည် စာပေတို့ကို မကြည့်ရှု မလေ့လာ မရွတ်ဖတ်ကုန်သည်ရှိသော် စာပေပညာ မတတ်ခြင်း အညစ်အကြေး အတင်ခံရကုန်၏။ ဤ၌ မရွတ်ဖတ်ခြင်းသည် အညစ်အကြေးဖြစ်ရကား ရွတ်ဖတ်ခြင်းဖြင့်ဆေးကြောသုတ်သင်ရာ၏။

(၂) အိမ်တို့သည် ထကြွ ယို့လ မပြုခြင်းလျှင် အညစ်အကြေးရှိကုန်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူသည်။ မှန်လှ၏၊ ထကြွလို့လမပြုသော အိမ်ထောင်စုသည် စားဝတ်နေရေး ရှုပ်ထွေး ကြပ်တည်းခြင်းဖြင့် အညစ်အကြေး တင်တော့၏၊ ကြာရှည်စွာ မခိုင်မြဲ၊ လျင်မြန်စွာ ပြိုကွဲ ပျက်စီးရသည်သာ။ ဤ၌ ထကြွလို့လ မပြုခြင်းသည် အညစ်အကြေး ဖြစ်ရကား ထကြွလို့လပြုခြင်းဖြင့် ဆေးကြော သုတ်သင်ရာ၏။

(၃) ပျင်းရိခြင်းသည် ကိုယ်၏အညစ်အကြေးဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသည်။ မှန်လှ၏၊ ပျင်းရိသော သူအား မှုံမှုန်အညစ်အကြေး စသည်တို့ဖြင့် ညစ်ပတ် ပေရေရ တော့၏။ ဤ၌ ပျင်းရိခြင်းသည် အညစ်အကြေး ဖြစ်ရကား မပျင်းရိပဲ အလုပ်လုပ်ခြင်းဖြင့် ဆေးကြောရာ၏။

(၄) မေ့လျော့ခြင်းသည် စောင့်ရှောက်ခြင်း၏ အညစ်အကြေး ဖြစ်၏ဟု ဗုဒ္ဓမြတ်စွာ ဟောတော်မူ၏။ မှန်လှ၏၊ မေ့လျော့သောသူအား ကိလေသာ အညစ်အကြေးတို့သည် စွဲဝင် ကပ်ငြိကုန်တော့၏။ ဤ၌ မေ့လျော့ခြင်းသည် အညစ်အကြေး ဖြစ်ရကား မိမိ၏ ဒွါရခြောက်ပါး တည်းဟူသော တံခါးခြောက်ပေါက်မှ လောဘ, ဒေါသ, မောဟစသော ကိလေသာ အညစ်အကြေးများ မစွဲဝင် မကပ်ငြိရအောင် သတိ တည်းဟူသော တံခါးမှူးဖြင့် ထိန်းသိမ်းစောင့်ရှောက် တားဆီး ပိတ်ပင် ဆေးကြောသုတ်သင်ရာသတည်း။

# ကိုယ့်အား ကိုယ်ကိုးပါ

သာသနာ ၂၅၀၀ ကျော်လာပြီကွယ်ရို့၊ ဘုရားသာသနာ ကုန်လို့ သိကြားသာသနာ ရောက်လာပြီ။ အကုသိုလ်တွေကို မလုပ်ကြနဲ့၊ သိကြားမင်းက ပယ်လိမ့်မည်။ ကုသိုလ်တွေကို လုပ်ကြ၊ သိကြားမင်းက ကယ်လိမ့်မည်။

## သိကြားသာသနာ မရှိပါ

ဤဖော်ပြပါ စကားမျိုးတို့ကို မတတ်သူတွေက ပြောကြသောအခါ မသိသူ ယောင်ခြောက်ဆယ်သမားတို့က ယုံကြည်ကြသည်။ အမှန်စင်စစ် သိကြားသာသနာ ဟူ၍ မရှိပေ၊ ဘုရားသာသနာ ဟူ၍သာ ရှိပေသည်။ မြတ်စွာဘုရားနှင့် ဝါဒချင်း ပြိုင်သော သစ္စကသည် မြတ်စွာဘုရား၏ တရားမှန် စကားတော်ဖြင့် မိမိ၏ဝါဒ မှားမှန်းသိသော်လည်း မှားပါပြီဟု ဝန်မခံပဲ ငုတ်-ဘူးကွယ်၍ နေသည့်အခါ သိကြားမင်းက ဘီလူးဟန်ပြ၍ အမှန်အတိုင်း ဝန်ခံအောင် ကူညီစောင့်ရှောက်ခဲ့ကြောင်း သာဓကများတော့ ရှိသည်။

ဆိုလိုသည်မှာ သိကြားမင်းသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၌ ဖြစ်စေ၊ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အခါ၌ ဖြစ်စေ မြတ်စွာဘုရား၏ သာသနာတော်ကို သူတတ်နိုင်သည့်ဘက်မှ ကူညီ စောင့်ရှောက်ချင်လည်း စောင့်ရှောက်လိမ့်မည်။ မကူညီ မစောင့်ရှောက်ပဲလည်း နေချင် နေလိမ့်မည်။

## မြတ်စွာဘုရား အဆုံးအမ လိုက်နာကြ

သိကြားမင်း မပယ်ရှားအောင် အကုသိုလ်ကို ရှောင်ခြင်း၊ သိကြားမင်း ကယ်တင်အောင် ကုသိုလ်ကို ပြုခြင်းထက် "အကုသလံ ဘိက္ခဝေ ပဇဟထ၊ ကုသလံ ဘိက္ခဝေ ဘာဝေထ။ ချစ်သား ချစ်သမီးတို့၊ သင်တို့သည် အကုသိုလ်ကို ပယ်စွန့်ကြ၊ ကုသိုလ်ကို ပြုလုပ် ပွားများကြကုန်လော့" ဟူသော မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ ကျင့်သုံးခြင်းသည် ပို၍ မှန်ကန် လေးနက်ကုန်၏။

## ကမ္မနိယာမ ဓမ္မတာ

ကုသိုလ်ကောင်းမှု ပြုလုပ်နေသူကို ကောင်းကျိုးချမ်းသာ များ ခံစားရအောင် ဘယ်သိကြားမင်းကမှ ကယ်တင်ပေး နေသည် မဟုတ်။ ကုသိုလ် ပြုသူသည် "ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ" ကုသိုလ်တရားတို့သည် အပြစ်မရှိ ကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်၏" ဟူသော အဘိဓမ္မာ ဒေသနာတော်နှင့် အညီ အပြစ်မရှိ ကောင်းကျိုး ချမ်းသာကို ရရှိခံစားရသည်မှာ ကမ္မနိယာမ ပင်တည်း။ ထို့ အတူပင် အကုသိုလ် ပြုလုပ်နေသူကိုလည်း မကောင်းကျိုး ဆင်းရဲတွေကို ခံစားရအောင် ဘယ်သိကြားမင်းကမှ တွန်းပို့ ဖယ်ရှားပေးနေသည် မဟုတ်။ အကုသိုလ်ပြုသူသည် "အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာ" အကုသိုလ်တရား တို့သည် အပြစ်နှင့်တကွ ဖြစ်၍ မကောင်းကျိုးကို ပေးခြင်း လက္ခဏာ ရှိကုန်၏" ဟူသော အဘိဓမ္မာဒေသနာတော်နှင့်အညီ အပြစ်နှင့် တကွ မကောင်းကျိုး ဆင်းရဲကို ခံစားရသည်မှာ လည်း ကမ္မနိယာမ ပင်တည်း။

## မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်

အမှန် စင်စစ်သော် မကောင်းမှု ပြုကျင့်သူကို ဘယ်လူကောင်း, နတ်ကောင်း, ဗြဟ္မာကောင်းတို့ကမှ နှစ်သက်လိုလားကြလိမ့်မည် မဟုတ်။ ကုသိုလ်ကောင်းမှု ပြုကျင့်ဆည်းပူးသူကို သာလျှင် နှစ်သက် လိုလားကြကုန်၏။ ကူညီစောင့်ရှောက်ကြကုန်၏။

ထို့ကြောင့် အို.... လူသား၊ သင်သည် ကောင်းကင်ကဆင်းလာမည် ဆိုသော သိကြားမင်းကို မကြောက်ရွံ့လင့်၊ မြှော်လင့်ယုံစား၍လည်း မနေလင့်၊ ကြောက်ရွံ့ခြင်း မြှော်လင့်ယုံစားခြင်းဖြင့် အချိန်မကုန်စေလင့်၊ မြတ်စွာဘုရား၏ တရားထက် သိကြားကို အားမကိုးလင့်။ မြတ်စွာဘုရား ဟောတော်မူသော "ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမိ။ ငါသည် အကြင်ကောင်းမှုကို ဖြစ်စေ၊ မကောင်းမှုကို ဖြစ်စေ ပြုလုပ်အံ့၊ ငါသည် ထိုကောင်းမှု မကောင်းမှု၏ အမွေခံ ဖြစ်အံ့သတည်း" ဟူသော ကမ္မဝါဒကိုသာ ကိုးစား အားထားစမ်းပါ။

ဆက်လက်၍ ရှုစမ်းပါဦးလော့၊ "အတ္တာဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ" ကိုယ့်အားကိုယ်ကိုးပါ၊ ကိုယ်မှ တခြား သူတပါးသည် အဘယ်မှာလျှင် ကိုယ်၏ ကိုးစားအားထားရာ ဖြစ်နိုင်ရာပါအံ့နည်း။ မကောင်းမှုကို ရှောင်၊ ကောင်းမှုကို ဆောင်ခြင်းဖြင့် အလုပ်ကောင်းကို လုပ်ပါလော့။

# ဘုရားပေးသော

# ကိုယ့်အားကိုယ်ကိုးနည်း

### ပညာရှိတို့၏ စကားမှန်များ

လောက၌ အားကိုးရာအစစ်ကို ရှာသော် မိမိကိုယ်ကိုသာ တွေ့ရပေမည်။ မိဘ ဆရာသမား ဆွေမျိုးမိတ်သင်္ဂဟ ဟူသော ပတ်ဝန်းကျင်သည် အားကိုးရာ တစိတ်တဒေသ ဖြစ်သည်ဟု ဆိုနိုင်၏။ ထိုပတ်ဝန်းကျင်သည် မိမိကို အမြဲတစေပေးကမ်း ချီးမြှောက်ပေလိမ့်မည်။

မိမိသည် ရှေးဘုန်း ရှေးကံ ကောင်းလှသောကြောင့် မိမိအား မည်မျှလောက်ပင် ပစ္စည်းပေးသူတွေ ပညာသင်ပေး သူတွေရှိကြသည်ဖြစ်သော်လည်း၊ မိမိက အားထုတ်သင်ယူမှသာ တတ်နိုင်မည် ဖြစ်၏။ ယုတ်စွအဆုံး ထမင်းကျွေးသူ ရှိစေဦးတော့၊ မိမိက စားမှ မိမိဝမည် အမှန်ပင်။ ထို့ကြောင့်ပင် ရှေးပညာရှိတို့က "ကိုယ့်ကာယကံ ကိုယ့်ထံပြန်၊ ကိုယ့်ဝစီကံ ကိုယ့်ထံပြန်၊ ကိုယ့်မနောကံ ကိုယ့်ထံပြန်၊ ကိုယ်ထူကိုယ်ထ ကိုယ်ရကိုယ်ယူ၊ ကိုယ့်ကံ ကိုယ်ထမ်း၊ ကိုယ့်လမ်း ကိုယ်သွား၊ ကိုယ်အား ကိုယ်ကိုးမှ ကိုယ့်အကျိုး ကိုယ်ခံစားရမည်" ဟူသော စကားမှန်တို့ကို မိန့်ဆိုခဲ့ကြသည် မဟုတ်ပါလော။

## ဘုရားပေးသော ကိုယ့်အားကိုယ်ကိုးနည်း

လောကီကောင်းကျိုးကို ဖြစ်စေ၊ လောကုတ္တရာ ကောင်းကျိုးကို ဖြစ်စေ ကိုယ့်အားကိုယ်ကိုး၍ ကိုယ်တိုင် ကြိုးစားမှသာ ရရှိနိုင်ပေသည်။ အမြတ်ဆုံးအရိယာ အဖြစ်ကို မြော်မှန်းနေသူ သို့မဟုတ်၊ အရိယာတို့၏ ခေါင်ထွဋ် အရဟတ္တဖိုလ် သရဖူကို ရယူဆောင်မိုးလိုသော သေက္ခ ပုဂ္ဂိုလ်သည်ပင် ဆရာကိုချည်း အားကိုနေ၍ မဖြစ်နိုင်ချေ၊ ကိုယ့်အား ကိုယ်ကိုး၍ တရားကို ကြိုးစားအားထုတ်မှသာ မိမိမြော်မှန်းထားသော အမြတ်ဆုံး အရိယာ အဖြစ်၊ သို့မဟုတ် အရိယာတို့၏ ခေါင်ထွဋ် အရဟတ္တဖိုလ် သရဖူကို ရယူဆောင်မိုးနိုင်မည် ဖြစ်၏။

ဤနေရာ၌ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော်မူကြောင်းကို သိရသောကြောင့် နေမထိထိုင်မသာ သောကပရိဒေဝမီး တောက်လောင်နေရှာသော အရှင်အာနန္ဒာအား ကိုယ့်အား ကိုယ်ကိုးရန်အတွက် မြတ်စွာဘုရား၏ မိန့်ကြားတော်မူချက်ကို ဖော်ပြပါဦးမည်။

အာနန္ဒာ၊ မိဘဆွေမျိုး စတဲ့ အချစ်ဆုံး အခင်ဆုံး စိတ်နှလုံးကို ပွားစေတတ်သောသူ အားလုံးတို့နှင့် ဘယ်နည်းနှင့် မဆို မုချ ရှင်ကွဲ ကွဲရခြင်းကိုရော၊ သေကွဲ ကွဲရခြင်းကိုရော၊ ဘဝကွဲ ဘုံကွဲ ကွဲရခြင်းကိုရော၊ ရှေးမဆွကပင် ကြိုတင်ပြီး သင့်ကို ငါ ဟောထားအပ်ပြီး မဟုတ်လား။

အာနန္ဒာ၊ ဖြစ်ခြင်း, ကြီးပွားခြင်း, ပြုပြင်ရခြင်း, ပျက်စီးတတ်ခြင်းသဘော ရှိသော တရားကို စင်စစ် မပျက်စီးပါစေ

လင့်ဟု ဤလိုတောင့်တ၍ ရစကောင်းသော အကြောင်း မည်သည် မရှိနိုင်ဘူး။

အာနန္ဒာ၊အနှစ်ရှိသော သစ်ပင်ကြီးတည်ရှိနေစဉ် အကြီးဆုံး သစ်ကိုင်းသည် ပျက်စီးသွားသကဲ့သို့ ထို့အတူပင် အနှစ်ရှိသော များစွာသော ရဟန်းအပေါင်း တည်ရှိနေစဉ် သစ်ကိုင်းကြီး အလား အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုပြီ။

အာနန္ဒာ၊ ဖြစ်ခြင်း, ကြီးပွားခြင်း, ပြုပြင်ရခြင်း, ပျက်စီး တတ်ခြင်းသဘောရှိသော တရားကို စင်စစ်အားဖြင့် မပျက်စီး ပါစေလင့်ဟု ဤလိုတောင့်တ၍ ရစကောင်းသော အကြောင်း မည်သည် မရှိနိုင်ဘူး။

အာနန္ဒာ၊ ထို့ကြောင့်ပင် သင်တို့သည် သူတပါးကို အားမကိုးကြပဲ၊ မိမိကိုယ်ကို မှီခိုအားကိုး၍ နေကြကုန်လော့၊ အခြားတရားကို အားမကိုးကြပဲ (လောကုတ္တရာ) တရားတော် ကို အားကိုး၍ နေကြကုန်လော။

အာနန္ဒာ၊ ရဟန်းသည် အဘယ်သို့လျှင် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခို အားကိုးရမည်နည်း၊ အခြား တရားကို အားမကိုးပဲ (လောကုတ္တရာ) တရားကို မှီခိုအားကိုး နေရသနည်း။

အာနန္ဒာ၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္ပဇဉ် အောက်မေ့ အမှတ်ရမှု သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုမှတ်ပွားများလေ့ ရှိသည်ဖြစ်၍နေ၏၊ဝေဒနာတို့၌

ဝေဒနာကို အကြိမ်ကြိမ် ရှုမှတ် ပွားများလေ့ ရှိသည် ဖြစ်၍ နေ၏၊ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုမှတ်ပွားများလေ့ ရှိသည် ဖြစ်၍ နေ၏၊ သဘောတရားတို့၌ သဘောတရားကို အကြိမ်ကြိမ် ရှုမှတ်ပွားများလေ့ ရှိသည် ဖြစ်၍နေ၏။

အာနန္ဒာ၊ ဤသို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးပဲ မိမိကိုယ်ကို မှီခိုအားကိုးနေရ၏၊ အခြားတရားကို အားမကိုးပဲ (လောကုတ္တရာ) တရားကို မှီခိုအားကိုးကာ နေရ၏။

အာနန္ဒာ၊ ယခု ငါဘုရား မျက်မှောက်မှာပဲ ဖြစ်ဖြစ်၊ ငါဘုရား လွန်တော်မူသည့် နောက်မှာပဲ ဖြစ်ဖြစ်၊ သူတပါးကို အားမကိုးကြပဲ မိမိကိုယ်ကို မှီခို အားကိုးကြလျက် အခြားတပါးကို အားမကိုးကြပဲ လောကုတ္တရာ တရားကို မှီခို အားကိုးကာ နေကြရမည့် ရဟန်းဟူသမျှ အားလုံးတို့သည် သိက္ခာသုံးပါးကို လိုလားသော ရဟန်း အားလုံးတို့ထက် အမြတ်ဆုံး ဖြစ်ကြပေလိမ့်မည်။

ဤကား မြတ်ဘုရား မိန့်ကြား ပေးသနားတော်မူသော ကိုယ့်အား ကိုယ်ကိုးနည်းတည်း၊ အားလုံးသော အမျိုးကောင်း သားသမီးတို့သည် ကိုယ့်အားကိုယ်ကိုးနိုင်ကြပါစေ။

## ကိုယ့်အားကိုယ်ကိုး ဆောင်ပုဒ်

၁။ ဖြစ်ပွားပြုပျက်၊ ဤလေးချက်၊ ပျက်ရိုးသဘောတည်း။

၂။ မပျက်စေလို၊ တောင်းဆုဆို၊ အပိုသဘောတည်း။

၃။ သူတပါးအား၊ မကိုးစား၊ ကိုယ့်အားကိုယ်ကိုးပါ။

၄။ တခြားတပါး၊ မကိုးစား၊ တရားအားကိုးပါ။
၅။ ဘယ်လိုမှိုခို၊ မိမိကိုယ်၊ ဘယ်လိုတရား အားကိုးမှာ။
၆။ ရုပ်ဝေဒနာ၊ စိတ်ဓမ္မာ၊ လေးဖြာရှုမှတ်ပါ။
၇။ ဤလိုမှိုခို၊ မိမိကိုယ်၊ ဤလိုတရား အားကိုးမှာ။
၈။ ဘုရားရှိခါ၊ မရှိခါ၊ ကိုးရာ ဒါပဲသာ။
၉။ ဤလိုကျင့်သုံး၊ သူအားလုံး၊ မြတ်ဆုံးဖြစ်ရမှာ။
၁၀။ စုန္ဒသုတ်မှာ၊ မြတ်ဗုဒ္ဓါ၊ မိန့်မှာတရားပါ။

(မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ်စုန္ဒသုတ်မှ)

# တောင်းသာတောင်း၍

# မကျင့်ပွားက-မရ

ဩကာသ(ပ) နိဗ္ဗာန် တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

ဤကား ငယ်စဉ်မှစ၍ ဗုဒ္ဓ သာသနာဝင် မြန်မာလူမျိုးတိုင်း တောင်းလာကြသော မိရိုးဖလာ ဆုတောင်းပေတည်း။ ယင်းဆုတောင်းသည် နိဗ္ဗာန်ရောက်ရန် အကြောင်းခံ တစ္စန်းတစ ဖြစ်လာသည်ဟု ဆိုလျှင် ဆို နိုင် မည် ထင် ၏။ သို့သော် တောင်းဖန်များပြီး တောင်းသာတောင်း၍ နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုနိုင်သော အကျင့်တရားတို့ကို ကျင့်ပွားအားထုတ်ခြင်း မပြုပဲနေခြင်းသည်ကား မိမိ၏ ဆုတောင်းကို အခိုပ္ပါယ် မဲ့စေရာ ကျချေ၏။ မှန်၏။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို မကျင့်ပါပဲလျက် နိဗ္ဗာန်ကို ဆုတောင်းနေခြင်းသည် အလုပ်ပို တခုသဖွယ် ဖြစ်နေတော့၏။ နိဗ္ဗာန်ကို လိုလားသူသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းကို ကျင့်ပွါးအားထုတ်ပါက နိဗ္ဗာန်ကို ဆုမတောင်းစေဦးတော့ နိဗ္ဗာန်ကို မျက်မှောက် ပြုရမည် အမှန်ပင်။

## ကြက်ဥနှင့် ကြက်မ ပမာ

ဤနေရာ၌ ကြက်မနှင့် ဥပမာပြု၍၊ မြတ်ဘုရား ဟောကြားထားသော ဝါသိဇဋ္ဌသုတ် တရားတော်ကို ခန္ဓဝဂ္ဂ သံယုတ်မှ ထုတ်နုတ်ပြဆိုပါဦးမည်။

ရဟန်းတို့-ဥပမာသော်ကားကြက်မ၌ ဥတို့သည် ၈-လုံးဖြစ်စေ၊ ၁၀-လုံးဖြစ်စေ၊ ၁၂-လုံးဖြစ်စေရှိကုန်ရာ၏။ ထိုဥတို့ကို ကြက်မသည်ကောင်းစွာ မဝပ်အပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့မပေးအပ်ကုန်၊ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့ကို မထုံစေအပ်ကုန်။ ထိုကြက်မအား ငါ၏ ကြက်ကလေးတို့သည် ခြေသည်း ဖြားဖြင့် ဖြစ်စေ၊ နှုတ်သီးဖြားဖြင့် ဖြစ်စေ၊ ဥခွံကို ဖောက်ခွဲ၍ ချောမော ချမ်းသာစွာ ပေါက်ဖွားလာကြမူ ကောင်းလေစွဟု ဤသို့အလိုဖြစ်ပေါ်လာစေကာမူ၊ ထို ကြက်ကလေးတို့သည် ပေါက်ဖွားလာရန် မထိုက်ကုန်သည်သာတည်း။ ထိုအရာသည် အဘယ်ကြောင့်နည်းဟူမူ၊ ရဟန်းတို့- ၈-လုံး, ၁၀-လုံး, ၁၂-လုံးသော ဥတို့ ရှိသော်လည်း ကြက်မသည် ထိုဥတို့ကို ကောင်းစွာ ထက်ဝန်းကျင်မှ အငွေ့မပေး၊ကောင်းစွာ ထက်ဝန်းကျင်မှ ကြက်နံ့ကို မထုံစေအပ်သောကြောင့်တည်း။

ရဟန်းတို့- ဤအတူပင် ပွါးများအားထုတ်မှုကို အားမထုတ်ပဲနေသော ရဟန်းအား ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်မူ ကောင်းလေစွဟု ဤသို့ အလို ဖြစ်ပေါ်စေကာမူ၊ ထိုသူ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်။

ထိုအရာသည် အဘယ်ကြောင့်နည်း ဟူမူ မပွါး များသောကြောင့်ဟု ဆိုရမည်။ အဘယ်ကို မပွါးများသောကြောင့်နည်း၊

ဗောဓိ ပက္ခိယတရား ၃၇-ပါးတို့ကို မပွါးများအပ်သော ကြောင့်တည်း။

ရဟန်းတို့- ဥပမာသော်ကား ကြက်မ၌ ဥတို့သည် ၈-လုံး ဖြစ်စေ၊ ၁၀-လုံး ဖြစ်စေ၊ ၁၂-လုံးဖြစ်စေ ရှိကုန်ရာ၏။ ထိုဥ တို့ကို ကြက်မသည် ကောင်းစွာဝပ်အပ်ကုန်၏။ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့ပေးအပ်ကုန်၏။ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့တို့ကို ထုံစေအပ်ကုန်၏။ ထိုကြက်မအား ငါ၏ ကြက် ကလေးတို့သည် ခြေသည်းဖျားဖြင့် ဖြစ်စေ၊ နှုတ်သီးဖျားဖြင့် ဖြစ်စေ၊ ဥခွံကိုဖောက်ခွဲ၍ ချောမောချမ်းသာစွာ ပေါက်ဖွားလာ ကြမူ ကောင်းလေစွဟု အလို မဖြစ်စေကာမူ ထိုကြက်ကလေး တို့သည် ပေါက်ဖွားလာရန် ထိုက်ကုန်သည် သာတည်း။

ထိုအရာသည် အဘယ်ကြောင့်နည်းဟူမူ ရဟန်းတို့၊ ကြက်မ သည် ထို ၈-လုံး ၁၀-လုံး ၁၂-လုံးသော ဥတို့ကို ကောင်းစွာ ဝပ်အပ်ကောင်းစွာ ထက်ဝန်းကျင်မှ အငွေ့ပေးအပ် ကောင်းစွာ ထက်ဝန်းကျင်မှ ကြက်နံ့ကို ထုံစေအပ်သောကြောင့်တည်း။

ရဟန်းတို့၊ ဤအတူပင် ပွားများအားထုတ်မှုကို အားထုတ် ၍ နေသော ရဟန်းအား ငါ၏ စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်မူ ကောင်းလေစွ ဟူ၍ ဤသို့ အလို မဖြစ်ပေါ်စေကာမူ ထိုသူ၏စိတ်သည် မစွဲလမ်း မူ၍ အာသဝေါတရားတို့မှ လွတ်မြောက်၏။ ထိုအရာသည် အဘယ်ကြောင့်နည်း ဟူမူ ပွားများပြီး ဖြစ်သောကြောင့်ဟု ဆိုရမည်။ အဘယ်ကို ပွားများပြီး ဖြစ်သောကြောင့် ဟူမူ

ဗောဓိပက္ခိယတရား ၃၇-ပါးကို ပွားများပြီး ဖြစ်သောကြောင့် တည်း။

(ဤကား ဝါသိဇ္ဇသုတ် တရားတော်တည်း)

## ကိုယ့်အား ကိုယ်ကိုးပါ

ထို့ကြောင့် နိဗ္ဗာန်ကို တကယ်လိုလားသူတို့သည် ဆုတောင်း ရုံမျှဖြင့် အားရတင်းတိမ် မနေသင့်ကြပါ။ နိဗ္ဗာန် ရောက် ကြောင်း အကျင့်ကောင်း အကျင့်မှန်ဖြစ်သော သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး ဟူကုန်သော ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို အားထုတ် ကျင့်ပွားသောအားဖြင့် ကိုယ့်အား ကိုယ်ကိုးကုန်ရာ သတည်း။

# မိမိသည်သာ ကိုးကွယ်ရာ

လောကီ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာတို့ကို လိုလားသူတို့အတွက် မြတ်ဘုရားက ကိုယ့်အားကိုယ်ကိုးရန် နည်းလမ်းမှန်တို့ကို အတန်တန် ညွှန်ကြားမိန့်မှာတော်မူခဲ့၏။

## မိမိကိုယ်ကို စောင့်ရှောက်

ဟူ၍၊ မြတ်ဘုရားသည် မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏၊ သူတပါးသည် အဘယ်မှာ မိမိ၏ ကိုးကွယ်ရာ ဖြစ်နိုင်ပါအံ့နည်း။ မိမိသည်သာလျှင် မိမိ၏ လည်းလျောင်းရာ ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် မြင်းမျိုးကောင်းကို စောင့်ရှောက် သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်လော့ ဟူလည်း ဓမ္မပဒ နင်္ဂလကုလတ္ထေရဝတ္ထု၌ ညွှန်ပြဆုံးမတော်မူထား၏။

ထို့ပြင် မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်၌ လုံ့လထုတ်ကာ သုတ်သင်ရာ၏ဟုလည်း ဓမ္မပဒ ဗောဓိရာဇ ကုမာရဝတ္ထု၌ ညွှန်ကြားပဲ့ပြင်ထားတော်မူ၏။

## ညစ်နွမ်းမှုနှင့် စင်ကြယ်မှု

ထို့ပြင် မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏။ ကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏။

စင်ကြယ်သော ကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာဖြစ်၏။ လူတယောက်သည် အခြားသူတယောက်ကို ကိုလေသာ အညစ်အကြေးမှ စင်ကြယ်အောင် မသုတ်သင်နိုင် (ကိုယ့်အားကိုယ်ကိုး၍ သုတ်သင်ရမည်)ဟုလည်း ဓမ္မပဒ စူဠ ဥပါသကာဝတ္ထု၌ နည်းပြသြဝါဒ ပေးထားတော်၏။

## ပျင်းရိသူနှင့် အရိယာမဂ်

ထို့ပြင် ပျိုမျစ်နုထွား ခွန်အားနှင့် ပြည့်စုံပါသော်လည်း ထကြွသင့်သောအခါ၌ ထကြွလုံ့လမရှိ၍ ပျင်းရိထိုင်းမှိုင်းလျက် စိတ်အကြံဝိတက်များ၍ ထိုပျင်းရိသူသည် ပညာဖြင့်သာ ရယူနိုင်သော အရိယာမဂ်ကို မရနိုင်(ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားအားထုတ်မှ ရနိုင်မည်) ဟုလည်း ဓမ္မပဒ ပဓာနကမ္မိကတိဿတ္ထေရ ဝတ္ထု၌ လမ်းညွှန်သွန်သင်တော်မူထား၏။

ထို့ကြောင့် လောကီ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာတို့ကို လိုလားသူတိုင်း ကိုယ့်အားကိုယ်ကိုးကြရသတည်း။

# ငါဘုရားကား ညွှန်ကြားရုံသာ

လူ့နတ်ဗြဟ္မာ သတ္တဝါတို့သည် သံသရာဝဋ်မှ ကျွတ်လွတ်ရေးအတွက် မြတ်စွာဘုရားကို အားကိုးကြ၏။ ယင်းသို့ အားကိုးကြရာ၌ မြတ်စွာဘုရားသည် ငါတို့အား အခွံနွှာပြီး ငှက်ပျောသီးကို လက်ထဲထည့်ပေးသကဲ့သို့ နိဗ္ဗာန်ကို ပေးတော်မူလိမ့်မည်ဟု မြော်လင့်၍ အားကိုးကြလျှင်ကား အမှားကြီးမှားကြချေမည်၊ အဘယ်ကြောင့်နည်း၊ မြတ်စွာဘုရားသည် "ငါကား လမ်းညွှန်မျှသာတည်း" ဟု မိန့်တော်မူသောကြောင့်တည်း။

သံသရာဝဋ်မှ ကျွတ်လွတ်ရာ နိဗ္ဗာန်ကို လိုလားသူတို့သည် ဗုဒ္ဓ၏ ညွှန်ကြားချက် လမ်းမှန်အတိုင်း ကိုယ့်အားကိုယ်ကိုး၍ သမထဝိပဿနာတရားတို့ကို ကျင့်ကြံပွားများ အားထုတ်ကြမှသာလျှင် နိဗ္ဗာန်ကို ရကြ၊ ရောက်ကြပေမည်။

## ကိုယ်တိုင်သိ လမ်းမှန်

မှန်၏! သင်တို့သည် ဤအရိယာ အဋ္ဌင်္ဂိက မဂ်ဟူသော ဆင်းရဲအဆုံး သွားကြသည်ရှိသော် ဆင်းရဲအဆုံးကိုပြုကုန်လတ္တံ့၊ ငါသည် ရာဂစသော ဆူးငြောင့်ကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်ဟူသော လမ်းမှန်ကို ညွှန်ကြားအပ်ပြီ။

## ရှုမှတ်သူသာ ဝဋ်ကျွတ်မှာ

သင်တို့သည် ကိုယ်တိုင် အားထုတ်ကြလော့၊ ဘုရားရှင်တို့သည် (လမ်းမှန်)ညွှန်ကြားရုံမျှသာ ဖြစ်ကုန်၏၊ကျင့်ကြံကုန်၍ အာရမ္မဏူပဇ္ဈာန်, လက္ခဏူပဇ္ဈာန်, ဟူသော သမထဝိပဿနာကိုကြိုးစားအားထုတ်ရှုမှတ် ပွားများကြသူတို့သာလျှင် တေဘူမကဝဋ္ဋတည်းဟူသော မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏ဟု ဓမ္မပဒမဂ္ဂဝဂ် ပဉ္စသတဘိက္ခုဝတ္ထု၌ မြတ်စွာဘုရားဟောမိန့်တော်မူ၏။

### လမ်းညွှန်ဆောင်ပုဒ်

နိဗ္ဗာန်လိုလား၊ အများသတ္တာ၊
ငါဘုရားကား၊ ညွှန်ကြားရုံသာ၊
ကိုယ့်အားကိုယ်ကိုး၊ မှန်ကြိုးစားပါ၊
မဂ္ဂင်ပွား၊ ရောက်ငြား ပြည်နိဗ္ဗာ။
အားလုံး ကိုယ့်အားကိုယ်ကိုးနိုင်ကြပါစေ။

# အလုပ်နှင့် ချမ်းသာ

ပျင်းရိ တွန့်ဆုတ် အလုပ် မလုပ်ချင်သူသည် လောကီ လောကုတ္တရာ ချမ်းသာနှင့် မထိုက်တန်သောသူ ဖြစ်ပေသည်။ ထကြွ လုံ့လ ဝီရိယနှင့် ပြည့်စုံသော သူသာ ကံရေစ ဉာဏ်ပါ အကျိုးပေးခွင့်သာပြီးလျှင် လောကီ လောကုတ္တရာ ချမ်းသာကို ခံစားနိုင်ပေသည်။ လောကီ လောကုတ္တရာ ချမ်းသာကို လိုလားသူသည် ကိုယ့်အား ကိုယ်ကိုး၍ ကြိုးစားရမည် သာတည်း။

## အနှစ်တရာထက် တရက်မြတ်

မှန်၏၊ "ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိပဲ အနှစ်တရာ ပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တရက်မျှ အသက်ရှည်နေရခြင်းသည် မြတ်၏"ဟု ဓမ္မပဒ သဟဿဝဂ် သပ္ပဒါသတ္ထေရဝတ္ထု၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။

## မိမိသည်သာ ကိုးစားရာ

ထို့ပြင် "မိမိသည်သာ မိမိ၏ ကိုးစားရာဖြစ်၏။ သူတပါးသည် မိမိ၏ ကိုးစားရာ အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ မိမိ

သည် ကောင်းစွာယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲ့သော ကိုးစား
ရာ အရဟတ္တဖိုလ်ကို ရနိုင်၏'' ဟုလည်း ဓမ္မပဒ ကုမာရကဿပ
မာတာ ဝတ္ထု၌ မြတ်စွာဘုရား ဟောတော်မူခဲ့ပေသည်။

## နှစ်တရာထက် တရက်မြတ် ဆောင်ပုဒ်

* ပျင်းရိ တုန့်ဆုတ်- အလုပ် မဝင်၊
တရာ အသက်- သူ့ တွက် ရှုံးပင်၊
အလုပ် ဝင်လျက်- တရက် သက်ရှင်၊
အမြတ်ဆုံး- ထွတ်ဘုန်း မိန့်ချေအင်။

## ကိုယ့်ခွန်ကိုယ့်အား ကိုယ်ကိုးစား ဆောင်ပုဒ်

* ကိုယ့်ခွန် ကိုယ့်အား- ကိုးစားရာမည်၊
သူတပါးကား- ကိုးစား မမည်၊
ကိုယ့်ကို စစ်ဆေး- ယဉ်ကျေး စေသည်၊
အရဟတ်- ဖိုလ်မြတ် ရနိုင်သည်။

# အပူအအေးကို သည်းခံနိုင်ယင် ငြိမ်းချမ်းမှု ရမယ်

နိဗ္ဗာန်ကို လိုလားသူသည် လမ်းမှား နှစ်သွယ်ကို ရှောင်ဖယ်ကာ မဇ္ဈိမ ပဋိပဒါ အလယ်လမ်း အကျင့်မှန် ဟူသော အကြောင်းဥပါယ်ဖြင့် ဆင်ခြင်၍ အအေးအပူကို သည်းခံနိုင်ရ၏။ ကြောက်ရွံ့ နောက်တွန့်တတ်သော (အဝီရ ပုရိသ) ယောကျ်ားလို အနည်းငယ်သော အအေးဒဏ်ကြောင့် တုန်တုန်လှုပ်လှုပ်နှင့် ကမ္မဋ္ဌာန်း အားထုတ်ခြင်းကို စွန့်လွှတ် မပစ်ရပေ။ ရဲရဲရင့်ရင့် စွန့်စွန့်စားစားဖြင့် တုန်လှုပ်ခြင်း မရှိပဲ ကမ္မဋ္ဌာန်း အားထုတ်ခြင်းကို ပြုရပေသည်။

ဟုတ်၏၊ နိဗ္ဗာန်ကို လိုလားသူသည် **လောမသနာဂ မထေရ်**လို အလွန်များပြားသည့် အအေးနှင့် တွေ့သော်လည်း မတုန်မလှုပ် ကမ္မဋ္ဌာန်းကိုသာ နှလုံးသွင်း ရှုမှတ်ရ၏။ ဝါ၊ အားထုတ်ရ၏။

## အအေးကြောက်လျှင် အအေးသည်းခံ

ကြွားဘူးသည်မှာ ထိုမထေရ်သည် စေတိယတောင် ပိယင်္ဂုလိုဏ် ကမ္မဋ္ဌာန်းကျောင်း၌ နေသတဲ့။ ထိုအခါ ထိုမထေရ်သည် ဆီးနှင်းတို့ ရွဲရွဲစိုအောင် ကျဆင်းသည့် အေးလွန်းလှသော အဋ္ဌကရ၌က ဆောင်းလ ရက်၌ "အစ မထင်သော အနမတဂ္ဂ သံသရာတုန်းက အဖန်ဖန် ကြုံခဲ့ရသော လောကန္တရိက် ငရဲ အအေးသည် ငါ တရားအားထုတ်နေရာ ယခု ဆောင်းလအခါထက် အေးခဲ့သေးသည်။ ယခုအားထုတ်ဆဲအခါမှာ တွေ့ရသော အအေးလေးကို ကြောက်သောကြောင့် တရား အားမထုတ်ပဲ သေသွား၍ လောကန္တရိက် ငရဲကိုမျှား ကျပြန်လျှင် ယခုအအေးထက် ပို၍ အေးချေဦးတော့မည်" ဟူသော လောကန္တရိက် ငရဲကို ဆင်ခြင်၍ ကမ္မဋ္ဌာန်းအားထုတ်ခြင်းကို မစွန့်ပဲသာလျှင် လွှင်တီးခေါင်၌ လွန်မြောက်စေခဲ့သတဲ့။

နိဗ္ဗာန်ကို လိုလားသူသည် ဤလို အအေးကိုမျှ မကသေးပဲ အပူကိုလဲ ထိုနည်းရင်းပင် သည်းခံနိုင်ရပေသေး၏။ ချဲ့ပါဦးမည်။ နိဗ္ဗာန်ကိုလိုလားသူသည် အလုံးစုံ လွန်ကဲသည့် အပူကိုလည်း ထို လောမသနာဂ မထေရ်လို သည်းခံနိုင်ရ၏။

## အပူကြောက်လျှင် အပူသည်းခံ

ကြွားဘူးသည်မှာ ထိုမထေရ်သည် ခြစ်ခြစ်တောက် ပူနေသော နွေခေါင်ခေါင် ဆွမ်းစားပြီး အချိန်၌ တရားစင်္ကြံလမ်း ပြင်ဘက်တွင် ထိုင်နေတော်မူသတဲ့။ ကမ္မဋ္ဌာန်းကို အားထုတ်နေတဲ့ ထိုမထေရ်၏ လက်ကတီးကြားတို့မှလည်း ချွေးတို့က တပေါက်ပေါက် ယိုထွက်နေသတဲ့။

ထိုအခါမှာ ထိုမထေရ်၏အန္တေဝါသိကတပည့်က ထိုမထေရ်ကို "အရှင်ဘုရား၊ အရှင်ဘုရား သီတင်းသုံးတော်မူတဲ့ ဒီနေရာဟာဖြင့် အင်မတန် ပူလှပါတယ်ဘုရား၊ အရှင်ဘုရားများဟာ ဒီ အေးတဲ့ နေရာမှာ သီတင်းသုံးတော်မူပါ ဘုရား"ဟု ရိုသေစွာ လျှောက်ထားသတဲ့။

## အံ့ချီးဖွယ်ရာ

ထိုအခါ ထိုမထေရ်က သူ့တပည့်ကို "ငါ့ရှင် တပည့်၊ ငါဟာ အပူကိုကြောက်လို့ ဒီ ပူတဲ့နေရာမှာ တရား ထိုင်နေတယ်"ဟု မိန့်တော်မူကာ "အစမထင်သော အနမတဂ္ဂ သံသရာတုန်းက အဖန်ဖန် ကြုံခဲ့ရသော အဝီစိငရဲကြီး အပူသည် ငါ တရားအားထုတ်နေရာ ယခု နေ့အခါထက် ပူလောင်ခဲ့ သေးသည်။ ယခု အားထုတ်ဆဲအခါမှာ တွေ့ရသော အပူလေးကို ကြောက်သောကြောင့် တရားအားမထုတ်ပဲ သေသွား၍ မဟာအဝီစိငရဲများ ကျပြန်လျှင် ယခုအပူထက် အဆပေါင်း မရေမတွက်နိုင်အောင် ပူလောင်ချေဦးတော့မည်"ဟု အဝီစိငရဲကြီးကို ဆင်ခြင်၍ ထိုင်မြဲထိုင်နေရာ နေပူထဲမှာသာ တရားထိုင်၍ နေသတဲ့။ အံ့ချီးဖွယ်ရာ ကိုယ့်အား ကိုယ်ကိုးသော ထေရ်မဟာ ပါပေတကား။ (မူလပဏ္ဏာသ သဗ္ဗာသဝသုတ် အဋ္ဌကထာမှ)

# ခံနိုင်ရည်ရှိရမည်

## ပြိတ္တာအဖြစ်ကို ဆင်ခြင်ပါ

နိဗ္ဗာန်လိုလား၍ တရားအားထုတ်သူသည် ထမင်း နှစ်နပ် သုံးနပ် ရေနှစ်ခါ သုံးခါ မစားရ မသောက်ရသော်လည်း မိမိ အားထုတ်ဆဲ ကမ္မဋ္ဌာန်းကို စွန့်လွှတ် မပစ်ရပေ။ မတုန်မလှုပ် ကျောက်ရုပ် ကျောက်တိုင် ပမာ ကြံ့ကြံ့ ခံနိုင်ရ ပေမည်။

“ငါသည် အနမတဂ္ဂ အစမထင်သံသရာတခွင်၌အစာပြတ်၍ ငတ်မွတ်ခဲ့ရသော ပြိတ္တာဘဝသို့ အကြိမ်ကြိမ် ရောက်ခဲ့ဘူးလှလေပြီ။ ယခု နှစ်ကြိမ်, သုံးကြိမ်လောက် ထမင်းမစားရ, ရေမသောက်ရရုံမျှလေးကိုကား သည်းခံနိုင်ရချေမည်။ ဒါလောက်ကလေးကိုမျှ သည်းမခံနိုင်ပဲ တရားအားထုတ်မှုကို စွန့်လွှတ်ကာ သေ၍ ပြိတ္တာဘုံသို့ အခါခါ ပြန်ဖြစ်ရလျှင် ယခု ငတ်မွတ်သည်ထက် အဆပေါင်း မရေတွက်နိုင်အောင် ငတ်မွတ်ဆာလောင်ချေဦးမည်” ဟု ပြိတ္တာအဖြစ်ကို ဆင်ခြင်၍ သည်းခံနိုင်ရမည်သာတည်း။

## တိရစ္ဆာန်အဖြစ်ကို ဆင်ခြင်ပါ

ထို့ပြင် မှက်, ခြင်, ယင်, လေ, နေပူတို့ လွှန်ကဲသော အတွေ့ဆိုးတို့နှင့် တွေ့ထိခံစားရသော်လည်း မိမိ အားထုတ်ဆဲကမ္မဋ္ဌာန်း

ကို စွန့်လွှတ်၍ မပစ်ရပေ။ မတုန်မလှုပ် ကျောက်ရုပ်ကျောက်တိုင်လို ကြံ့ကြံ့ခံနိုင်ရချေမည်။ ဖော်ပြပြီး ပြိတ္တာအဖြစ်ကို ဆင်ခြင်သလို တိရစ္ဆာန်၏ အဖြစ်ကိုလည်း ဆင်ခြင်၍ သည်းခံနိုင်ရမည်သာ။

မြွေကိုက်ခြင်းအတွေ့မျိုးနှင့် တွေ့ထိခံစားရစေဦးတော့ အားထုတ်ဆဲ ကမ္မဋ္ဌာန်းကို စွန့်လွှတ်မပစ်ရပေ။ မတုန်မလှုပ် ကျောက်ရုပ် ကျောက်တိုင်လို ခံနိုင်ရည်ရှိရပေမည်။

"ငါသည် အနမတဂ္ဂသံသရာတခွင်၌ ခြသေ့ ကျားစသည်တို့၏ ခံတွင်းတို့၌ အကြိမ်များစွာ လူးလိမ့် နေခဲ့ရဘူးလေပြီ။ ယခု မြွေကိုက်မှုကလေးကိုကား ခံနိုင်ရပေမည်။ ဒါလောက်ကလေးကိုမျှ သည်းမခံနိုင်ပဲ တရားအားထုတ်မှုကို စွန့်လွှတ်ပစ်လိုက်ကာ သေ၍ ခြသေ့ ကျားစသည်တို့၏ အစာ အခါခါ ဖြစ်ရပြန်သော် ယခု မြွေကိုက်ခံရသည်ထက် အဆပေါင်း မရေတွက်နိုင်အောင် ဆင်းရဲရချေ ဦးတော့မည်" ဟု ခြသေ့ ကျားစသည်တို့၏ အစာ အဖြစ်ကိုဆင်ခြင်၍ သည်းခံနိုင်ရပေမည်။

## မြွေကိုက်သည်းခံ နိဗ္ဗာန်ရ

ပဓာနိယ မထေရ်သည် ဤသို့ သည်းခံခဲ့ဘူးချေပြီ။ ကြားဘူးသည်မှာ ခဏ္ဍစေလ ကျောင်းတိုက် ကဏိကာရ ကမ္မဋ္ဌာန်းကျောင်း၌ အရိယဝံသ တရားကို ကြားနာနေသော ပဓာနိယ မထေရ်ကို အဆိပ်ပြင်းသော မြွေတကောင်ကကိုက်၏။

ပဓာနီယမထေရ်သည် မိမိကို မြွေကိုက်မှန်း သိသော်လည်း တရားတော်၌ ကြည်ညိုရွှင်ပျ ပသန္နစိတ် ရှိသည်ဖြစ်၍ နေလျက် တရားတော်ကိုသာ ကြားနာမြဲ ကြားနာနေသည်။

မြွေဆိပ်အဟုန်ကား ကြမ်းတမ်း ခက်ထရော်သည် ဖြစ်၏။ မထေရ်သည် ရဟန်းခံစဉ် မဏ္ဍပ်ကို အစပြုပြီး သီလကို ဆင်ခြင်သည်ရှိသော် "ငါသည် ထက်ဝန်းကျင်မှ သီလစင်ကြယ်သူ ဖြစ်ပါပေ၏"ဟု ဝမ်းမြောက်ရွှင်လန်း ပီတိပန်းပွင့် လေသည်။ သို့ကလို ပီတိ ဖြစ်သည်နှင့်တပြိုင်နက် မြွေဆိပ်သည် ပြန်ဆုတ်၍ မြေသို့ဝင်လေ၏။

ပဓာနီယမထေရ်သည် ထိုတရားနာယင်း မြွေကိုက်ခံနေရသော နေရာမှာပင် စိတ်တည်ကြည်မှု ရ၍ သတိပဋ္ဌာန် ဝိပဿနာကို ပွားများကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူ သတဲ့။

ဩော်....ကိုယ်အားကိုယ်ကိုး၍ အကျိုးအမြတ် ထုတ်သွားသော မထေရ်ပါတကား။ (မူလပဏ္ဏာသ သဗ္ဗာသဝသုတ် အဋ္ဌကထာမှ)

# သည်းခံလျှင် နိဗ္ဗာန်ရောက်သည်

'သည်းခံလျှင် နိဗ္ဗာန်ရောက်သည်' ဟူသော စကားအရ သူတပါးတို့က မိမိအား ဆဲရေးခြင်းကို သည်းခံနိုင်ခြင်းသည်လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်၏။ သူတပါးတို့က မိမိအား ဆဲရေးခြင်းကို သည်းခံနိုင်ရန်မှာ တရား လက်လွတ် ငှက်တောင်ကျွတ် ဖြစ်သူတို့အား ခက်ခဲချင် ခက်ခဲမည် ဖြစ်သော်လည်း သတိတရား လက်ကိုင်ထားသူတို့အားမူ အလွယ်တကူသာ ဖြစ်၏။

သတိတရား လက်ကိုင်ထား၍ ဆဲရေးခြင်းကို တခဏမျှ သည်းခံနိုင်သူသည် တခါမျှ ငြိမ်းအေးခြင်း ချမ်းသာကို ရနေတော့၏။ ဝါ၊ ထိုခဏ၌ နိဗ္ဗာန်ကို ဝင်စံနေရသော အရိယာနှင့် တူ၏။ ကြာကြာကြီး သည်းခံနိုင်သူသည် ကြာကြာကြီးပင် အေးငြိမ်းခြင်း ချမ်းသာကို ရနေ၏။ ဝါ၊ ကြာကြာကြီးပင် နိဗ္ဗာန်ကို ဝင်စံနေရသော အရိယာနှင့် တူ၏။

သည်မျှ မကသေးပေ။ သည်းခံခြင်း အလေ့အကျင့်ကို ရရှိနေသူသည် သူတပါးတို့က မိမိအား ဆဲရေး နေသော်လည်း ထိုဆဲရေးခြင်းကို သည်းခံနိုင်ကာ သီလ, သမာဓိ, ပညာ တရား-

တို့ကို ဆက်လက်ကြိုးစားအားထုတ်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုရတော့မည်မှာ မလွဲတည်း။

အကြင်သူသည် သည်းခံခြင်းအကျင့်ကို ကျင့်လို၏။ ထိုသူသည် ဆဲရေးခြင်း၏ အစွမ်းဖြင့် မကောင်းသဖြင့် ဆဲဆိုလာသည့် (အနိဋ္ဌမဝတ္ထု) အယုတ်ဆုံး မိုရာဟု သမုတ်အပ်သော စကားတို့ကို ကြားရသော်လည်း သည်းခံလျှင်နိဗ္ဗာန်ရောက်သည် ဟူသော ခန္တိဂုဏ်ကို ဆင်ခြင်၍ ဒီဃဘာဏက မထေရ်ကဲ့သို့ မတုန်မလှုပ် သည်းခံနိုင်ရမည်ပင်။

## ကြာ ဘူးသည်မှာ

ဒီဃဘာဏက မထေရ်သည် ပစ္စည်းလေးပါး၌ ရောင့်ရဲ၍ ဘာဝနာ၌ မွေ့လျော်သည်၏ အဖြစ်ကြောင့် မဟာအရိယဝံသ ကျင့်စဉ်ကို ဟောမိန့်လျက် နေသည်။ မဟာဂါမ တရွာလုံးသည် တရားနာ လာကြ၏။ ဒီဃဘာဏက မထေရ်အား များစွာသော လာဘ်ပူဇော်သက္ကာရသည် ဖြစ်၏။ ထိုလာဘ်လာဘ ပေါများသည့် ဒီဃဘာဏက ဓမ္မကထိကထေရ်ကို အမည်မထင်ရှားသည့် အညတြ မဟာထေရ်က ဤသာ, အတိဇ္ဈာ ပွားကာ သည်းမခံနိုင်သည်ဖြစ်၍ ဒီဃဘာဏက ဓမ္မကထိကသည် အရိယဝံသကို ပြောဆို၏ဟု တညဥ့်လုံး ကောလာဟလကို ပြု၏။ ဤသို့ အစရှိသည်တို့ဖြင့် ဆဲရေးလေသည်။

## ဆက်ပါဦးမည်

ဒီဃဘာဏက ဓမ္မကထိက ထေရ်နှင့် အညတြ မထေရ်ကြီး နှစ်ပါးတို့သည်လည်း ကိုယ့်ကျောင်းကိုယ် သွားကြကုန်စဉ်

တဂါ ဝုတ်တိုင်တိုင်ခရီးကို တကြောင်းတည်းဖြင့်သွားကြကုန်ပြီး တဂါဝုတ်လုံးပင် ထို အမည်မထင်ရှားသော အညတြ မထေရ်ကြီးက ဒီဃဘာဏက မဟာကထိကထေရ်ကို ဆဲရေးလိုက်လာသည်သာတည်း။ ထိုတဂါဝုတ်ခရီးရောက်မှ အကြင်အရပ်၌ မထေရ်နှစ်ပါးတို့၏ ကျောင်းတို့၏ လမ်းခွဲသည် ရှိ၏။ ထိုလမ်းခွဲရာ အရပ်၌ တည်၍ ဒီဃဘာဏက မဟာကထိက ထေရ်သည် ထို တလမ်းလုံး ဆဲလိုက်လာသည့် အညတြမထေရ်ကြီးကို ရှိခိုး၍ "အရှင်ဘုရား၊ ဤလမ်းသည် အရှင်ဘုရားတို့ ကြွရမည့်လမ်းပါဘုရား"ဟု လျှောက်၏။ ထိုအညတရမထေ ကြီးသည် မကြားဟန်ဆောင်၍ သူ့ကျောင်းသွားသည့် လမ်းခွဲအတိုင်း ကြွသွားလေ၏။ ထို ဒီဃဘာဏက မထေရ်သည်လည်းကျောင်းရောက်၍ ခြေဆေးပြီး ထိုင်နေ၏။ ထို ဒီဃဘာဏကထေရ်ကို အန္တေဝါသိကတပည့်က "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် တဂါဝုတ် တိုင်တိုင် ဆဲရေး နေသည်ကို အဘယ်ကြောင့် စိုးစဉ်းအနည်းငယ်သော စကားကိုမျှ ပြန်ပြောဖော် မပြုကြပါသနည်း အရှင်ဘုရား"ဟု လျှောက်ထားလေ၏။ ဒီဃဘာဏက ထေရ်သည် "ငါ့ရှင် တပည့်၊ သည်းခံခြင်းသည်သာ ငါ့တာဝန်ဖြစ်၏၊ သည်းမခံခြင်းသည် ငါ့တာဝန် မဟုတ်ဘူး၊ ငါသည် ခြေတလှမ်းမျှသော်လည်း ကမ္မဋ္ဌာန်းနှင့် ခွဲခွာခြင်းကို မမြင်ဘူး၊ တလမ်းလုံးတရားကို ရှုမှတ်လာခဲ့သည်"ဟု ပြန်မိန့်ကြားတော်မူလေသတတ်။ ဩော်....ဆဲရေးခြင်းကို သည်းခံ၍ ကိုယ့်အားကိုယ်ကိုးကာ တရားအားထုတ်တော်မူသော မထေရ်ပါတကား။

# တကြောင်းတည်းသော နိဗ္ဗာန်လမ်း

## အထူးသတိပြုရန်

ဗုဒ္ဓသာသနာဝင်မှန်သမျှ နိဗ္ဗာန်ကို ရည်သန် တောင့်တကြသည်။ ဆရာတော် သံဃာတော်များလည်း နိဗ္ဗာန်ဆီသို့သာ ထာဝရရှေးရှု ချီတက်နေတော်မူကြသည်။ လူဒကာ, ဒကာမများလည်း နိဗ္ဗာန်ဆီသို့သာ ထာဝရ ရှေးရှုချီတက်နေကြသည်။

ထိုသို့ နိဗ္ဗာန်ဆီသို့ အစဉ်ထာဝရ ရှေးရှု ချီတက်နေကြသော ဗုဒ္ဓဘာသာ သာသနာဝင် သူတော်စင် မှန်သမျှတို့သည် ဒါနတည်းဟူသော ရိက္ခာထုပ်ကို ယူဆောင်သွားကြရန် လိုအပ်သလို၊ သီလ,သမာဓိ,ပညာအစုံပါသော တခုတည်း တကြောင်းတည်းသော လမ်းမှန် ဧကာယန သတိပဋ္ဌာန်လမ်းက ကိုယ့်အား ကိုယ်ကိုး၍ ချီတက်ကြမှသာ နိဗ္ဗာန်ကို ရောက်နိုင်ကြမည်ကိုလည်း အထူးသတိပြုကြရန် လိုအပ်ကြလှပေသည်။

အဘယ့်ကြောင့်နည်း (ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ(ပ) ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ) နိဗ္ဗာန်လိုလား အို ချစ်သား ချစ်သမီးတို့၊ လေးပါးကုန်သော စွဲမြဲသောအမှတ်ရမှု, သတိစွဲမြဲမှုဟူသော အကြင် သတိပဋ္ဌာန်တို့သည် ရှိကုန်၏။ ဤသတိပဋ္ဌာန် အကျင့်လမ်းသည် ဘုရား,

ပစ္စေကဗုဒ္ဓါ, သာဝကလောင်း သူတော်ကောင်း ဟူသော သတ္တဝါ အပေါင်းတို့၏ စိတ် အညစ်အကြေးမှ ကင်းဝေး စင်ကြယ်စေခြင်းငှါ (ပ) တခုတည်း တကြောင်းတည်းသော လမ်းပေတည်းဟု မြတ်ဘုရားက ညွှန်ကြား မိန့်မှာ ကြေငြာ သွားသောကြောင့်ပေတည်း။

## လင်းပါဦးမည်

ဧကော၊ တခုတည်းသော။ အယနော၊ လမ်း။ ဧကာယနော၊ တခုတည်းသောလမ်း။ ကိလေသာ စင်ကြယ်ရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဤသတိပဋ္ဌာန်အကျင့် တလမ်းတည်းသာ ရှိသည်၊ သတိပဋ္ဌာန်လမ်းနှင့် ကင်း၍ ကိလေသာစင်ကြယ်ရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တခြားတပါးသောလမ်း မရှိတော့ပြီဟု ဆိုလိုပေသည်။

## တနည်းအားဖြင့်

ဧကော၊ တခုတည်းသော။ အယနော၊ လမ်းကြောင်း။ ဧကာ-ယနမဂ္ဂ၊ လမ်းတကြောင်းတည်းရှိသောလမ်း၊ တကြောင်းတည်းသောလမ်း၊ ဤသတိပဋ္ဌာန်လမ်းဖြင့်သွားလျှင် လမ်းဆုံးသောအခါ နိဗ္ဗာန်သို့သာလျှင် တည့်တည့်မတ်မတ်ရောက်သည်၊ နိဗ္ဗာန်မှ တခြားတပါးသို့ လွဲမှား၍ ရောက်စေနိုင်သည့် လမ်းခွဲလမ်းမှားမရှိသော ကိန်းသေလမ်းမတော်ကြီးဟု ဆိုလိုပေသည်။

ဆက်ပါဦးမည်၊ ပွင့်ပြီး, ပွင့်ဆဲ, ပွင့်လတ္တံ့ဖြစ်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတိုင်းကပင် ဤဧကာယန သတိပဋ္ဌာန်လမ်းဖြင့်သာ စိတ်အညစ်အကြေးမှ လုံးဝ စင်ကြယ်ခြင်းသို့ ရောက်တော်မူကြ၍ နိဗ္ဗာန်ကို စံဝင်တော်မူကြကုန်၏။

## ကောယန သတိပဋ္ဌာန်လမ်း

မှန်ပါသည်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း အတွင်းမှာ ပွင့်တော်မူကြသော သမ္မာသမ္ဗုဒ္ဓ ဘုရားများ၊ ပစ္စေကဗုဒ္ဓါများ၊ အရိယသာဝကများသည်၊ ဤကောယန သတိပဋ္ဌာန်လမ်းဖြင့်သာလျှင် စိတ်အညစ်အကြေးမှ လုံးဝ စင်ကြယ်တော်မူကြသည်ဟု ( ဒီ၊ ၄ ၂၊ ၃၀၀ ) ၌ ဖွင့်ဆိုထားပေသည်။ ဤနေရာ၌ ဤအဋ္ဌကထာ စကားကို အနည်းငယ်ထပ်၍ ရှင်းလိုပါသည်။ ဤဖော်ပြပြီး အဋ္ဌကထာ စကားသည် ပုံစံပြ နိဒဿနစကားမျှသာ ဖြစ်ပါသည်။ ဆိုလိုရင်း အပြည့်အစုံမှာ လေးသင်္ချေနှင့် ကမ္ဘာသိန်း အတွင်းမှာဖြစ်စေ၊ အပြင်မှာဖြစ်စေ၊ မည်သည့်ကာလ၌မဆို ပွင့်ဆဲ, ပွင့်ပြီး, ပွင့်လတ္တံ့သော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတိုင်းပင် ဤကောယန သတိပဋ္ဌာန်းလမ်းဖြင့်သာလျှင် စိတ်အညစ်အကြေးမှ လုံးဝ စင်ကြယ်ခြင်းသို့ ရောက်တော်မူကြသည်ဟူ၍ ဖြစ်ပါသည်။

မှန်ပါသည်၊ ထို့ကြောင့်ပင် (သံ ၃၊ ၁၆၂)၌ ဇာတိပဋိသန္ဓေ၏ ကုန်ရာနိဗ္ဗာန်ကို မြင်တော်မူသည့် သတ္တဝါတို့ကို သနားစောင့်ရှောက်ပြီး ချီးမြှောက်တော် မူတတ်သော မြတ်စွာဘုရားသည် ကောယန သတိပဋ္ဌာန်လမ်းကို သိတော်မူ၏။ ထိုကောယန သတိပဋ္ဌာန်လမ်းခရီးဖြင့် ရှေး(အတိတ်)ဘုရားရှင်တို့သည်လည်း ဩဃကို ကူးမြောက်တော် မူခဲ့ကြဘူးကုန်ပြီ။ နောက် (အနာဂတ်)ဘုရားရှင်တို့သည်လည်း ကူးမြောက်တော်မူကြကုန်ဦးမည်။ ယခု (ပစ္စုပ္ပန်) ဘုရားရှင်တို့ သည်သည်း ကူးမြောက်တော်မူကြကုန်ဆဲဟု လာရှိလေသည်။

## တိုက်တွန်းချက်

လို့ကြောင့် စိတ်အညစ်အကြေးမှ ကင်းဝေးစင်ကြယ်လျက် နိဗ္ဗာန်သို့ အမြန်ရောက်အောင် ချီတက်လိုသူတိုင်းဖြင့် ဒါန တည်းဟူသော ရိက္ခာထုပ်ကို ယူဆောင်သွားရန် လိုအပ်သလို ဤကာယာန သတိပဋ္ဌာန်း လမ်းကြောင်းကသာ (ကိုယ့်အား ကိုယ်ကိုး၍) ချီတက်ကြရန်လည်း မုချ လိုအပ်လှကြောင်းကို စေတနာကောင်းဖြင့် နှိုးဆော်တိုက်တွန်းရပေသတည်း။

## မှတ်ချက်

ဤဆောင်းပါးရေးရာ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် နိဿယနှင့် မှတ်ချက်များကို မှီငြမ်းပြုပါသည်။

# သောကင်းဝေး အမြိုက်ဆေး

## နိဗ္ဗာန်သွားလိုလျှင် သတိပဋ္ဌာန်ပွား

သတ္တဝါတို့သည် သောကကို ရင်ဝယ်ပိုက်၍ ဒုက္ခရောက်နေကြ၏။ ထိုသောက ဆင်းရဲကင်းရာ နိဗ္ဗာန်ကို သွားလိုကြ၏။ မြတ်စွာဘုရားသည် ထိုသောက ကင်းရာ နိဗ္ဗာန်ကို သွားလိုကြသော သတ္တဝါတို့အား ဤကောယနသတိပဋ္ဌာန်လမ်းကြောင်းဖြင့် ကိုယ့်အားကိုယ်ကိုး၍ သွားကြဟု မိန့်ညွှန်တော်မူ၏။

မှန်၏၊ နိဗ္ဗာန်လိုလား အိုချစ်သား ချစ်သမီးတို့၊ အကြင်သတိပဋ္ဌာန် လေးပါးတို့သည် ရှိကုန်၏။ ဤသတိပဋ္ဌာန် အကျင့်လမ်းသည် သတ္တဝါအားလုံးတို့၏ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ခြင်းငှါ တခုတည်းသော လမ်းကြောင်းပေတည်းဟု ဒီဃနိကာယ် သုတ်မဟာဝါသတိပဋ္ဌာနသုတ်တွင် မိန့်ညွှန်ထား၏။

## သောကလွန်မြောက်ပုံ သာဓက

ထိုညွှန်ကြားချက်အရ သောကကို လွန်မြောက်ပုံကို ဓမ္မပဒအဋ္ဌကထာလာ ဤဖော်ပြမည့် ဝတ္ထု သာဓကဖြင့် ထင်ရှားစေဦးပါအံ့၊ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း

တော်၌ နေတော်မူစဉ် ဖြစ်ပါ၏။ ပသေနဒီကောသလ မင်းကြီးသည် မိမိ၏ တိုင်းစွန်ပြည်ဖျားတွင် ထကြွပုန်ကန်လျက် ရှိသော သူပုန်တို့ကိုနှိပ်နင်း၍ အောင်မြင်ခဲ့သော အမတ်ကြီး အား ထီးနန်းကို ခုနစ်ရက်လုံးလုံး ဆုအဖြစ်ဖြင့် အပ်နှင်း လေသည်။

ထိုအောင်ပွဲဆုရ အမတ်ကြီးလည်း ခုနစ်ရက်လုံးလုံးပင် ထီးနန်းစည်းစိမ်ဖြင့် မူးယစ်သောက်စား ပျော်ပါးနေ၏။ ထိုအခါ ခုနစ်ရက်မြောက် ညနေတွင် သူ့ကို ဖျော်ဖြေနေသည့် ကချေသည်မကလေးသည် သေရှာ၏။

ထိုအခါ ထိုအမတ်ကြီးသည် စိုးရိမ်မှုသောက လွန်စွာ ဖြစ်ရကား ခုနစ်ရက်လုံးလုံး သောက်စား မူးယစ်ထားသော အရက်မူးခြင်းသည် အိုးကင်းပူ၌ ကျသော ရေပေါက်ကဲ့သို့၊ တခဏချင်း ပြေပျောက်သွားလေ၏။ ထိုအခါ အမတ်ကြီး သည် မြတ်စွာဘုရားထံ အပြေးရောက်လာပြီးလျှင် သောက ကင်းဝေး အမြိုက်ဆေး တရားတော်ကို ဟောကြားရန် တောင်းပန် လျှောက်ထား၏။

## သောကကင်းဝေး အမြိုက်ဆေး

ထိုအခါ မြတ်စွာဘုရားက သောကကင်းဝေး အမြိုက်ဆေး တရားတော်ကို ဤသို့တိုက်ကျွေး ဟောကြားတော်မူ၏။ "ဒကာ အမတ်ကြီး၊ ရှေးအခါ၌ အကြင် စိုးရိမ်ကြောင့်ကြခြင်းသည် ရှိ၏။ ထို စိုးရိမ် ကြောင့်ကြခြင်းကို ဖြတ်တောက်လော့။ သင့်အား နောက်အခါ၌ စိုးရိမ်ကြောင့်ကြခြင်းသည် မဖြစ်

စေလင့်၊ အလယ်ဖြစ်သော ပစ္စုပ္ပန်ကာလ၌ အကယ်၍ မစွဲယူသည်ဖြစ်အံ့၊ ငြိမ်းအေးလျက်သွားရမည်။" ဤကား မြတ်စွာဘုရား၏ ဟောမိန့်ချက်တည်း။ ထိုအမတ်ကြီးသည် ဤဂါထာကို ကြားနာနေစဉ် ဤဂါထာ၏ ညွှန်ကြားချက်အတိုင်း မိမိခန္ဓာမှာ ဖြစ်ပျက်ဆဲ ရုပ်နာမ်တို့ကို မှန်စွာ ရှုမှတ်လျက် ဤဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုအမတ်ကြီးကား ကိုယ့်အားကိုယ်ကိုး၍ ကောင်းကျိုးချမ်းသာ ရသွားသော သန္တတိအမတ်ပေတည်း။

## မှတ်ချက်

ဤသန္တတိ အမတ်ကြီး၏ တဂါထာကို ကြားနာစဉ် အတွင်း၌ သတိပဋ္ဌာန် ဘာဝနာဖြင့် အရဟတ္တဖိုလ် ဆိုက်ရောက်ပုံ အကျယ်ကို သိလိုသူတို့သည် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် နိဿယမှတ်ချက်၌ ကြည့်ရှုကြပါကုန်။

# ငိုကြွေးကင်းရေး သတိဆေး

## နိဗ္ဗာန်ရောက်မှ အေးချမ်းမြ

လူ့ဘဝသည် အငိုနှင့်စ၍ အငိုနှင့် အဆုံးသတ်ရသည်။ လူ့ဘဝ၏ အလယ်ပိုင်း၌ ပြုံးရွှင်စရာကလေးများကို တွေ့ထိခံစားလာခဲ့ရသည် ဆိုသော်လည်း၊ မဆိုလောက် မပြောစလောက်ပေ။ သမုဒ္ဒရာထက် ခဏတက်သည့် ရေပွက်မျှသာ ဖြစ်ချေသည်။ ညဥ့်မှောင်မဲနက် ခဏလက်သည့် လျှပ်တပြက်မျှသာ ဖြစ်ချေသည်။စင်စစ်သော်ကား လူ့ဘဝ၏ အစ အလယ် အဆုံး သုံးပါးလုံးသည် ငိုကြွေးသံတို့ဖြင့် ဖုံးလွှမ်းနေသည်။ မျက်ရည်ပင်လယ် သမုဒ္ဒရာကြီးသာ ဖြစ်ချေသည်။ ယင်း မျက်ရည်ပင်လယ် သမုဒ္ဒရာဘဝကို ကောဃန သတိပဋ္ဌာန် ရေကြောင်းသမ်း အတိုင်း ကိုယ့်အားကိုယ်ကိုးပြီး ကူးမြောက်လျက် နိဗ္ဗာန် တဖက်ကမ်းသို့ ရောက်မှသာ ငြိမ်းအေး ချမ်းမြပေမည်။

## ကိုယ့်အားကိုယ်ကိုးသော အမျိုးသမီးတဦး

နှစ်ပေါင်း ၂၅၀၀-ကျော်ကာလ ဗုဒ္ဓလက်ထက်တုန်းက ထိုမျက်ရည်ပင်လယ် သမုဒ္ဒရာဘဝမှ ကောဃန သတိပဋ္ဌာန်

ရေကြောင်းလမ်းအတိုင်း ကူးမြောက်၍ တဖက်ကမ်း နိဗ္ဗာန်သို့ ရောက်ကာ ငြိမ်းအေးချမ်းမြသွားသူ အမျိုးသမီးတဦး ရှိခဲ့ဘူးသည်။ သူမသည် သာဝတ္ထိပြည်သူလေး ဖြစ်၏။ သူမသည် သားသေလင်ဆုံး ဆွေမျိုးပါ ပြုတ်ပြုတ်ပြုန်းသဖြင့် ယူကြုံးမရ အသုံးကြကာ လူလုံးမလှအောင် ရူးသွပ်ခဲ့သူကလေး ဖြစ်သည်။ သူမသည် "ငါ့သား နှစ်ယောက်လဲ သေခဲ့ပါပြီ၊ ငါ့မိဘ မောင်ဘွား သွေးရင်းသားရင်း တအူတုံဆင်းတို့လည်း သေခဲ့ကြ၍ ငါ၏ လင်ယောကျ်ားလဲ လမ်းမှာသေခဲ့ပြီ၊ ငါ့မှာ အားကိုးစရာ မရှိတော့ပြီ" ဟု အော်ဟစ်ငိုကြွေးလျက် ခြေဦးနှင့်ဒူး တည့်ရာကို ပြေးသွားလှည့်သည်ယင်း ခါးဝတ်ကင်းလောက်အောင်ပင် ရူးသွပ်နေရှာလေသည်။

## တနေ့သော်

တနေ့သော် သူမသည် မြတ်စွာဘုရား၏ တရားပွဲသို့ ရောက်လာရှာသည်။ မြတ်စွာဘုရားက သူမကို အခြားကို အားကိုးမှားမနေပဲ ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားရန် ဤသို့ဟောကြားတော်မူသည်။

"ဘောက်တည်ရာ မိခိုအားကိုးရာ သားသမီးတို့ မရှိကုန်၊ မိဘတို့သည် မရှိကုန်၊ နှလုံးအကျွမ်းဝင်သော ဆွေမျိုးတို့လည်း မရှိကုန်၊ သေခြင်းဖြင့် အနှိပ်အစက်မခံရသူ၏ အဖြစ်သည် မရှိ။

ဤ အကြောင်းကို သိ၍ ပညာရှိသူသည် စတုပါရိသုဒ္ဓိ သီလဖြင့် စောင့်ရှောက်အပ်သည် ဖြစ်၍ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အင်္ဂါရှစ်ပါး ရှိသော မဂ်ကို လျင်လျင်မြန်မြန်သာ သုတ်သင်ရာ၏"

ဤကား မြတ်စွာဘုရား၏ ဟောကြားချက် ပေတည်း။ သူမည် ဤမြတ်စွာဘုရား ဟောကြားသော ဂါထာနှစ်ပုဒ်ကို ကြားနာယင်းပင် ဩော်...တနေ့ကျယင် ကိုယ်တိုင်ပင် သေဘေး ဆိုးကြီးနှင့် တွေ့ရဦးမည်၊ ထိုအခါမှာ သား, သမီး, မိဘ, ဆွေမျိုးများ,မျက်မှောက်မှာ ရှိကြငြားသော်လည်း သေဘေးမှ မကာကွယ်နိုင်ကြပေ။ သူတို့သည် အားကိုးစရာများ မဟုတ်ကြ ပေဟုလည်း ထင်မြင်သဘောကျ၍ သံဝေဂရ၏။ သူတပါးသည် မိမိအားကိုးရာမဟုတ်၊ အားကိုးရာဖြစ်လောက်အောင် ပြုကျင့် လျှင် မိမိ၏ကိုယ်သာလျှင် မိမိ၏ အားကိုးရာ ဖြစ်နိုင်သည်ကို သိမြင် သဘောကျသူသည် သီလနှင့်ပြည့်စုံ၍ နိဗ္ဗာန်လမ်းကို ချက်ခြင်းပင် ရှင်းလင်းသင့်သည်ဟုလည်း သဘောပေါက် လေသည်။

သူမသည် ဤအနက် ဤအဓိပ္ပါယ်ကို သဘောပေါက်၍ သတိသံဝေဂ ရပြီးလျှင် ရှေးကအပြုမျိုး အပြောမျိုးကို မပြုတော့ မပြောတော့ပြီဟု၊ တရားနာယင်းပင် နှလုံးသွင်း ဆောက်တည်ကာ သီလဋ္ဌတည်၍ "နိဗ္ဗာန ဂမနံ မဂ္ဂံ" အရ ဤသတိပဋ္ဌာန် နည်းလမ်းအတိုင်း ရှုမှတ်လျက် တထိုင် အတွင်းမှာပင် သောတာပတ္တိဖိုလ်သို့ ရောက်သွားလေ၏။ ထိုနောက် သူမသည် ချက်ခြင်းပင် ဘိက္ခုနီမ ပြုလုပ်၍ သတိပဋ္ဌာန် တရားကို ကြိုးစားရာ "ဝိနယပါရဂူ" တေဒဂ် ဂုဏ်ထူးဖြင့် အရဟတ္တဖိုလ်ဘွဲ့ထူးကို ဆွတ်ခူးရရှိသွားလေသည်။

ကိုယ့်အားကိုယ်ကိုး၍ ကောင်းကျိုးရရှိသွားသူကား ပဋာ စာရီထေရီမကြီးပင် ဖြစ်သတည်း။

# ဗိုက်ကွဲနာ ရှုပွား နိဗ္ဗာန်သွား

နိဗ္ဗာန်ကိုလိုလား၍ တရားအားထုတ်သော ယောဂီသည် မိမိမှာ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာကို ပျောက်ကင်းအောင် ရှုမှတ်ယင်း သည်းခံ၍ ကြိုးစား အားထုတ်ရပေသည်။ ဒုက္ခဝေဒနာအတွက်နှင့် စိတ်ပျက်ကာ တရား အားထုတ်ခြင်းကို ရပ်ဆိုင်းမပစ်ရပေ။

ထောင်ကိုမြင်လျှင် ရာကိုစွန့်ရသည်၊ ချမ်းသာလိုလျှင် ဆင်းရဲနှင့် ရင်းနှီးရသည်ဆိုသော ပညာရှိစကားတို့ကို ထောက်ထား၍ ဖြစ်ပေါ်ဆဲ ဒုက္ခဝေဒနာကို ပျောက်ကင်းသည် တိုင်အောင် သည်းခံ၍ ကြိုးစား အားထုတ်ရပေသည်။

## ကြားဘူးသည်မှာ

အို....ယောဂီ၊ ဤမထေရ်၏ အကြောင်းဖြစ်ရပ်ကိုကြည့်၍ အားကျစမ်းပါလော့။ ကြားဘူးသည်မှာအရိပ်ရေစမ်း စိမ်းလန်းကြည်လင်၍ သူတော်စင်တို့၏ မြင်ကွင်းတွင် တရားအားထုတ်ချင်စိတ် ပေါ်လောက်အောင် နေချင်ဖွယ်ရာ သာယာအေးမြဆန်းကြယ်လှသော စိတ္တလတောင်သည်ရှိ၏။ ထိုတောင်ပေါ်၌ တရားအလုပ်ကို အဟုတ်ကြိုးစား အားထုတ် နေတော်မူကြသော မထေရ်နှစ်ပါးတို့သည် ရှိကြကုန်၏။ တပါးကား ပဓာနိယ မည်သော မထေရ်ဖြစ်၍ တပါးကား ပိဏ္ဍပါတိယ မည်သော မထေရ် ဖြစ်လေသည်။

တရားအားထုတ်ခြင်းဖြင့် ညဥ့်ကာလကို ကျော်လွန်စေသော ပဓာနိယထေရ်အား ဝမ်းဥ္ဓဖြစ်သော လေနာသည် ဖြစ်ပေါ်လာ၏။ ထိုပဓာနိယထေရ်သည် ထိုလေနာကို သည်းခံခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ အိပ်ယာထက်တွင် မနေနိုင်မထိုင်နိုင်အောင် လူးလိမ့်နေရလေသည်။ ထိုလေနာနှိပ်စက်၍ လူးလိမ့်နေရသော ပဓာနိယထေရ်ကို စင်္ကြံလမ်းဘေး၌ တည်ရှိသော ပိဏ္ဍပါတိယထေရ်က "ငါ့ရှင်–ရဟန်းမည်သည် သည်းခံခြင်း အလေ့ရှိရသည်"ဟု သတိပေးစကားပြောကြား၏။ ထိုလေနာ ဝေဒနာနှိပ်စက်၍ အလူးအလဲ ခံနေရရှာသော ပဓာနိယထေရ်သည် "ကောင်းလှပါပြီအရှင်ဘုရား၊ တပည့်တော် သည်းခံပါမည်"ဟု လျှောက်ထားပြီးလျှင် မိမိမှာဖြစ်ပေါ်နေဆဲ လေနာဝေဒနာကို သည်းခံ၍ မလူးမလိမ့် မတုန်မလှုပ်ပဲ ဒုက္ခဝေဒနာကိုရှုမှတ်ယင်း ကျိန်းစက် လဲလျောင်းနေလေသည်။

ပြင်းထန်လှသော လေနာ ဝေဒနာသည် ပဓာနိယ ထေရ်၏ ဇမ်းဗိုက်ချက်မှ နှလုံးသားတိုင်အောင် ပေါက်ကွဲလေသည်။ ပဓာနိယထေရ်သည် လေနာ ဝေဒနာကို ခွါ၍ မိမိခန္ဓာတွင် ထင်ရှားဖြစ်ပေါ်နေသော ရုပ်နာမ်တို့ကို ဝိပဿနာ ရှုလေရာ တမဟုတ်ခြင်းဖြင့်ပင် အနာဂါမ်ဖြစ်၍ ကိလေသ ပရိနိဗ္ဗာန် စံတော်မူလေသတည်း။

ဩော် တကယ့်ချီးကျူးဘွယ်ရာ ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားတော်မူသော အာဇာနည် ယောဂီမထေရ်မြတ်ပါတကား။ (မူလပဏ္ဏာသ သဗ္ဗာသဝသုတ် အဋ္ဌကထာမှ)

# သတိထား၍ ကြိုးစားကြရမည်

ဘယ်ဘဝကိုပဲဖြစ်ဖြစ် ဘဝကိုရထားခြင်းသည် ဆင်းရဲကို ရထားခြင်းဖြစ်သည်။ မည်သူပဲဖြစ်ဖြစ် ယခုလက်ရှိလူ့ဘဝကို ယထာဘူတကျကျ သုံးသပ်ဆင်ခြင်ကြည့်ပါ၊ သေသေချာချာ ဆင်းရဲနေသည်ကို တွေ့ရပါလိမ့်မည်။ ခန္ဓာငါးပါး ဟူသော ယခု လူ့ဘဝသည် အကြီးဆုံး ရောဂမီး၏ ပူလောင် နှိပ်စက် ခြင်း ဒဏ်ကိုလည်း အလူးအလဲခံနေရသော ဘဝဖြစ်သည်။ အကြီးဆုံး ဒေါသအပြစ်၏ အညစ်အပတ်ဒဏ်ကိုလည်း အကြီး အကျယ် ခံနေရသောဘဝ ဖြစ်သည်။ အကြီးဆုံးခန္ဓာဆင်းရဲ၏ အဖြစ်အပျက် နှိပ်စက်ဒဏ်ကိုလည်း အပြင်းအထန် ခံနေရသော ဘဝ ဖြစ်သည်။

ယခုလူ့ဘဝကြီးသည် ဖော်ပြပြီး ရောဂမီးဒေါသအပြစ် ခန္ဓာ ဆင်းရဲတို့၏ အနှိပ်အစက်ဒဏ်ကို ခံနေရသလို၊ နတ်ဘဝ ဗြဟ္မာ ဘဝတို့သည်လည်း ထိုရောဂမီး ဒေါသအပြစ် ခန္ဓာဆင်းရဲတို့၏ အနှိပ်အစက်ကို ဝတ်မပျက်ပင် ခံနေရလေသည်။ အပါယ်ဘုံ သားတို့၏ ဘဝသည်ကား အဘယ်မှာလျှင် ထိုထိုဆင်းရဲတို့၏ ဒဏ်ကို မခံရပဲ ရှိပါချေအံ့နည်း။

ထိုထိုဆင်းရဲ ဘုံဘဝတို့မှ လွတ်မြောက်ရာ နိဗ္ဗာန် ချမ်းသာ သည်လျှင် ဘယ်ချမ်းသာနှင့်မှမတူ ဘယ်အပူနှင့်မှ မစပ် အအေး

ခတ်ဝင်ကိန်း၏ အငြိမ်းကြီးငြိမ်း အချမ်းသာကြီး ချမ်းသာလှပေသည်။ ထို့ကြောင့် မြတ်ဘုရားက—

နတ္ထိ ရာဂသမော အဂ္ဂိ၊
နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊
နတ္ထိ သန္တိပရံ သုခံ-ဟု

ဓမ္မပဒပါဠိတော်မှာ ဟောကြားထားပေသည်။

ဤသည်ကိုရည်၍ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးက—

ရာဂမီး၊ အကြီးဆုံး။ ဒေါသအပြစ်၊ အညစ်ဆုံး။
ခန္ဓာဆင်းရဲ၊ အသဲဆုံး။ ငြိမ်းအေးတာ၊ ချမ်းသာဆုံး။
ရာဂမီး၊ အငြိမ်းငြိမ်းအောင်။ ဒေါသအပြစ်၊ မဖြစ်ပေါ်အောင်။
ခန္ဓာဆင်းရဲ၊ ပြတ်စဲသွားအောင်။ ငြိမ်းအေးတာ၊ လျှင်စွာ ရအောင်။
သတိထား၍၊ ကြိုးစားအားထုတ်ရမည်ဟု မိန့်တော်မူလေသည်။

ထို့ကြောင့် ဆင်းရဲခြင်း ကင်းသော နိဗ္ဗာန်ချမ်းသာကို လိုလားသူတိုင်း ကိုယ့်အားကိုယ်ကိုး၍ ကောယနုသတိပဋ္ဌာန်လမ်းကြောင်းဖြင့် နိဗ္ဗာန်ကို ချီတက်ကြရမည်သာတည်း။

# ပေါင်ကျိုးနာရှုပွါး နိဗ္ဗာန်သွား

မည်သူပဲဖြစ်ဖြစ် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာကို ရလိုရောက်လိုလျှင် ကိုယ့်အားကိုယ်ကိုး၍ ကောယန သတိပဋ္ဌာန် လမ်းကြောင်းအတိုင်း သွားရမည်သာ ဖြစ်သည်။

အဘယ့်ကြောင့်နည်း၊ ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ။ပ။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ။ပ။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။ ဘိက္ခုတို့၊ အကြင် သတိပဋ္ဌာန် လေးပါးတို့သည် ရှိကုန်၏၊ ဤသတိပဋ္ဌာန် အကျင့်လမ်းသည် သတ္တဝါတို့၏ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏ ငြိမ်းချမ်းရန် တကြောင်းတည်းသော လမ်းမှန်တည်းဟု သတိပဋ္ဌာနသုတ် ပါဠိတော်မှာ မြတ်စွာဘုရားက ဟောကြားတော်မူလေသော ကြောင့်တည်း။

မှန်ပါသည်၊ ဤ ကောယန သတိပဋ္ဌာန် လမ်းကြောင်း အတိုင်း ကျင့်သွား၍ ကိုယ်ဆင်းရဲမှ လွတ်မြောက်ပြီး ဆင်းရဲ အားလုံးတို့၏ ငြိမ်းရာနိဗ္ဗာန်ကို ရသွား ရောက်သွားတော်မူ ကြသော သူတော်ကောင်းတို့သည် များစွာရှိကြပါသည်။

## သာမဏေတခုကို ထုတ်ပြပါဦးမည်

ဤ ဖြစ်ရပ်သည် နှစ်ပေါင်း ၂၅၀၀-ကျော် ကာလ ဗုဒ္ဓလက်ထက်တုန်းကပင် ဖြစ်သည်။ သာဝတ္ထိပြည်၌ တိဿ မည်သော သူကြွယ်သားသည် အမွေမခွဲရသေးသော ကုဋေ (၄၀) ရှိသော ဥစ္စာကို ညီဖြစ်သူ စူဠတိဿအား လွှဲအပ် စွန့်လွှတ်၍ ရဟန်းပြုပြီးလျှင် တခုသော တောကျောင်း၌ ရဟန်းတရားကို အားထုတ်လျက် နေလေသည်။ ထိုအခါမှာ စူဠတိဿ၏ ခင်ပွန်းမဖြစ်သူ (ခယ်မတော်)က အရှင်တိဿ သာသနာတော်မှာ မပျော်၍ လူထွက်ခဲ့လျှင် အမွေခွဲပေး ရမည်ကို စိုးရိမ်သောကြောင့် လူဆိုးခါးပြတို့အား ငွေပေး၍ အရှင်တိဿကို သတ်ခိုင်း၏။

လူဆိုးတို့သည် အရှင်တိဿကို ဖမ်းဆီး၍သတ်ရန် အားထုတ် ကြ၏။ ထိုအခါတွင်အရှင်တိဿသည် ကိလေသာ မကင်းသေးပဲ သေရမည်ကို အလွန် ကြောက်ရွံ့လှသဖြင့် "ဥပါသကာတို့- ငါ့အား တညမျှ လွှတ်ပါအုံး၊ ငါဘယ်ကိုမျှ မထွက်ပြေးနိုင် အောင် လုံလောက်သော အာမခံ ပေးပါမည်"ဟု တောင်း ပန်၍ မိမိ၏ ပေါင်နှစ်ချောင်းကို ထက်ပိုင်းကျိုးသွားအောင် ကျောက်တုံးကြီးဖြင့် ကိုယ်တိုင် ရိုက်ချိုးကာ အာမခံ ပေးပြီး လျှင် တရားကိုသာ ပြင်းထန်စွာ အားထုတ်နေပေ၏။

ပြင်းထန်လှစွာသော နာကျင်မှု ဝေဒနာကို ရှုယင်း သီလ စင်ကြယ်ပုံကို ဆင်ခြင်သဖြင့် အားကြီးသော ပီတိပါမောဇ္ဇ များ ဖြစ်ပေါ်လာ၏။ ထိုအခါမှာ ဝေဒနာ၌ မနသိကာရခေါ် နှလုံးသွင်းမှု မရှိသဖြင့် နာကျင်မှု ဝေဒနာမှ ပျောက်ငြိမ်းလေ

သကဲ့သို့ ရှိလေသည်။ ဤသို့ ဖြစ်ပုံမျိုးကို ဝေဒနံ ဝိက္ခမ္ဘေတွာ၊ ဝေဒနာကို ခွါသည်ဟု အဋ္ဌကထာ၌ ဆိုလေသည်။

ဤသို့ မခံသာမှု ဝေဒနာမှ သက်သာရာရ၍ ဖြစ်ပေါ်ခိုက် ရုပ်နာမ်ကို ရှုမှတ်လျက် ဝိပဿနာကို အစဉ်အတိုင်း တိုးပွား စေ၍ နံနက် အရုဏ်တက်သောအခါ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်စံသော အခါမှာ ကိုယ်ဆင်းရဲဒုက္ခ ဟူသမျှ လုံးဝ ချုပ်ငြိမ်းလေ တော့သည်။ ဤကား ကိုယ့်အား ကိုယ်ကိုးသွားပုံ သာဓက ဖြစ်ရပ်တခုတည်း။

(ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် ဘုရားကြီး၏ သတိပဋ္ဌာန် နိဿယမှ ထုတ်သည်။)

# မသိ-ဒုက္ခံ-သိ-နိဗ္ဗာန်

## သဒ်ျာဖြင့်တွက် ဒုက္ခစက်

ရုပ်နှင့်နာမ်ကိုတည်၊အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံနှင့်မြောက် ရလဒ်တို့ကား ဘဝပဋိသန္ဓေ, အို,နာ,သေ,သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ, ဥပါယာသတို့ပေတည်း။

အမြွက်မျှလင်းပါဦးမည်၊ သတ္တဝါတို့သည် မိမိတို့သန္တာန်၌ အဟုတ်ရှိ အမှန်ရှိ တကယ်ရှိသော ရုပ်နာမ်ဖြစ်ပျက် ဒုက္ခ အချက်ကြီးကို ဒုက္ခဟု အမှန်အတိုင်း မသိကြပဲ သုခဟု လွဲမှားစွာ သိကြလေသည်။ ထို့ကြောင့် ထိုထိုဖြစ်ပျက် ဒုက္ခ ဘုံဘဝတို့ကို အကောင်းထင်ကာ လိုချင်ကြသည်။ လိုချင်သောကြောင့် စွဲလမ်းကြသည်။ စွဲလမ်းကြသောကြောင့်၊ ပြုလုပ်ကြသည်။ ပြုလုပ်ကြသောကြောင့် ရကြသည်။ ရလာကြသော တရားတို့ကား ဖော်ပြပြီး ဘဝပဋိသန္ဓေ, အို, နာ,သေ,သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့ပင်တည်း။ ယင်းတို့ကို အကျဉ်းချုပ်သော် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခေါ် ရုပ်နာမ် ဖြစ်ပျက် ဆင်းရဲတို့ပင်တည်း။

ယင်း ရုပ်နာမ် ဖြစ်ပျက် ဆင်းရဲတို့ကိုလည်း ဆင်းရဲဟု အမှန်အတိုင်း မသိကြပဲ ချမ်းသာဟုလွဲမှားစွာ သိကြပြန်လေ

သည်။ ထို့ကြောင့် အကောင်းထင်ကြပြန်သည်။ ထို့ကြောင့် လိုချင်ကြပြန်သည်။ လိုချင်ကြပြန်သောကြောင့် စွဲလမ်းကြပြန်သည်။ စွဲလမ်းကြပြန်သောကြောင့် ပြုလုပ်ကြပြန်လေသည်။ ပြုလုပ်ကြပြန်သောကြောင့် ရကြပြန်လေသည်။ ရကြပြန်လေသော တရားတို့ကား၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခေါ် ရုပ်နာမ်ဖြစ်ပျက် ဆင်းရဲတို့ပေတည်း။ ယင်းရုပ်နာမ်ဖြစ်ပျက် ဆင်းရဲတို့ကိုလည်း တဖန် ဆင်းရဲဟု အမှန်အတိုင်း မသိကြပြန်ပေ။ ဤသို့ စသည်ဖြင့် ဂျာအေး သူ့အဒမရိုက် သီချင်းကဲ့သို့ မဆုံးနိုင်ပဲ သံသရာမှာ လည်ကြရပြန်လေသည်။ ဤကား သတ္တဝါတို့၏ ရုပ်နာမ်ဖြစ်ပျက် သံသရာဆင်းရဲစက်ကြီး အဆက်မပြတ်လည်နေပုံ အမြွက်မျှတည်း။

## သင်္ချာဖြင့်ပြ နိဗ္ဗာန

ယင်းရုပ်နာမ်ဖြစ်ပျက် သံသရာဆင်းရဲ စက်ကြီးကို ဖြတ်၍ နိဗ္ဗာန်ကို ရလို ရောက်လိုသူတို့သည် ဤသို့ သိမှတ်ကြရာသည်။ မိမိတို့၏ ဒွါရ ခြောက်ပါးမှာ ထင်ရှား ဖြစ်ပျက်နေသော ရုပ်နာမ်တို့ကိုတည်၊ ဒုက္ခကို ဒုက္ခမှန်း အမှန် သိစေနိုင်သော ဗောဓိပက္ခိယတရား ၃၇-ပါးလုံး အကျုံးဝင်သည့် သတိပဋ္ဌာန် အလုပ်တရားနှင့် အဟုတ်သားမြွောက်၊ ရလဒ်ကား၊ ယထာဘူတ ဝိပဿနာဉာဏ်များ၊ မဂ်ဉာဏ် ၄-ပါး၊ ဖိုလ်ဉာဏ် ၄-ပါး နိဗ္ဗာန်တရားတို့ပေတည်း။

ဤတွင် ယထာဘူတ ဝိပဿနာဉာဏ်များမှစ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တိုင်အောင် မျက်မှောက် ပြုသွားခြင်းသည် ဒုက္ခကို ဒုက္ခမှန်း အမှန်အတိုင်း မသိသော အဝိဇ္ဇာလည်း

ငြိမ်းသွားသည်။ ဒုက္ခကို ဒုက္ခမှန်း အမှန်အတိုင်း သိသွားသည်။ ယင်းသို့ သိသောကြောင့် ရုပ်နာမ်ဖြစ်ပျက် ဒုက္ခအချက်ကို အကောင်း မထင်တော့ပေ၊ အကောင်း မထင်သောကြောင့် မလိုချင်၊ မလိုချင်သောကြောင့် မစွဲလမ်း။(ဤတွင် လိုချင်မှုကို ပယ်ခြင်း, မဂ္ဂင်ကို ပွားခြင်းကိစ္စတို့ ပြီးစီးသည်ကိုလည်း သတိပြုရာသည်) မစွဲလမ်းသောကြောင့် မပြုလုပ်။ မပြုလုပ်သောကြောင့် ဘဝမဖြစ်။ ဘဝမဖြစ်သောကြောင့် ပဋိသန္ဓေ, အို,နာ, သေ, သောက,ပရိဒေဝ, ဒုက္ခ,ဒေါမနဿ, ဥပါယာသတို့လည်း မဖြစ်ကြတော့ပေ။ ဆင်းရဲအားလုံး ငြိမ်းကုန်တော့သည်။

## တနည်းအားဖြင့်

ကံ,ကံ၏ အကျိုးကို ယုံကြည်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် မူလမဂ္ဂင်ကိုတည်၊ သုတမယ၊ စိန္တာမယ၊ ဘာဝနာမယ၊ အလုပ်တို့ကြောင့် ဖြစ်ပေါ်လာသော ဝိပဿနာဉာဏ် ပုဗ္ဗင်္ဂမမဂ္ဂင်နှင့်မြောက်၊ ရလဒ်ကား- အရိယမဂ်ပင်တည်း။ ဤသည်တို့ကား ရုပ်နာမ်ဖြစ်ပျက် သံသရာဆင်းရဲ စက်ကြီး ပြတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုပုံ၊ ရောက်ပုံတို့ပေတည်း။

ယင်းသို့ ဒုက္ခစက်ပြတ်၍ နိဗ္ဗာန်ကို ရလို ရောက်လိုသူတိုင်းပင် ကိုယ့်အားကိုယ်ကိုး၍ သတိပဋ္ဌာန် အမှန်တရားတို့ကို ကြိုးစားကြရာသတည်း။

# ကျားကိုက်နာရှုပွား-နိဗ္ဗာန်သွား

ဆင်းရဲကင်းရာနိဗ္ဗာန်ကို တကယ် လိုလားသူသည် ကောယနသတိပဋ္ဌာန် လမ်းကြောင်းအတိုင်း တကယ်တန်း ကိုယ့်အားကိုယ်ကိုး၍ သွားမှ ရောက်နိုင်ရနိုင်ပေသည်။ ဆင်းရဲကင်းရာနိဗ္ဗာန်ကို လိုလားသူတိုင်း ဤဖော်ပြမည့် ကောယန သတိပဋ္ဌာန် လမ်းကြောင်းအတိုင်း တကယ်တန်း ကိုယ့်အား ကိုယ်ကိုး၍ ကြိုးစားသွားတော်မူကြသော အရှင်မြတ်တို့၏ အကြောင်းကို အားကျသင့်ကြပေသည်။

## ဗုဒ္ဓလက်ထက်တော်က

အချိန်ကား နှစ်ပေါင်း နှစ်ထောင် ငါးရာကျော်ကာလ ဗုဒ္ဓ၏ လက်ထက်တော်တုန်းကပင် ဖြစ်သည်။ သုံးကျိပ်သော ရဟန်းတို့သည် မြတ်ဘုရားထံမှ ကမ္မဋ္ဌာန်းကို ယူ၍ တခုသော တောကျောင်း၌ ဝါကပ်လျက် တရားအားထုတ်နေကြလေ၏။ သစ်ပင်အောက် ချုံအောက်စသော သင့်လျော်ရာ ဌာနမျာ:၌ အားထုတ်နေကြရာ နံနက်မိုးသောက် အချိန်၌ ရဟန်းတပါးပါးကို ကျားသည် ဆွဲ၍ သွားလေ့ရှိ၏။ ကျားဆွဲခံရသော ရဟန်းသည်လည်း ကျားဆွဲကြောင်းကို ဟစ်အော် တိုင်ကြား

လိုက်လျှင် အနီးအပါးရှိ ယောဂီရဟန်းများ သမာဓိပျက်မည် စိုး၍ အသံမပြုပဲ တိတ်ဆိတ်စွာသာလျှင် လိုက်ပါသွားလေ့ရှိ၏။ ဤနည်းဖြင့် ရဟန်း လေးငါးဆယ်ပါး လျှော့သွားမှုအကြောင်း အကျိုးကို သိရှိ၍ သံဃာ့မထေရ်ကြီးက ကျားလာ၍ ဆွဲလျှင် တိုင်ကြား ပြောကြားရန် အမိန့်ထုတ်ထား၏။

တနေ့သ၌ ကျားသည် ရဟန်းငယ်တပါးကို ရှေးနည်းပင် လာ၍ဆွဲပြန်၏။ ထိုရဟန်းငယ်သည်လည်း 'ကျားပါဘုရား၊ ကျားပါဘုရား' ဟု တိုင်တန်း ပြောကြား၏။ သီဘင်းသုံးဖော် ရဟန်းတို့သည်လည်း တောင်ဝှေး စသည်တို့ကို ကိုင်စွဲ ကြကုန် လျက် လွတ်ရာ လွတ်ကြောင်း အားထုတ်ကြကုန်၏။ သို့သော် လည်း ကျားကမလွှတ်မူ၍ လူမသွားရောက်နိုင်သော ကမ်းပါး ပြတ်သို့ ဆွဲယူတက်သွားလေ၏။

ထိုအခါ ရဟန်းတို့က "အိုသူတော်ကောင်း-ယခုသင့်အား လွတ်မြောက်စေရန် ငါတို့ဘာမျှ မတတ်နိုင်တော့ပြီ၊ ဤလို အခါမျိုးသည် ရဟန်းတို့၏ စွမ်းရည်အထူးကို ပေါ်ပြရမည့် အခါသာလျှင် ဖြစ်တော့သည်။ သို့ဖြစ်၍ တရားကိုသာ နှလုံး သွင်းပါလေတော့"ဟု သတိပေးစကား ပြောကြားကြ၏။

ထိုရဟန်းငယ်သည် ကျား၏ ရက်စက် ကြမ်းကြုတ်စွာ ကိုက်ခဲလျက် စားခြင်းကြောင့် ဖြစ်ပေါ်လာသော အလွန် ပြင်း ထန်သော ဝေဒနာများကို ရှုမှတ်လျက်ရှင်း၊ ပီတိ, ပါမောဇ္ဇ စသည်ဖြင့် ထိုဝေဒနာကို ခွါ၍ ပေါ်ရာ ပေါ်ရာ ရုပ်နာမ်ကို ရှုမှတ်လျက်ရှင်း၊

ခြေမျက်စိအထိ စားပြီးသောအခါမှာ သောတာပန် ဖြစ်လေ၏။

ဒူးဆစ်အထိ စားပြီးသောအခါ သကဒါဂါမိ် ဖြစ်လေ၏။

ချက်အထိ စားပြီးသောအခါ အနာဂါမိ်ဖြစ်လေ၏။

နှလုံးသားကို မစားသေးမီပင် ရဟန္တာဖြစ်၍ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတော်မူလေ၏။

ခြေသံ·နိဗ္ဗာန်ရရေးအတွက် ကိုယ့်အား ကိုယ်ကိုး၍ တကယ် ကြိုးစားတော်မူကြသော ရဲရဲတောက် အာဇာနည် အရှင်မြတ်တို့ ပါတကား။

(ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် နိဿယမှ)

# ဘာ့ကြောင့် ဆင်းရဲကြသနည်း

သတ္တဝါတို့ကို အမြဲနှိပ်စက်နေသော တရားတို့ကား ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့ပေတည်း။ ယင်းကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို ငြိမ်းစေနိုင်သော တရားကား ဧကာယန သတိပဋ္ဌာန် တရားပင်တည်း။ ယင်းကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို ငြိမ်းစေ၍ နိဗ္ဗာန်ကို ရောက်လို ရလို မျက်မှောက်ပြုလိုသူတိုင်းပင် ကိုယ့်အား ကိုယ်ကိုး၍ သတိပဋ္ဌာန် တရားကို ကြိုးစားကြရာသည်။

## သိကြားမင်းအမေး

ဤနေရာ၌ ကိုယ့်အား ကိုယ်ကိုး၍ သတိပဋ္ဌာန် တရားကို ကြိုးစားသောကြောင့် စိတ်ဆင်းရဲ ငြိမ်းသွားဘူးသူ အကြောင်းကို သာဓကအဖြစ် အထူးဖော်ပြပါမည်။ အချိန်ကား နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလ ဗုဒ္ဓလက်ထက်တော်တုန်းကပင် ဖြစ်လေသည်။ သိကြားမင်းကြီးသည် ပုဗ္ဗနိမိတ် ငါးပါးကို တွေ့ရ၍ သေရမည်မှုရင်း၊ မိမိသေလျှင် မိမိထက် သာသော သိကြားတဦး ပေါ်လာမည်မှုရင်း၊ မိမိ၏ စည်းစိမ်တွေကို သူတပါးပိုင်သွားမည်မှုရင်း၊ စိုးရိမ် ကြောက်လန့်ကာ အလွန်ပင် နှလုံးမသာယာဖြစ်လျက် မြတ်စွာဘုရားထံသို့ ရောက်လာပြီးလျှင် "နတ်တွေ လူတွေဟာ ဘေးရန်ဒုက္ခ အမြဲတန်းပင်

ကင်းပ၍ အေးချမ်းသာယာစွာ နေချင်ပါလျက် အဘယ့်ကြောင့် ဘေးရန်ဒုက္ခတွေနှင့်သာ တွေ့ကြုံနေကြရပါသနည်း”ဟူသော ဤမေးခွန်းမှစ၍ မေးလျှောက်၏။

## မြတ်စွာဘုရားအဖြေ

ထိုအခါ မြတ်စွာဘုရားက “ကိုယ့်ထက်သာသည်ကို မနာလိုမှု ဣဿာ၊ ကိုယ့်လို သူတပါး မကောင်းစား မချမ်းသာစေလိုသော မစ္ဆရိယဟူသော သံယောဇဉ် ၂-ပါး ရှိနေခြင်းကြောင့်ပင် နတ်တွေ လူတွေဟာ ချမ်းသာချင်ကြသော်လည်း မချမ်းသာနိုင်ကြ၊ ဘေးဒုက္ခတွေနှင့် မတွေ့ချင်ကြသော်လည်း တွေ့ကြုံနေကြရသည်”ဟူသော ဤအဖြေမှစ၍ သက္ကပဉှသုတ် တရားတော်ကို ဟောတော်မူ၏။

ထိုတရားထဲတွင် မှီဝဲသင့်, မမှီဝဲသင့်သော ဝေဒနာတို့ကို ဝေဖန်၍ ဟောကြားတော်မူစဉ် သိကြားမင်းသည် သဘောကျ၍ မမှီဝဲသင့်သော ဂေဟသိတ ဝေဒနာတို့ကို ရှုမှတ်ကာ ပယ်လျက် မှီဝဲသင့်သော နေက္ခမသိတ ဝေဒနာတို့ကို ဖြစ်စေကာ သတိပဋ္ဌာန် ဘာဝနာကို ပွါးစေ၍ သောတာပန် ဖြစ်ပြီးလျှင် ယခင်ကဖြစ်ပေါ်၍နေသော ဣဿာ, မစ္ဆရိယ- ဆိုင်ရာ နှလုံးမသာယာမှုမှ လုံးဝ လွတ်မြောက် သွားလေ၏။ ဤကား သာဓကတည်း။

(ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် ဘုရားကြီး၏ သတိပဋ္ဌာန် နိဿယမှ)

# သံသရာ ဝိုက်ကွန်တွင်းမှ
# လွတ်ကင်းရေး

ကမ္ဘာပေါ်တွင် အချိန် ၂-မိနစ်နှင့် စက္ကန့် ၃၀-ကြာတိုင်း တနေရာ၌ တစုံတဦးသည် လမ်းအန္တရာယ်(ယာဉ်အန္တရာယ်)ဖြင့် သေဆုံးနေရသည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ် မဂ္ဂဇင်း၌ (၁၉၆၉-ခု၊ ဖေဖော်ဝါရီလ ၁၇-ရက်နေ့)နေ့စွဲဖြင့် ဖော်ပြထားသတတ်။

ယာဉ်အန္တရာယ် တခုထဲဖြင့်ပင် ၂-မိနစ် ခွဲတိုင်း လူတယောက်ကျ သေနေပါက အခြား အကြောင်းများကြောင့် သေကြသော လူများကိုပါ ထည့်သွင်း တွက်ချက်ပါလျှင် စက္ကန့်ပိုင်းတိုင်း မိနစ်ပိုင်းတိုင်း လူတွေ သေနေကြသည်ဟု ဆိုရပေမည်။

ယင်းသို့ သေနေကြသောလူတို့၏ လားရာဂတိကို အကယ်၍သာ ဒိဗ္ဗစက္ခုရရှိသော ပုဂ္ဂိုလ်တဦးက ကြည့်ရှုနေမည်ဆိုလျှင် ကောင်းရာ သုဂတိ ရောက်ကြသူတို့က နည်း၍ အပါယ် လေးဘုံသို့ ရောက်ကြသူတို့က များပြား နေကြကြောင်းကို တွေ့မြင်ရပေလိမ့်မည်။

အဘယ်ကြောင့်နည်း၊ သတ္တဝါတို့တွင် သုဂတိ ရောက်ကြောင်း အကျင့်ကောင်းတို့ကို ကျင့်ကြသူတို့က နည်းပါးကြ၍ ဒုဂ္ဂတိရောက်ကြောင်း အကျင့်ဆိုးတို့ကို ကျင့်မှားမိကြသူတို့က များပြားကြသောကြောင့်ပင်တည်း။

မှန်ပါသည်၊ ယခုမျက်မြင် ပတ်ဝန်းကျင်ကို စောင်းငဲ့၍ ကြည့်ရှုလိုက်တိုင်း ကုသိုလ်ကောင်းမှု ပြုသူတို့ကို များစွာ မတွေ့ရပဲ အကုသိုလ်မကောင်းမှု ပြုလုပ်နေသူတို့ကိုသာ များစွာ တွေ့ရပေသည်။ ကုသိုလ်အထူး ဝိပဿနာရှုသော ယောဂီကား ပို၍ပင် နည်းပါးလှချေသည်၊ ထို့ကြောင့် သုဂတိသွား နည်းပါး၍ ဒုဂ္ဂတိသွား များပြားသည်ဟု ဆိုရပါ၏။

မြတ်စွာဘုရားကလည်း **ဓမ္မပဒ ပေသကာရီ** ဝတ္ထုတွင် "ဤလူအပေါင်းသည် ပညာမျက်စိ မရှိသဖြင့် အကန်းသဖွယ် ဖြစ်ချေ၏။ ဤလူအများထဲ၌ ဦးရေမများလှ မပြောပဖွယ် အနည်းငယ်သော သူသည်သာလျှင် အနိစ္စစသည်ဖြင့် ရှုမြင်နိုင်၏။ ငှက်မုဆိုး၏ ပိုက်ကွန်တွင်းမှ လွတ်မြောက်သွားသော ငှက်သည် နည်းပါးသကဲ့သို့ အနည်းငယ်သော သူသည်သာလျှင် လူ့ပြည်, နတ်ပြည်, နိဗ္ဗာန်ဆီသို့ သွားရောက်နိုင်ပေ၏"ဟု ဟောကြားတော်မူခဲ့ပေသေးသည်။

ထို့ကြောင့် ပိုက်ကွန်တွင်း အပါယ်လေးဘုံ သို့မဟုတ် ပိုက်ကွန်တွင်း ဝဋ္ဋတေးဘုံမှ ကင်းလွတ်လိုသူတိုင်းပင် ကိုယ့်အားကိုယ်ကိုး၍ ဒါန, သီလ, ဘာဝနာ ကုသိုလ် တရားတို့ကို ကြိုးစား၍ ပြုကျင့်ကြရမည်မှာ အမှန်ပင်တည်း။

# ကြောက်ရွံ့ကင်းဝေး တရားဆေး

## ဆေးသောက်မှ ဘေးပျောက်နိုင်သလို

သတ္တဝါမှန်သမျှ သေမည့်ဘေးကို ကြောက်ကြ၏။ ထို သေရမည်ထက် သေပြီးနောက် ငရဲရောက်ရမည်ကိုပို၍ ကြောက်ကြ၏။ သို့သော် အသေကောင်းကြောင်း ငရဲဆင်းရဲမှ လွတ်ကင်းနိုင်သော သတိပဋ္ဌာန် အကျင့်ကောင်းတို့ကိုကား မကျင့်နိုင်ကြပေ။ ဘာ့ကြောင့်,ညာ့ကြောင့်,အဝှါကြောင့်ဟု ကြောင့်ပေါင်းများစွာ ဆင်ခြေပေး၍ သတိပဋ္ဌာန် အကျင့်တရားကို ရှောင်ရှားနေကြလေသည်။ ထိုသူတို့သည် ဖျားနာပျောက်ဆေး ရှိလျက် ခါးသောကြောင့် နံစော်နေသောကြောင့် စသော ကြောင့်ပေါင်းများစွာဖြင့် မသောက်မစားပဲ ဖျားနာပျောက်လိုသူ အဖျားရောဂါသည်တို့နှင့်တူကြ၏။ အမှန်သော် ဆေးသောက်မှ ဘေးပျောက်နိုင်သလို သတိပဋ္ဌာန် အကျင့်တရားကို ကျင့်ပွါးမှသာ သေခြင်းဆင်းရဲ, ငရဲဆင်းရဲမှ လွတ်မြောက်နိုင်မည်ကို သတိပြုကြရာသည်။

## သက်သေသာဓက ထုတ်ဖော်ပြ

ဆက်ပါဦးမည်၊ ဆေးသောက်၍ ဘေးပျောက်သူများ ရှိခဲ့ကြဘူးသလို အသေလွတ်ကြောင်း ငရဲဆင်းရဲမှလွတ်ကြောင်း

သတိပဋ္ဌာန် အကျင့်ကောင်းတို့ကို ကျင့်ခဲ့ကြသည့် သေခြင်းဆင်းရဲ, ငရဲဆင်းရဲမှ လွတ်ကင်းကြဘူးသူများလည်း ရှိခဲ့ကြဘူးလေသည်။ ထိုသူမြတ်တို့ကား မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတော်မူကြသော ဗုဒ္ဓနှင့် ဗုဒ္ဓ၏ အရိယသာဝကတို့ပေတည်း။

ထို သာဝကတို့မှ သာဓကတခုကို ထုတ်ဖော် ပြောပါဦးမည်၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလ ဗုဒ္ဓလက်ထက်တော်တုန်းကပင် ဖြစ်ပါသည်။ အခြွေအရံ နတ်သမီးတထောင်နှင့်တကွ နန္ဒဝန် ဥယျာဉ်ထဲမှာ ပျော်ပွဲခံနေသော သုဗြဟ္မ နတ်သားသည် ပန်းပင်ပေါ်တက်၍ က,ခုန်သီဆိုလျက် ပန်းခူးနေသော အခြွေအရံ နတ်သမီးငါးရာမှာ ပန်းခူးနေယင်းပင် စုတေ၍ ငရဲ၌ဖြစ်ခါ အတိဒုက္ခ ရောက်နေကြရရှာသည်ကို မြင်ရသောကြောင့်ရင်း၊ မိမိ ကိုယ်တိုင်လည်း ကျန်သော နတ်သမီး ငါးရာနှင့်တကွ ခုနစ်ရက်အတွင်းမှာ စုတေ၍ ထို ငရဲမှာပင် ဖြစ်ရဦးမည်ကို မြင်ရသောကြောင့်ရင်း၊ အလွန်ပင် နှလုံးမသာဖြစ်ကာ ဘုရားထံသို့ လာပြီးလျှင် ကျန်သော နတ်သမီး ငါးရာနှင့်တကွ မိမိကိုယ်တိုင်ပါ ခုနစ်ရက် အတွင်းမှာပင် ငရဲ၌ တွေ့ကြုံရတော့မည့် (အနုပ္ပန္နကိစ္စ) ခေါ် မဖြစ်သေးသော အနာဂတ်ဆင်းရဲများနှင့် ငရဲ၌ ရောက်နေပြီးသော နတ်သမီးများ၏ ခံစားတွေ့ကြုံနေရသော (ဥပ္ပတိတကိစ္စ)ခေါ် ဖြစ်ပေါ်နေသော ပစ္စုပ္ပန် ဆင်းရဲများကြောင့် "ကျွန်ုပ်၏ စိတ်ဟာ ရပ်တည်မရအောင် တုန်လှုပ်ထိတ်လန့်နေပါသည်။ မကြောက်ရသော အရပ်နှင့် အကြောက်ကင်းကြောင်း နည်း

လမ်းကောင်းများရှိပါလျှင် ဟောကြား ညွှန်ပြတော်မူပါ”ဟု လျှောက်ထားလေ၏။

## ထိုအခါ မြတ်စွာဘုရားက

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

## မြန်မာပြန်

“သိလိုရေးနှင့် မေးလျှောက်လာငြား အမောင်နတ်သား ဗောဇ္ဈင် ၇-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ မြတ်တရားကို ချန်ထား၍ သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရားမြင်တော်မမူ၊ ဣန္ဒြေ ၆-ပါး စောင့်စည်းခြင်းတရားတို့ကို ချန်ထား၍ သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရား မြင်တော်မမူ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ချန်ထား၍ သတ္တဝါတို့၏ ချမ်းသာခြင်းကို ငါဘုရား မြင်တော်မမူ”ဟု မိန့်တော်မူလေသည်။

သုဗြဟ္မ နတ်သားလည်း ထိုတရားကို သဘောပေါက်၍ ဤ သဗ္ဗနိဿနိဂ္ဂခေါ် နိဗ္ဗာန်ကို သိမြင်ရန်အလို့ငှါ ဣန္ဒြိယ သံဝရဖြင့် စိတ်ကိုထိန်းသိမ်း၍ တပ-ခေါ် သမ္မပ္ပဓာန်ဝီရိယဖြင့် မပြတ်ရှုမှတ်နိုင်အောင် ကြောင့်ကြစိုက်လျက် ဗောဓိ-ခေါ် သော ပုဗ္ဗဘာဂဝိပဿနာ မဂ်နှင့်တကွ အရိယမဂ်ကို တခဏခြင်းပင် ဖြစ်ပွားစေ၍ အခြွေအရံ နတ်သမီး ငါးရာနှင့်တကွ သောတာပန်ဖြစ်ပြီးလျှင် အပါယ်ဘေးနှင့်စပ်၍ ကြောက်လန့်တုန်လှုပ်နေသော နှလုံးမသာမှုမှ လုံးဝ လွတ်မြောက်လေ၏။

(ဤ၌ ဗောဓိ, တပ, ဣန္ဒြိယသံဝရတို့သည် သတိပဋ္ဌာန်လေးပါး၌ အတွင်းဝင်သော တရားတို့ ဖြစ်ကြောင်းကို သိရာသည်။)

ဤသာဓကတို့ကို ထောက်ဆ၍ သေခြင်းဆင်းရဲ, ငရဲဆင်းရဲတို့မှ လုံးဝ လွတ်မြောက်လိုသူတိုင်းပင် ကိုယ့်အားကိုယ်ကိုး၍ သတိပဋ္ဌာန် တရားကို ကြိုးစားကြရာသတည်း။

(ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်နိဿယသစ် မှတ်ချက်မှ)

# လုံးစူးနာရှပွား-နိဗ္ဗာန်သွား

"ဘယ်သူနှင့်ပြိုင်ပြိုင် ငါသာ အနိုင်ရရမည်"ဟု လက်ဝှေ့ ကျော်က ဟိန်းဟောက်ယင်း တဖြောင်းဖြောင်း မြည်အောင် လက်ခမောင်း ခတ်လိုက်လေသည်။ သူ ဟိန်းဟောက်သည့် အတိုင်းလည်း ပွဲတိုင်းကျော် အောင်ပွဲရသူဖြစ်သည်။ သူသည် ပဉ္စာလ၊ စေဒိ၊ ဂေါဠ- မည်ကုန်သော တိုင်းသုံးတိုင်တို့၏ ရွှေရောင် အောင်လံတံခွန်ကို ယူ၍ သီဟိုဠ်ကျွန်းသို့ ရောက် လာလေ့သည်။ သူသည် သီဟိုဠ်မင်းကို ဖူးမြင်၏၊ သီဟိုဠ် မင်းက သူ့ကိုချီးမြှောက်ခြင်းကို ပြုအပ်သည်ရှိသော် သူသည် တနေ့သ၌ မြက်မိုးသော အိမ်စျေး၏ တံတားဖြင့်သွားစဉ် ဘုန်းကြီးကျောင်း တခုဆီမှ စာအံသံကို ကြားရလေသည်။ ထိုကြားရသော စာအံသံမှာ....

"ရူပံ ဘိက္ခဝေ န တုမှာကံ တံ ပဇာထ၊ တံ ဝေါ ပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ။ ရဟန်းတို့ ရုပ်သည် သင်တို့၏ဥစ္စာမဟုတ်၊ သင်တို့သည် ထိုရုပ်၌ တပ်မက်သော တဏှာကို ပယ်စွန့်ကြကုန်၊ ထိုရုပ်၌ တပ်မက်နေသော တဏှာကို ပယ်စွန့်ခြင်းသည် သင်တို့အား ရှည်မြင့်စွာသော နေ့ညဥ့် ပတ်လုံး အစီးအပွား အလို့ငှါ ချမ်းသာခြင်းငှါ ဖြစ်လိမ့်မည်" ဟု ဖြစ်လေသည်။

သူသည် ထိုစာအံသံထဲမှ "နတုမှာကံ၊ သင်တို့ဥစ္စာ မဟုတ်ကုန်" ဟူသော ဘုရားဟော ဝါကျကို ကြားရလျှင် "ဘုရားရှင်က" ရုပ်ဟာ သင်တို့ဥစ္စာ မဟုတ်ဘူးတဲ့။ အင်း....ငါကတော့ အယင်ကဆိုယင် ငါဟာ ဒီခန္ဓာငါးပါးတွေကို ငါ့ဥစ္စာတွေ အနေနဲ့ အမြင်မှားနေခဲ့တယ်။ ဟုတ်သပ၊ ငါဟာ ကိုယ့်ကိုယ်ကို မလှ လှအောင် မဝ ဝအောင် အားမကောင်း ကောင်းအောင် ပြုပြင်ချယ်လှယ် နေခဲ့တယ်။ ဝဝဖြိုးဖြိုး အားအင် တိုးလာတဲ့ အခါမှာလဲ ငါသာလျှင် အနိုင်ရရမယ် ဆိုတဲ့ ဟိန်းဟောက်ချက်ဖြင့် မိုက်မိုက်ကန်းကန်း လက်ဝှေ့ ထိုးသတ်လာခဲ့တယ်။ အနိုင်ရတိုင်း ရတိုင်းလဲ မာန်မာန ထောင်လွှားခဲ့တယ်။ ဒါတွေကိုပင် ငါက ငါ့ဟာငါ ဟုတ်လှပြီ ဆိုပြီး နှစ်သက် သဘောကျလာခဲ့တယ်။ တကယ်ဆိုတော့ ငါလုပ်ခဲ့သမျှ, ငါထောင်လွှားခဲ့သမျှ, ငါသဘောကျခဲ့သမျှ တွေဟာ ငါ့အတွက် တကယ် စီးပွားချမ်းသာရဖို့ရာ မဟုတ်ပဲ အလွဲလွဲ အမှားမှား မိုက်လုံးထွားခဲ့တာတွေ ချည်းပါကလား။ အို....ဒီအတိုင်းနေလို့ မဖြစ်သေးပါဘူးလေ။ ငါ့အတွက် အမြင်မှန်ရအောင် စီးပွားချမ်းသာ တိုးပွားအောင် အမှန်တရား ရှာအုံးမှ ဖြစ်မှာပါ" ဟု ယောနိသောမနသိကာရအမှု လမ်းမှန် အတိုင်း နှလုံးသွင်းပြုလေ၏။

သူသည် ထိုလမ်းမှန် အကြံကိုပင်လျှင် မိမိ၏ ကိလေသာ ဆင်ရိုင်းကြီးအား ဆုံးမဖို့ရာ ချွန်းတောင်းသဖွယ်ပြု၍ ထွက်ခဲ့ပြီးလျှင် ကျောင်းသို့သွားကာ ရှင်ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ရှင်ရဟန်းအဖြစ်ကို ရသောအခါ **ပိတမလ္လ**-မထေရ်ဟုပင် ထင်ရှားလျက် ရဟန်းဝိနည်း ဒွေမာတိကာတို့ကို လေ့လာ

ပြွမ်းတီး ကြေညက်ပြီးသည်ဖြစ်၍ သီတင်းသုံးဖော် ရဟန်း သုံးကျိပ်တို့ကို ခေါ်ပြီးလျှင် (ဂဗလဝါလိယအင်္ဂဏ)မည်သော အရပ်သို့ ထွက်လျက် ရဟန်းတရားတို့ကို ကြိုးစား အားထုတ် လေသည်။

သူသည် နေ့ရောညပါ "သွားယင် သွားတယ်" စသည်ဖြင့် ကြိုးစားအားထုတ်လိုက်ရာ ခြေဘဝါးတွေကွဲ၍ ခြေဖြင့် စင်္ကြံ မသွားနိုင်လေသော် ဒူးထောက်၍ စင်္ကြံသွားလေသည်။ တညဉ့်သောအခါ မုဆိုးတယောက်သည် သက်န်း ရောင် ဝါဝါနဲ့ ဒူးဖြင့် လေးဘက်တွား၍ တရားအားထုတ် နေသော သူ့ကို သားသတ် မုဆိုးသည် သမင် မှတ်မှား၍ လှံဖြင့် ထိုးသတ်လိုက်လေသည်။ လှံသည် သူ့နံဘေး တဖက်မှ နံဘေး တဖက်သို့ ထိုးဖောက် သွားလေ၏။ သူသည် မသေ သေးပေ။ သူ့တွင် စူးဝင်နေသောလှံကို ဆွဲနုတ်၍ မြက်ဆုပ်ဖြင့် ဆို့ထားလိုက်လေသည်။ သူသည် မိမိကိုယ်ကို ကျောက်ဖျာ ပေါ်မှာ မှီထိုင်လိုက်ပြီး သက်သာခွင့်ကို ပြုနေ၏။

ထို့နောက် မိမိသန္တာန်မှာ လှံထိုးခံရ၍ ဖြစ်ပျက်နေသော ဒုက္ခဝေဒနာကို နာတယ် နာတယ် စသည်ဖြင့် စူးစူးစိုက်စိုက် ဝိပဿနာ ရှုမှတ်ပွားများနေ၏။ သူသည် ဒလစပ် ဖြစ်ပျက်နေ သော ဒုက္ခဝေဒနာကိုခွါ၍ ဝိပဿနာ ရှုမှတ်ပွားများယင်းပင် ဉာဏ်စဉ်တက်၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ပီတမလ္လ မထေရ်ကို မုဆိုးက သမင် မှတ်မှား၍ လှံထိုးခံရ ကြောင်းသိ၍ ဆူဆူညံညံ ပြေးလာကြသော သီတင်းသုံးဖော်

တို့အား ထို ပီတမလ္လမထေရ်က မိမိရရှိသော အရဟတ္တဖိုလ်ကို ပြောကြား၍ ဤ ဥဒါန်းစကားကို ကျူးရင့်လိုက်လေ၏။

## ထို ဥဒါန်းစကားမှာ

"သတ္တဝါ အားလုံးအား တရားဟောကြားသော ဘုရား မြတ်သည် ရုပ်သည် သင်တို့ဥစ္စာမဟုတ်၊ သင်တို့သည် ထိုရုပ်မှာ တပ်မက်သော တဏှာကို ပယ်စွန့်ကြလော့ ဟူသော စကား တော်ကို ဟောတော်မူအပ်ပြီ။

သင်္ခါရ အားလုံးတို့သည် မမြဲကုန်စွတကား၊ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကုန်၏။ ဖြစ်ကုန်ပြီး၍ ချုပ်ကုန်၏။ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် ချမ်းသာလှ၏" ဟူ၍ ဖြစ်သတည်း။ ဩော်.... ကိုယ့်အား ကိုယ်ကိုးသော မထေရ်ပါတကား။

(မဟာသတိပဋ္ဌာန်သုတ် အဋ္ဌကထာမှ)

# လူဖြစ်ကျိုးနပ်ကြရအောင်

## လူဖြစ်ကျိုးနပ်ရန်

မုံရွာမြို့ကို အကြိမ်ပေါင်းများစွာရောက်၍ မုံရွာမြို့တခွင်မှာ အကြိမ်ပေါင်းများစွာလှည့်လည်ခဲ့သော်လည်းလယ်တီကျောက်စာတိုက်ကို မရောက်ခဲ့လျှင် မုံရွာမြို့ကို ရောက်ခဲ့သည်ဟု မဆိုနိုင်သလို၊ လူ့ပြည်ကို အကြိမ်ပေါင်းများစွာရောက်၍ လူ့ကမ္ဘာတခွင်မှာ နည်းအမျိုးမျိုးဖြင့် အကြိမ်ပေါင်းများစွာ လှည့်လည်ခဲ့သော်လည်း ဘုရားသာသနာနှင့်ကြုံသည့်အခါ ဘုရားအလိုကျ ဒါန, သီလ, ဘာဝနာကို မကျင့်ပွားခဲ့လျှင် လူ့ပြည်ကို ရောက်သည်ဟုပင် မဆိုနိုင်ပေ။ ဝါ၊ လူဖြစ်ကျိုးမနပ်ပေ။ ကိုယ့်အားကိုယ်ကိုး၍ ဘုရားအဆုံးအမ၌တည်လျက် ဒါနပြုနိုင်မှ ထို့ထက် သီလကို စောင့်ထိန်းနိုင်မှ ထို့ထက် ဝိပဿနာကို ပွားများနိုင်မှ သာလျှင် လူ့ပြည်ရောက်သည်ဟု ဆိုနိုင်ပေသည်။ လူဖြစ်ကျိုးနပ်သည်ဟု ဆိုနိုင်ပေသည်၊ လူဖြစ်ကျိုးနပ်ပါသည်။

## ပိဋက အဆီအနှစ်ကို ပြဆိုချက်

မှန်ပါသည်၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဗောဓိပက္ခိယဒီပနီကျမ်း၌ ဤသို့ ဆုံးမ တိုက်တွန်းတော် မူခဲ့

ပါသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ၄၅-ဝါ ကာလ ပတ်လုံး ဟောကြားတော်မူအပ်သော ပိဋကသုံးပုံကို အဆီညှစ်၍ အနှစ်သာရကိုထုတ်ယူသည်ရှိသော် ဗောဓိပက္ခိယတရား ၃၇-ပါး ရ၏။ ဗောဓိပက္ခိယတရား ၃၇-ပါးသည် ပိဋကသုံးပုံ၏ အဆီ အနှစ်တည်း။ တဖန် ဗောဓိပက္ခိယတရား ၃၇-ပါးကို အကျဉ်း ချုံးပြန်သည်ရှိသော် ဝိသုဒ္ဓိ ၇-ပါး ဖြစ်၏။ တဖန် ဝိသုဒ္ဓိ ၇-ပါးကို အကျဉ်းချုံး ပြန်သည်ရှိသော် သီလ, သမာဓိ, ပညာ သုံးပါးဖြစ်၏။ အဓိသီလ, အဓိစိတ္တ, အဓိပညာ သာသနာ တော်ကြီး သုံးပါးခေါ်၏။ သိက္ခာသုံးပါးလည်း ခေါ်၏။ သီလဆိုသော်လည်း လူတို့မှာနိစ္စသီလမျိုးကိုသာ ပဓာနအားဖြင့် လိုအပ်၏။ နိစ္စသီလမျိုးနှင့် ပြည့်စုံသောသူတို့အား ယခုဘဝ၌ မဂ်ဖိုလ်ကို ရနိုင်ရန် ဝိဇ္ဇာစရဏတရားစုတွင် သီလဟူသော စရဏ တရား ပြည့်စုံတော့သည်။ ထိုနိစ္စသီလမျိုးအပေါ် ဥပေါသထ သီလမျိုး အမွမ်းတင်နိုင်ပါလျှင် သာ၍ ကောင်းမြတ်ပေတော့ သည်။

## အာဇီဝဋ္ဌမက သီလမျိုး

နိစ္စသီလမျိုး ဆိုသည်ကား လူတို့၌ အာဇီဝဋ္ဌမက သီလ ပေတည်း။ ထိုသီလမျိုးကို ကောင်းစွာ စောင့်ထိန်းရာ၏။ ပုထုဇဉ်ဂတိဖြစ်၍ လွန်ကျူးမိပြန်လျှင် ဤအမှုကို နောင် ရှောင်ကြဉ်အံ့ဟု ဆောက်တည်က ခဏခြင်း တည်ပြန်၏၊ နောင် လွန်ကျူးမိပြန်လျှင်လည်း ထိုနည်းတူ ဆေးကြောလျှင် စင်မြဲ စင်ပြန်တော့သည်။ ဆေးကြော၍ စင်ပြန်တော့သည်။ ဆေး ကြော၍ စင်ပြန်လျှင် သီလနှင့် ပြည့်စုံသူ ဖြစ်ပြန်၏။မခဲယဉ်းလှ။

နိစ္စသီလမျိုး ဖြစ်ခဲ့၍ လွန်ကျူးမိလျှင် ဘယ်အခါမဆို ခဏခြင်း သုတ်သင်ဆေးကြောမှု အသစ်ဆောက်တည်မှုကို ပြုရသည်။

## သီလရှိသူများ၏ သမာဓိပညာရှိသူရှားပုံ

ယခုကာလ၌ သီလနှင့်ပြည့်စုံသူတို့ကား အလွန်ပေါများကုန်၏။ ကသိုဏ်း, အသုဘ, အစရှိသော အာရုံတို့ မနေဘဒ္ဒါရ အတွင်း၌ ကွင်းကွင်းကွက်ကွက် ထင်မြင်မှုရှိသော သမာဓိသို့ ပေါက်ရောက်ဘူးသောသူ၊ ရုပ်နာမ်ဓမ္မတို့၏ အနိစ္စလက္ခဏာသို့ ဉာဏ်ပညာ ပေါက်ရောက်ဘူးသော သူတို့သည်ကား အလွန် ရှားပါးလှကုန်၏။ အဘယ့်ကြောင့်နည်း ဆိုသော် သမထ ဝိပဿနာမှု၏ ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မတို့ အလွန် ထကြွ သောင်းကျန်းသောအခါ ဖြစ်လေသောကြောင့်တည်း။

## ဓမ္မန္တရာယ်နှင့် ပုညန္တရာယ်အကြောင်း

ဓမ္မန္တရာယ်ကိုပြုတတ်သော မိစ္ဆာဓမ္မဆိုသည်ကား သံသရာ ဘေးကို ကောင်းစွာ မမြင်နိုင်ခြင်း၊ မဂ်ဖိုလ်ကို ရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း၊ ပါရမီအရင့်ကို စောင့်စားခြင်း၊ ယခုကာလရှိကြသူတို့ကို ဒိဋ္ဌိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီးတို့ပင် မဖြစ်နိုင်ကြကုန်ပြီဟု ဆန္ဒဥဿာဟကို စွန့်ထားခြင်းစသည်တို့တည်း။

ကုသိုလ်မှုတို့ မည်သည် အဆုံးတိုင် မရောက်သော်လည်း အချည်းနှီးဖြစ်နိုင်သော အမှုမျိုးမဟုတ်ကုန်၊ ပါရမီ မရှိသေးသူ အားထုတ်လျှင် ပါရမီဖြစ်၏။ အားမထုတ်လျှင် ပါရမီ ဖြစ်ခွင့် ကိုမျှ မရပြီ။ ပါရမီ မရင့်သေးသောသူ အားထုတ်လျှင် ပါရမီ

ရင့်ရာ နောက်ဘဝမှာ ဤသာသနာ၌ပင် မဂ်ဖိုလ်ကို ရနိုင်၏၊ အားမထုတ်လျှင် ပါရမီရင့်ခွင့်ကိုမျှ မရပြီ။ ပါရမီရင့်ပြီးဖြစ်လျှင် ယခုဘဝ၌ပင် မဂ်ဖိုလ်ကိုရနိုင်၏။ အားမထုတ်လျှင်မရပြီ။ ဒွိဟိတ် ပုဂ္ဂိုလ်ဖြစ်သူ အားထုတ်လျှင် နောက်ဘဝ၌ တိဟိတ် ဖြစ်နိုင်၏။ အားမထုတ်လျှင် ဒွိဟိတ်က တက်ခွင့်မရနိုင်ရာပြီ၊ အဟိတ်သို့ လျော့၍သွားဘိုသာ ရှိတော့သည်။

လောက၌ တယောက်သောသူသည် ရဟန်းပြုမည် ကြံစည် အားသစ်လျက်ရှိ၏။ တယောက်သောသူက တသက်လုံး နေနိုင်မှကြံ၊ မနေနိုင်လျှင် မကြံနှင့်ဟု ဆိုမိတတ်၏၊ ဓမ္မန္တရာယ်ကို ပြုသည်မည်၏။

"စိတ္တုပ္ပါဒမတ္တမ္ပိ ကုသလေသု ဓမ္မေသု ဗဟုပကာရံ ဝဒါမိ" ကောင်းမှုကုသိုလ်တရား မျိုးတို့၌ စိတ်အကြံဖြစ်ခါမျှကိုလည်း ကျေးဇူးဥပကာရ များမြတ်လှ၏ဟူ၍ငါဘုရားသည် ဟောကြားတော်မူ၏။

ဒါနကုသိုလ်ကိုရင်း၊ ဒါနပြုသူကိုရင်း၊ ရှုတ်ချလျှင် ပုညန္တရာယ် ငြိတတ်သည်။ သီလ, သမာဓိ, ပညာကုသိုလ်ကိုရင်း၊ အားထုတ်သူကိုရင်း ရှုတ်ချလျှင် ဓမ္မန္တရာယ် ငြိတတ်သည်။ ပုညန္တရာယ် ငြိခဲ့လျှင် နောက်နောင်ဘဝတို့၌ တန်ခိုးအရှိန်အဝါ ဥစ္စာဓန ကင်းရှင်း၍ ဆင်းရဲအတိ ဖြစ်တတ်သည်။ ဓမ္မန္တရာယ်ငြိခဲ့လျှင် နောက်နောင် ဘဝတို့၌ သီလသိက္ခာ အလိမ်မာ ကင်းရှင်း၍ ယုတ်ညံ့ခြင်းအတိ ဖြစ်တတ်သည်၊ သတိမူကြလေကုန်။

ယခုအခါ သာသနာတွင်း၌ ကြုံ ကြိုက် ကြ ကုန် သော သူ အပေါင်းတို့အား ပြဆိုခဲ့ပြီးသော မိစ္ဆာဓမ္မတို့ကို ပယ်ရှင်း၍

ယခုဘဝ၌ပင် အပါယ်ဘုံ သံသရာမှ ကျွတ်ထိုက်လျှင်လည်း ကျွတ်စေရမည်။ မကျွတ်ထိုက်လျှင်လည်း နောက်ဘဝ၌ရှင်း၊ နောက် ဘုရားသာသနာ၌ရှင်း၊ ကျွတ်လွတ်နိုင်ရန် သမထ, ဝိပဿနာ ပါရမီမျိုးစေ့ကို အောင်မြင်စွာ ရစေရမည်ဟု ထက်သန်သော ဆန္ဒဝီရိယဖြင့် သမထအလုပ် ဝိပဿနာအလုပ် များကို ယောကျ်ား မိန်းမအားထုတ်ကြမှသာ ဘဝအခြေအနေ နှင့် လူဖြစ်ကျိုးနပ်ကြမည် အမှန်တည်း။

(ဆင့်မှု လယ်တီဒီပနီပေါင်းချုပ် ပဌမတွဲ စာမျက်နှာ ၂၆၆-၂၆၇-၂၇၀-မှ ထုတ်နုတ်သည်။)

မှတ်ချက်။ ။ဤကိုယ့်အားကိုယ်ကိုး ဆောင်းပါး ၂၂-ပုဒ် လုံးသည် ဗုဒ္ဓမမ္မလောက စာစောင်မှာ ထည့်သွင်း ပါရှိပြီးချည်း သာတည်း။

# ပတ်ဝန်းကျင်ရှိ သံဝေဂများ

## သတိမမူ ဂူမမြင်

ပတ်ဝန်းကျင်သည် ကျွန်ုပ်တို့ကို တရားပြနေသည်။ တရားပြနေသော ပတ်ဝန်းကျင်တို့ ဟူကုန်သည် ကျွန်ုပ်တို့ အမြဲတွေ့ကြုံနေကြရကုန်သော အဆင်းမျိုးစုံ ရူပါရုံ အသံမျိုးစုံ သဒ္ဒါရုံ အနံ့မျိုးစုံ ဂန္ဓာရုံ အစာမျိုးစုံ ရသာရုံ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ပေတည်း။

ထိုသော် ကျွန်ုပ်တို့သည် ကြောက်လန့်ဖွယ်ရာ တရားပြလျက်ရှိသော ပတ်ဝန်းကျင်ကို လေးလေးစားစား အရေးမထားခဲ့ကြပါကုန်။ ကြောက်လန့်သော သံဝေဂ ဖြစ်ဖို့ဝေးစွ၊ ခင်မင်နှစ်သက် စုံမက်အားကိုးဖွယ်ရာတို့ ဟူ၍ပင် အမြင်မှားနေကြကုန်သေး၏။ မီးရောင်ကို ရွှေတောင်မှတ်သော ပိုးဖလံတို့နှင့် တူလေကုန်စွတကား။ တံလျှပ်ကို ရေထင်ကုန်သော သားသမင်တို့နှင့် တူလေကုန်စွတကား။ အမှန်စင်စစ်သော် သတိမမူ၍ ဂူမမြင်ကြခြင်းပင်။

## သတိမူ၍ ဂူမြင်ကြသူများ

သတိမူ၍ ဂူမြင်သော ပညာရှိတို့သည် အပါယ်လေးပါးမှ ကင်းလွတ်ခဲ့ကြကုန်ပြီ။ နိဗ္ဗာန်သို့ စံမြန်းတော် မူခဲ့ကြကုန်ပြီ။

အထင်အရှားဆုံး သာဓကတခုကို ထုတ်ရသော် ကျွန်ုပ်တို့၏ ဘုရားအလောင်းတော် သိဒ္ဓတ္ထသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူကုန်သော ပတ်ဝန်းကျင်ကို မြင်ရ၍ ဆင်ခြင်ကြည့်ရှု သတိပြုခဲ့သည်။ သံဝေဂဉာဏ် ရင့်သန်လျက် တောထွက်ကာ တရားကျင့်သဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပင် ဝင်စံခဲ့ပါချေပြီ။ အရှင်သာရိပုတ္တရာ၏အလောင်း ဥပတိဿနှင့် အရှင်မောဂ္ဂလာန်၏ အလောင်း ကောလိတတို့သည် ပွဲသဘင် ကြည့်ရှုယင်း သံဝေဂရ၍ တောထွက်ကာ တရားကျင့်သဖြင့် ကျွတ်တန်းဝင်ခဲ့ကြလေကုန်ပြီ။

သူဌေးသား ယသသည် ပိုးလိုးပက်လက် အိပ်စက်နေသော မောင်းမမိဿံ ချွေရံသင်းပင်း တည်းဟူသော ပတ်ဝန်းကျင် တို့ကို ကြည့်ရှု၍ သံဝေဂရကာ တောထွက်လျက် မြတ်ဗုဒ္ဓ၏ ဓမ္မကို ကြားနာယင်း နှလုံးသွင်း ရှုမှတ်သဖြင့် ကျွတ်တန်း ဝင်ခဲ့လေပြီ။

ကုမ္ဘကာရဇာတ်လာ မင်း ၄-ပါးတို့တွင် ကလိင်္ဂတိုင်း ဒန္တပုရမြို့မှ ကရဏ္ဍကမင်းသည် ဥယျာဉ်ကစား ထွက်ယင်း သံဝေဂရခဲ့သည်။ ပစ္စေကဗုဒ္ဓါ ဖြစ်ခဲ့၏။ သံဝေဂရပုံ ပစ္စေက ဗုဒ္ဓါ ဖြစ်ခဲ့ပုံသည်ကား အားကျဖွယ် ကောင်းလှသည်။ ၎င်း ကရဏ္ဍကမင်းသည် ဥယျာဉ်ကစား ထွက်ခဲ့ရာ လမ်းနံ့လတ်၌ အသီးအရွက်တို့ဖြင့် စည်ကား စိမ်းရှင်သော သရက်ပင်ကို မြင်ရ၏။ ၎င်းသရက်ပင်မှ သရက်သီးကို စားချင်သော အလို အာသာ ပြင်းပြလှသဖြင့် စီးမြဲတိုင်းသော ဆင်၏ ကျောက်ကုန်း ပေါ်မှနေ၍ ဆွတ်ချူကာ စားသုံးလိုက်၏။ စားသုံးပြီးသော် ဥယျာဉ်သို့ ရှေးရှု ခရီးဆက်ခဲ့၏။ မင်း၏ ပရိသတ်တို့သည်

ငှင်းတို့၏ အရှင်သခင် ဘုရင်မင်းမြတ်၏ အတုလိုက်ကာ သရက်ပင်မှ သရက်သီးတို့ကို ပြုတ်ပြုတ်ပြုန်းအောင် စားသုံးကြကုန်၏။

ကရဏ္ဍုကမင်းနှင့် ပရိသတ်တို့သည် ဥယျာဉ်သို့ရောက်သော်ကစားမြူးတူးကြ၏။ အချိန်ကုန်၍ ပြန်ခဲ့ကြသော် ဘုရင်မင်းသည် လာခဲ့စဉ်အခါ၌ သိုက်မြိုက်စည်ကားသော သရက်ပင်ကိုယခု ကျိုးကျိုးပဲ့ပဲ့ အသရေမဲ့စွာ မြင်တွေ့ရ၏။ ငှင်းသရက်ပင်၏ အနီးရှိ အသီးမရှိသော သရက်ပင်နှင့် နှိုင်းယှဉ်၍ကြည့်ရှု၏။

"သြော်....အသီးရှိသော သရက်ပင်ကား ပျက်စီးဘိ၏။ အသီးမရှိသော သရက်ပင်ကား မပျက်စီးပေ။ ငါသည် အသီးရှိသော သရက်ပင်နှင့် တူဘိ၏၊ ဘေးရန်များ၏၊ တနေ့နေ့ပျက်စီးရမည်ကား အမှန်ပင်၊ အသီးမရှိသော သရက်ပင်ကားငြိမ်းချမ်းဘိ၏၊ ငါသည် အသီးမရှိသော သရက်ပင်နှင့်တူစွာကျင့်လျှင် ကောင်းလေစွတကား"ဟု သံဝေဂဉာဏ် ဖြစ်၍မိမိခန္ဓာပေါ်၌ ဖြစ်ဆဲ ရုပ်နာမ်တို့ကို ရှုမှတ်လျက် ပစ္စေကဗုဒ္ဓါဖြစ်လေ၏။

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်မှ နဂ္ဂဇိမင်းသည် မောင်းမငယ်၏ သနပ်ခါးသွေးစဉ် လက်ကောက် ၂-ခု၏ ထိခိုက်မှုကိုကြည့်ရှု၍ သံဝေဂဉာဏ် ဖြစ်ဘိ၏။ "၂-ခုရှိလျှင် ထိခိုက်ဘိ၏။ တခုတည်းရှိမူ ငြိမ်းအေးလေစွတကား"ဟု သံဝေဂဉာဏ် အခြေခံလျက် ရှေးနည်းတူပင် ပစ္စေကဗုဒ္ဓါ ဖြစ်ဘိ၏။

ဝိဒေဟတိုင်း မိတ္ထိလာပြည်မှ နိမိမင်းသည် လေသာပြတင်း၌ ရပ်တန့်ကာ ကြည့်ရှုနေစဉ် သားတစ်တခုကို ငှက်တွေ လုကြပုံကို ကြည့်ရှုလျက် ကာမဂုဏ်၌ အပြစ်မြင်ကာ သံဝေဂဉာဏ် အခြေခံပြီးလျှင် ရှေးနည်းတူပင် ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။

ဥတ္တရပဉ္စာလတိုင်း ကပိလပြည်မှ ဒုမ္မုခမင်းသည် လေသာပြတင်း၌ ရပ်တန့်၍ ကြည့်ရှုနေစဉ် နွားခြံတွင်းမှ နွားအချင်းချင်း ဝှေ့သတ်ပုံကိုကြည့်ရှုလျက် ကာမဂုဏ်၌ အပြစ်မြင်ကာ သံဝေဂဉာဏ် အခြေခံပြီးလျှင် ရှေးနည်းတူပင် ပစ္စေကဗုဒ္ဓါ ဖြစ်လေ၏။ ဤသည်တို့ကား ကုမ္ဘကာရဇာတ်လာ မင်း ၄-ပါးတို့၏ ပစ္စေကဗုဒ္ဓါဖြစ်ပုံ အမြွက်မျှတို့ပေတည်း။

ကျွန်ုပ်တို့သည်လည်း ဤပြခဲ့သော သာဓကတို့ကို ပုံပြု၍ ပတ်ဝန်းကျင်၌ ပြနေသော တရားတို့၏ သံဝေဂဖြင့် မိမိတို့၏ ခန္ဓာကိုယ်ပေါ်၌ ကျရောက်ဆဲဖြစ်သော ရုပ်နာမ်တို့ကို ရှုမှတ်လျက်. မဂ်စခန်းသို့ တက်လှမ်းကြပါကုန်စို့ ။

# မာရ်နတ်၏ စကားထဲမှ ဗုဒ္ဓ၏ တရားတော်

## မာရ်နတ်နှင့် ဗုဒ္ဓ

မာရ်နတ်ကား ဝသဝတ္တီ နတ်ပြည်၌ ကာမဂုဏ် ချမ်းသာကို ခံစားလျက် မွေ့လျော်နေသောသူတည်း။ ဗုဒ္ဓကား လောက သုံးပါး၌ ကာမဂုဏ်ချမ်းသာကို ပယ်တော်မူလျက် မွန်မြတ်သော ဈာန် ဝိပဿနာ မဂ်ဖိုလ်ချမ်းသာဖြင့် မွေ့လျော်တော်မူသော ပုဂ္ဂိုလ်မြတ်ပေတည်း။ မာရ်နတ်ကား မိမိနှင့် အခြားသော သတ္တဝါတို့ကို မကောင်းမှု ပါပဓမ္မ၌သာ မွေ့လျော်စေသော သူတည်း။ ဗုဒ္ဓကား မိမိကိုယ်တော်တိုင်နှင့် အခြား သတ္တဝါ တို့ကို ကုသလဓမ္မ၌သာ မွေ့လျော်စေသော ပုဂ္ဂိုလ်မြတ်ပေ တည်း။ ထို့ကြောင့် မာရ်နတ်နှင့် ဗုဒ္ဓသည် မီးနှင့်ရေ အစုန်နှင့် အဆန်၊ အနောက်နှင့်အရှေ့ အောက်နှင့်အထက်တို့ကဲ့သို့ လမ်း စဉ်ခြင်း ဆန့်ကျင်လျက်ရှိတော့၏။

မာရ်နတ်သည် သိဒ္ဓတ္ထမင်းသား ဖွားမြင်၍ လောက၌ ဘုရားဖြစ်မည်ကို အလွန်စိုးရိမ် ပူပန်၏။ အဘယ့်ကြောင့်နည်း၊ လောက၌ ဘုရားဖြစ်ခဲ့သော် ပွင့်ခဲ့သော် သတ္တဝါ အပေါင်း

တို့သည် ကျွတ်တန်းဝင်ကုန်၍ သူ၏ ဝသဝတ္ထိ နတ်ပြည်သို့ အရောက် နည်းပါးသဖြင့် ကာမဂုဏ် ချမ်းသာ ခံစားဖက် အခြွေအရံ နတ်တို့ ကင်းမဲ့လျက် ခြောက်သွေ့ ပျင်းရိဖွယ် ဖြစ်ရမည်မှ စိုးရိမ် ထိတ်လန့်သောကြောင့်တည်း။

## အရှုံးသာ အဖတ်တင်

ထို့ကြောင့်ပင်လျှင် မာရ်နတ်သည် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ တောထွက်ခြင်းကိုလည်း တားဆီးပိတ်ပင်၏။ သို့သော် မရခဲ့ပေ။ ဘုရားပွင့်အံ့ဆဲဆဲတွင်လည်း လက်ဝဲလကျာ ထက်အာကာ၌ တဆယ့်နှစ်ယူဇနာရှိ အနောက်ဖက်မှာ စကြာဝဠာထိမှ ပြည့်ညပ်နေသော နတ်စစ်သည် ဗိုလ်ပါနှင့် တကွ စစ်ချီ၍ ဗုဒ္ဓ၏ ဗောဓိပင်နှင့် ရွှေပလ္လင်ကိုလည်း လုခဲ့ သေး၏။ သို့သော်လည်း မရခဲ့ပေ။

မာရ်နတ်သည် အပွဲပွဲတွင် နွံခဲ့ဘိုင်း အရှုံးသာ အဖတ်တင် ခဲ့၍ သိဒ္ဓတ္ထမင်းသား၏ ဘုရားဖြစ်ခြင်းကို အောင့်သက်သက် ဖြင့် ခံခဲ့ရ၏။ သို့သော် အားကားမလျော့သေး။ ဗုဒ္ဓကိုရင်း၊ ဗုဒ္ဓ၏ သာဝကတို့ကိုရင်း၊ အမျိုးမျိုး နှောင့်ယှက်ခဲ့သေး၏။ သို့သော် သူသာလျှင် အရှုံးကြီး ရှုံးခဲ့ရသည်ချည်းတည်း။ မာရ်နတ်ယုတ်သည် သူ့ဆန္ဒပြည့်စေရန်အတွက် အကွက်ကောင်း ကို ချောင်းလျက်ရှိ၏။

ဗုဒ္ဓကား၊ သတ္တဝါတို့ကို တရားဟော ချွတ်ချွတ်၍ ၄၅-ဝါ အချိန်ကာလသို့ပင် ရောက်ခဲ့ချေပြီ။ ပရိနိဗ္ဗာန်စံချိန် တန်တော်မူသဖြင့် ဝေသာလီပြည်မှ ပါဝါပြည်သို့ ကြွတော်

မူကာ စာပါလသစ်ပင်အောက်သို့ အရောက်တွင် ခေတ္တ သီတင်းသုံး နားနေတော်မူခိုက် မာရ်နတ်လာ၍ ယုတ်မာသော အလိုဆိုးဖြင့် ဗုဒ္ဓရှင်တော် မိန့်တော်မူဘူးသော စကားကောင်းများကိုလည်း သက်သေထား၍ ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားလေသည်။

## လျှောက်ထားပုံကား

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီဘုရား။ အို-မြတ်စွာဘုရား၊မြတ်စွာဘုရားသည် ဤစကားကိုမိန့်တော်မူခဲ့ဘူးပါသည်။ မိန့်တော်မူခဲ့ဘူးပုံကား သူတော်ကောင်းတရား ဟောဖော်ကြားလည်း နားပါးမကျ မာရ်နတ်ယုတ် ပါပိမ၊ ငါဘုရား၏ တပည့်ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမတို့သည်၎င်း၊ လူဥပါသကာ ယောကျ်ား၊လူဥပါသိကာ မိန်းမတို့သည်၎င်း၊အကြင်မျှလောက်သော ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာ မပြီးမပြတ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားကို မဆောင်နိုင်ကြသေး၊ လောကုတ္တရာအားလျော်သော တရားကို မကျင့်နိုင်ကြသေး၊ တရားအားလျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မဟော မပြောနိုင်၊ မပြနိုင်၊ မတည်တံ့စေနိုင်၊ မဖွင့်နိုင်၊ မဝေဖန်နိုင် မပေါ်လွင်နိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတပါး၏ ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မထောင်နိုင်ကြသေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူမည် မဟုတ်သေး

ချေ။ ဤသို့ မိန့်တော်မူဘူးပါ၏။ အို-မြတ်စွာဘုရား၊ ယခုအခါ မိန့်တော်မူသည့်အတိုင်း ပြည့်စုံခြင်းသို့ ရောက်ပါပြီ။ ပရိနိဗ္ဗာန် ပြုပါလော့ဟူ၍တည်း။

ဗုဒ္ဓမြတ်စွာသည်၊ "ဟယ် မာရ်နတ်ယုတ်၊ သင်မပူပန်လင့်။ မစိုးရိမ်လင့်။ ယနေ့မှနောက် ၃-လလွန်မြောက်လျှင် ငါပရိနိဗ္ဗာန် ပြုတော်မူပေအံ့"ဟု မိန့်တော်မူလိုက်လေသတည်း။ ဤသည် တို့ကား မာရ်နတ်စကားဆိုးထဲမှ ဗုဒ္ဓ၏စကားတော် ကောင်း များပေတည်း။

# လုပ်အားတန်းဖိုး အကျိုးကြီးလှ

အကြင်သူသည် လုံ့လဝီရိယနှင့် ပြည့်စုံ၏။ ကိုယ်ချင်းစာ တရားရှိ၏။ အများ၏ ကောင်းကျိုးကို သည်ပိုးရွက်ဆောင်လေ့ ရှိ၏။ ထိုသူ၏ ပတ်ဝန်းကျင်သည် အရာရာ၌ သာယာ ငြိမ်းချမ်း လျက် ရှင်လန်းအေးမြ၍ နေပေလိမ့်မည်သာတည်း။

မှန်၏၊ လွန်လေပြီးရာ ရှေးအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မည်သော မင်းသည် အုပ်စိုး၍ နေလေ၏။ အကျွန်ုပ် တို့၏ ဂေါတမမြတ်စွာဘုရား၏ အလောင်းတော်သည် ထိုတိုင်း ပြည်ဝယ် မြတ်သောပုဏ္ဏားမျိုး၌ ဖြစ်၍ စွမ်းအား ပြည့်မြောက် သော ၁၆-နှစ်အရွယ်သို့ ရောက်လေ၏။ ထိုအခါ ထိုဘုရား လောင်း ပုဏ္ဏားလုလင်သည် လောကလူ့ဘောင်၌ ဝတ်ကြောင် ကို ငြီးငွေ့၍ လျှော်တေဆင်မြန်းလျက် ရသေ့ရဟန်းပြုလေ၏။ ထိုဘုရားလောင်း ရသေ့သည် နောက်လိုက်နောက်ပါ ငါးရာ သော အခြံအရံ ရသေ့အပေါင်းနှင့်တကွ သစ်ပင်တောတန်း ရှိမြောင်တို့ဖြင့် ရစ်သန်းနေသော တောင်ခြေတခု၌ နေလေ၏။

ထိုစဉ်အခါဝယ် ဟိမဝန္တာ၌ ပြင်းထန်သော နွေဥတု အခါသည် ဖြစ်လေ၏။ တောတောင်တခု၌ စိမ်းစိုလန်းဆန်း သော စိမ့်စမ်း ရေအိုင်တို့သည် ခြောက်ခန်းလေ၏။ တော

အရပ်၌ ပျော်စံကုန်သော တောတိရစ္ဆာန်တို့သည် ရေကို မသောက်ကြရကုန်သည် ဖြစ်၍ ဆင်းရဲပင်ပန်း နွမ်းနယ်ကြရရှာကုန်၏။ ထိုအခါ၌ ထိုရသေ့တို့တွင် တဦးသော ရသေ့သည် ထိုတောတိရစ္ဆာန်တို့၏ ရေငတ်ခြင်းဆင်းရဲကို တွေ့မြင်ရ၍ သနားကြင်နာ ကရုဏာသက်မိကာ သတ္တဝါ အပေါင်းတို့၏ ချမ်းသာရေးကို မြှော်တွေး လိုလားသော မေတ္တာသည် ထိုရသေ့၏ နှလုံးသား၌ ပေါက်ဖွား၍လာလေ၏။

ထိုရသေ့ သူမွန်သည် မိမိ၏နှလုံးသား၌ ပေါက်ဖွားလာသော မေတ္တာကရုဏာတရားတို့၏ စေ့ဆော်တိုက်တွန်းချက်အရ အသက်ကယ်ရေး လုပ်ငန်းကို စတင် ဆောင်ရွက်လေတော့၏။ သူ၏ ကာယစွမ်းအားကို ထုတ်၍ သစ်ပင်တခုကို ခုတ်လှဲ၏။ အခေါင်းဖောက်ထွင်း ရေသောက်စားကျင်း ပြုလုပ်၏၊ ရေချိုးရာ အရပ်မှ ရေကိုဆောင်ယူခဲ့၍ ထိုသစ်ခေါင်း ရေသောက်စားကျင်း၌ ရေကို လောင်းထည့်၏။ ထိုရေငတ်ဘေး သင့်နေသော တိရစ္ဆာန်ဒုက္ခသည်တို့အား ရေကို သောက်စေလေ၏။ ထို တိရစ္ဆာန်တို့သည် ဝမ်းသာအားရ သောက်သုံးကြလေကုန်၏။ အသက်မသေပဲ ချမ်းသာစွာ နေနိုင်ကြလေကုန်၏။

ထို ရသေ့ သူမွန်သည်လည်း ထို အများအကျိုးဆောင် လုပ်ငန်းဟူသော ရေချမ်းဒါယကာ အဖြစ်ဖြင့်ပင် ဝမ်းပန်းသာလျက် မိမိ၏ဝမ်းစာကို သတိမရနိုင်ပဲ ရှိတော့၏။

ထိုအခါ ထိုတိရစ္ဆာန်တို့သည် "အို....အဆွေတို့၊ ဤရသေ့ သူမွန်သည် ငါတို့အား သောက်ရေ ပေး၏။ သူ၏ဝမ်းစာ အကျိုးငှါ သစ်သီးရှာရန် အချိန်အခါကိုပင် မရခဲ့ချေ။

အာဟာရပြတ်လျက် အလွန်ပင်ပန်း၍ နေချေ၏။ ဤရသေ့သူမွန်သည် အသက်သခင်ကျေးဇူးရှင် အစစ်တည်း။ ငါတို့သည် ကျေးဇူးဆပ်ခြင်းငှါ သင့်မြတ် လျော်ကန်ကုန်၏"ဟု စည်းဝေး တိုင်ပင်ကြကုန်၏။

ထိုနောက်၌ တိရစ္ဆာန်တို့သည် "ဤရသေ့သူမွန် တည်ထောင် ဆောက်လုပ်အပ်သော ဤသစ်ခေါင်း စားကျင်း ရေချမ်းစင်၌ ရေသောက်ရန် လာသောသူသည် မိမိစွမ်းအား အားလျော်သော သစ်သီး ပန်းမာလ်ကို ယူဆောင်ခဲ့၍ ရသေ့သူမွန်အား လှူဒါန်းခြင်းဖြင့် ကျေးဇူးတုန့်ပြန်ကြရမည်"ဟု ကတိသစ္စာပြုကြလေကုန်၏။

ထိုအခါမှစ၍ ထိုတိရစ္ဆာန်တို့သည် ကတိကဝတ် ဆုံးဖြတ်ချက်အတိုင်း မဆိုင်းမတွ ပြုလုပ်ကြပေကုန်၏။ ရသေ့တဦး အကျိုးငှါ တိရစ္ဆာန်တို့သည် ဆောင်လှူအပ်သော သစ်သီး ကြီးငယ် အသွယ်သွယ်တို့သည် လှည်း ၁၂-စီးခွဲ တိုက်မျှ ပမာဏရှိသည် ဖြစ်လေကုန်တော့၏။ ငါးရာသော ရသေ့သူမွန်တို့သည် ထိုသစ်သီးတို့ကိုသာလျှင် စားသုံးကုန်လျက် တရားမမှုတို့ကို ချမ်းသာစွာ အားထုတ်၍ နေထိုင်ကြကုန်၏။ ပိုသော သစ်သီးတို့ကို စွန့်၍ပင် ပစ်လွှတ်ကြရကုန်သေး၏။

ဘုရားလောင်းရသေ့သူမွန် ခေါင်းဆောင်သည် ထိုသစ်သီး ကိုမြင်၍ "တပါးသော ဝတ္တရား လုပ်အားနှင့် ပြည့်စုံသော ရသေ့မည်သည်ကို မှီ၍ ဤမျှ အတိုင်းအရှည် ရှိကုန်သော ရသေ့ငါးရာတို့အား သစ်သီးရှာ မထွက်ကြရကုန်ပဲ ပြည့်စုံ မျှတဘိ၏။ လုပ်အားဝီရိယ မည်သည်ကို ပြုအပ်သည်သာ

တည်း။ အကြောင်းအကျိုးမြင်သိ ပညာရှိပုဂ္ဂိုလ်သည် မပျင်းရိ မငြီးငွေ့ရာ။ လုပ်အားဝီရိယ၏ အကျိုးတန်ဖိုးကို ရှုပါလော့။ သရက်သီး အစရှိသော သစ်သီးပန်းမာလ်တို့ကို စားသုံးအပ်ကုန်၏။ မျက်မှောက်၌ပင်လျှင် လုပ်အား ဝီရိယ၏ အကျိုးတန်ဖိုးကို ရှုပါလော့” ဤသို့ ဘုရားလောင်းသည် တပည့်ရသေ့တို့အား အဆုံးအမ ဩဝါဒ မိန့်ခွန်းကိုပေးလေ၏။

မြန်မာပြည်သူ ပြည်သား အပေါင်းတို့သည် လုပ်အား တန်ဖိုးကို ချစ်မြတ်နိုးကြကုန်၍ အများ၏ ကောင်းကျိုးကို ဆောင်နိုင်ကုန်လျက် အရာရာ၌ အောင်မြင်နိုင်ကြပါစေကုန်သတည်း။ (ကေကနိပါတ် အမ္ဗဇာတ်ဝတ္ထု)

# သူတော်မွေ့ရာ တောငနှာ

ငါးပါးအာရုံ ကာမဂုဏ်ပွါးစီး မြို့ရွာကြီးတို့သည် လူသာမန်တို့၏ ပျော်စံရာ ဌာနများ ဖြစ်ကုန်သကဲ့သို့ လူသူကင်းပြတ် တောတောင်ရပ်တို့သည်လည်း နိဗ္ဗာန်လိုလား သူတော်ကောင်းများ၏ ပျော်မွေ့ရာ ဌာနများ ဖြစ်ကုန်၏။ မြို့ပြကျေးရွာတို့သည် လူသာမန်တို့၏ ပစ္စည်းဥစ္စာ ရှာဖွေရာ ဌာနများ ဖြစ်ကုန်သကဲ့သို့ တောမြိုင်အရပ်တို့သည် သူတော်စင် သူတော်မွန်များ၏ သမထ ဝိပဿနာအလုပ် အားထုတ် ရှာဖွေရာဌာနများ ဖြစ်ကုန်၏။ မှန်ဘိ၏၊ ငါးရာ့ငါးဆယ် ဇာတ်တော်အသွယ်သွယ်တို့ကို ပြန်၍ သုံးသပ်လိုက်ပါမူ သူတော်ကောင်းအလောင်း အလျာတို့သည် ပြုံးမဲ့ငိုရိ အပလီမာယာ ဟန်ပါဝါ သာဌေယျတို့ဖြင့် ရှက်ထွေး ပေလီလှသော လူတို့ပေါ်သည့် မိမိတို့နေရာ မြို့ရွာ အသီးသီးတို့မှသည် သာယာအေးကြည် တောရပ်ဆီသို့ ထွက်ချီခဲ့ကြပုံတို့ကို တွေ့ရပေလိမ့်မည်။

## ဟတ္ထိပါလဇာတ်

ထိုဇာတ်တော်တို့တွင် ဟတ္ထိပါလဇာတ်တော်သည် အထင်ရှားဆုံးဖြစ်သည်။ ဗာရာဏသီပြည်၌ ဧသုကာရီမင်းကြီး အုပ်စိုး၍ နေခဲ့၏။ ထိုစဉ်အခါ၌ ဧသုကာရီမင်းနှင့် ငယ်သူငယ်ချင်း ပုဏ္ဏားတို့အား သားသမီး မထွန်းကားသဖြင့် အမွေစား အမွေခံ

မရှိခဲ့ပေ။ မင်းကြီးသည် သူငယ်ချင်း ပုဏ္ဏားကို "အဆွေ၊ သင့်အား သားရခဲ့သော် ငါ့သားပြုမည်။ ငါ့အားလည်း သား ရခဲ့သော် သင့်သားပြုမည်"ဟု မိန့်ဆိုလေ၏။

ကာလအတန်ကြာသော် ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့အား သား ၄-ယောက်တို့သည် အစဉ်အတိုင်း မွေးဖွားကုန်၏။ မင်း နှင့် ပုဏ္ဏားတို့သည် ညောင်ပင်စောင့်နတ်၏ ပြောစကားအရ ရဟန်းပြုမည် စိုးသောကြောင့် သူပျက်တို့နှင့် ရောနှောစိမ့်သော ငှါ သား ၄-ယောက်တို့တွင် အကြီးဆုံးသားကို ဆင်ထိန်းတို့ ထံ၌ရှင်း၊ ဒုတိယသားကို မြင်းထိန်းတို့ထံ၌ရှင်း၊ တတိယသား ကို နွားထိန်းတို့ထံ၌ရှင်း၊ စတုတ္ထသားကို ဆိတ်ထိန်းတို့ထံ၌ရှင်း၊ အသီးသီး အပ်နှင်းလျက် ကြီးပွါးအောင် မွေးမြူစေလေ ကုန်၏။ ထိုသား ၄ ယောက်တို့သည် နေရာဌာနကို အစွဲပြု ကုန်၍ ဆင်ထိန်း· ဟတ္ထိပါလ၊ မြင်းထိန်း– အဿပါလ၊ နွား ထိန်း· ဂေါပါလ၊ ဆိတ်ထိန်း–အဇပါလတို့ဟူ၍ အစဉ်အတိုင်း အမည်အားဖြင့် ထင်ရှားကုန်၏။

ဟတ္ထိပါလ ၁၆ နှစ် အရွယ်သို့ ရောက်လတ်သော် ဖခင် ဖြစ်သော မင်းနှင့် ပုဏ္ဏားတို့သည် ဟတ္ထိပါလအား ရဟန်းပြုလို စိတ်ရှိမရှိ သိလိုသောကြောင့် သူကိုယ်တိုင် ရဟန်းအသွင်ဖြင့် ဟတ္ထိပါလထံသို့ သွားရောက် စုံစမ်းကြကုန်၏။ ဟတ္ထိပါလသည် ထိုရဟန်းတို့အား ခရီးဦးကြိုဆိုမှု အရိုအသေပြုမှု လက်အုပ်ချီမှု စသည်တို့ကို ပြုလေ၏။ မင်းနှင့် ပုဏ္ဏားတို့သည် မိမိတို့၏ အကြောင်းမှန်ကို ပြောပြကြကုန်၍ ဟတ္ထိပါလအား ဗာရာ ဏသီပြည် ထီးနန်းကို အပ်နှင်းလေ၏။ ဟတ္ထိပါလ လုလင်သည် ထီးနန်းကို ပယ်မြစ်၍ ဖခင်တို့အား တရားဟောကာ တောသို့

ထွက်၍ ရဟန်းပြုလေ၏။ ထို့အတူ အဿပါလ၊ ဂေါပါလ၊ အဇပါလ တို့သည်လည်း တောထွက်ကုန်၍ ရဟန်းပြုကုန်၏။

ထိုမှနောက်၌ ဖခင် ပုဏ္ဏားကြီးနှင့် မိခင်ပုဏ္ဏေးမ၊ သေုကာရီ မင်းနှင့် မိဖုရား၊ ဗာရာဏသီပြည် မိဖုရား၊ ဗာရာဏသီ ပြည်သူ ပြည်သားတို့မှစ၍ ၇-ပြည်ထောင်ကုန်သော မင်းတို့နှင့် တိုင်းသူ ပြည်သားတို့သည် ထိုညီနောင် ၄-ပါးတို့၏ နောက်သို့ အတု လိုက်ကုန်၍ တောထွက်ကာ ရဟန်းပြုကြကုန်သတည်း။

ယခုလူတို့ အတုယူဖို့

အကျွန်ုပ်တို့၏ ဗုဒ္ဓအလောင်းတော်မြတ်သည် လုမ္ဗိနီသာမော အင်ကြင်းတော၌ ဖွားမြင်တော်မူခဲ့သည်၊ အသက် ၂၉-နှစ် အရွယ်သို့ရောက်သော် တောထွက်၍ ဥရုဝေဠတော၌ ဒုက္ကရ စရိယာကျင့်တော်မူခဲ့သည်။ ထိုမှနောက်၌ဗောဓိပင်အောက်ဝယ် ဘုရားဖြစ်တော်မူသည်။ မိဂဒါဝုန်တော၌ ဓမ္မစကြာ တရားဦး ဟောခဲ့သည်။ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော၌ ပရိနိဗ္ဗာန် စံတော်မူခဲ့သည်။

ရှေးမင်းမြတ်တို့သည်လည်း ဆံတပင်ဖြူက တောထွက်တော် မူခဲ့ကြကုန်၏။ ပရိယတ် ပဋိပတ် ကျွမ်းကျင်တော်မူခဲ့ကြကုန် သော ရှေးဆရာတော် အကျော်အမော်တို့သည်လည်း တော ကျောင်း၌သာ ပျော်မွေ့တော်မူခဲ့ကြကုန်၏။ ယခုမျက်မှောက် ခေတ်ရှိ ကျွန်ုပ်တို့သည်လည်း ရှေးသူတော်စင်အပေါင်းတို့ ကိန်း အောင်း မှီခိုခဲ့ရာ ဂူချောင်ရိပ်သာ တောဝနာ အသီးသီးတို့သို့ တခါတည်း အပြတ်မသွားနိုင်ကြသေးစေကာမူ မကြာမကြာ အရောက်သွားပြီးလျှင် သမထ ဝိပဿနာ တရားတို့ကို ကြိုးစား သင့်လှပါကုန်သတည်း။

# မှန်မြတ်သော အောင်နိုင်ခြင်းတရား

## ဗုဒ္ဓနှင့် အနုတ္တ ပုစ္ဆကပုဏ္ဏား

ဂေါတမ နွယ်ဖွား မြတ်ဘုရားသည် သာဝတ္ထိ ပြည်မှန် ဇေတဝန်ရွှေကျောင်း၌ တရားနာ ပရိသတ်အပေါင်း ခြံရံလျက် ကိန်းအောင်းမွေ့လျော် စံနေတော်မူ၏။ ထိုအခါ၌ အနုတ္တ ပုစ္ဆက မည်သော ပုဏ္ဏားတယောက်သည် မြတ်ဗုဒ္ဓထံ ချဉ်းကပ်၍ သူသိလိုသော အချက်အလက်တို့ကို မြတ်ဗုဒ္ဓအား မေးမြန်း လျှောက်ထားလေသည်။ မြတ်ဗုဒ္ဓကလည်း မေတ္တာ,ကရုဏာ ရှေ့ထား၍ ဖြေကြား ဟောမိန့်တော်မူလေသည်။ ယင်း အမေး အဖြေတို့ကို ဖော်ပြလိုက်ပါသည်။

### အကျိုးမဲ့ကြောင်း ၆-ပါး

ပုဏ္ဏား – အို…မြတ်ဗုဒ္ဓ၊ ရှင်တော်မြတ်ဗုဒ္ဓတို့သည် အကျိုးစီးပွား ကိုသာလျှင် သိတော်မူကြကုန်၏။ အကျိုးစီးပွားမဲ့ ကိုကား သိတော်မမူကြဟု တပည့်တော် ထင်မြင်မိ ပါသည်ဘုရား။

ဗုဒ္ဓ – အို….ပုဏ္ဏား၊ (၁) နေထွက်အောင် အိပ်ခြင်းသည်ရင်း၊
(၂) ပျင်းရိခြင်းသည်ရင်း၊

(၃) ကြမ်းကြုတ်ခက်ထန်ခြင်းသည်ရင်း၊
(၄) အရှည်သေသောက် ကြူးခြင်းသည် ရင်း၊
(၅) တယောက် ထည်းတည်း ခရီးရှည် သွားခြင်းသည်ရင်း၊
(၆) သူတပါး၏ မယားကို ပြစ်မှား လွန်ကျူးခြင်းသည်ရင်း၊ ရှိ၏။

အို....ပုဏ္ဏား-သင်သည် ဤ ၆-ပါးသောတရားတို့ကို ပြုလုပ်မိ၀ံကြည့်စမ်းလော့။ သင့်အား အကျိုးစီးပွားမဲ့သည် မုချ ဖြစ်လိမ့်မည်တည်း။

## ယုံမှားကင်း၍ ချီးမွမ်းခြင်း

ပုဏ္ဏား – အို .... မြတ်ဗုဒ္ဓ၊ ဂိုဏ်းဆရာကြီး ဖြစ်တော်မူသော မြတ်ဗုဒ္ဓ၊ ဂိုဏ်းတို့၏အကြီးအမှူး ဦးစီးခေါင်းဆောင်ခေါင်ထွဋ် ဧ၁မြတ်ဆုံးဖြစ်တော်မူသော မြတ်ဗုဒ္ဓ၊ ကောင်းပါ့ပေစွ ကောင်းပါပေစွ၊ အရှင်မြတ်ဗုဒ္ဓ တို့သည်ကား၊ အကျိုးစီးပွားကိုလည်း သိတော်မူ ကုန်စွတကား၊ အကျိုးစီးပွါးမဲ့ကိုလည်း သိတော်မူကုန်စွတကား။

## အမွန်မြတ်ဆုံး အောင်နိုင်ခြင်းတရား

ဗုဒ္ဓ – အို .... ပုဏ္ဏား-ဤသို့လျှင် ငါဘုရားနှင့် တူသော အကျိုးရှိ အကျိုးမဲ့ကို သိတော်မူတတ်သောသူမည်

သည် မရှိသည်သာတည်း။ အို…ပုဏ္ဏား-သင်သည် အဘယ်အမှုဖြင့် အသက်မွေးသနည်း။

ပုဏ္ဏား – အို….မြတ်ဗုဒ္ဓ ရှင်တော်ဂေါတမ-တပည့် တော်သည် ကြွေအန်ကစားမှုဖြင့် အသက်မွေးပါသည်ဘုရား။

ဗုဒ္ဓ – အို..ပုဏ္ဏား-အသို့နည်း၊ သင့်အား နိုင်ခြင်း ဖြစ်သလော၊ ရှုံးခြင်းဖြစ်သလော။

ပုဏ္ဏား – အို….မြတ်ဗုဒ္ဓ-တပည့်တော်အား ရှုံးခြင်းလည်း ဖြစ်ပါသည်၊ နိုင်ခြင်းလည်း ဖြစ်ပါသည်ဘုရား။

ဗုဒ္ဓ – အို….ပုဏ္ဏား-ဤသင်၏နိုင်ခြင်းသည်အနည်းငယ်သာတည်း။ သူတပါးကိုနိုင်သောသူ၏ အောင်ခြင်းသည် မမြတ်။ အကြင်သူသည်ကား ကိလေသာကို နိုင်းခြင်းဖြင့် မိမိကိုယ်ကို အောင်၏။ ထိုသူ၏ အောင်ခြင်းသည်သာ မြတ်၏။ ထို မိမိ ကိုယ် ကို အောင်သောသူကို တစုံ တယောက်သော သူသည် ရှုံးအောင် ပြုခြင်းငှါ မတတ်နိုင်သည်သာတည်း။

အို….ပုဏ္ဏား၊မိမိကိုယ်ကို ဆုံးမပြီးသော အမြဲတန်း ကိုယ်စိတ်နှုတ်လုံး သုံးပါးလုံးကို စောင့်စည်းသော အကျင့်ရှိသော ထိုသို့သော သဘောရှိသော သတ္တဝါဟု ဆိုအပ်သော ယောကျ်ားတယောက် ဆိုစလောက်သူ၏ အောင်နိုင်ခြင်းကို ရှုံးနိမ့်အောင် နတ်သည်လည်း မပြုနိုင်ရာ။ ဂန္ဓဗ္ဗနတ်သည်လည်း မပြုနိုင်ရာ။ ဗြဟ္မာမင်းသည်လည်း မပြုနိုင်ရာ။ ထို့ကြောင့် ထိုယောကျ်ားကြီး၏ ကိလေသာကို အောင်နိုင်ခြင်းဖြင့် အောင်ပြီးသော ကိုယ်သည် စင်စင် မြတ်၏။ ဤမှတပါး ကြွေအန် စစ်တိုက်

စသည်ဖြင့် အောင်နိုင်သော ဤသတ္တဝါအပေါင်းသည် ရှိ၏။ ထိုသတ္တဝါအပေါင်း၏ ကစားပွဲစသည်ကို အောင်နိုင်ခြင်းဖြင့် အောင်နိုင်သောကိုယ်သည် မမြတ်သည်သာတည်း။

## နည်းယူမှတ်သား ကျင့်စို့လား

ကျွန်ုပ်တို့သည်ဗုဒ္ဓဟောကြားတော်မူသော ဤအကျိုးစီးပွါးမဲ့ကြောင်း ၆-ပါးတို့ကိုရှောင်ကြကုန်၍ ထိုမှအပြန်အကျိုးစီးပွားဖြစ်ထွန်းကြောင်းတရား ၆-ပါးတို့ကို ပြုကျင့်ကြပါကုန်စို့။ ကြွေအန်ကစားခြင်းစသည်ဖြင့် သူတပါးကို အောင်နိုင်ခြင်းတို့ကို ဂုဏ်ယူဝင့်ကြွားမနေကြတော့ပဲ ကိလေသာကို အောင်နိုင်ခြင်းဖြင့် မိမိကိုယ်ကို အောင်မြင်နိုင်အောင် ဒါန, သီလ, ဘာဝနာတရားတို့ကို ကြိုးစားကြပါကုန်စို့။ ကိုယ်နှုတ်နှလုံး သုံးပါးလုံး ယဉ်ကျေးအောင် မိမိကိုယ်ကို သတိပဋ္ဌာန်ဝိပဿနာတရားတို့ဖြင့် ဆုံးမသွန်သင်ကြပါကုန်စို့။ (ဓမ္မပဒ သဟဿဝဂ် အနတ္တပုစ္ဆကပုဏ္ဏား ဝတ္ထု)

# မီးကိုရေဖြင့် ငြိမ်းစေသလို

## အကောင်းအဆိုး ထိုနှစ်မျိုး

အဒေါသဟူသော မေတ္တာသည် စမ်းရေလို အေးမြ၍ ဒေါသသည် မီးလိုပူလောင်တတ်လေသည်။ မေတ္တာသည် အအေး၊ ဒေါသသည် အပူ၊ မေတ္တာသည် အနူး၊ ဒေါသသည် အကြမ်း၊ မေတ္တာသည် အစို၊ ဒေါသသည် အခြောက်၊ မေတ္တာသည် အတည်အငြိမ်၊ ဒေါသသည် အထအကြွ၊ အလှုပ်အရှား၊ မေတ္တာသည် အကြည်အလင်၊ ဒေါသသည် အနောက်အကျု၊ မေတ္တာသည် အလင်းအဖြူ၊ ဒေါသသည် အမှောင်အမဲ၊ မေတ္တာသည် အကောင်း၊ ဒေါသသည် အဆိုးဟု အသီးသီးခွဲခြား၍ ဆိုရချေမည်။

ထိုအကောင်းအဆိုး ဓာတ်နှစ်မျိုးတို့သည် ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်တရားတို့ ဖြစ်ကြရကား အကောင်းဓာတ်ပေါ်သည့်အခါ အဆိုးဓာတ် ပျောက်သကဲ့သို့ အဆိုးဓာတ်ပေါ်သည့်အခါ၌လည်း အကောင်းဓာတ် ပျောက်ရမြဲဖြစ်ချေသည်။ အမှန်သော်ကား အဆိုးဓာတ်ပျောက်၍ အကောင်းဓာတ် ပေါ်ဖို့ရန်သာ အရေးကြီးလှပေသည်။

## မီးကိုရေဖြင့်ငြိမ်းစေသလို

ယင်းသို့ အဆိုးဓာတ် ဒေါသပျောက်၍ အကောင်းဓာတ် မေတ္တာပေါ်ဖို့အတွက် မြတ်ဘုရားက "အက္ကောဓေန ဇိနေ

ကောဓံ-အမျက်ဒေါသကို မေတ္တာတရားဖြင့် အောင်ရာ၏''ဟု ဟောမိန့်တော်မူခဲ့ပေသည်။ မှန်ဘိ၏၊ မီးကို ရေဖြင့် ငြိမ်းအေးစေသကဲ့သို့ ဒေါသအမျက်ကိုလည်း မေတ္တာဓာတ်ဖြင့် ငြိမ်းသတ်စေမှသာ အောင်နိုင် ငြိမ်းအေးနိုင်မည် မဟုတ်ပါလော။

မေတ္တာဖြင့် ဒေါသကို အောင်နိုင်ခဲ့ပုံကို သာဓက အမြွက်မျှ ထုတ်ဖော်ပြပါဦးအံ့၊ ဗုဒ္ဓမြတ်စွာသည် သီရိမာကို အောင်နိုင်ခဲ့သူ ဥတ္တရာကို အကြောင်းပြု၍ ဤတရားကို ဟောကြားတော်မူခဲ့လေသည်။ အောင်နိုင်ခဲ့ပုံအကြောင်းကား အောက်ပါအတိုင်း ဖြစ်ပေသည်။

တခုသော သီတင်းကျွတ်လပြည့်၏အဖိတ်နေ့ညနေဖြစ်သည်။ ရာဇဂြိုဟ်ပြည်တွင်း ကိုနန္ဒတို့၏ မီးဖိုဆောင်ရှေ့ဝယ် နိယတဗုဒ္ဓဘာသာ သောတာပန်သူဌေးကြီး ဦးပုဏ္ဏနှင့် နိယတဗုဒ္ဓဘာသာ သောတာပန် သူဌေးကတော် ဒေါ်ဥတ္တရာတို့၏ သမီး နိယတဗုဒ္ဓဘာသာ သောတာပန် မယ်ဥတ္တရာသည် သူ၏ အခြေအရံ အပေါင်းအသင်းနှင့်တကွ မြတ်ဗုဒ္ဓ အမှူးရှိသော သံဃာတော် အပေါင်းအား ဆွမ်းကပ်ရန်အတွက် ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ချက်ပြုတ် ဖုတ်ကင် စီရင်လျက်ရှိပေသည်။

ဤကဲ့သို့ မယ်ဥတ္တရာ ကုသိုလ်ပြုနိုင်ရေးအတွက် တနေ့လျှင် အသပြာတထောင်ပေး၍ ငှါးထားသော ဤရာဇဂြိုဟ်မြို့သူ သီရိမာဟူသော ပြည့်တန်ဆာမနှင့်အတူ အိမ် အပေါ် ထပ်ပြာသာဒ်ဆောင်ထက်၌ အပျော်ကြူးလျက်ရှိသော သူဌေးမင်းဦးသုမန၏သား ကိုနန္ဒသည် လေသောက်တံခါး၌ ရပ်လျက် အမှတ်မထင် အောက်သို့ ငုံ့ကြည့်လိုက်ရာ အိုးမဲအလူးလူး ပြာအလူးလူး ချွေးတလုံးလုံးဖြင့် ချက်ရေးပြုတ်ရေး အလုပ်ရှုပ်ထွေး

နေသူ မယ်ဥတ္တရာကို မြင်ရလေသည်။ ထိုအခါ ဗုဒ္ဓသာသနာ တော်၏ တန်ဘိုးကို မသိမြင် နိုင်သေးသော ကိုနန္ဒသည် "ဩော်-ငါ့ဇနီး မယ်ဥတ္တရာနယ်နော်၊ ချမ်းချမ်းသာသာ လုပ်စာ ငါ့ထားရာမှာတော့ မနေနိုင်ပဲနဲ့ ဘာမဟုတ်တဲ့ ကတုံး ဦးပြည်းတွေအတွက်နဲ့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေလိုက်တာဟဲ့" ဟု၊ စိတ်ထဲမှ ရှုတ်ချပြစ်တင်ယင်း ရယ်သွမ်းသွေးကာ တံခါး ပေါက်မှ မျက်နှာလွှဲ၍ အိပ်ခန်းဆီသို့ ပြန်လာခဲ့လေသည်။

ခေတ္တမယား မယ်သီရိမာသည်လည်း ထိုခေတ္တလင် ကိုနန္ဒ၏ အမူအရာကို အကဲခတ်၍ လေသော့က် တံခါးသို့ သွားရောက်ကာ အောက်သို့ ငုံ့ကြည့်လိုက်ပြန်၏။ ထိုအခါ ချက်ရေး ပြုတ်ရေး ကုသိုလ်ရေးအတွက် အလုပ်ရှုပ်နေသူ မယ်ဥတ္တရာကို မြင်ရသော မယ်သီရိမာသည် "အင်း-သင်း ငါ့လင်ကို မြူ ဆွယ်ဟန်ထင့်" ဟု နှလုံးပိုက်ကာ မိမိ၏ ခေတ္တမယားအဖြစ်ကို သတိမရနိုင်တော့ပဲ တကယ့် သူဌေးကတော်လို စည်းစိမ်မာန် တက်၍ မယ်ဥတ္တရာအပေါ်၌ ဒေါသအမျက် ချောင်းချောင်း ထွက်လေ၏။ ဒေါသကို မချုပ်တည်းနိုင်တော့သော မယ်သီရိမာ သည် အိမ်အပေါ်ထပ် ပြာသာဒ်ဆောင်ပေါ်မှ ဆင်းလျက် မယ်ဥတ္တရာတို့ ချက်ပြုတ်ရာမှ ထောပတ်ဆီပူကို ခပ်ယူ၍ အိမ် ရှင်မ-မယ်ဥတ္တရာ၏ အထက်၌ လောင်းပက်ရန် လာခဲ့လေ သည်။

မယ်ဥတ္တရာလည်း ထိုသို့လာသူ မယ်သီရိမာကို မြင်ရလျှင် "ဩော်-ဤခင်ပွန်းမ သီရိမာကား ငါ၏ ကျေးဇူးရှင် ဖြစ်လေသည်။ ငါ့အရှင် သူဌေးကို သူလုပ်ကျွေး ပြုစုပေသော ကြောင့်သာ ငါသည် ဒါန, သီလ, ဘာဝနာတို့ကို ပြုခွင့်

ရပေသည်။ ယူဇနာ တသန်း, နှစ်သိန်း, သုံးသောင်း, လေးရာ, ငါးဆယ် ကျယ်ဝန်းသော စကြဝဠာနှင့် သီရိမာ၏ ကျေးဇူးကို စာသော် စကြဝဠာကား ကျဉ်းသေး၏။ သီရိမာ၏ ကျေးဇူးကား ကျယ်ဝန်းလှပေ၏။ အကနိဋ္ဌ ဗြဟ္မာပြည်ကား နိမ့်သေး၏၊ သီရိမာ၏ ကျေးဇူးကား မြင့်ပေ၏။ ထို့ကြောင့် သီရိမာကို ငါ အမျက်မရှိသင့်ပေ။ အကယ်၍ ငါ အမျက် ရှိချေအံ့။ ယခု လောင်းအံ့သော ဆီပူသည် ငါ့ကို လောင်စေသတည်း။ အကယ်၍ ငါ အမျက်မရှိမူကား ချမ်းအေးစွာသော နံ့သာရည် ပြောင်းကဲ့သို့ သွန်းလောင်းတိုင်း အေးမြသင်းပျံ့ပါစေသတည်း''ဟု မေတ္တာသဘောဖြင့် မနောဓိဋ္ဌာန် ပြုလျက် ခံလင့်၍ နေလေ၏။ သီရိမာလည်း ယူလာသော ထောပတ် ဆီပူဖြင့် လောင်းလေသော် မယ်ဥတ္တရာ၏ မေတ္တာ အာနုဘော်ကြောင့် မယ်ဥတ္တရာအား အနည်းငယ်မျှပင် မပူလောင်သည့်အပြင် စန္ဒကူး သီတာရေစင်ဖြင့် သွန်းလောင်းသကဲ့သို့ အေးမြ သင်းပျံ့ပေ၏။

ထိုအခါ ''ဤထောပတ်ဆီသည် အေးနေဟန်ထင့်''ဟု နောက်ထပ် ဥတ္တရာကို လောင်းရန် ထောပတ် ဆီပူ ယူလာပြန်သော သီရိမာကို ဥတ္တရာ၏ အခိုင်းအစေတို့က မြင်ကြ၍ ''ဟယ် သူယုတ်မ သီရိမာ၊ နင်ဒီနေရာက ခုထွက်သွားစမ်း။ ငါတို့ရဲ့ သခင်မကို ဒီထောပတ် ဆီပူနှင့်လောင်းရန် မတော်ဘူး''ဟု ခြိမ်းခြောက် မောင်းမဲကြကာ ဝိုင်းဝန်း ရိုက်နှက် ကန်ကျောက်ကြလေရာ သီရိမာသည် နေရာတွင် လဲကျလေ၏။ မယ်ဥတ္တရာသည် သူ့အခိုင်းအစေတို့ကို သီရိမာအား မရိုက်နှက်ရန် တားမြစ်သော်လည်း မနိုင်ပဲ ရှိလေသည်။ ထိုနောက်မှ သီရိမာ၏

အပေါ်မှာ ဝိုင်းဖိနေကြသော ကျွန်မတို့ကို အတင်းတားမြစ်၍ သီရိမာကိုလည်း ဆုံးမ၍ ရေနွေးနှင့် နွားနို့ကာ ဒဏ်ရာတွေကို ဆေးလိမ်းပေးလေသည်။

ထိုခဏ၌ သီရိမာသည် သူမှားကြောင်း နောင်တကြီးစွာ ရ၍ ဥတ္တရာအား ဝန်ချတောင်းပန်၏။ ဥတ္တရာက မြတ်ဘုရားကို တောင်းပန်မှ ကျေနပ်မည်ဟုဆိုရာ သီရိမာသည် မြတ်ဘုရားအား တောင်းပန်ရန် သဘောတူလိုက်ပြီး မနက်ဖြန် နံနက် ဥတ္တရာအိမ်ကို ကြွလာအံ့သော မြတ်ဘုရားအား ဆက်ကပ် လှူဒါန်းရန် ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကို အိမ်ပြန်၍ စီစဉ်လေသည်။

နောက်တနေ့ သီတင်းကျွတ် လပြည့်နေ့ နံနက်တွင် ဥတ္တရာ အိမ်မှာ မြတ်ဘုရား အမှူးရှိသော သံဃာတော်များအား ဆွမ်း ကပ်အပြီးတွင် သီရိမာက မြတ်ဘုရားအား တောင်းပန်လေ၏။ မြတ်ဘုရားသည် သီရိမာကိုရော ဥတ္တရာကိုပါ ဖြစ်ပျက်ပုံ အကြောင်းစုံကို မေးမြန်းတော်မူပြီးလျှင် "ကောင်းစွ၊ ချစ်သမီး ဥတ္တရာ၊ (ဧဝံ ကောဓံ ဇိနိတုံ ဝဋ္ဋတိ) အမျက်ဒေါသ မည်သည် ကို ဒီလိုအောင်နိုင်ရန် သင့်လှပါပေတယ်"။ ဤသို့ အစ ရှိသည်ကို မိန့်ပြီးလျှင် အက္ကောဓေန ဇိနေ ကောဓံ-ဂါထာ ကို ဟောတော်မူ၏။ တရားအဆုံးတွင် သီရိမာသည် နောက်ပါ အခြွေအရံ အမျိုးသမီး ငါးရာနှင့်အတူ သောတာပန် တည် လေသည်။ ဤသည်လျှင် ဒေါသကို မေတ္တာက အောင်နိုင်ခဲ့ပုံ သာဓက အမြွက်မျှတည်း။

# အောင်မြင်လိုသော်

လူတိုင်း အောင်မြင်မှုကို လိုလားကြပေသည်။ ခုံမင်မက်မောကြသည်။ လူနာမည်၊ အဆောက်အဦနာမည် အလုပ်အကိုင်နာမည်တို့ကို မှတ်ခေါ်ရာ၌ရင်း၊ သီချင်းစပ်ဆိုရာ၌ရင်း၊ "အောင်ဆန်း၊ အောင်နိုင်၊ အောင်မင်္ဂလာ ကျောင်းတိုက်၊ အောင်ဇေယျပုံနှိပ်တိုက်၊ အောင်ပါစေသီချင်း၊ အ-အက္ခရာ အောင်ပါစေ၊ အောင်ပါစေ၊ သပြေညိုဆိုတဲ့ပန်းရယ်နဲ့ ရေချမ်းကိုလောင်း၊"စသည် စသည်ဖြင့်'အောင်'ဆိုသောစာလုံး၊စကားလုံးကလေးများကိုမပါ ပါအောင်အလုအယက် အသုံးပြုကြကုန်၏။

## အောင်မြင်လိုကြသည် သို့သော်

မှန်လေဘိတောင်း၊ လူတိုင်းပင် အခြားသူတို့နှင့် ယှဉ်ပြိုင်မိကြလျှင် မိမိတို့ကသာ အောင်မြင်လိုကြသည်။ သို့သော် အောင်သူတို့ နည်းကုန်၍ ရှုံးသူချည်းသာ များကုန်၏။ ထိုအထဲမှာ အနည်းငယ်သော အောင်မြင်ပါသည် ဆိုသူတို့သည်လည်း စစ်မှန်သော တည်တံ့ခိုင်မြဲသော ကောင်းမွန်မြင့်မြတ်သော အောင်မြင်မှုကို ရရှိသူသည်ကား ရှာမှရှားသလောက်ရှိချေမည်။အဘယ်ကြောင့်နည်း၊လူသားတို့သည် ရှုံးနိမ့်ကြောင်းတရားတို့ကို အထင်

ကြီးမိကုန်၍ အောင်မြင်ကြောင်းတရားတို့ကို အထင်သေးမိတတ်ကြသောကြောင့်တည်း။

## ရှင်းလင်းဦးအံ့

(၁) လောက၌ လူသားတို့သည် ဒေါသပွားခြင်း ရမ်းကားရသည်ကို အာဇာနည်တို့၏အလုပ်ဟု အထင်ကြီးမိတတ်ကြ၊ လွဲမှားတတ်ကြကုန်၍ ခန္တီမေတ္တာပွားခြင်းဖြင့် စောင့်ထိန်း တည်ကြရသည်ကို လူပျော့လူညံ့တို့၏အလုပ်ဟု အထင်သေးမိ တတ်ကြ၊ လွဲမှားတတ်ကြလေသည်။

(၂) မသူတော်စလေ့ဖြင့် မေ့မေ့မောမော နေရသည်ကို လွတ်လပ်သည်၊ ပျော်ရွှင်ဘွယ်ဖြစ်သည်ဟု အထင်ကြီးမိတတ်ကြ၊ လွဲမှားတတ်ကြကုန်၍ သူတော်ထုံးဖြင့် တရားကျင့်သုံးရသည်ကို ကျဉ်းကြပ်ချုပ်ချယ်သည်၊ ပျင်းရိဖွယ်ဖြစ်သည်ဟု အထင်သေးမိတတ်ကြ၊ လွဲမှားတတ်ကြလေသည်။

(၃) မစ္ဆရိယကိုန်းဖြင့် ပစ္စည်းဥစ္စာ၊ ထိန်းသိမ်းရသည်ကို ဂုဏ်မြင့်သည်၊ ချမ်းသာကြွယ်ဝသည်ဟု အထင်ကြီးမိတတ်ကြ၊ လွဲမှားတတ်ကြကုန်၍ ဒါနပြုနည်းဖြင့် ပစ္စည်းလှူဒါန်း ပေးကမ်းစွန့်ကြဲရသည်ကို ဂုဏ်နိမ့်သည်၊ ဆင်းရဲမွဲတေချေမည်ဟု အထင်သေးမိတတ်ကြ လွဲမှားတတ်ကြလေသည်။

(၄) မုသားစနစ်ဖြင့် ကောက်ကျစ် မိုက်မဲရသည်ကို လူပါးလူသွက်တို့၏ အလုပ်၊ စားသာသောအလုပ်၊ အပေါ်စီးဖြင့် ဇိမ်ကြီးနိုင်သောအလုပ်ဟု အထင်ကြီးမိတတ်ကြ၊ လွဲမှားတတ်ကြကုန်၏။ သစ္စာသွင်း၍ ဖြောင့်စင်း လိမ္မာရသည်ကို လူအ, လူန,

တို့၏ အလုပ်၊ မစားသာသောအလုပ်၊ အောက်တန်းကျသော အလုပ်ဟု အထင်သေးမိတတ်ကြ၊ လှဲမှားတတ်ကြလေသည်။

လောကလူသားတို့သည် ဤသို့ဤပုံ အထင်ကြီးမိ အမြင်မှားမိကြသည့် အတိုင်းလည်း အကြောင်းအကျိုး အကောင်းအဆိုးတို့ကို သတိသမ္ပဇဉ် အသိဉာဏ်မယှဉ်မိကြပဲ အလွဲလွဲအချော်ချော် ကြံမှား,ပြောမှား,ပြုမှားမိကြလေကုန်၏။ ဤသို့မှားပုံတော် ပွားနေမိကြသမျှ ကာလပတ်လုံးလည်း အဘယ်မှာလျှင် စစ်မှန် ခိုင်မြဲ၍ ကောင်းမွန်မြင့်မြတ်သော အောင်မြင်မှုတို့ကို ရရှိနိုင်ကြကုန်ရာအံ့နည်း။

## အောင်မြင်လိုသော်

စစ်မှန်သော ခိုင်မြဲသော ကောင်းမွန်မြင့်မြတ်သော အောင်မြင်မှုတို့ကို လိုလားသူတို့သည် စစ်မှန်သော ခိုင်မြဲသော ကောင်းမွန် မြင့်မြတ်သော အောင်မြင်ကြောင်းတရားတို့ကို သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူပြီး ကျင့်သုံးတော်မူပြီးသော ဗုဒ္ဓ၏ အောင်မြင်ကြောင်းတရားတို့ကို ထိရောက်စွာ ကျင့်သုံးကြကုန်ရာ၏။ ဤနေရာ၌ မြတ်ဘုရား ဟောကြားတော်မူခဲ့သော အောင်မြင်ကြောင်းတရား ၄-ပါး တို့ကို ဓမ္မပဒ ဥတ္တရာဥပါသိကာ ဝတ္ထုမှ ထုတ်ဆောင်၍ ပြလိုက်ပေအံ့။

## အဆိုနည်း

၁။ "အမျက် ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏။

၂။ မကောင်းသော သဘောရှိသူကို ကောင်းသော သဘောဖြင့် အောင်ရာ၏။
၃။ နှမြောဝန်တိုသော သဘောရှိသူကို ပေးကမ်းခြင်း ဖြင့် အောင်ရာ၏၊
၄။ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန် ပြော ဆိုခြင်းဖြင့် အောင်ရာ၏" ဟူ၍ပင်တည်း။

## ဥပဒေသ ဆောင်ပုဒ်

၁။ စိတ်ဆိုးသူကို၊ မေတ္တာပို၊ ကိုယ်ကအောင်နိုင်စေ။
၂။ မကောင်းသူကို၊ ကောင်းမှုပို၊ ကိုယ်ကအောင်နိုင် စေ။
၃။ နှမြောသူကို၊ ပေးကမ်းပို၊ ကိုယ်ကအောင်နိုင်စေ။
၄။ မှားပြောသူကို၊မှန်ပြောဆို၊ကိုယ်ကအောင်နိုင်စေ။

# လောဘပျောက်ဖို့-ဩသဓဆေးတက်စို့

## လောဘ ဟူသည်

လောဘ ဟူသည် အာရုံကို တပ်မက်လိုချင် ယူငင်ခြင်း လက္ခဏာရှိ၏။ အာရုံ၌ လွန်စွာကပ်ငြိခြင်းကိစ္စ ရှိ၏။ မစွန့်လွှတ်နိုင်သောတရားလျှင် ရှေးရှုထင်၏။ သံယောဇဉ်၏ အာရုံ ဖြစ်သော တရားတို့၌ သာယာဖွယ်ဟု ရှုထင်သော ဒိဋ္ဌိလျှင် နီးစွာသော အကြောင်း ရှိ၏ ဟု အဘိဓမ္မာကျမ်း၌ လာရှိ၏။

## လောဘ သမုဒ္ဒရာ

လောဘသည် သမုဒ္ဒရာနှင့် တူ၏ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။ မှန်ပါသည်။ သမုဒ္ဒရာသည် မြစ်ကြီး မြစ်ငယ် အသွယ်သွယ်တို့မှ အတိုင်းမသိ ရေတို့သည် စီးဝင်ကုန်သော်လည်း ပြည့်လျှံသည် ဟူ၍ မရှိသကဲ့သို့ လောဘအားကြီးသူတို့သည်လည်း ငါးဖြာအာရုံ ကာမဂုဏ်တို့ကို သုံးဆောင်ခံစားကုန်၍ မဘင်းတိမ် မရောင့်ရဲ မဝနိုင်ပဲသာ ရှိကြလေကုန်၏။

## လောဘမီး

လောဘသည် မီးနှင့်တူ၏ ဟူ၍ငှင်း၊ လောဘသည်ပင်လျှင် မီးဟူ၍ငှင်း မြတ်စွာဘုရား ဟောတော်မူ၏။ မီးသည် သက်ရှိ

သက်မဲ့အရာဝတ္ထု အငူစုတို့ကို လောင်မြိုက်ဝါးမျိုတတ် သကဲ့သို့ သောဘသည်လည်း မိမိကိန်းရာ သတ္တဝါတို့ကို ပူလောင်ဆင်းရဲ စေတတ် လောင်မြိုက် ဝါးမျိုစေတတ်လေသည်။

## သုဝဏ္ဏဟံသ ဇာတ်

လွန်လေပြီးသော ရှေးအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း နန်းစံစဉ် ကျွန်ုပ်တို့ ဗုဒ္ဓအလောင်းတော် ပုဏ္ဏားသည် အရွယ်သို့ရောက်လတ်သော် အမျိုးတူ ပုဏ္ဏေးမ တယောက်နှင့် အကြောင်းဆက်၍ ပေါင်းဘက်နေလေ၏။ ထိုဘုရားအလောင်း ပုဏ္ဏားနှင့် ပုဏ္ဏေးမတို့အား များမကြာမီပင် နန္ဒာ, နန္ဒဝတီ, သုန္ဒရီ ဟူသော သမီးသုံးယောက်တို့သည် ဖွားမြင်ပေါ်ပေါက်လာကုန်၏။ ဘုရားလောင်းပုဏ္ဏားသည် ထိုသမီး သုံးယောက်တို့ အိမ်ထောင်မကျမီပင် အနိစ္စရောက်ရှာသည်။

ထိုအခါ ရွှေဟင်္သာမျိုး၌ ဖြစ်ရရှာလေ၏။ ထို ရွှေဟင်္သာမင်းသည် ဘဝဟောင်းကို ပြန်ပြောင်း၍ အောက်မေ့နိုင်စွမ်းသော ဇာတိဿရဉာဏ်ကိုရ၍ ဘဝဟောင်းမှ မယားနှင့် သမီးတို့ကို ဆင်ခြင်ကြည့်ရှုလေသော် သူတပါးတို့ကို မှီ၍ အသက်မွေးဝမ်းကျောင်းရသဖြင့် ဆင်းရဲနေကြရရှာသည်တို့ကို တွေ့မြင်ရလေ၏။ သံယောဇဉ်ကြီးမားရှာသော ရွှေဟင်္သာငှက်သည် ဘဝဟောင်းမှ မယားနှင့် သမီးတို့ထံ သွား၍ အဖြစ်မှန်ကို ပြောပြကာ သူ၏ကိုယ်မှ ရွှေအတောင်တို့ကို နုတ်၍ မယားနှင့် သမီးတို့အား တခုစီ တခုစီသော ရွှေအတောင်တို့ကို ပေးလျက် ခေါင်မ ကြည့်ရှုလေ၏။

တနေ့သ၌ ပုဏ္ဏေးမသည် လောဘကြီးရကား သမီးငယ်တို့သည် ဘယ်လိုပင် တားမြစ်ကြကုန်သော်လည်း ဇွတ်အတင်းပင် ရွှေဟင်္သာငှက်သည် မှန်မှန်လာမပေးပဲ နေခဲ့သော် နောက်ထပ် ရွှေအတောင် မရမည် စိုးသောကြောင့် ရွှေအတောင်ပေးလာသော ရွှေဟင်္သာငှက်ကို ဖမ်း၍ ရွှေအတောင် အားလုံးတို့ကို ရက်စက်စွာ နှုတ်ယူလေ၏။

ရွှေဟင်္သာငှက်သည် မကြည်ဖြူပဲ ဇွတ် လုယက် နှုတ်ယူသောကြောင့် ရွှေအတောင် အားလုံးတို့သည် ဗျိုင်းတောင်ကဲ့သို့ဖြစ်ကုန်၏။ ပုဏ္ဏေးမသည် နောက်ထပ် ရွှေအတောင်များပေါ်ပေါက်လာလိုလာငြား နှလုံးထားဖြင့် ရွှေဟင်္သာငှက်ကိုအိုးကြီးထဲထည့်၍ မွေးမြူလေ၏။ ထိုရွှေဟင်္သာ ငှက်အားနောက်ထပ်ပေါက်လာသော အတောင်တို့သည်လည်း အလုံးစုံဖွေးဖွေးဖြူကုန်သည် သာတည်း။ ရွှေဟင်္သာငှက်သည် နောက်ထပ်ပေါက်လာသော အတောင်များစုံလတ်သော် ကောင်းကင်သို့ ပျံတက်၍ မိမိနေရာ တောဝနာသို့ ပြန်သွား၍ တဖန်ပြန်မလာဝံ့တော့ပါချေတကား။

## လောဘ ပျောက်ဖို့ - ဩသဓ သောက်စို့

ဤသည်တို့ကို ထောက်ရှုလတ်သော် လောဘ ဟူသည်တင်းတိမ်ရောင့်ရဲခြင်း မရှိ။ လောဘ အလိုသို့ လိုက်သည်ရှိသော်မီးခိုးမဆုံး မိုးမဆုံးသာ ဖြစ်ချေမည်။ ရလေ လိုလေသာ ဖြစ်ချေမည်။ လောဘသည် လောင်မြိုက်ဖျက်ဆီးတတ်၏။ ပူလောင်ဆင်းရဲစေတတ်၏။ အကျိုးအကြောင်း အဆိုးအကောင်းတို့ကိုမသိတတ်။ ကျေးဇူးကန်းတတ်၏။ ထို့ကြောင့် ဝိသမလောဘ

လွှမ်းမိုးခံရသော ရပ်ကွက်, မြို့ရွာ, နယ်ပယ်, တိုင်းပြည်တို့၌ အမြတ်ကြီး စားခြင်း၊ ခေါင်းပုံ ဖြတ်ခြင်း၊ အလစ် သုတ်ခြင်း၊ ခိုးယူ လုယက် တိုက်ဖျက်ခြင်း၊ လိမ်လည် လှည့်ဖြားခြင်း၊ ညာစားခြင်းတို့ ရှိကြသည်မှာ မရှောင်ကွင်းနိုင်သော ဓမ္မတာ တရပ်ပေတည်း။

လောဘ လွှမ်းမိုးသော ကမ္ဘာသည် စစ်မီးတောက်များ ငြိမ်းလိမ့်မည် မဟုတ်ပေ။ မှန်ပေသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ကျမ်းဂန်များ၌ သတ္တဝါတို့ လောဘ အားကြီးသော ကမ္ဘာသည် မီးဖြင့် ပျက်စီးရတတ်သည်ဟု အဆိုရှိချေသည်။ ကျွန်ုပ်တို့သည် ဤမျှ ဆိုးဝါးလှသော လောဘပျောက်ရေး အတွက် သဗ္ဗညု ဗုဒ္ဓဂေါတမ၏ မဇ္ဈိမ ပဋိပဒါသြသဓဆေး အမှန်တရား တို့ကို သောက်စား လျှင့်ကြ အားထုတ်ကြပါကုန်စို့။

# ရှေ့သို့ အတ္တ-ပရ လမ်းစဉ် ခရီး

လူ့ဘဝသို့ ရောက်လာကြသော လူသားတို့သည် ဒုက္ခမရှိ သုခအတိ ပြီးသော ရှေ့သို့ မမေ့မလျော့ အသော့ နှင်လျက် ချီတက်ကြရန် အသက်ရှင်နေကြရသည်ဟု ဆိုလျှင် မှားအံ့ မထင်ပေ။

အချိန်သည် နောက်သို့ ဆုတ်သည်မရှိ။ ရှေ့သို့သာ စက္ကန့်မခြား ရွေ့လျား သွားလာလျက် နေသကဲ့သို့ ခေတ်သည်လည်း ရှေ့သို့သာ အမြဲတန်း ရွေ့လျား သွားလာလျက် ရှိချေသည်။ လူတို့သည်လည်း ထို အချိန်နှင့် ခေတ်ကို အမှီလိုက်၍ ရှေ့သို့ ချီတက်ကြရကုန်၏။

ထို့ကြောင့် လူတို့သည် အချိန်ရှိခိုက် လုံ့လ စိုက်ကာ အင်တိုက်အားတိုက် အလုပ်လုပ်နေကြရကုန်၏။ မှန်၏။ အပြစ်ကင်း၍ သန့်ရှင်း မှန်မြတ်သော အတ္တဟိတ ပရဟိတ သုခရကြောင်း အလုပ်ကောင်းတို့ကို လုပ်ကိုင်နေကြရခြင်းသည်ပင် အချိန်နှင့် ခေတ်ကို အမှီလိုက်၍ ရှေ့သို့ ချီတက် နေကြခြင်း မဟုတ်ပါလော။

အကြင်သူသည် အပျင်းခိုယင်း အလုပ်ကင်းနေအံ့။ ထိုသူသည် မှောင်မဲနေသော ခေတ် နောက်ထဲ၌ ခွေလဲနောက်ကျ

ဒုက္ခရောက်၍ ကျန်ရစ်ခဲ့ရမည်သာ။ ထို့အတူပင် အကြင် အိမ်ထောင်စုသည်ရင်း၊ အကြင်ရပ်၊ အကြင်ရွာ၊ အကြင်မြို့နယ်၊ အကြင်မြို့၊ အကြင်တိုင်းပြည် အလီလီသည်ရင်း ရှေ့သို့ ချီမတက်ပဲ ရေသာခိုယင်း အလုပ်ကင်းနေငြားအံ့။ ထိုအိမ်ထောင်စုသည်ရင်း၊ ထိုရပ်၊ ထိုရွာ၊ ထိုမြို့၊ ထိုနယ်၊ ထိုတိုင်းပြည် အလီလီသည်ရင်း မှောင်မဲနေသော ခေတ်နောက်ထဲ၌ ခွေလဲနောက်ကျ ဒုက္ခရောက်၍ ကျန်နေရစ်ခဲ့ရမည် သာတည်း။

မှန်၏။ လျင်မြန်သောမြင်းသည် ခွန်အားနည်းသော မြင်းကို ချန်ထား၍ သွားသကဲ့သို့ မေ့လျော့သူအပေါင်းတို့တွင် မမေ့လျော့သော ပညာရှိသည် (မေ့လျော့သူကို) ချန်ထား၍ သွား၏။ သတိလွတ်ကင်း နိုးကြားခြင်းမရှိသူ အပေါင်းတို့တွင် သတိပွားများ နိုးကြားသူသည် သတိလွတ်ကင်း နိုးကြားခြင်း မရှိသူများကို ချန်ထား၍ သွား၏ဟု ဓမ္မပဒ အပ္ပမာဒဝဂ် ဒွေသဟာယက ဝတ္ထု၌ မြတ်စွာဘုရားက မိန့်တော်မူခဲ့ပေသည်။

လူသားတိုင်းသည် အပြစ်ကင်း၍ သန့်ရှင်း မှန်မြတ်သော အတ္တဟိတ ပရဟိတ သုခရကြောင်း လောကီ လောကုတ္တရာ လမ်းနှစ်ဖြာ အလုပ်ကောင်းတို့ကို အသက်ရှင်နေသမျှ ကာလ ပတ်လုံး လုပ်ကိုင်နေခြင်းဖြင့် အချိန်နှင့် ခေတ်ကို အမှီလိုက်၍ ရှေ့သို့ ချီတက်ရာသတည်း။

# အသက်ရှည်လိုသော် (၁)

အချို့သူများသည် စိတ်ထိခိုက်သည့်အခါများ၌ "သေချင်သည်"ဟု ညည်းညူတတ်ကြ၏။ သို့သော် တကယ်တော့ သေဘေးမှ ကြောက်လန့်ကြသည်သာ ဖြစ်သည်။

## သေချင်သည်ဆိုလျှင် ပရိယာယ်မျှသာ

ရွာတရွာ၌ အမျိုးသမီးတယောက်သည် သူ၏ ဘဝကြင်ဖော် ခင်ပွန်း သေဆုံးသဖြင့် သူပါ သေရွာသို့ လိုက်ချင်သည်ဟု ဟစ်အော်ငိုကြွေး၍ နေလေသည်။ သေသူ၏ အလောင်းကို သုသာန်သို့ပို့၍ မြေဖို့ရန် ကျင်းထဲသို့ချရာ၌ ထိုအမျိုးသမီးသည် ကျင်းထဲသို့ ဇွတ်ခုန်၍ အကြိမ်ကြိမ်ဆင်း၏။ လူကြီးများက "သတ္တဝါမှန်သမျှ သေမျိုးချည်းမို့ သေကြရမည်ဖြစ်ကြောင်း ငိုသော်လည်း အစားပြန်ရတော့မည် မဟုတ်ကြောင်း" တရားစကားများကို ပြောကြား၍ တားမြစ်ဆုံးမကြ၏။ နီးစပ်သူဆွေမျိုးဉာတိတို့ကလည်း ကျင်းထဲသို့ မဆင်းရန် ဆွဲငင်၍ ထားကြ၏။ သို့သော် ထိုအမျိုးသမီးသည် ဆုံးမ၍လည်း မရ၊ ဆွဲငင်၍လည်း မရပဲ ပြောလေကဲလေ၊ ဆွဲလေကဲလေ ဖြစ်နေသဖြင့် စိတ်မရှည်နိုင်သော လူကြီးတယောက်က "ကဲ.... ဒါလောက်တောင် ဆွဲမရ, ပြောမရလျှင် မည်သူမျှ မပြောကြ၊

မဆွဲကြနဲ့တော့၊ သူပါ သေလိုက သေပါစေ”ဟု ဆိုကာ ထိုအမျိုးသမီးကို ထိုကျင်းထဲသို့ တွန်းချလိုက်လေရာ ထိုအမျိုး သမီးသည် ကြောက်လန့်တကြီးဖြင့် ကျင်းပေါ်သို့ အမြန် ပြန်တက်၍ လာလေသည်။

## သေမည့်ဘေးမှ ကြောက်လန့်ကြ၏

လောက၌ သတ္တဝါတို့သည် ကိုယ်တိုင်သေဖို့ကို မဆိုထားဘိ သေသည်ဆိုသော စကားကို ကြားရုံမျှပင် မကြားလိုကုန်။ ကျန်းမာ ချမ်းသာ၍ အသက် ရှည်လိုကြသည်သာ ဖြစ်ပေ သည်။ သေခြင်းဟူသော ခါးစပ်သည့် ဒုက္ခဝေဒနာကို မခံစား လိုကြ။ လုပ်ရဲလျှင် ခံရဲသည်၊ သတ်ရဲလျှင် သေရဲသည် ဟူကုန် သော လူမိုက်ကြီးတို့သည်ရှင်း၊ တိုင်းပြည်အတွက် အသက်စွန့် ရဲသည် ဟူကုန်သော ကမ္ဘာ့ သူရဲကောင်းကြီး တို့ သည် ရှင်း၊ သေခါနီး၌ ကြောက်ရွံ့ထိတ်လန့်ကုန်လျက် အောင့်သက်သက် ဒေါမနဿ, စိတ္တုပ္ပါဒ်တို့ဖြင့်သာ သေရကုန်လိမ့်မည် ဖြစ်သည်။

စိတ်ညစ်သောကြောင့် ကြိုးဆွဲချသေခြင်း၊ အဆိပ်သောက် ခြင်းစသော နည်းမျိုးစုံတို့ဖြင့် သေ သော သူ တို့ သည် လည်း ထိုနည်းရှင်းပင် ဖြစ်ကြသည်။ ခပ်သိမ်းသော သတ္တဝါတို့သည် သေခြင်းတရားကို မလိုလားကြကုန်။ မှန်၏၊ (သဗ္ဗေ ဘာယန္တိ မစ္စုနော) ဟု မြတ်ဘုရား ဟောခဲ့သည် မဟုတ်ပါလော။

## အသက်ရှည်ရှည် နေလိုသော်

အနာကင်း၍ ကျန်းမာ ချမ်းသာစွာ အသက်ရှည်ရှည် နေလိုသော် သေခြင်းတရားကို ကြောက်ရွံ့ထိတ်လန့်နေရုံမျှဖြင့်

ကိစ္စမပြီး။ ကျန်းမာ၍ အသက်ရှည်ကြောင်း နည်းလမ်းကောင်း တို့ကို လိုက်နာကျင့်သုံးကြရပေမည်။ထိုကျန်းမာ၍ အသက်ရှည် ကြောင်း နည်းလမ်းကောင်းတို့ကို"ပါဏာဝုဓ-ဆေးကျမ်းခေါ် ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်း စာအုပ်နှင့် ဥဘုဘောဇန သင်္ဂဟ- ဆေးကျမ်း စာအုပ်တို့"မှ ထုတ်နှုတ်၍ အကျဉ်းချုပ် ဖော်ပြပေအံ့။

ကျန်းမာ၍ အသက်ရှည်စွာနေလိုသူတို့အတွက် လောကဓာတ် ပညာရှိ တစုက အောက်ပါ နည်းအညွှန်းများကို ရေးသား ဖော်ပြကြ၏။

(၁) သင့်နေထိုင်သော အခန်းတို့ကို လေ ကောင်းမွန်စွာ ဝင်ထွက်သွားလာနိုင်ရန် သတိနှင့် ကြည့်ရှုပြုလုပ်ရ မည်။
(၂) အိမ်ပြင်ဘက်၌ လုပ်ကိုင်ရသော လုပ်ငန်းနှင့် ဟဒယ ရွှင်မြူးပြီး နားနေရန် အကြောင်းကို ရှာပါ။
(၃) တတ်နိုင်လျှင် အိမ်အပြင်မှာ အိပ်ပါ။
(၄) အသက်ပြင်းပြင်း ရှူရှိုက်ပါ။
(၅) အစားမကြူးပါစေနှင့်။
(၆) အသား, မဆလာနှင့် အမွှေးအကြိုင် ခပ်သော ဟင်းများကို များစွာ မစားပါလေနှင့်။
(၇) နှေးနှေးစား၍ အစာကို ကြေညက်အောင် ဝါးပါ။
(၈) နေ့စဉ် ဝမ်းမှန်မှန် သက်စေရမည်။
(၉) မတ်မတ်ထိုင်,မတ်မတ်ရပ် မတ်မတ်လမ်းလျှောက်ပါ။
(၁၀) သွား, လျှာ, သွားဖုံးတို့ကို သွားပွတ်တံနှင့် နေ့စဉ် ပွတ်တိုက်ပြီး စင်ကြယ်အောင် ထားပါ။

(၁၁) အဆိပ်အတောက်နှင့် ရောဂါပိုးမွှားတို့ကို ခန္ဓာကိုယ်ထဲသို့ မဝင်ရအောင် ရှောင်ပါ။

(၁၂) အလုပ်ကို ပို၍ အလွန်မောအောင် မလုပ်ပါနှင့်၊ မောလျှင် နားပါ။ တညဥ့်လျှင် လိုသလောက် ၇-နာရီမှ ၈-နာရီအထိ အိပ်ပါ။

(၁၃) စိတ်မတိုစေနှင့်၊ စိတ်ကို ကြည်လင် ငြိမ်သက် စွာထားပါ။

# အသက်ရှည်လိုသော် (၂)

ဥတု ဘောဇန သင်္ဂဟ ကျမ်းပြု ယောမြို့စား အတွင်းဝန် **ဦးဘိုးလှိုင်**သည် ပါဠိဘာသာ ကျမ်းကျင် တတ်မြောက်သူ ဖြစ်ရာ ထိုခေတ်ကလည်း ပါဠိ ခေတ်စားသောခေတ် ဖြစ်သဖြင့် ဦးဘိုးလှိုင် ပြုစုသော ဥတုဘောဇန သင်္ဂဟ ကျမ်း၌လည်း ကျန်းဂန် ပါဠိတို့ကို များစွာ ကိုးကား၍ ရေးထားသည်ကို တွေ့ရ၏။ ဤ၌ လိုရင်းမြန်မာပြန်တို့ကိုသာ ထုတ်ပြပါအံ့။

## အိပ်ပျော်လိုသော်

ရှောက် သခွါး ရွက်မှုန့်ကို ပျားရည်နှင့်နယ်၍ အိပ်ခါနီး အခါ လျက်ခြင်းသည် ချမ်းသာစွာ အိပ်ပျော်၏။

## အသက်ရှည်လိုသော မင်းကြီး

သီဟိုဠ်ကျွန်း၌ ဝသဘ- မင်းကြီးသည် မင်း အဖြစ်သို့ ရောက်လျှင် ရောက်ခြင်း အာယုဒါယ- တွက်တတ်သော သူကို ခေါ်၍ အသက်ပမာဏကို တွက်ချက်စေရာ အသက်ကြွင်း ၁၅-နှစ်သာ ရှိကြောင်း ဟောသည်။ ဟောသူကို အခြား သူတို့ကိုမပြောရအောင် နှုတ်ပိတ် ဒင်္ဂါးတထောင်ပေး၍ သံဃာ တော်တို့ကို စည်းဝေးစေပြီး အသက်ရှည်ရာသော အကြောင်း

အန္တရာယ်ကင်းရာသော အကြောင်းတို့ကို မေးလျှောက်ရာ သံဃာတော်များက....

"လူတို့ကို အစိုးရသော မင်းကြီး၊ ရေစစ် အသွက်ကိုင်း၊ ကျောင်းဇရပ် စသော အရိပ်သခ်မ်း အလှူကိုင်း၊ လူနာ မိုဝဲရာဖြစ်သော လေဆေး အစရှိသော အလှူကိုင်း၊ လှူအပ်၏။ ဟောင်းနွမ်းပျက်စီးလေသော ကျောင်း, ဇရပ် စသော အရိပ် သခ်မ်းကို ပြင်ဆင်လုပ်ဆောင်ခြင်းကို ပြုအပ်၏။ ထိုဒါနမှ တပါး ငါးပါးသီလကို ခံယူဆောက်တည်ခြင်းကိုလည်း ပြုအပ်၏"ဟုလည်း ဟောတော်မူကြသည်။ ဤသို့ သံဃာတော် တို့ ဟောသည့်အတိုင်း ကုသိုလ်တို့ကို ပြုသောကြောင့် ၁၅-နှစ် မက နောက်ထပ် အနှစ် ၄၀-ကျော်အောင် နန်းစံရကြောင်း မဟာဝင်ကျမ်း၌လာ၏။

### အသက်ရှည်တတ်သော အကြောင်း ၅-ပါး

ရဟန်းတို့-အသက်ရှည်တတ်သောအကြောင်းတရားတို့သည် ဤ ငါးပါးတို့ပါတည်း။

(၁) သင့်တင့် လျောက်ပတ်သော ဆေးဝါး, အစား အသောက် အမှုအရာတို့ကိုသာ စားသောက်, စောင့်ရှောက် ခြင်း ပြုလေ့ရှိသည်ဖြစ်၏။

(၂) သင့်တင့် လျောက်ပတ်သော အစား အသောက် ဆေးဝါး စသည် အယုတ်အလွန် မရှိသော ဆေးကျမ်းတို့၌ ဆိုသော အတိုင်းအရှည်မတြာ ပမာဏကို သိတတ်၏။

(၃) ကြေလွယ်သော အစားအသောက်ကိုသာ စား သောက်လေ့ရှိသည်လည်း ဖြစ်၏။

(၄) ဥတုခြောက်ပါး ကာလ အားလျော်စွာ ပြုကျင့်လေ့ ရှိသည်လည်း ဖြစ်၏။

(၅) ငါးပါးသီလ၊ ဥပုသ်များကို စောင့်လေ့ ရှိခြင်း၊ လင်နှင့်မယား နှစ်ဦးတို့ တဦးကိုတဦး လွန်ကျူး၍ လင်ငယ်၊ မယားငယ်မယူလေ့ ရှိခြင်းသည်လည်း ဖြစ်၏။

ရဟန်းတို့၊ စင်စစ် ဤအကြောင်းတရား ငါးပါးတို့သည် အသက်ရှည်စေတတ်ကုန်၏။ (ပဉ္စင်္ဂုတ္တရပါဠိတော်)

## နောက်တနည်း

ရဟန်းတို့၊ အသက်ကို ရှည်စေတတ်ကုန်သော တရားတို့သည်ကား ဤဆိုလတ္တံ့သော ငါးပါးတို့တည်း။

(၁) မိမိကိုယ်နှင့် သင့်တင့် လျောက်ပတ်သော အစားအသောက် အနေအထိုင်တို့ကို ပြုလေ့ရှိရာ၏။

(၂) သင့်တင့် လျောက်ပတ်သော အစားအသောက်၌ မိမိဝမ်းနှင့် တော်ရုံသော အတိုင်းအရှည်ကို သိရာ၏။

(၃) ကြေလွယ်သော အစာကို စားသောက်လေ့ ရှိရာ၏။

(၄) အကျင့်သီလနှင့် ပြည့်စုံရာ၏။

(၅) ကောင်းသော အဆွေခင်ပွန်းကို မှီဝဲရာ၏။

ရဟန်းတို့ စင်စစ် ဤဆိုခဲ့ပြီးသော ၅-ပါးတို့သည် အသက်ကို ရှည်စေတတ်ကုန်၏။ (ပဉ္စင်္ဂုတ္တရပါဠိတော်)

## အစာကြေနည်း

ကြေခဲသော ဝက်သား အစရှိသော အစာတို့ကို စားလိုသမျှထက် ထက်ဝက်သာ စား၍ တန်ရာ၏။ ကြေလွယ်သော ဟင်းရွက် စသော အစာတို့ကို အလွန်ဝအောင် မစားရာ။ အကြင် ဆိုခဲ့ပြီးသမျှလောက်သော အစားအသောက် အတိုင်းအရှည်ကို ပြအပ်ပြီ။ ထို ညွှန်ပြခဲ့သလောက်သာ စားသည်ရှိသော် ချမ်းသာစွာ ကြေရာ၏။ (ဥတုဘောဇန- စာမျက်နှာ ၄၅-မှ ၄၈-အထိ)

## ရေသောက်ခြင်း

မျက်နှာသစ်ပြီးနောက် နေမထွက်မီ ညဥ့်သုံးယာမ်က ခပ်ထားသော ရေကို လက်ရှစ်သစ် သောက်ရာ၏။ နံနက်စောစော ရေသောက်ခြင်းသည် မြင်းသရိုက်နာ၊ ကိုယ်ရောင်သော အနာ၊ ဝမ်းကိုက်နာ၊ ဖျားသော အနာ၊ ဝမ်းချုပ်သော အနာ၊ နူနာ၊ အဆီခဲနာ၊ ဆီးဖောက်ပြန်သော မုတ္တာဃတ်နာ၊ သွေးနာ၊ သည်းခြေနာ၊ ခေါင်းသို့ သွေးရောက်သော အနာ၊ မျက်စိနာ၊ လေ သလိပ် သည်းခြေတို့ကြောင့်ဖြစ်သော အနာတို့ကိုနိုင်၍ အနှစ်တရာ ချမ်းသာစွာ အသက်ရှည်၏။ (စာမျက်နှာ ၂၄)

ကမ္ဘာသူ ကမ္ဘာသားတို့သည် ဖော်ပြပါနည်းတို့ကို လိုက်နာကျင့်သုံးနိုင်ကြကုန်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် အသက်ရှည်ကြကုန်လျက် သူတော်ကောင်းတရားတို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေ။

# အရက်ကြောင့်

## အရက်သမား

အချိန်ကား ၁၃၂၉-ခု ဦးတန်ခူးလပြည့်ကျော် ၂-ရက်နေ့၊ ည ၉-နာရီခွဲ အချိန်ခန့် ဖြစ်သည်။ စာရေးသူသည် ရဟန်းတော် အဖော် ၃-ပါးနှင့် အတူ ပြည်မြို့မှ ရန်ကုန်သို့ ညရထားဖြင့် စီးနင်း လိုက်ပါလာခဲ့သည်။

စာရေးသူ အပါအဝင် ရဟန်းတော် ၄-ပါးတို့သည် ထိုင်ခုံ ၂-ခုပေါ်၌ မျက်နှာချင်းဆိုင် ထိုင်လျက် လိုက်ပါလာခဲ့ကြသည်။ စာရေးသူထိုင်သော ထိုင်ခုံ ၂-ခု၏ဘေးဖက်ထိုင်ခုံ ၂-ခုတို့တွင် တခုသောထိုင်ခုံပေါ်၌အမျိုးသမီး ၃-ဦးတို့တွဲ၍ထိုင်ကြကာ ကျန်တခုသော ထိုင်ခုံပေါ်၌မူ အသက် ၃၀-အရွယ်ခန့်ရှိ နှုတ်ခမ်းမွေး ရေးရေးနှင့်လူတယောက် ထိုင်လျက်လိုက်ပါလာခဲ့လေသည်။ ထိုသူသည် သူ သောက်စားလာသော အရက်သေစာ တန်ခိုးကြောင့် ယိမ်းထိုး နေသည့်ပြင် သူ့ပါးစပ်ကလည်း အရူးပမာ ပရမ်းပတာ စကားတို့ကို ပြောဆိုလျက်ရှိလေသည်။

စာရေးသူ အပါအဝင် သူ၏ပတ်ဝန်းကျင် ရထားစီး ခရီးသည်တို့က သူ့ကို အရက်မူးနေသည့် အရူး တယောက်ပဲဟု

ဝိုင်းပယ်သမှု ဂရုမပြုပဲ ထားကြလေသည်။ ထိုအရက်သမားသည် စကားပြော၍ မောသောအခါ စာရေးသူတို့ ဖက်သို့ ခြေဦးလှည့်ကာ ကိုးရိုးကားယား အိပ်စက်ပါလေတော့သည်။ သူသည် အရက်ငွေ့ကြောင့် မေ့မေ့မောမော ဖြစ်ကာ ပုဆိုး ဗလာကျင်းလျက် ရှိပါတော့သည်။ ဣန္ဒြေရှင် အမျိုးသမီးများနှင့် စာရေးသူ အပါအဝင် ရဟန်းတော်တို့သည်ကား ယိုသူမရှက် မြင်သူရှက် ဆိုသကဲ့သို့ သူ့ဖက်သို့ မျက်နှာ မမူဝံ့ကြတော့ပဲ ရှက်နိုးစွာဖြင့် မျက်နှာလွှဲ၍ နေကြရပါတော့သည်။

အခြား ထိုင်ခုံတခုမှ ရထားစီး ခရီးသည် ဥပါသကာ တယောက်သည် ထလာ၍ သူ၏ အမြင်မတော်မှုကို ဖုံးဖိပေးရလေတော့သည်။ သူသည် ဤမျှဖြင့် မငြိမ်သက်သေးပဲ ခြေလက် လှုပ်ရှား ဆော့ကစား လာရကား သူ၏ ခြေထောက် တဖက်သည် စာရေးသူနှင့် အတူ ထိုင်နေသူ ရဟန်းတော် တပါး၏ ခေါင်းပေါ်သို့ ကျရောက်လာပြန်ချေတော့သည်။ အမြင်မတော်၍ ဖုံးဖိပေးသော ဥပါသကာသည် သူ့အခြေအနေကို အကဲခတ်၍ အစောင့်ရဲသား တယောက်ကို တိုင်ကြားရလေတော့၏။ အစောင့်ရဲသားရောက်လာပြီး ခေါ်ဆောင်စောင့်ထိန်းလိုက်ခါမှ ထိုအရက်သမား၏ ဘေးရန်သည် ငြိမ်းအေးသွားလေတော့သည်။ ဤကားသာဓကတရပ် ဖြစ်ပေသည်။

**အရက် သမီး**

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဂရင်းဟော်တယ်၌ ဇန်နဝါရီလ ၂၉-ရက် မွန်းလွဲပိုင်းက အရက်မူးယစ်သောက်စား ဆူပူနေသော အမျိုးသမီး နှစ်ဦးကို ကျောက်တံတား ရဲစခန်းမှ

သွားရောက် ထိန်းသိမ်းပြီး အရက် မူးမမူး ဆေးရုံပို့စစ်ဆေးခဲ့ရသည်။ အရက် မူးနေသဖြင့် ရဲစခန်း၌ ထိန်းသိမ်း ထားရသည်။ အဆိုပါ အမျိုးသမီး နှစ်ဦးအနက် တဦးမှာ အသက် ၂၇-နှစ်ရှိ၍ တဦးမှာ အသက် ၂၄-နှစ်အရွယ် ရှိပြီး နှစ်ဦးစလုံး သားသားနားနား ဖြစ်ကြလျက် ၎င်းတို့မှာလည်း လက်ဝတ်လက်စားအပြင် ငွေ ၄၀၀-ကျော်နှင့် အိတ်ဆောင် ရေဒီယို အငယ်စားတလုံး ပါရှိကြသည်ဆို၏။ ဤလည်း သာဓကတရပ်ဖြစ်၏။ (၁၃၂၀-ခု ပြာသိုလထုတ် ဟံသာဝတီ သတင်းစာမှ)

## အရက်ရဟန်း

ဘုရားလက်ထက်တော်တုန်းက အရှင်သာဂတ ထေရ်သည် ဈာန်အဘိညာဉ်ရ တန်ခိုးကြွယ်ဝပါဒ် ကြီးမားလှသော ပုထုဇဉ် တပါးတည်း။ အခါတပါး၌ နဂါးနှင့်ဖက်ပြိုင်ရာ နဂါးကို အနိုင်ရကြောင်း ကောသမ္ဗီပြည်သူတို့ကြား၍ ကြည်ညိုလှသဖြင့် ဆွမ်းခံဝင်အလာတွင် ကပ်လှူအပ်သောသေရည်ကို အရှင်သာဂတ သုံးဆောင်လေရာ သေရည်မူး၍ မြို့ပေါက်ဝ၌ လဲရှာလေသည်။

(ဈာန်အဘိညာဉ်များကွယ်ပခဲ့လေပြီ) ဘုရားရှင် ဆွမ်းခံရွာမှ ထွက်ကြွတော်မူလာသည့်အခါ ရဟန်းတို့အား တွဲခေါ်ဖို့ရန် မိန့်တော်မူချက်ဖြင့် တွဲယူလာပြီးနောက် ဘုရားရှင်ရှေ့တော်မှောက်၌ ဘုရားဖက် ဦးခေါင်းပေး၍ ချထားလျှင် ချက်ခြင်းပင် ပြန်လှည့်ကာ ဘုရားဖက် ခြေပြုထားလေသည်။ (သင်္ဂြိုဟ်ဘာသာဋီကာမှ) ဤလည်း သာဓကတရပ် ဖြစ်သေသည်။

## အရက်ဘုရင်နှင့် အရက်မင်းသား

ကေတုမတီ တောင်ငူတပင်ရွှေထီးမင်းသည် ရန်သူဖြစ်သော မွန်လူမျိုးတို့၏ လှည့်ကွက်ကို မရိပ်မိပဲ သူတို့ကျွေးသော ကျွေးမွေး သော ပွဲတော်စာကို စားရာ၌ အရက်ကို လွန်စွာ သောက်မိ သောကြောင့် မူးမေ့အိပ်ပျော်လေရာ မွန်တို့က ဥက္ကောင်းဖြတ်၍ သတ်လိုက်သဖြင့် အရက်ကြောင့် အသက်ကံ ကုန်ရရှာလေ၏။ ဤလည်း သာဓကတရပ် ဖြစ်လေသည်။

ငါးရာငါးဆယ် နိပါတ်တော်လာ သိရိမိတ္တ မင်းသားသည် ပညာသာမက ကြင်ယာပါရခဲ့၍ တက္ကသိုလ်ပြည်မှ ပြန်လာရာ လမ်းခုလတ်အရောက်၌ ဆရာတပည့် လူမိုက်တစု၏ လှည့်ဖြား၍ အတင်းတိုက်သော အရက်ကို ဇနီးမောင်နှံ နှစ်ယောက်လုံး သောက်မိကြရာ အရက်မူးသစ်မေ့လျော့ပြီး ခွေလဲကြရရှာ လေ၏။ ခဏကြာသော် မင်းသားသည် သတိမရ,တရ အတင်း ကုန်ထပြီးလျှင် အရက်ကြောင့်ထင်မှား၍ သူ၏ကြင်ယာဇနီးကို ရန်သူအမှတ်ဖြင့် သတ်မိပြီးမှ ယူကြုံးမရဖြစ်ကာ သူ့ကိုယ်သူပါ အဆုံးစီရင်သည်အထိ ဖြစ်ရရှာလေသည်၊ ဤလည်း သာဓက တရပ် ဖြစ်လေသည်။

## အရက်ဆင်

ဒေဝဒတ်၏ ခိုင်းစေချက်ဖြင့် ဆင်ထိန်းတို့က နာဠာဂီရိ ဆင်ပြောင်ကြီးကို ဘုရားရှင်အား နင်းသတ်ရန်လွှတ်ရာ အရက် ကို ရဲဆေးအဖြစ်ဖြင့် တိုက်ကျွေး၍ လွှတ်သည်။ နာဠာဂီရိ ဆင်ပြောင်ကြီးသည် အရက်တန်ခိုးကြောင့်ဒေါသအိုးပေါက်ကွဲ လျက် ဘုရားရှင်အား နင်းသတ်ရန် ပြေးလာခဲ့သေး၏။ သို့သော်

ထိုနာဠာဂီရိဆင်သည် ဘုရားရှင်၏မေတ္တာတန်ခိုးကြောင့် ဒူးတုပ်ဝပ်ချကန်တော့ရလေသည်။ ဤလည်း သာဓကတရပ် ဖြစ်ပေသည်။

## အရက်သောက်လျှင်

ခုဒ္ဒကပါဌအဋ္ဌကထာ၌လည်း အရက်သောက်လေ့ရှိသူသည်–

၁။ ကောင်းကျိုးဆိုးကျိုးကိုလည်း ခွဲခြား၍မသိတတ်။

၂။ ကောင်းကြောင်း ဆိုးကြောင်းကိုလည်း ခွဲခြား၍မသိတတ်။

၃။ အမိ၏ အန္တရာယ်ကိုသော်လည်း ပြုတတ်၏။

၄။ အဖ၏ အန္တရာယ်ကိုသော်လည်း ပြုတတ်၏။

၅။ ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသာဝကတို့၏ အန္တရာယ်ကိုသော်လည်း ပြုတတ်၏။

၆။ မျက်မှောက်ဘဝ၌ ပညာရှိတို့ ကဲ့ရဲ့ခံရခြင်းသို့လည်း ရောက်ရ၏။

၇။ တမလွန်ဘဝ၌ အပါယ်လေးပုံ ဒုဂ္ဂတိဘုံသို့လည်း ရောက်ရ၏။

၈။ ဘဝဆက်တိုင်း ရူးသွပ်ခြင်းသို့လည်း ရောက်ရ၏ဟု လာရှိလေသည်။

ထို့ပြင် အမရပူရမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း သေရည် သောက်ခြင်း၏အပြစ်ကို ကျန်းဂန်လာတိုင်းမဆိုင်းမတွ ညွှန်ပြဆုံးမခဲ့သည်မှာ–

"သေရည်သောက်လင့်၊ သင့်မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမှေ့ရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်း

များထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊ ရှောင်ကာအပြန် အကျိုးတည်း" ဟူ၏။ ဤလည်း သာဓကတရပ် ဖြစ်လေသည်။

## မရောင်းအပ်သော သေရည်

ထို့ပြင် ပဉ္စဂုတ္တရ ပါဠိတော်၌ ကုန်မသွယ်အပ်သော တရား ငါးပါးတို့တွင် သေရည်ကို တပါးအပါအဝင်အဖြစ် မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့လေသည်။ ဤလည်း သာဓက တရပ် ဖြစ်လေသည်။

## ဒုစရိုက်ရှေထွက် သေအရက်

သုရာကို သောက်မိလျှင် ပင်ကိုယ်က မရဲသူပင် ရဲရင့်လာ၏။ သတ်မှု, ခိုးမှု, ကာမမှုများကို အခွင့်အားလျော်စွာ ပြုရဲ၏။ လိမ်လည်မှုစသော ဝစီကံ အဘိဇ္ဈာစသော မနောကံ များမှာ မဖြစ်နိုင်စရာမရှိ။ ရှေးတုန်းက မင်းတဦးသည် သုရာယစ်မူးစဉ် ပွဲတော်ဆက်သရာ အမဲဟင်းလျာ မပါသည့်အတွက် ရင်ခွင် ထက်က သားတော်လေးကိုသတ်၍ ချက်စေ အပ်ဘူးသတဲ့။ ဤသို့လျှင် သုရာပါနသည် အကုသလ ကမ္မပထ၊ ၁၀-ပါးလုံး၏ အရင်းခံ ရှေပြေးပေတည်း။

သောက်ပြီးနောက် ကမ္မဇာတ်တော်လာသည့်အတိုင်း ပါဏာတိပါတစသော ဒုစရိုက်တခုခုကိုပြုရာ၌ သုရာပါန စေတနာ သည် ထိုကမ္မပထမြောက်သော ဒုစရိုက်ရှေပြေး ပုဗ္ဗစေတနာ တည်း။ ထင်ရှားစေဦးအံ့၊ လောက၌ အတော်လည်ပတ်သည်ဟု ဆိုရသော လူတယောက်သည် မည်သည့် ဖြစ်မှုကိစ္စ ကိုယ်တိုင်

မပြု၊ သို့သော် လူမိုက်များကို အားပေးအားမြှောက်ပြုလေ့ရှိ၏။ လူမိုက်တယောက်ကို သတ်ဖို့ခိုင်းမိ၍ ဖြစ်မှုဖော်ရာ၌ သတ်သူက (၁) တရားခံ၊ အားပေးသူမှာ (၂) တရားခံ ဖြစ်သကဲ့သို့ ထို့အတူ သူရာပါန စေတနာသည်ဒုစရိုက်ကမ္မပထကို အားပေး အားမြှောက် ပြုတတ်ရကား (၂) တရားခံအနေအားဖြင့် အပါယ်ချခွင့်ရှိလေသည်။လူမိုက်အားပေးတတ်သူ ယခင်လူသည် လူမိုက်ပေါင်းများစွာထက် ကြောက်စရာ ကောင်းသကဲ့သို့၊ ထို့အတူ ဒုစရိုက်အမျိုးမျိုးကို အားပေးတတ်သောသုရာပါန သည်လည်း ဒုစရိုက်ပေါင်းများစွာထက် ကြောက်ဖွယ်ကောင်း လှ၏။(သင်္ဂြိုဟ်ဘာသာ ဋီကာနွာ-၃၆၄ မှ) ဤလည်း သာဓက ဖြစ်လေသည်။

## အရက်သောက်က အပါယ်ကျ

ရဟန်းတို့၊ သုရာပါနကို မှီဝဲအပ် ထုံအပ် အကြိမ်များစွာ အလေ့အလာ ပြုအပ်လျှင် ငရဲ၌ဖြစ်စေနိုင်၏။ တိရစ္ဆာန်၌ ဖြစ်စေနိုင်၏။ ပြိတ္တာမျိုး၌ ဖြစ်စေနိုင်၏။ အကြင်အကျိုးကား သုရာပါနအတွက် အပေါ့ဆုံးတည်း။ (အင်္ဂုတ္တရပါဠိတော်မှ) ဤသည်လည်း သာဓကတရပ် ဖြစ်ပေသည်။

ဤသည်တို့ကို ထောက်ထား၍ ကောင်းကျိုးကို လိုလားသူ တိုင်း မကောင်းကျိုးအမျိုးမျိုးကို ဖြစ်စေတတ်သော အရက် သေစာ သောက်စားမှုးယစ်ခြင်းတို့ကို ရှောင်ရှားကြကုန်ရာ သတည်း။

# မာနဒေါသ လျှော့ကျအောင်

## ဘဝမြင့်သူ

လောက၌ ငါသာ တတ်သည် ငါသာ လိမ္မာပါးနပ်သည်ဟု အရာရာ၌ လူတွင်ကျယ် လုပ်လိုသူကို မာနသွေး နားထင်ရောက်သူ၊ ဘဝင်လေပင့်သူ၊ ဘဝင်မြင့်သူဟု ခေါ်ဆိုရချေမည်။

## သဘောထား သေးသိမ်သူ

လောက၌ သူတော်ကောင်း အမည်ခံလျက် မိမိကသာ ဆရာလုပ်၍ သူတပါးက မိမိအား ပြောကြားသောအခါ၌မူ မနာယူလိုခြင်း၊ ဒေါသအမျက် ချောင်းချောင်းထွက်ခြင်းသည် မိမိ၏ ကျပ်မပြည့်ကြောင်း သဘောတား သေးသိမ်ကြောင်းကို ဖော်ပြသကဲ့သို့ ရှိချေမည်။

## ဟင်းကောင်းပင် ဖြစ်သော်လည်း

သာယာစုံမက်ဖွယ် ဟင်းကောင်းပင် ဖြစ်သော်လည်း မစင်တစက်ကျက စက်ဆုပ်ရွံရှာဖွယ်ရာသာ ဖြစ်ရသကဲ့သို့၊ ကြည်ညိုဖွယ်ရာ သူတော်ကောင်းပင် အခေါ်ခံနေသော်လည်း မာန, ဒေါသဖက်က မသဒ္ဒါဖွယ်ရာ မသူတော်ဟုသာ အခေါ်ခံရ

တတ်လေသည်။ အမှန်စင်စစ်သော် သူသူငါငါ ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူအပေါင်း သူတော်ကောင်းတို့သည် ဗုဒ္ဓသာသနာ၏ ဂုဏ်မညှိုးရအောင် မိမိတို့၏ မာန, ဒေါသတရားဆိုးများကို မြတ်ဗုဒ္ဓ၏ တရားမှန်တို့ဖြင့် အခါခါပ်သိမ်း ဆုံးမသင့်ကြပေသည်။

## ဗုဒ္ဓဆုံးမ မြတ်ဓမ္မ

မာန, ဒေါသနှင့် ပတ်သက်၍ မြတ်ဗုဒ္ဓက အရှင်တိဿအမည်ရှိသော ရဟန်းတပါးအား ဆုံးမခဲ့ဘူးလေပြီ။ အရှင်တိဿကား မြတ်ဗုဒ္ဓ၏ ဘဒွေးတော်သား ဖြစ်သည်။ အခါတပါး၌ အရှင်တိဿသည် မြတ်ဗုဒ္ဓ သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ချဉ်းကပ်ရောက်လာခဲ့လေသည်။ ထိုအရှင်သည် ကိုယ်စိတ်ငြင်ငြို မျက်ရည်ယိုလျက် မြတ်ဗုဒ္ဓ၏အနီး သင့်လျော်ရာအရပ်၌ ထိုင်နေလေသည်။ ထိုအခါ မြတ်ဗုဒ္ဓက "တိဿ၊ ဘာဖြစ်လာသလဲ"ဟု မေးတော်မူလေသည်။

"အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်ကို အခြားရဟန်းတော်များ က စကားလှန်တံဖြင့် ကြံဖန်ဖွေရှာပြီး အခါခါ ထိုးဆွကြပါတယ် ဘုရား၊ ဒါကြောင့် ကိုယ်စိတ်ဆင်းရဲ ငိုပွဲဆင်ရပါတယ်ဘုရား"

"တိဿ၊ သင်ဟာ သူတပါးကိုသာ ပြောခဲ့ပြီး ကိုယ့်ကျတော့ အပြောမခံနိုင်ပါကလား။ တိဿ၊ သူတပါးကိုသာ ပြောတတ်ပြီး ကိုယ့်ကျတော့ အပြောမခံနိုင်ခြင်းဟာ သဒ္ဒါ

တရားနှင့် ရဟန်းပြုလာသော အမျိုးကောင်းသား သင့်အဖို့ မသင့်လျော်ဘူး။ တိဿ၊ သူတပါးကိုလည်း ပြော၍ အပြော ခံနိုင်ခြင်းသာ သင့်အဖို့ သင့်လျော်တယ်”။ ဤကား ဗုဒ္ဓဆုံးမ မြွက်ဓမ္မတည်း။

နိဒါနဝဂ္ဂ ဘိက္ခုသံယုတ် တိဿသုတ် ဆဋ္ဌမူ သံယုတ် မြန်မာပြန်၊ ပထမတွဲ စာမျက်နှာ (၄၅၇)။

# သူ့ကိုသတိပြု

လောက၌ လိမ်လည် လှည့်ပတ် ကောက်ကျစ်တတ်သူကို မည်သူတို့ကမျှ မနှစ်မြို့ကြပဲ စက်ဆုပ်ရွံရှာ အော့နှလုံးနာကြ ကုန်သည်ချည်းသာ။ သို့သော်၊ ထို လိမ်လည်တတ်ကုန်သော သူတို့သည် ပညာရှိ လူမိုက်တို့သာ များကြသောကြောင့် မိမိတို့၏ လိမ်လည်မှုကို ပိုင်နိုင်စွာ ဖုံးလွှမ်း၍ ထားတတ်ကြရကား ထင်ပေါ်ကျော်ကြား လူသိများသော သူတို့ ဖြစ်ကုန်လျက် လူ့အထက်တန်းလွှာ "လူ့မလိုင်" တို့သာဖြစ်၍ နေတတ်ချေကုန်သည်။

## လိမ်နည်း နှစ်မျိုး

ထိုသူတို့သည် မိမိတို့၌ရှိသော အပြစ်ကို မရှိလေယောင် ဖုံးလွှမ်း၍ လိမ်လည်ခြင်း၊ မိမိတို့၌ မရှိသောဂုဏ်ကို ရှိလေယောင် ဟန်ဆောင်၍ လိမ်လည်ခြင်း ဟူကုန်သော **မာယာ သာဠေယျ** လိမ်နည်း နှစ်မျိုးတို့ဖြင့် အခြားသူတို့အပေါ်၌ ခေါင်းပုံဖြတ်၍ လိမ်လည် လှည့်ပတ် ညာစားတတ်ကြကုန်၏။

## အလိမ်မပေါ်မီသာ

ဤနေရာ၌ **အရှင်မဟာကဿပ** မထေရ်၏ တပည့်နှစ်ပါး ဝတ္ထုကို သာဓက ထုတ်ဖော်၍ ပြပေဦးအံ့။ **ရာဇဂြိုဟ်ပြည်ကို**

အမိုပြု၍ ပိပ္ပလိ **ညောင်ချပ်ပင်ရှိသော** လိုဏ်ဂူ၌ သီတင်းသုံး နေတော်မူသော **အရှင်မဟာကဿပ မထေရ်**ကို အတူနေ တပည့်ရဟန်း နှစ်ပါးတို့သည် လုပ်ကျွေး ပြုစုကြလေကုန် သတတ်။ ထို တပည့်နှစ်ပါးတို့တွင် တပါးသော တပည့်သည် ဝတ်အကျင့်နှင့် ပြည့်စုံ၍ ဖြောင့်စင်းလိမ္မာလျက် တပါးသော တပည့်မူကား ကောက်ကျစ်စင်းလဲ မိုက်မဲလေသည်။ ကောက်ကျစ် မိုက်မဲသော တပည့်ရဟန်းသည် ဖြောင့်စင်းလိမ္မာသော တပည့် ရဟန်းပြုသမျှသော ဝတ်ကြီးဝတ်ငယ် အမှုကိစ္စတို့ကို သူပြုလေ ဟန်ဆောင်၍ လှည့်ဖြားလေ၏။ ထိုအကြောင်းကို လိမ္မာသော ရဟန်း သိလေသော် အလိမ်ပေါ်အောင် ပြုလေ၏။

တနေ့သ၌ တပည့်လိမ္မာသည် ဆရာရေချိုးနေကျ ရေအိုးထဲ၌ အနည်းငယ်သော ရေနွေးကို ထည့်ထားလေ၏။ ထိုရေအိုးထဲ၌ ရှိသော ရေနွေးအနည်းငယ်သည် အငွေ့ တထောင်းထောင်း ထ၍ နေလေသည်။ ထိုတပည့်လိမ္မာသည် ရေခပ်ပြီး ရေအိုး တလုံးကိုယူ၍လည်း ချုံကြား၌ ဝှက်ထားလေသေး၏။ ထိုအခါ အိပ်ရာမှ နိုးလာသော ကောက်ကျစ်သည့် ရဟန်းမိုက်သည် အိပ်ယာမှနိုးစ, ရီဝေသောမျက်စေ့ဖြင့် ရေချိုးအိမ်ရှိ ရေအိုးကို လှမ်းမျှော် ကြည့်ရှုလိုက်ရာ အငွေ့တထောင်းထောင်းထနေသည် ကို မြင်ရသဖြင့် ရေပြည့်နေပြီ ထင်သောကြောင့် မထေရ်ကြီးထံ သွား၍ "အရှင်ဘုရား၊ ရေခပ်ပြီးပါပြီ ဘုရား"ဟု လျှောက် လေ၏။ ဆရာမထေရ်သည် ရေချိုးရန် လိုက်ကြွလာလေသော် ရေအိုးနားရောက်မှ ရေမရှိပဲ ဖြစ်နေလေသည်။ ထိုအခါကျမှ တပည့်မိုက်သည် ကတိုက်ကရိုက် ရေအိုးထမ်း၍ ရေခပ်သွားရ လေသည်။ ထိုအခါ တပည့်လိမ္မာသည် အသင့်ခပ်ပြီးသော

ရေပြည့်အိုးကို ချုံကြားမှယူ၍ ရေနွေး အနည်းငယ်ရှိသော ရေအိုးထဲသို့ လောင်းထည့်လျက် ဆရာ မထေရ်အား ရေချိုး စေလေ၏။

ဆရာမထေရ်သည် ညဉ့်အချိန်ရောက်၍ မိမိထံသို့ ချဉ်းကပ် ရောက်လာသော တပည့်မိုက်အား "အမောင်တပည့်၊ ရဟန်း မည်သောသူအား ဤသို့ ပြုခြင်းငှါ မသင့်"ဟု ဆုံးမတော်မူ လေသည်။ ထိုတပည့်မိုက်သည် "အနည်းငယ်သော ရေကို အကြောင်းပြုပြီး ငါ့ကို ဤလို ပြောဆိုရက်လေခြင်း"ဟု အမျက်သို၍ နောက်နေ့ နံနက်၌ မထေရ်ဆရာနှင့်အတူ ဆွမ်းခံ မလိုက်ပဲ နေလေ၏။

ဆရာမထေရ်သည်လည်း တပည့်လိမ္မာနှင့်အတူ ရွာတရွာသို့ ဆွမ်းခံ ကြွတော်မူလေ၏။ ကျောင်း၌ ကျန်ရှိသော တပည့်မိုက် သည် မထေရ်ဆရာနှင့် တပည့်လိမ္မာတို့နှစ်ပါး ကြွသွားသည့် နောက်၌ မထေရ်ဆရာ၏ အမျိုးအိမ်သို့သွား၍ မထေရ်ဆရာ မကျန်းမာကြောင်းဖြင့် ဆွမ်းကို ဖြားယောင်း၍ အလှူခံကာ လမ်းခုလပ်၌ စားသောက်၍ ကျောင်းသို့ပြန်ခဲ့လေ၏။ မထေရ် ဆရာသည်လည်း ဆွမ်းခံပြန်သည်ရှိသော် ဆွမ်းခံရာမှ ရခဲ့သော သင်္ကန်းလျာ ပုဆိုးကို တပည့်လိမ္မာအား ပေးလေ၏။

မထေရ်ဆရာသည် နောက်တနေ့နံနက်၌ ထိုအမျိုးအိမ်သို့ ရောက်ခဲ့၍ ထိုရဟန်းမိုက်တပည့်၏ လိမ်လည်မှုကို သိပြန်သဖြင့် ကျောင်းသို့ ရောက်သော် ထိုကောက်ကျစ်သော ရဟန်းမိုက် အား "အမောင်တပည့်၊ သင်သည် ဤမျှသော အမှုကို ပြုလေသည် တကား။ ဤသို့ ပြုခြင်းသည် ရဟန်းတို့အား

မလျှောက်ပတ်ခဲ့။ ဝိညတ်ပြု၍ တောင်းစားခြင်းငှါ မအပ်”ဟု ပြောဆို ဆုံးမတော်မူလေသည်။

ဆုံးမခံရသော ကောက်ကျစ်သည့် တပည့် ရဟန်းသည် အမျက်ထွက်၍ မထေရ်ဆရာ အပေါ်၌ ရန်ငြိုးဖွဲ့သဖြင့် “ယမန်နေ့ကလည်း ရေအနည်းငယ်ကိုမှီ၍ ငါ့ကို မုသား ပြောဆိုသူဟု ပြုခဲ့၏။ ယနေ့လည်း သူ့အမျိုးအိမ်မှ ဆွမ်းလေးတဆုပ်မျှကို စားသုံးမိခြင်းကြောင့် ငါ့ကို ဝိညတ်ပြု၍ တောင်းစားခြင်းငှါ မအပ်ဟု ပြောဆိုချေသေး၏။ ရအပ်သော သင်္ကန်းလျှာ ပုဆိုးကိုလည်း သူချစ်ကျွမ်းဝင်သော တပည့်အားသာ ပေး၏။ ဩော်-ဤမထေရ် ပြုအပ်သော အမှုသည်ကား ဝန်လေးလှချေ၏တကား”ဟု အပြစ်ရှုလေ၏။

နောက်နေ့ နံနက်၌ ထိုတပည့်မိုက်သည် ဆရာမထေရ် ဆွမ်းခံကြွသည်ရှိသော် ကျောင်းကို ဖျက်ဆီး၍ မီးတိုက်လျက် ထွက်ပြေးလေ၏။ ထိုကောက်ကျစ်သော ရဟန်းမိုက် သေသည်ရှိသော် အဝီစိငရဲကြီး၌ ဖြစ်ရလေ၏။ (ဓမ္မပဒ အဋ္ဌကထာ၊ ဗာလဝဂ်၊ မဟာကဿပ သဒ္ဓိဝိဟာရိကဝတ္ထု)

## လိမ်လည်သူကို ရှောင်ကြဉ်ပါ

စာဆရေးသူ စာရှုသူတို့သည်လည်း ဤသည်တို့ကို ထောက်ထားကုန်လျက် ဤမျှ ဆိုးရွားသော **မာယာ, သာဌေယျ လိမ်လည်ခြင်းတို့ကို** မသုံးမိကြစေပဲ ကျင့်သုံးသူတို့ကိုလည်း သတိပြု၍ ရှောင်ကြဉ်ကြကုန်ရာ သတည်း။

# မနာလို ဝန်တိုမှု

မနာလိုမှုဟူသည် ကိုယ့်ထက်သူများက သာလွန်သည်ကို မလိုလား မရှုစိမ့်သော ငြူစူစောင်းမြောင်းသော ဣဿာ–သဘောဖြစ်၍၊ ဝန်တိုမှုဟူသည် ကိုယ့်လိုသူများ ကောင်းစားမည်ကို မလိုလား မရက်ရောသော သဝန်ကြောင် စူအောင့်သော မစ္ဆရိယသဘော ဖြစ်လေသည်။

"သည်လိုယုန်တော့ ချုံတိုင်းရှိသည်၊ ဇီးကွက်လောက်တော့ ငှက်တိုင်းလှသည်"စသော စကားတို့သည် ဣဿာအိုး ပေါက်ကွဲသော စကားတို့ ဖြစ်ကုန်၍၊" ဆေးလိုချင် တခါစားပေးမည်၊ ဆေးနည်းကိုတော့ မတောင်းနဲ့၊ မှိုလိုချင် တခါစားပေးမည်၊ မှိုကျင်းကိုတော့ မလိုက်ခဲ့နဲ့" စသော စကားတို့သည် ကား မစ္ဆရိယအိုး ပေါက်ကွဲသော စကားတို့ ဖြစ်ကုန်၏။

ဤမနာလို ဝန်တိုမှုတို့သည် မျက်မှောက်လောက၌ **စိတ္တဇ ဆေး**ရုံသို့ ပို့ဆောင်တက်ကုန်၍ တမလွန် လောက၌မူ အပါယ် **လေး**ဘုံသို့ ပို့ဆောင်တတ်ကုန်၏။ ဤမနာလို ဝန်တိုမှုသဘော တို့ကို လက်ခံသိမ်းပိုက်မိသူ ပုထုဇဉ် လောကသားတို့သည် ကိုယ်စိတ်ဆင်းရဲနှင့် တွေ့ကြုံခံစားကြရမည် ဖြစ်ကုန်၍ ဤမနာ လိုမှု ဝန်တိုမှုသဘောတို့ကို မောင်းနှင် တုတ်ပစ်နိုင်သူတို့သာ

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုတို့နှင့် တွေ့ကြုံ ခံစားကြရမည် ဖြစ်ကုန်၏။

## မနာလိုဝန်တိုက ဆင်းရဲရ

ကဿပဘုရားမြတ် လက်ထက်တော်တုန်းက သူကြွယ်တဦး ကိုးကွယ်ထားသော ကျောင်းထိုင် ဘုန်းကြီးတပါးသည် သူ့ကျောင်းသို့ ခဏ ခေတ္တ ကြွရောက်လာသော အာဂန္တုရဟန္တာ အရှင်မြတ်ကို သူ့ကျောင်းဒကာ ကြည်ညိုလေရာ အာဂန္တု ကိုယ်တော် သူ့ထက်သာလွန် ကောင်းစားမည်ကို မနာလို မရှု စိမ့်ခြင်း၊ သူ့ဒကာ, သူ့ကျောင်း အာဂန္တု ကိုယ်တော်နှင့် ဆက်သွယ်ကာ သူ့လို ကောင်းစား၍ ကြာရှည်စွာ သူ့ကျောင်း၌ နေမည်ကိုရင်း၊ သူ့ကျောင်း သူ့ဒကာကို မတော်တဆ သူလက်လွတ်သွားမည်ကိုရင်း၊ ဝန်တိုနှမြောခြင်းတို့ကို ဖြစ်စေမိလေသည်။

ထို့ကြောင့် ထိုကျောင်းထိုင် ဘုန်းကြီးသည် ထိုအာဂန္တု ကိုယ်တော်မြတ်ကို ဆွမ်းမစားရအောင် ဒကာနှင့် အဆက် အသွယ် မဖြစ်အောင် သူ့ကျောင်းမှ အမြန် ထွက်ခွါသွား အောင် ပြောမှား ပြုမှားမိလေရာ အာဂန္တုရဟန္တာ အရှင်မြတ် ထွက်ကြွသွားသည့်နောက်၌ ကိုယ်စိတ် ပူပန်ဖြစ်၍ သေ့ခြောက် လျက် မကြာမီပင် စုတေလေသော် ငရဲ၌ ဖြစ်ရရှာလေ၏။

ထိုကျောင်းထိုင် ဘုန်းကြီးသည် ငရဲမှ လွတ်ပြန်သော်လည်း ဘီလူး ဘဝ ငါးရာ၊ ခွေးဘဝ ငါးရာ၊ ဖြစ်ခဲ့ရပြီး၊ အစာ ဝအောင် မစားရသည်သာ များလေ၏။ ထို့နောက် နောက်

ဆုံး ပစ္ဆိမဘာဝရောက်၍ ငါတို့ ဂေါတမ မြတ်ဘုရား လက်ထက်သို့ ရောက်လတ်သော် တံငါရွာ တရွာ၌ တံငါသည်မတဦး၏ ဝမ်း၌ ပဋိသန္ဓေ နေရလေ၏။

ထိုသူငယ် ပဋိသန္ဓေ နေသည်မှစ၍ ထိုတံငါရွာ တရွာလုံး ငါး မရကြရုံမျှမကပဲ မင်းဒဏ် ၇-ကြိမ်ခံရသည့်အပြင် မီး ၇-ကြိမ်လည်း အလောင်ခံရလေသည်။ ထို့နောက် ရွာလူကြီးများက ကံဆိုး မဲခွဲ၍ အဆင့်ဆင့် အုပ်စုခွဲကြရာ ထိုသူငယ် ကိုယ်ဝန်ရှိသူ တံငါသည်ပါသော အုပ်စုသည် ဒုက္ခရောက်ကြရ၍ နောက်ဆုံး ထိုကိုယ်ဝန်ရှိသော မိဘတို့တအိမ်သာ ကျန်ရစ်လေတော့၏။ ထို့နောက် ထိုမိခင်သည်လည်း ထိုကလေးကို ဆင်းရဲစွာ ဖွားမြင်ပြီးလျှင် ထိုသူငယ်သွားနိုင်သော အရွယ် ရောက်လတ်သော် ထိုသူငယ်လက်၌ ခွက်ငယ်တလုံး အပ်နှင်း၍ ထွက်ပြေးရလေသည်။

ထိုသူငယ်သည် တောင်းရမ်း၍မဝတဝ ဝမ်းကျောင်းယင်းပင် ၇-နှစ် အရွယ်သို့ ရောက်လတ်သော် အရှင် သာရိပုတ္တရာနှင့် တွေ့ကာ အရှင်သာရိပုတ္တရာက ရှင်ပြုပေးပြီးနောက် **လောသကတိဿ**-မည်သော ရဟန်းဖြစ်၍ တရားအားထုတ်လေရာ ရှေးဘဝက သီလရှိသောရဟန်းဖြစ်ခဲ့ဘူးသော ပါရမီကံ တခုကြောင့် ရဟန္တာဖြစ်လေသည်။

ရဟန္တာဖြစ်ရသော်လည်း မနာလိုဝန်တို၍ ပြောမှားပြုမှားခဲ့သော အကုသိုလ်ကံကြောင့် ထိုလောသကတိဿ ရဟန်းသည် ဆွမ်းခံမရပဲ မဝ,တဝ ဆွမ်းဘုဉ်းပေးရလျက် ပရိနိဗ္ဗာန်ပြုမည့်နေ့ ရောက်မှ အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် ကိုင်၍ပေးသော

စတုမဓုသာ ဝအောင်ဘုဥ်းပေးပြီးလျှင် ပရိနိဗ္ဗာန်ပြုရရှာ၏။ ဤကား မနောလို့ ဝန်တိုမှုကြောင့် ကိုယ်ရော စိတ်ပါ ဒုက္ခရောက်ရ၍ ဤရဟန္တာ ဖြစ်သည်အထိ မဝ တဝ စားရသော သာဓကပင်တည်း။

## မနောလိုဝန်တိုကင်းကချမ်းသာရ

ဤသို့သော ကိုယ်စိတ်ဆင်းရဲတို့ကို ဖြစ်စေတတ်ကုန်သော မနောလိုမှု ဝန်တိုမှုတို့ကို ပယ်ဖျောက်နိုင်ကုန်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလိုသူတို့သည် မိမိသန္တာန်၌ မနောလိုမှု ဝန်တိုမှုတို့ ပေါ်လာကုန်လတ်သော် ချက်ချင်းလက်ငင်း ထိုမနောလိုဝန်တိုမှုတို့ကို သတိပဋ္ဌာန် အသိဉာဏ်ဖြင့် ရှုမှတ်ပယ်ဖြောက်ကြ ကုန်ရာ၏။ ဤနေရာ၌ ထိုမနောလိုမှု, ဝန်တိုမှု, စိုးရိမ်မှု, စိတ်နှလုံး မသာယာမှုတို့ကို သတိပဋ္ဌာန်အသိဉာဏ်ဖြင့် ရှုမှတ်ပယ်ဖျောက်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသွားရသော သိကြားမင်း၏အကြောင်းကို ထုတ်ဆောင်ပြပေဦးအံ့။

## သိကြားမင်း၏ ဒေါမနဿ ငြိမ်းပုံ

သိကြားမင်းကြီးသည် ပုဗ္ဗနိမိတ်ငါးပါးကို တွေ့ရ၍ သေရမည်မှုရင်း၊ မိမိသေလျှင် မိမိထက်သာသော သိကြားတဦး ပေါ်လာမည်မှုရင်း၊ မိမိစည်းစိမ်တွေကို သူတပါးပိုင်သွားမည်မှုရင်း၊ စိုးရိမ်ကြောက်လန့်ကာ အလွန်နှလုံးမသာ ဖြစ်လျက် မြတ်စွာဘုရားထံသို့ ရောက်ပြီးလျှင် "နတ်တွေလူတွေဟာ ဘေးဒုက္ခ အမြဲတမ်းကင်းပ၍ အေးမြချမ်းသာစွာ နေချင်ကြပါလျက် အဘယ်ကြောင့် ဘေးရန် ဒုက္ခတွေနှင့်သာ တွေ့ကြုံ နေရပါပါသနည်း" ဟူသော ဤမေးခွန်းမှစ၍ မေးလျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားက "ကိုယ့်ထက်သာသည်ကို မနာလိုမှု ဣဿာ၊ ကိုယ်လိုသူတပါးမကောင်းစား မချမ်းသာစေလိုသော ဝန်တိုမှုမစ္ဆရိယဟူသော ဤသံယောဇဉ် ၂-ပါးရှိနေခြင်းကြောင့် နတ်တွေ လူတွေဟာ ချမ်းသာချင်ကြသော်လည်း မချမ်းသာနိုင်ကြ၊ ဘေးရန်ဒုက္ခနှင့် မတွေ့ကြုံချင်ကြသော်လဲ တွေ့ကြုံနေကြရသည်" ဟူသော ဤအဖြေမှစ၍ "သက္ကပဉှသုတ်" တရားတော်ကို ဟောတော်မူ၏။

ထိုတရားတော်တွင်မှီဝဲသင့်သောဝေဒနာတို့ကိုဝေဘန် ဟောကြားတော်မူစဉ် သိကြားမင်းသည် သဘောကျ၍ မမှီဝဲသင့်သော ဂေဟဿိတ ဝေဒနာတို့ကို ရှုမှတ်ကာ ပယ်လျက်မှီဝဲသင့်သော နေက္ခမဿိတဝေဒနာတို့ကို ဖြစ်စေကာ သတိပဋ္ဌာန်ဘာဝနာကို ပွားစေ၍ သောတာပန်ဖြစ်ပြီးလျှင် ယခင်က ဖြစ်ပေါ်နေသော ဣဿာ, မစ္ဆရိယဆိုင်ရာ နှလုံးမသာမှုမှ လုံးဝ လွတ်မြောက်သွားလေသည်။ ဤကား မနာလို ဝန်တိုမှု ကင်းသောကြောင့် ချမ်းသာရပုံ ဝတ္ထုသာဓကတည်း။

# မိခင်ဖခင် ကျေးဇူးရှင်

## ဗြဟ္မဝိဟာရ မိနှင့်ဖ

သဗြဟ္မကသုတ် တရားတော်၌ မိဖတို့သည် သားသမီးတို့၏ အပေါ်၌ ချစ်ကြည်အေးမြသော မေတ္တာ၊ သနားကြင်နာသော ကရုဏာ၊ ဝမ်းမြောက်ရွှင်လန်းသော မုဒိတာ၊ ညီမျှတည်ငြိမ်မှု လျစ်လျူရှုသော ဥပေက္ခာဟူသော ဗြဟ္မာကြီးတို့၏ နေခြင်းမျိုး 'ဗြဟ္မဝိဟာရ'တရား လေးပါးတို့ဖြင့် လွှမ်းခြုံအေးမြ စေခဲ့သော ကြောင့် သားသမီးတို့၏ 'ဗြဟ္မဒေဝ' မည်ကြသည်ဟု မြတ်စွာ ဘုရားက ဟောကြားတော်မူခဲ့၏။

### မိဖ-မေတ္တာ

မှန်၏၊ မိဖတို့သည် ပဋိသန္ဓေ တည်နေစဉ် အခါမှ စ၍ "ခြေလက်အင်္ဂါ စုံလင်စွာသော သားသမီး ရတနာလေးဖြစ်ပါစေ၊ ကျန်းမာ ချမ်းသာ ချောမောစွာ ဖွားမြင်လာမည့် သားသမီး ရတနာလေး ဖြစ်ပါစေ"ဟု ကျားလား၊ မ-လား၊ ခွဲခြား၍ မသိရသေးသော သားသန္ဓေအပေါ်၌ ချစ်ကြည် အေးမြသော မေတ္တာဓာတ်ဖြင့် လွှမ်းပတ်ရစ်ခြုံ ပြန့်နှံ့သင်းထုံ စေခဲ့ကြ၏။ သားသန္ဓေချမ်းသာရေးအတွက် မသင့်မတင့်သော အစားအစာ အနေအထိုင်တို့ကို ရှောင်ကြဉ်ကြ၍ သင့်တင့်သော အစားအစာ

အနေအထိုင်တို့ကိုသာ ရွေးချယ်၍ စားသောက်နေထိုင် ကြရ၏။

## မိဖ-ကရုဏာ

မိဖတို့သည် မိမိတို့၏ ရင်သွေးကလေးတို့ကို မွေးဖွားပြီးခါစမှစ၍ ငိုကြွေးသည်ကို တွေ့ကြရသည့်အခါတိုင်းပင် "ဩြ်.... ငါတို့ကလေး ဘာလို့ငိုရှာတာပါလိမ့်မလဲ၊ ခြင်ကိုက်လို့လား၊ ဂျပိုးကိုက်လို့လား၊ သန်းကိုက်လို့လား၊ ပူလွန်းလို့လား၊ အေးလွန်းလို့လား၊ ခေါင်းခဲလို့လား၊ ဝမ်းနာလို့လား၊ နို့ဆာလို့လား" စသည်ဖြင့် ရင်တသိမ့်သိမ့်ခုန်ကာ မိမိရင်သွေး ကလေးအပေါ်၌ ကြင်နာသနား ကရုဏာပွားကြ၏။

ပင်ပန်းကြီးစွာ ငိုယိုနေရှာသော မိမိ ရင်သွေး ကလေး၏ ထိုဆင်းရဲမှ လွတ်ရာလွတ်ကြောင်း ကောင်းနိုးရာရာတို့ကိုလည်း စမ်းတဝါးဝါး ကုစားပြုစုကြရ၏။ ဖြစ်ရပ်မှန်ကို သေချာသိသောအခါမှာမူကား "မိမိရင်သွေးကလေး ထိုဆင်းရဲမှ လွတ်မြောက်ရေးအတွက် အသက်နှင့်ပင် လဲရစေတော့"ဟု နှလုံးပိုက်ကာ အဖက်ဖက်မှ မဖြစ်,ဖြစ်အောင် ကြံဆောင် ပြုလုပ်ကြရ၏။

## မိဖ-မုဒိတာ

မိဖတို့သည် သားသမီးလေးတို့သည် စကားမပီတပီဖြင့် ပလီပလာ တီတီတာတာ ပြောတတ်စအခါ၌၎င်း၊ ဝမ်း လျားမှောက်နိုင်, ထိုင်နိုင်, လေးဖက်တွားနိုင်, မတ်တတ်ရပ်နိုင်, မတ်တတ်သွားနိုင်,ပြေးသွားနိုင်စအခါတို့၌၎င်း၊ "သားသားလေးက (သမီးလေးက)စကားပြောတတ်လာပေပြီ၊ဝမ်းလျားမှောက်နိုင်

လာပေပြီ၊ ထိုင်နိုင်လာပေပြီ၊ လေဖက်သွားနိုင်လာပေပြီ၊ မတ်တတ်ရပ်နိုင်လာပေပြီ၊ မတ်တတ်သွားနိုင်လာပေပြီ၊ ပြေးလွှားနိုင်လာပေပြီ-ဒါမှငါ့သားကြီး(ဒါမှ ငါ့သမီးကြီး)ကွ''ဟု သားသမီးလေးတို့အပေါ်၌ ဝမ်းမြောက်ဝမ်းသာ မုဒိတာမိုးရွာသွန်းဖြိုးကြ၏။

မိဖတို့သည် ကိုယ်စိတ်ညှိုးနွမ်း မောပန်းဆင်းရဲ နေကြစဉ်မှာပင် သားသမီးလေးတို့၏ ပြုံးရွှင်သောမျက်နှာ ချိုသာသော စကားတို့ကို မြင်လိုက် ကြားလိုက်ကြရသည်ရှိသော် အမောအပန်း အညှိုးအနွမ်းမှန်သမျှ ကွယ်ပျောက်ကြလျက် ရွှင်လန်းဝမ်းမြောက်ကြသည်။ ထို့ကြောင့်ပင် စာဆိုပညာရှင်တဦးက 'သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊တပေါက်ကျက၊ မိဖတို့ဝမ်း၊ ငြိမ်းစတမ်း''ဟု အဆိုပြုခဲ့၏။

## မိဖ ဥပေက္ခာ

မိဖတို့သည် သားသမီးတို့ အချိန်တန် အရွယ်ရောက် လူလားမြောက်၍ ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ကာ တင့်တောင့် တင့်တယ် နေနိုင်ကြသည်ကို တွေ့ကြရသောအခါ၌ ''ဪ-ငါတို့ရဲ့ သားသမီးလေးများဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး၍ ကိုယ့်ခရီးကိုယ်သွားနိုင်ကြပေပြီ''ဟု ညီမျှ တည်ငြိမ်မှု လျစ်လျူရှုသော ဥပေက္ခာပန်း ပွင့်လန်းကြ၏။ ဤကား 'ဗြဟ္မဝိဟာရ မိနှင့်ဖ' အကြောင်းကို ဖေါ်ပြချက်ဖြစ်၏။

## ပုဗ္ဗာစရိယ မိနှင့်ဖ

သည့်မျှ မကသေးပါ ''မိဖတို့သည် သားသမီးတို့အား သင်ကြားသင့်သည်တို့ကိုရင်း ဆုံးမသင့်သည်တို့ကိုရင်း၊ ရှေးဦးစွာ

သင်ကြားဆုံးမတတ်ကြသောကြောင့် သားသမီးတို့၏ လက်ဦး ဆရာ ပုဗ္ဗာရိစယ ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြသည်”ဟုလည်း မိဖတို့၏ ကျေးဇူးတို့ကို မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သေး၏။

မှန်၏၊ မိဖတို့သည် သားသမီးတို့အား စာသင်ကျောင်းသို့ မပို့မီ ရှေးဦးမဆွ အစကပင် “ဒါ အဖေခေါ်တယ်၊ ဒါ အမေ ခေါ်တယ်၊ဒါဟာ ကုသိုလ်၊ ဒါကိုပြုရတယ်၊ဒါဟာ အကုသိုလ်၊ ဒါကို မပြုရဘူး” စသည်ဖြင့် သင်ကြား ဆုံးမခဲ့ကြ၏။ “အို ခင်ဗျားကြီးကလဲဗျာ၊ ကျနော် (ကျမ) ဒါလောက်မအ, သေးပါဘူး”ဟုပင် သားသမီးတို့၏ နှုတ်လုံထိုး ခံရလောက် အောင် ညွှန်ပြသွန်သင် ဆုံးမ ပဲ့ပြင်ခဲ့ကြ၏။ ထို့ကြောင့်ပင် ရှေးပညာရှိ တဦးက “လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ”ဟု အဆိုပြုခဲ့၏။ ဤကား ‘ပုဗ္ဗာစရိယ မိနှင့်ဖ’ အကြောင်းကို ဖော်ပြချက်ဖြစ်၏။

## အာဟုနေယျ မိနှင့်ဖ

သည်မျှမကသေးပါ၊ “မိဖတို့သည် ခရီးဝေးစွာ ဆောင်ယူ ရှာမှီး သားသမီးတို့၏ ပစ္စည်း အလှူကို ခံယူထိုက်ကြသော ကြောင့် အာဟုနေယျ ပုဂ္ဂိုလ်မြတ်တို့ မည်ကြသည်”ဟု လည်း မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သေး၏။ ဤသည်မှာ မြတ်စွာဘုရားသည် မိဖတို့၏ ဂုဏ်ကျေးဇူးကို သံဃာတော်တို့၏ ဂုဏ်တော်နှင့် နှိုင်း၍ တဂိုဏ်းတည်းထားကာ ဟောကြားတော် မူခြင်း ဖြစ်သည်ဟု ဆိုချင်၏။

ဟုတ်တန်ရာပါ၏၊ ဤအာဟုနေယျ ဂုဏ်တော်သည် မြတ်စွာ ဘုရား အမှူးရှိသော သံဃာ့ဂုဏ်တော် ၉-ပါးတို့တွင် တပါး

အပါအဝင် ဖြစ်သည်မဟုတ်ပါလား။ ထို့ကြောင့်ပင် ရှေးပညာရှိတို့က "ဗုဒ္ဓဘုရားနှင့် မာတာပိတာ တဂိုဏ်းထဲပြတဲ့ အာစရိယဆရာ။ မာတာပိတုဂုဏော အနန္တော" စသည်ဖြင့် မိဖတို့၏ ဂုဏ်ကျေးဇူးတို့ကို ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်တို့နှင့် နှိုင်း၍ ရဲရဲရင့်ရင့် အဆိုပြုခဲ့ကြဟန်ရှိ၏။ ဤကား 'အာဟုနေယျ မိနှင့်ဖ' အကြောင်းကို ဖော်ပြချက်ဖြစ်၏။

## စောင့်ရှောက်ခဲ့ကြ မိနှင့်ဖ

သည်မျှမကသေးပါ၊ "မိဖတို့သည် သားသမီးအပေါင်းကို ကြီးပွါးအောင် ကျွေးမွေး စောင့်ရှောက်ကြသည်"ဟု လည်း မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သေး၏။

မှန်၏၊ မိဖတို့သည် သားသမီး အပေါင်းအား ဖဝါး လက်နှလုံး ပခုံးလက်နှစ်သစ်မှစ၍ နို့ချိုရင်သွေး တိုက်ကျွေးခဲ့ကြ၏။ ဝါးဖတ် ခွံ့သင့်သောအခါ ထမင်းဆီဆမ်း ကြာလင်ပန်းနှင့် ရွှင်လန်းစွာ ဝါးဖတ် ခွံ့ခဲ့ကြ၏။ အဝတ်တန်ဆာ ဆင်မြန်းသင့်သော အခါမှာ ဝမ်းမြောက်စွာ ဆင်မြန်းပေးခဲ့ကြ၏။ ဆော့ကစားစရာမှ စ၍ စက်ဘီး, ဆိုင်ကယ်, လှည်း, နွား, ကား စသော အခြားပစ္စည်းတို့ကိုလည်း မိမိတို့ အစွမ်းရှိသလောက် ပေးအပ် မြှောက်စားခဲ့ကြ၏။ ပညာသင်ရေး အတွက်ကိုလည်း အဖက်ဖက်က ပြည့်စုံအောင် ရွက်ဆောင်ပေး ကြ၏။

## ကျေးဇူးဆပ်ရန် လျှော်ကန်

ထို့ကြောင့် ကျောင်းသား ကျောင်းသူ အပါအဝင် သားသမီး အားလုံးတို့သည် ဤသို့သော မိဖ ကျေးဇူးတို့ကို အထူး

ထောက်ထားကြ၍ မိဖ ၂-ပါးတို့အား တုပ်ကွရိုကျိုး ရှိခိုးခြင်း၊ အမွန်မြတ်ဆုံး စားဖွယ်, သောက်ဖွယ်တို့ကို ကျွေးမွေးခြင်း၊ မကောင်းသောကိုယ်နှံ့ပျောက်အောင် နှံ့သာလိမ်းခြင်း၊ ရေပူ ရေချမ်း ကမ်းလှမ်းခြင်း၊ အသွေးအညာ ပြေအောင် နှိပ်နယ် ပေးခြင်းတို့ဖြင့် လေးမြတ်စွာ ကျေးဇူးဆပ်သော အားဖြင့် ကောင်းစွာကော်ရော်, ပူဇော်ခြင်းကို ပြုကြရာ၏။

ဤသို့ ကျေးဇူးဆပ်သော သားသမီး လိမ္မာတို့သည် ယခု မျက်မှောက် ဘဝ၌လည်း ပညာရှိတို့ ချီးမွမ်းခြင်းကို ခံကြရ၍ တမလွန် လောက၌လည်း နတ်ပြည် ရောက်ကြရသည်ဟု မြတ်ဘုရားက ဟောကြားတော်မူခဲ့၏။ အားလုံးသော သားသမီးတို့သည် မိဖ ကျေးဇူးတို့ကို လေးမြတ်စွာ ပေးဆပ်နိုင်ကြပါစေ။

# မိဖကျေးဇူး ဥဒါန်းကျူး

## ဥဒါန်းစကား

"မိဖစကား နားထောင်ငြားက သံပြား ကျောက်စောင်း ကျိုသော်ပျောင်း၏ဟု" ရှေးသူမှန်တို့က မိဖတို့၏ ဩဝါဒ တန်ဘိုးရှိကြောင်းကို ဥဒါန်းကျူးခဲ့ကြ၏။

လောက၌ အလွန်မာကျောလှသည့် သက်မဲ့ဝတ္ထုဖြစ်သည့် သံပြားနှင့် ကျောက်စောင်းတို့ကိုသော်မှ မီးပြင်းထိုး၍ ကျိုကုန်သည်ရှိသော် အရေ အမှုန့်ဖြစ်ကာ ပျော့ပျောင်းကုန်လျက် လိုသလို ပြုလုပ်၍ ရနိုင်ကုန်သေး၏။

သို့ဖြစ်လျှင် သက်ရှိဖြစ်ကုန်သော သားသမီးတို့၏ ရုပ်နာမ်ခန္ဓာတို့သည်လည်း မိဖတို့၏ ဆုံးမဩဝါဒတို့ကို လိုက်နာကျင့်သုံး ကုန်သည်ရှိသော် အဘယ်မှာလျှင် မယဉ်ကျေးမလိမ္မာ မပျော့ပျောင်း မနူးညံ့နိုင်ပဲ ရှိနိုင်ပါကုန်မည်နည်းဟု ဆိုလိုရင်းဖြစ်သည်။

ဤသို့ဆိုလျှင် လိုက်နာ ကျင့်သုံးလိုကုန်သော သားသမီးတို့က မည်သို့မည်ပုံ ဆုံးမသွန်သင်သော မိဖတို့၏ အဆုံးအမ ဩဝါဒတို့ကို လိုက်နာ ကျင့်သုံးကြပါကုန် မည်နည်း-ဟု

မေးကြပေမည်။ ဤအမေးအတွက် အဖြေပေးခဲ့သော ရှေးသူမှန်တို့၏ ဥဒါန်းစကားသည်ကား "မိဖတို့သည် သားသမီးတို့အပေါ်၌ ဆင်စီး၍ မြင်းရံသည်ကိုသာ ကြားသိ မြင်တွေ့လိုကြပါကုန်၏။ ဆင်နင်း၍ မြင်းကန် ခံရသည်ကိုကား မကြားသိ မတွေ့မြင်လိုကြပါကုန်"ဟူ၏။

မိဖတို့သည် သားသမီးတို့၏ ကောင်းကျိုးကိုသာ လိုလားတောင်းတကြ၍ ဆိုးကျိုးကိုမူ တရံတဆစ်မျှ မလိုလားကြပေဟု ဆိုလိုသည်။

ဤမိဖတို့၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းနိုင်သော သားသမီးတို့သည်ပင် မိဖတို့၏ အဆုံးအမ ဩဝါဒကို ဦးလည်မသုံ လိုက်နာကျင့်သုံးကုန်သည် မည်ကုန်တော့၏။

## အရှင်ကဿပမထေရ် ဥဒါန်းစကားချေ

မှန်ပေသည်၊ ဤသို့ မိဖတို့၏ လိုအင်ဆန္ဒကို ဩဝါဒ အားလျော်စွာ ဖြည့်စွမ်းနိုင်ကုန်သော သားသမီးတို့သည် "ကျွန်ုပ်သည် မိဖ၏ ဆုံးမ ဩဝါဒအတိုင်း ဦးလည်မသုံ လိုက်နာခဲ့သောကြောင့် ဤသို့ ဤပုံ ချမ်းသာခဲ့ရပါသည်။"ဟု မိဖတို့၏ ဂုဏ်ကျေးဇူးတို့ကို ဥဒါန်းကျူးနိုင်ကြပေကုန်မည်တည်း။

ဤနေရာ၌ မိခင်၏ ဆုံးမဩဝါဒ လိုအင်ဆန္ဒကို ကျင့်သုံးပြည့်စုံစေခဲ့၍ အချမ်းသာဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုကာ ရဟန္တာဖြစ်သွားရသော အရှင်ကဿပမထေရ်၏ အကြောင်းကို "ဆဋ္ဌသံဂါယနာ ပိဋကတ်တော် မြန်မာပြန် ကျမ်းများ၏ ကျမ်းဦးမှတ်ဖွယ်များ" စာအုပ်မှ ထုတ်နုတ် ဖော်ပြပါအံ့။

ပုံစံအားဖြင့် ဤထေရဂါထာ ဘာသာပြန် ဧကကနိပါတ် နဝမဝဂ် ဒုတိယဝတ္ထု၌ ကဿပမထေရ်သည် ၎င်း၏မိခင် ပြောကြားသောစကားကိုပင် ထပ်မံ၍ ဥဒါန်းစကား အနေဖြင့် ရွတ်ဆိုထားပေသည်။ ထိုကဿပမထေရ်သည် မဟာသာဝက အရှင်မဟာကဿပမထေရ် မဟုတ်ပေ။ သို့သော် ဥဒိစ္စပုဏ္ဏား မျိုး၌ပင် ဖြစ်၍၊ ငယ်စဉ်အခါကပင် ဖခင် သေဆုံးခဲ့သဖြင့် မိခင်လက်၌ ကြီးခဲ့ရလေသည်။ နောက်အဖို့၌ ဘုရားရှင်ထံ၌ တရားနာရ၍ သောတာပန် တည်ပြီးနောက် ရဟန်းပြုကာ ဝါကျွတ်ချိန်၌ မြတ်စွာဘုရား ဒေသစာရီကြွချီရာသို့လိုက်ပါရန် မိခင်ကို ခွင့်တောင်းလေသည်။

ထိုအခါ မိခင်က "သားငယ် အကြင်အရပ်၌ ဆွမ်းရလွယ် ကုန်၏။ အနာရောဂါ မရှိကုန်။ ထိုထို အရပ်သို့ သွားပါ လေလော့။ ပူဆွေးမှု သောကဖြင့် အနှိပ်စက်ခံရသူ မဖြစ်ပါ စေလင့်"ဟု ပြောဆို၏။

ထိုမိခင်စကားကို ကြား၍ မထေရ်သည် "ငါ၏ မိခင်သည် ငါ့အား ပူဆွေးမှုသောက ကင်းသောအရပ်သို့ သွားရန် တောင့် တ၏။ ယခု ငါသည် အချင်းခပ်သိမ်း လွန်စွာပူဆွေးမှု သောက ကင်းငြိမ်းရာသို့ သွားခြင်းငှါ သင့်ပေ၏"ဟု ကြံစည်စဉ်းစား၍ ပြင်းစွာသော လုံ့လကို ဖြစ်စေလျက် ဝိပဿနာကို ပွားကာ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။

အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် "ဤအမိ၏စကားသည် သာလျှင် အရဟတ္တဖိုလ်ရောက်ခြင်း၏ ချွန်းတောင်းသဖွယ် ဖြစ် ပေ၏"ဟု ဆင်ခြင်ကာ ထိုဂါထာကိုသာလျှင် တဖန်ကျူးရင့်

လေသည်။ ထို့ကြောင့်ပင် ကဿပ ထေရဂါထာ၌ ဤအမိ၏ စကားသည်သာလျှင် မထေရ်၏ ဥဒါန်းစကားအဖြစ် ထင်ရှားခဲ့လေသည်။ ဤကား အရှင်ကဿပ အကြောင်း ဖော်ပြချက်တည်း။

## မိဖကျေးဇူး ဥဒါန်းကျူးနိုင်ကြပါစေ

အားလုံးသော အမျိုးကောင်းသား သမီးတို့သည်လည်း ဤသည်တို့ကို ထောက်ထားကုန်၍ မိဖတို့၏ ဆန္ဒမွန်ကို ဖြည့်ကျင့်နိုင်ကုန်လျက် မိဖကျေးဇူးတို့ကို ဥဒါန်းကျူးနိုင်ကြပါစေ။

# မိဖကျေးဇူး

သားသားတို့ သမီးတို့ရေ၊ ကျောင်းသွားကြတော့မှလား။ ကျောင်းကို တန်းတန်းမတ်မတ် သွားကြနော်။ ကျောင်းက ပြန်ယင်လဲ အိမ်ကို တန်းတန်းမတ်မတ် ပြန်ခဲ့ကြအုံး။ ဟိုဝင် သည်ဆော့နဲ့ မမော့ရဘူးကွဲ့။ မော့နေ ဆော့နေယင် ခွေးကိုက် ခံရတတ်တယ်။ လှည်းနဲ့, ကားနဲ့, ရထားစတဲ့ ယာဉ်တွေနဲ့လဲ တိုးမိ တိုက်မိတတ်တယ်။ အနင်း ခံ ရ တတ် တယ် ပေါ့ ကွယ်။ နောက်ပြီး ဒါတွေ မဖြစ်တောင်မှ အချိန်ကုန်လူပန်းပြီး ခရီး မပေါက်ရောက်နိုင်ဘူးပေါ့။ အချိန်ကို လေး လေး စား စား တန်ဖိုးထားတတ်ကြရတယ်။

နောက်ပြီး အရေးကြီးတာတခု မှာလိုက်ရအုံးမယ်။ ကျောင်းသွား ကျောင်းပြန်မှာပဲဖြစ်ဖြစ် ကျောင်းမှာနေတဲ့ အခါမှာပဲဖြစ်ဖြစ်၊ အို....ဘယ်မှာပဲနေနေပေါ့ကွယ်၊ ဘယ်သူနဲ့မှ ရန်မဖြစ်ကြရဘူးနော်၊ ရန်ဖြစ်တယ်ဆိုတာ နိုင်နိုင် ရှုံးရှုံး အမုန်းသာ အဖတ်တင်ရတော့တာပဲကွဲ့။

ဤသို့ စသည်စသည်ဖြင့် မိဖတို့က သားသမီးတို့ကို မေတ္တာ ကရုဏာကြီးမားစွာဖြင့် အထပ်ထပ်အခါခါ ဆုံးမသွန်သင်ခဲ့ကြ ပေသည်။

ကျွန်ုပ်တို့သည် မိမိတို့၏ ဤသို့သော ဆုံးမဩဝါဒမျိုးတို့ကို ကျောင်းသားသူငယ် လူမမယ်အရွယ်မှ စ၍ လူလားမြောက်သည့် အရွယ်ထိပင် ကြိမ်ဖန်များစွာ ကြားနာမှတ်သားခဲ့ကြရပေသည်။

## ပြောမယုံ ကြုံမှသိ

'ပြောမယုံ ကြုံမှသိမည်'ဟု ရှေးသူမှန်တို့ ဆိုထုံးပြုခဲ့ကြသည်။ မှန်ဘိတောင်း၊ ကျွန်ုပ်တို့သည် ငယ်စဉ်ကမူ မိဖတို့၏ ထိုထိုသော ဆုံးမ ဩဝါဒမျိုးတို့ကို ကြားရသည့် အခါ၌ "ခဏ ခဏ ဆုံးမနိုင်လွန်းရန်ကော" ဟူ၍လည်း ငြီးငွေ့မိခဲ့ဘူးကြပေမည်။ "စိုးရိမ်နိုင်လွန်းရန်ကော" ဟူ၍လည်း မိဖတို့အပေါ်၌ စောဒကတက်လိုကြပေမည်။ နူတ်လုံထိုး၍ ဆိုးမိုက်နွံမူခဲ့ကြသော သားသမီးတို့လည်း ရှားအံ့မထင်။

သို့သော် အသိဉာဏ် နုနယ်သော ငယ်ရွယ်စဉ်က မိဖတို့အဆုံးအမအတိုင်း လေးလေးနက်နက် မြတ်မြတ်နိုးနိုး တန်ဖိုးထား၍ မလိုက်နာခဲ့၊ မလိမ္မာခဲ့၊ မသိမြင်ခဲ့ကြသောကျွန်ုပ်တို့သည်ကား အသက်အရွယ်ထောက်၍ လူလတ်ပိုင်း၊ လူကြီးပိုင်းသို့ ရောက်လာကြသောအခါ၌မူ မိမိတို့သားသမီး တပည့်တပန်း ညီငယ် ညီမငယ်တို့အား ဤသို့သော ဆုံးမဩဝါဒမျိုးကိုပင် အဖန်ဖန် အထပ်ထပ် ဆုံးမပေးတတ်ကြပေသည်။

ဤအခါကျမှ မိဖတို့၏ အထပ်ထပ်ဆုံးမဘူးခဲ့သော ဩဝါဒတို့၏ မေတ္တာကရုဏာဓာတ် ကြီးမားပုံတို့ကိုလည်း သဘောပေါက် သိမြင်လာတတ်ကြပေသည်။ မိဖတို့က ဆုံးမခဲ့ကြသော နည်းလမ်းအတိုင်းလည်း ကိုယ်တွေ့ လိုက်နာ ကျင့်သုံးတတ်ကြ

ပေတော့သည်။ ဤသို့ ကိုယ်တွေ့ ကျင့်သုံးလာသောကြောင့်လည်း ကိုယ်တိုင်ကိုယ်ကျ ကိုယ်စိတ် ချမ်းသာသုခ သုံးဆောင်ခံစားကြရပေပြီ။

ဤသို့ ကိုယ်တွေ့ သုခတို့ကို ခံစားရလေလေ၊ မိဖတို့၏ ဆုံးမဩဝါဒ တန်ဖိုးရှိကြောင်းကို ကောင်းကောင်းကြီး သိမြင်လာလေလေ ဖြစ်ကြရတော့သည်။ "ငါတို့၏ မိဖတို့သည် ကျေးဇူးကြီးလှပါပေတကား၊ မိဖကျေးဇူး ပေးဆပ်ဦးမှပါတကား၊ ငါတို့၏ မိဖတို့သည် ဤသို့ ဤပုံ ဆုံးမ သွန်သင်ခဲ့ကြပါပေသည်တကား"ဟု မိဖတို့၏ ဆုံးမဘူးသည့် ဩဝါဒထူး မြတ်ကျေးဇူးတို့ကိုပင် အဖန်ဖန် ပြန်လည်ကာ အမှန်းတင်ကုန်၍ ကြည်ရှင်မြူးထူးထူးတတ်ဆို ဥဒါန်းကျူးလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာကြရပေပြီဘည်း။

## ကျွန်ုပ်၏မိခင် ဆုံးမခဲ့သော စကားမှန်နှစ်ခွန်း

မှတ်မိပေသေးသည်၊ ကျွန်ုပ်၏ မိခင်သည်လည်း ကျွန်ုပ်အားခပ်တိုတို စကားနှစ်ခွန်းဖြင့် ငယ်စဉ်မှစ၍ လူလားမြောက်သောကာလအထိပင် အဖန်ဖန် အထပ်ထပ် ဆုံးမ သွန်သင်ခဲ့ဘူးပေသည်။ အသို့နည်း၊ "ငါ့သားကြီးကို မေမေက အမြဲမှတ်သားကျင့်သုံးဖို့ရာ စကားနှစ်ခွန်းလောက်တော့ ဆုံးမပေးရဦးမယ်။ ပဌမ စကားခွန်းကတော့ သူများတကာ မုန်းစရာ အမူအရာမျိုးများကိုဖြင့် ဘယ်အခါမှ မပြုလုပ်လေနဲ့ကွဲ။ ဒုတိယ စကားခွန်းကတော့ သူများတကာ ချစ်စရာ အမူအရာမျိုးများကိုဖြင့် အခွင့်အခါသင့်တိုင်း ပြုကျင့်ရတယ်ကွဲ"ဟူ၍ပင်တည်း။

## စာဆို၍ပင် ဥဒါန်းကျူးချင်

ကျွန်ုပ်၏မိခင် ဆုံးမ သွန်သင်ခဲ့ဘူးသော စကားနှစ်ခွန်းတို့သည် အခြားသူတို့အဖို့ လေးနက်ချင်မှ လေးနက်ကုန်မည် ဖြစ်သော်လည်း ကျွန်ုပ်အဖို့မှာမူ လေးလည်းလေးနက်၏၊ ကျေးဇူးလည်းကြီး၊ အကျိုးလည်း များလှ၏။ ကျွန်ုပ်သည် ကျွန်ုပ်မိခင်၏ အဖန်ဖန် အထပ်ထပ် ဆုံးမခဲ့ဘူးသော ဩဝါဒအတိုင်းပင် အစွမ်းဆောင်နိုင်ဆုံး ကျင့်သုံးခဲ့ရာ ကျွန်ုပ် ကျင်လည်ခဲ့ရသမျှသော မျက်မှောက်ဘဝ ခရီးတလျှောက်ဝယ် ကျွန်ုပ်အပေါ်၌ ချစ်ခင်ကြည်ညို အကြင်နာပို့ခဲ့သူတို့ကိုသာ အတွေ့များခဲ့ရ၍ ရွံရှာမုန်းတီးသူ ရက်စက် ကြမ်းကြုတ် သူတို့ကိုမူ ရှာမှရှားသလောက်ပင်။ ထင်ထင်ရှားရှား မတွေ့ကြုံခဲ့ရပေ။

"ငါသည် မည်သူ့အပေါ်၌ အမုန်းကြီးခဲ့၊ ရန်ငြိုးဖွဲ့ခဲ့ဘူးလေသနည်း"ဟု ကျွန်ုပ်ဆင်ခြင်သုံးသပ်ခဲ့၏။ ယခု အချိန်ထိပင် ကျွန်ုပ်အနေဖြင့် အနာတရ မုန်းတီးသူကို ကြည့်၍ မမြင်ရပေ။ ဤ အချက်သည် မေတ္တာဘာဝနာကို ပွားများကြည့်သည့် အခါ၌ ပိုမို၍ ထင်ရှားခဲ့၏။ ကျွန်ုပ်သည် မိဖစကားကို နားထောင်ခဲ့သောကြောင့် မေတ္တာဘာဝနာကို ပွားများသော အခါဝယ် မရှိသော 'ဝေရီ'ဟူသော ရန်သူကို အပွားရငြိမ်းအေးခဲ့လေသည်။

ကျွန်ုပ်သည် ဤသို့ပင် မိမိက အရာရာတွင် အနာတရ ခါးခါးသီးသီး ရွံရှာမုန်းတီးသူကို ကြည့်၍ မမြင်ခဲ့သလို ကျွန်ုပ်ကိုလည်း အနာတရ ခါးခါးသီးသီး ရွံရှာမုန်းတီးသူ မရှိ-ဟု

မမှိတ်မသုံ ယုံကြည်နိုင်ပေသည်။ ကျွန်ုပ်သည် သို့ကလော့ကော်တောင် ကျေးဇူးကြီးမား အကျိုးများလှသည့် မိခင်၏ ဆုံးမဩဝါဒစကားမှန် နှစ်ခွန်းတို့ကို စာဆို၍ပင် ကြည်ရှင်ညွှတ်နူး ဦးဒါန်းကျူးရင့်လိုက်ချင်ပါတော့သည်။ အသို့နည်း–

၁။ သူမုန်းတတ်စွာ၊ မူအရာ၊ ဘယ်ခါမပြုနှင့်၊

၂။ ချစ်ခင်တတ်စွာ၊ မူအရာ၊ ခွင့်ခါသင့်တိုင်းကျင့်၊

၃။ ကျွန်ုပ်မိခင်၊ ဆုံးမသင်၊ ကြည်ရှင်ဦးဒါန်းဆင့်”ဟူ၍ပင် တည်း။

---

# ပုံကောင်းပုံလှကလေးများ ဖြစ်ကြရအောင်

ကလေးတို့သည် အဖြူထည် ပန်းချီကားချပ်တို့နှင့်၎င်း၊ မသွေးရသေးသော ကျောက်ရိုင်းတို့နှင့်၎င်း၊ တူကြလေသည်။ မှန်၏။ အဖြူထည် ပန်းချီကားချပ် ကျောက်ရိုင်းတို့ကို ပန်းချီဆရာ ကျောက်သွေးဆရာတို့က လိုသလို ပုံသွင်း၍ ရနိုင်ကုန်သကဲ့သို့၊ မိဘဆရာသမားတို့ကလည်း ကလေးသူငယ်တို့ကို လိုသလို ပုံသွင်း၍ ရနိုင်စကောင်းကုန်၏။

## လေလွင့်ကလေးသူငယ် ပြဿနာ

ဘာသာ အယူဝါဒရှင် အမျိုးမျိုးတို့သည် လေလွင့် ကလေးသူငယ်တည်းဟူသော အဖြူထည် ပန်းချီကားချပ် ကျောက်ရိုင်းကလေးတို့ကို ရှာကြံကြကုန်၍ ၎င်းတို့လိုသောပုံကို သွင်းကြကုန်၏။ ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာတိုင်းပြည်၌ ကလေးသူငယ်တို့ကို ဘာသာခြားတို့ကလည်း ကောက်ယူ သွေးဆောင်ကြကာ သူတို့လိုရာပုံကို သွင်းကြလေသည်။ လူဆိုး လူမိုက်တို့ကလည်း ခါးပိုက်နှိုက်အတတ်၊ လုယက်မှုအတတ်တို့ကို သင်ပေးကြကုန်၍ ခိုင်းစားကြလေသည်။

ဤသို့သော ကလေးသူငယ်ပြဿနာများကို လျစ်လျူရှုထား၍ မဖြစ်ချေ။ မြန်မာနိုင်ငံ၌ လူဦးရေ ၂၅-သန်း ရှိသည့်အနက် ကလေးဦးရေ ၈-သန်းခန့်ရှိရာ လေလွင့်နေသော ကလေးသူငယ်တို့မှာ ၁၉၆၇-ခုနှစ်၊ တနှစ်တည်းမှာပင် ၁၀၀၀၊ တထောင် နီးပါးရှိသည်ဟု အဆိုရှိသဖြင့် အနာဂတ်အတွက် မတွေးဝံ့လောက်အောင်ပင် ရှိတော့သည်။

ထို့ကြောင့်လည်း တော်လှန်ရေးအစိုးရ လူမှုဝန်ထမ်းဌာနက ဤလေလွင့်ကလေး ပြဿနာကို ထိန်းသိမ်း ကွပ်ကဲလျက်ရှိချေသည်။ ထို့ပြင် မိဖမဲ့ ဂေဟာနှင့် ဗုဒ္ဓဘာသာ သာသနာပြုကျောင်းများကလည်း စောင့်ရှောက် ထိန်းသိမ်း ပြုပြင်လျက်ရှိကြ၏။ သို့သော် ဤဌာနတို့မှ စောင့်ရှောက် ထိန်းသိမ်း ပြုပြင်ခြင်းတို့သည် လေလွင့်ကလေးသူငယ်များ ဖြစ်ပေါ်လာရင်းအကြောင်းရင်းကို သတ်နေသည် မဟုတ်သေး။ ဖြစ်ပေါ်လာသော လေလွင့်ကလေးသူငယ်များဟူသော အကျိုးတရားကိုသာ သတ်နိုင်ကြသေးသည်။

## အရင်းစစ်တော့အမြစ်မြေက

ကလေးသူငယ်များ ပျက်စီး လေလွင့်ရခြင်း အကြောင်းရင်းရေသောက်မြစ်ကို ဖြတ်တောက် သုတ်သင် ပစ်နိုင်မှသာလျှင် လေလွင့်ကလေးသူငယ်များ ရှားပါးပျောက်ကွယ် သွားနိုင်ပေမည်။ ''ငယ်ကတည်းက၊ မဆုံးမသော်၊ မိဖတလည်၊ ရန်သူမည်၏''ဟူ၍၎င်း၊ ''လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ''ဟူ၍၎င်း၊ အဆိုရှိပေရာ မိဖတို့က မိမိတို့၏ သား

သမီးတို့ကို ယဉ်ကျေးအောင် ဆုံးမကြဖို့ အရေးကြီးပေသည်။ မိဖရင်း မရှိသော ကလေးတို့ကိုလည်း နီးစပ်သူတို့က မိရင်းဖရင်း သဖွယ် ထိန်းသိမ်း စောင့်ရှောက် ဆုံးမကြဖို့ အရေးကြီးပေသည်။

မိဖအုပ်ထိန်းသူတို့၏ လက်ထဲဝယ် ငယ်စဉ်ကထဲက အဆုံးအမကောင်းခဲ့သော ကလေးသူငယ်တို့ ကျောင်းဆရာ၏ လက်ထဲရောက်မှ ဆုံးမရသော် မလွယ်ကူလှချေ။ အကယ်တန္တု ဗုဒ္ဓယဉ်ကျေးမှုကို အပြည့်အဝ ပေး၍ ဆုံးမပေးနိုင်သော ဘုန်းကြီးကျောင်းသို့ ရောက်လာ စေဦးတော့ မိဖအုပ်ထိန်းသူတို့၏ လက်ထဲမှ အဆုံးအမကောင်းလာကန်သော ကလေးသူငယ်တို့ကိုမူ ဆရာဘုန်းကြီးတို့သည်ပင် ပင်ပန်းကြီးစွာ ဆုံးမတော်မူကြရလေသည်။

ယခုအခါ ဆရာမိဖ အသင်းများ တည်ထောင်၍ ကျောင်းသူ ကျောင်းသား ကလေးငယ်များကို ဆရာနှင့်မိဖတို့တွဲ၍ ဆုံးမကွပ်ကဲကြခြင်းသည် ကလေးသူငယ်များ လေလွင့် ပျက်စီးမှုအကြောင်းရင်းကို ရှင်းလင်း သုတ်သင်ရာ ရောက်သဖြင့် အလွန်ကောင်းမြတ်လှ၏။

## အမှန်စင်စစ်သော်

အမှန်စင်စစ်သော် ကလေးသူငယ်များ လေလွင့်မှု ပြဿနာကို ဖြေရှင်းရာ၌ တနေရာ တဌာနတည်းက ဖြေရှင်းရုံမျှဖြင့် ပြေလည်လိမ့်မည် မဟုတ်ပေ။ ဆိုင်ရာ ဆိုင်ရာ အားလုံးသော ဌာနတို့က ဝိုင်းဝန်း ဖြေရှင်းမှသာ ပြေလည်နိုင်ပေသည်။

ထို့ကြောင့် အနာဂတ်၏ ကောင်းကျိုး ဆိုးကျိုးကို ဖန်တီးနိုင်ကြမည့် ကလေးသူငယ်တို့ကို လျစ်လျူရှုမထားကြပဲ အခဦးစွာ မိဖအုပ်ထိန်းသူတို့က လူယဉ်ကျေး လူလိမ္မာကလေးများဖြစ်အောင် ပြုစု ပျိုးထောင်ကြပါ။ ကျောင်းဆရာတို့ကလည်း စွမ်းအားရှိသမျှ စောင့်ရှောက် ထိန်းသိမ်းကြပါ။ မိဖမဲ့ ဂေဟာနှင့် ဗုဒ္ဓသာသနာပြု ကျောင်းများကလည်း ဆထက်တံပိုး တိုး၍ ကွပ်ကဲကြပါ။ ရွာဦးကျောင်း ဘုန်းတော်ကြီးတို့ကလည်း ဆုံးမတော်မူကြပါ။ ယင်းတို့မှ နယ်ကျွံထွက်လာသော လေလွင့်ကလေးသူငယ်တို့ကို လူမှုဝန်ထမ်း ဌာနတို့မှလည်း ဆထက်တံပိုးတိုး၍ ကွပ်ကဲကြပါ-ဟု တိုက်တွန်းလိုပါသည်။

## ခုန်ကျော်၍ မထားခဲ့ကြပါနှင့်

မိမိတို့၏ အဖြူထည် ပန်းချီကားချပ် ကျောက်ရိုင်းကလေးတို့ကို ဘာသာခြား အယူဝါဒရှင် အမျိုးမျိုးတို့နှင့် လူဆိုးသခိုးတို့၏ ကြောက်စရာ ပုံသွင်းပေးမှု ဘေးမှ ကင်းဝေးစေ၍ မိမိတို့၏ လိုလားနှစ်သက်ကြသော ဗုဒ္ဓသာသနာဝင် သားကောင်း သမီးကောင်း ရတနာ ပုံကောင်း ပုံလှကလေးများ ဖြစ်ကြရအောင် စောင့်ရှောက် ထိန်းသိမ်း ပြုစုပျိုးထောင်ကြရာ၌ အလွန်ကောင်းမြတ်သော ဗုဒ္ဓယဉ်ကျေးမှု နည်းလမ်းများကိုတော့ ခုန်ကျော်၍ မထားခဲ့ကြပါနှင့်ဟူ၍ နောက်ဆုံးအကြံဉာဏ်ပေးသည့် အနေဖြင့် နှိုးဆော်လိုက်ပါရစေ။

# လူယဉ်ကျေးများ ပေါများရေး

"လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဟူသော စကားမှန်သည် လိမ္မာယဉ်ကျေးသော သားသမီး ရတနာလေးများ ထွန်းကားရေးအတွက် ညွှန်ပြသော စကားမှန် ဖြစ်လေသည်။

မိဖတို့သည် မိမိတို့၏ သားသမီးလေးများအား လိမ္မာ ယဉ်ကျေးသူလေးများ ဖြစ်လာအောင် လက်ဦးပဌမ၊ ဆုံးမ ပဲ့ပြင် ညွှန်သင်ပေးကြရပေမည်။

ခွဲခြီးအံ့၊ မိဖတို့သည် မိမိ၏ သားသမီးလေးများအား ယဉ်ကျေးစွာ သွားလာနေထိုင် စားသောက်ပုံ၊ ဘုရား, တရား, သံဃာ, မိဖ, ဆရာ, လူကြီးသူမတို့ကို ဝပ်တွားဆည်းကပ်ပုံ၊ ကာယကံ ယဉ်ကျေးမှုတို့ကိုလည်း လက်ဦးပဌမ၊ ဆုံးမပဲ့ပြင် ညွှန်သင်ပေးကြရပေမည်။

ယဉ်ကျေးစွာ ဒူးနေရာဒူး၊ တော်နေရာတော် ခေါ်ဝေါ်ပုံ ပြောဆိုပုံ၊ ဝစီကံ ယဉ်ကျေးမှုတို့ကိုလည်း လက်ဦးပဌမ၊ ဆုံးမ ပဲ့ပြင် ညွှန်သင်ပေးကြရပေမည်။

သတ္တဝါ အားလုံးအပေါ် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မစိုရ်စိတ်ထား ပွားများရပုံ၊ ကိုယ်ချင်းစာ

စိတ် ရှိရပုံ၊ ကိုယ်တိုင်ကိုယ်ကျ စာရိတ္တမဏ္ဍိုင် ခိုင်မြဲအောင် ကျင့်ကြံမည်ဟူသော မှန်မြတ်စိတ်ရှိရပုံ၊ မနောက်ကံယဉ်ကျေးမှု တို့ကိုလည်း ဆုံးမပဲ့ပြင်သွန်သင်ပေးကြရပေမည်။

လိုရင်းကို ဆိုရသော် လိမ္မာယဉ်ကျေးသော သားသမီး လေးများ ထွန်းကားရေးသည် လက်ဦးဆရာဖြစ်သော မိဖတို့၏ လက်ဦးဆုံး မုချဆောင်ရွက်ရမည့်တာဝန် ဖြစ်ပေသည်။

ဆက်ပါဦးမည်၊ လောက၌ မိဖတို့၏ ဆုံးမပဲ့ပြင် သွန်သင်မှု နှင့်ကင်း၍ လိမ္မာယဉ်ကျေးသော သားသမီးရတနာလေးများ ကို ရရှိနိုင်ရန်မှာ လွန်စွာ လွန်စွာ ခဲယဉ်းလှချေ၏။ အချို့မိဖ တို့သည် 'ချစ်လို့ပါ၊ သနားလို့ပါ'ဟု ဆင်ခြေပေးကြကာ မိမိတို့၏ သားသမီးလေးများအား ဆုံးမပဲ့ပြင် သွန်သင်မှုမပြု ကြပဲ မျက်နှာလွှဲခဲပစ် အလိုလိုက်ထားကြကုန်၏။ ထိုကဲ့သို့သော မိဖတို့၏ သားသမီးလေးတို့သည် လူ့ကပ်ဖွဲ့၊ လူ့မနူးမနပ်၊ လူ့ရေပေါ်ဆီ၊ လူ့လမ်းသရဲ၊ လူဆိုးလူပေလေးများ ဖြစ်လာ ကြရလေသည်။

ထိုကဲ့သို့ မျက်နှာလွှဲခဲပစ် အလိုလိုက်၍ အမိုက်သင်ပေးသော စနစ်ဖြင့် သားသမီးလေးများအပေါ်၌ ချစ်ခင်သနားတတ်ကြ သော မိဖတို့၏ ချစ်ခင်သနားခြင်းမျိုးတို့သည် ·မိမိတို့၏ သားသမီးလေးများအား ချစ်ခင်သနားရာ မရောက်ပဲ နှစ်ရာ ညစ်ရာ ရောက်ကြလေသည်။

ထိုတဲ့သို့ မဖြစ်ကြရလေအောင် လိမ္မာယဉ်ကျေးသော သားသမီးရတနာလေးများကို လိုလားတိုင်းသော မိဖတို့၏ သားသမီးလေးများအား လိမ္မာယဉ်ကျေးလာအောင် ကိုယ်တိုင် ကိုယ်ကျ လက်ဦးမဌမ၊ ဆုံးမပဲ့ပြင် သွန်သင်ကြရာ၏။ ထို့နောက်

အထူးသဖြင့် ဆုံးမပဲ့ပြင် သွန်သင်နိုင်သော ပညာရှိဆရာသမား တို့ထံ၌ ပိုင်နိုင်စွာ အပ်နှင်း၍ ဆုံးမပဲ့ပြင် သွန်သင်ယဉ်ကျေး စေကြရာ၏။

ဤနေရာ၌ ကျောင်းဒကာ **သူဌေး ဦးအနာထပိဏ်၏** သား **မောင်ကာလအား** ဆုံးမပဲ့ပြင် သွန်သင်ပေးပုံကို သာဓကအဖြစ် အမြွက်မျှ ဖော်ပြပေဦးမည်။ သူဌေးမင်း ဦးအနာထပိဏ်သည် ဂေါတမနွယ်ဖွား မြတ်ဘုရား၏ ကျောင်း ဒကာ အရင်း ခေါက်ခေါက်ကြီး ဖြစ်သော်လည်း သား့သား မောင်ကာလကား ကျောင်းကန်ဘုရားနှင့် ဝေး၍ မယဉ်ကျေးပဲ ရှိချေသည်။ ထို့ကြောင့် ဦးအနာထပိဏ်က သား့သား မောင် ကာလအား မျက်နှာထားနှင့် ခေါ်၍ တမျိုး၊ အစားအစာ ငွေအသပြာနှင့် ချော့မော့၍တနည်းဖြင့် ကျောင်းကန်ဘုရားသို့ သွား၍ ဥပုသ်စောင့် တရားနာရန် အဖန်ဖန် အထပ်ထပ် ဆုံးမ ပဲ့ပြင် သွန်သင်လေသည်။

သည်လိုနှင့်ပင် မောင် ကာ လ သည် လည်း ဆိုး ပေ သော မောင်ကာလဘဝမှသည်– သီဟာင်းသည် မောင်ကာလအဖြစ်သို့ ရွေးရှု ချီတက်နေလေတော့သည်။ တနေ့သောအခါ မောင် ကာလသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားနေ လေရာ တရားတော်၏ အဆုံး၌ သောတာပန် ဖြစ်သည်အထိ ယဉ်ကျေးလိမ္မာသူ ဖြစ်လေတော့သည်။ ဤကား သူဌေးမင်း ဦးအနာထပိဏ်၏ သား့သား မောင်ကာလအား ဆုံးမပဲ့ပြင် သွန်သင်ပေးပုံ အမြွက်မျှ သာဓကပေတည်း။

အားလုံး လူယဉ်ကျေးသားသမီး ရတနာလေးများ ထွန်း ကားလာအောင် ရှက်ဆောင်နိုင်ကြပါစေ။

# အထူးအဆန်း ဝမ်းနည်းစရာ

## ဝမ်းမနည်းစရာ

ဝါးသီးသည် ဝါးပင်ကို ပြန်၍သတ်၏။ ပေသီးသည် ပေပင်ကို ပြန်၍သတ်၏။ ငှက်ပျောသီးသည် ငှက်ပျောပင်ကို ပြန်၍သတ်၏။ ဤသဘောတရားမျိုးသည် ဖြစ်မြဲတံထွာ ဓမ္မတာအစဉ်အလာ နိယာမသဘောတရားမျိုး ဖြစ်သောကြောင့် မထူးလည်း မထူးဆန်း ဝမ်းနည်းစရာလည်း မဟုတ်ချေ။

## ဝမ်းနည်းစရာ

သို့သော် သားသမီးသည် မိဖကို ပြန်၍သတ်၏။ မိဖကို ပုန်ကန်တော်လှန်၏။ ဤသဘောတရားမျိုးသည်ကား ဓမ္မတာ နိယာမ သဘောတရားမျိုး မဟုတ်ပဲ ယုတ်မာ ဖေါက်ပြား မှောက်မှားသော ပါပဓမ္မသဘောတရားမျိုး ဖြစ်သောကြောင့် ထူးလည်းထူး ဆန်းလည်းဆန်း၏။ ဝမ်းနည်းစရာလည်း ဖြစ်၏။

## မိဖကိုသတ်သူ

အဘယ်မျှထူးဆန်း၍ အဘယ်မျှ ဝမ်းနည်းစရာ ဖြစ်လေသနည်း။ **အဇာတသတ်** **မင်းသား**သည် **ဒေဝဒတ်**နှင့် ပေါင်းဖက်မှား၍ ခမည်းတော် သူတော်ကောင်း ကျောင်းဒကာ ဗိမ္ဗိ**သာရ**

မင်းကြီးကိုသတ်၍ နန်းရပ်ထီးဖြူအရယူရန်အကြံဖြင့်ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ထောင်သွင်း အကျဉ်းထား၏။ ခြေဖဝါး ခွားနှင့် မှမ်းကာ ဆားပက်မီးကင်သည်အထိရက်စက်၏။ ဤကား မသေမချင်း တဖြည်းဖြည်း ညှဉ်းဆဲ၍ သတ်နေခြင်းပင်တည်း။

နောက် မိမိသားတော်လေး မွေးဖွားလာသည်ကို ကြားရ သောအခါ ရိုးတွင်းခြင်ဆီ စိမ့်ခိုက်သည်အထိ ပီတိဖြစ်ကာ သား အပေါ်မှာ ချစ်မေတ္တာ ပေါ်လာလေ၏။ ထိုအခါမှ "ငါ့ခမည်း တော်လဲ ငါ့ကိုချစ်ရှာပေမှာပဲ"ဟု သတိရကာ ဝေဒေဟီအမည်ရှိ သော မယ်တော်ကြီးကို မေးခဲ့လေသည်။

ထိုအခါ မယ်တော်ကြီးက "ဘယ့်နှယ် ပြောလိုက်ပါလိမ့် သားရယ်၊ သားတော်ငယ်ငယ်က သားတော်ရဲ့လက်ညှိုးမှာ ခူနာ ပေါက်ရာ မင့်ခမည်းတော်မှာ ခူနာပေါက်သည့် လက်ညှိုးကို ပါးစပ်ထဲငုံထားရှာတယ်။ ပါးစပ်ထဲမှာ ပြည်ပေါက်တော့ ထွေး လိုက်ယင် သားတော်နာပြီး နိုးမှာစိုးလို့ မျိုချလိုက်ရှာတယ်။ ဤမျှလောက်တောင် ချစ်ရှာပါတယ်ကွယ်"ဟု ပြောမှ နောင်တ ရကာ "ခမည်းတော်ကို လွှတ်စေ"ဟု အမိန့်ချလေ၏။

သို့သော် အခါနှောင်းခဲ့လေပြီ။ ခမည်းတော်ကား နတ်ရွာ စံခဲ့ရှာလေပြီ။ သူ၏ကြီးလေးလှသော ဤပိတုဃာတက ကံဆိုးက သူ့အား အဖန်ဖန် နှိပ်စက် ညှဉ်းဆဲ ဆင်းရဲစေ၏။

"ငါသည် ငါ့အပေါ် လွန်စွာ ချစ်မြတ်နိုးတော်မူသော ခမည်းတော်အား သတ်မိလေခြင်း"ဟု နောင်တရကာ ပွဲတော် တည်၍လည်း မမြိန်ယှက်၊ စက်တော်ခေါ်၍လည်း မပျော်ပိုက်၊ ပျော်တော်ကြူး၍လည်း မကြည်နူးနိုင်လောက်အောင် ကိုယ်စိတ်

နှလုံး ကြိမ်မီးအုံးသို့ ယူကြုံးမရ ဖြစ်ရရှာလေ၏။ တသက်လုံး နှောင်တ,တဖန် ပူပန်ဆင်းရဲရရှာလေ၏။

ထိုမျှမကသေး၊ စင်စစ် သူသည် မျက်မှောက် ဘဝမှာပင် သစ္စာပန်းကို ဆွတ်လှမ်း၍ ကျွတ်တမ်းဝင်နိုင်သော အတိတ်ကံ ပါရမီနှင့် စုံညီပြည့်ဝသူလည်း ဖြစ်ကားဖြစ်၏။ သက်တော်ထင် ရှား မြတ်ဘုရား၏ တရားတော်ကို မျက်မှောက်ထင်ရှား နာကြား ရသူလည်း ဖြစ်ကားဖြစ်၏။ သို့သော် သူသည် ယခုမျက်မှောက် ဘဝမှာပင် သူပြစ်မှားမိသော ပိတုဃာတက-ကံတံတိုင်းကြီးက သူ့အား ကာဆီး ပိတ်ဆို့ထားသောကြောင့် သစ္စာသိမြင် ကျွတ်တမ်းဝင်သူ မဖြစ်ရရှာတော့ချေ။ ထို့အပြင် သူသည် သေသည်၏ အခြားမဲ့၌ ငရဲကျ၍ ကြာရှည်စွာ ဒုက္ခခံစားရရှာချေ သေးသည်တကား။ ဤကား မိဖကို သတ်သူ၏ အကြောင်း။ (ဒီ-ဋ္ဌ။ ၁၊ ၁၂၃-၁၂၄-၁၂၅-၁၂၆-၁၂၇)

## မိဖကိုစောင့်လှန့်သူ

မိတ္တဝိန္ဒကကား သူဌေးသားဖြစ်ပေသည်။ သူသည် မိဖဆုံးမ သော စကားကို နားမထောင် ဟိုယောင်ယောင် ဒီယောင်ယောင် နှင့် လမ်းသရဲလုပ်နေလေသည်။ သူ၏မိခင်ဒကာမကြီးက လိမ်မာ ရေးခြားရှိစေလိုသောကြောင့် သူ့အား "ချစ်သား၊ ဒီနေ့ ဥပုသ်နေ့ဖြစ်တယ်၊ ကျောင်းသွားပြီး ဥပုသ်စောင့်ချေ၊ တညလုံးလဲ တရားနာခဲ့၊ ဥပုသ်စောင့် တရားနာပြန်လာလျှင် သားသားကို မေမေက ငွေတထောင် ဆုချပါမယ်" ဟုဆိုကာ ဥပုသ်စောင့် တရားနာလွှတ်၏။ သူသည် ငွေကိုစုံမက်သဖြင့် ကျောင်း သွားကာ ဥပုသ်စောင့်ပြီးလျှင် "ဒီနေ့ရဟာ ငါ့အတွက် ဘေး

ကင်းတယ်”ဟု မှတ်သားပြီး တရားပလ္လင်အောက်မှာ နေလျက် တညလုံး အိပ်ပြီးတော့ အိမ်ပြန်ခဲ့လေသည်။

သူ့မိခင်က စောစောကြီးပင် ယာဂုကြိုထားနှင့်၍ ယာဂုပူပူလေးကို သူ့အနီးမှာ ချပေး၏။ သူသည် ငွေတထောင်ကိုယူပြီးမှသာ ယာဂုသောက်လေသည်။ ယာဂု သောက်ပြီးသော အခါ သူ့အား “အင်း-ငါဟာ ဥစ္စာကို ကောင်းကောင်း များများကြီး တိုးပွားအောင် ဆောင်ယူရပေဦးမည်” ဟူသော စိတ်ကူးယဉ် အကြံဖြစ်လေသည်။ လှေဖြင့် သမုဒ္ဒရာကို အပြေးသွားပြီး ကုန်ကူးလိုခြင်းသည်ဖြစ်၏။ထိုအခါ သူ့မိခင်ကသူ့ကို“ချစ်သား သည်ငါတို့အိမ်မှာ ကုဋေ(၄၀) ကြွယ်ဝပါတယ်။ ဘေးရန်မကင်း ခဲယဉ်းစွာ ကုန်ကူးသွားခြင်းဖြင့် မသင့်တော်ပါ” ဟု တားမြစ်၏။

သူသည် ထိုမိခင်၏စကားကို နားမထောင် ထွက်သွားသည်။ ထိုအခါ မိခင်က မသွားရန် ရှေ့ကနေတား၏။ ထိုအခါသူသည် ထိုသူ မိခင်ကို ဒေါသအမျက် ချောင်းချောင်းထွက်၍“အို ဗျာ.... ဒီအမယ်အိုကြီးနှယ် ငါ့ရှေ့ကနေ ကန့်လန့်ကန့်လန့် လာရှုပ်နေပြန်ပြီ”ဟု ခြေဖြင့် ကန်ကြောက်၍ လဲသွားသောမိခင်ကို သူ့ခြေနှစ်ချောင်းကြားက ကျော်လွှားပြီး သွားလေသည်။

ထိုအခါ သူ့မိခင်က လဲကျရာမှထကာ “ငါလို ကျေးဇူးရှင်မိခင်အပေါ်မှာ ဒီလိုမိုက်ကန်းကန်းအမူကို ပြုသွားတဲ့ နင်ဟာ ရောက်ရာအရပ်မှာ ချမ်းသာခြင်းဖြစ်လိမ့်မည်လို့ ဒီလိုမှတ်ထားသားမိုက်ရဲ့”ဟု ကရုဏာဒေါသောဖြင့် ပြောလွှတ်လိုက်သည်။ သူသည် လှေကိုစီး၍ သွားစဉ် ခုနစ်ရက်မြောက်သော နေ့မှာ သူတို့စီးသော လှေသည် ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာပြင်

ကျယ်ဝယ် သောင်မတင် ကျောက်မချပဲ ရုတ်တရက် ရပ်တန့်သွားလေသည်။ ထိုအခါ ထိုလှေစီးခရီးသည်တို့သည် “ကောင်း၊ ဒီလှေပေါ်မှာ လူယုတ်မာရှိတယ်။ လူယုတ်မာ မဲချကြပါ”ဟု ဆိုကြ၏။ လူယုတ်မာ မဲချလေသော် ထို မိတ္တဝိန္ဒကအား သာလျှင် သုံးကြိမ်တိုင်တိုင် မဲကျရောက်၏။ ထို့ကြောင့် ထို လှေစီးခရီးသည်တို့သည် ထိုမိတ္တဝိန္ဒကအား ဖောင်ငယ်ကို ပေး၍ ထိုမိတ္တဝိန္ဒကကို သမုဒ္ဒရာထဲမှာ ပစ်ချလေကုန်ပြီ။ ထိုအခါကျမှ လှေသည် ဘေးမသီ ရန်မခပဲ သွားမြဲတိုင်း သွားနိုင်လေတော့သည်။

ထို မိတ္တဝိန္ဒကသည် ထိုသို့ ဖောင်ငယ်နှင့် မျောလာရာ လမ်းခုလပ်တွင် ဝေမာနိက ပြိတ္တာ, နတ်မိမယ်တို့နှင့် တွေ့၍ ၂၈-ရက်မျှ နတ်စည်းစိမ်ကို ခံစားရပြီးသည်၏ နောက်၌ ထိုထက် နှစ်ဆ နှစ်ဆသော စည်းစိမ်ချမ်းသာကို မျှော်ကိုးလျက် ဖောင်ငယ်ဖြင့် ဆက်လက်၍ အစဉ်သဖြင့် ခရီးထွက်လာစဉ် သင်တုန်းစက် ငရဲခံနေရသူတယောက်ကို တွေ့မြင်ရလေ၏။ သူ့အား ထိုသင်တုန်းစက်သည် ပဒုမ္မာကြာပန်းလို့ ထင်ရ၏။ ထို့ကြောင့် သူက ကောင်း၏။

**မိတ္တဝိန္ဒက**။ ။သူငယ်ချင်း၊ သင် ပန်ဆင်ထားတဲ့ ဒီ ပဒုမ္မာကြာပန်းကို ငါ့ပေးစမ်းပါ။

**ငရဲသား**။ ။အို အဆွေ၊ ဒီဟာ ပဒုမ္မာကြာပန်း မဟုတ်ဘူး။ ဒီဥစ္စာဟာ သင်တုန်းစက်ကြီးဗျ။

**မိတ္တဝိန္ဒက**။ ။ငါ့ကို မလိမ်ပါနဲ့ကွာ၊ မင်းက ငါများ ပဒုမ္မာကြာပန်းကို ရှေးက မမြင်ဘူးတာ မှတ်လို့လား။

မင်းဟာ နီမြန်းတဲ့စန္ဒကူး နံ့သာတွေကို လိမ်း ခြယ်ပြီး ပဒုမ္မာကြာပန်းကို ငါ့မပေးချင်လို့ မို့လား။

ဤသို့ မိတ္တဝိန္ဒက,က ပြောသောအခါ ထိုသင်တုန်းစက် ရေ့ခံနေရသူသည် "အင်း....ဒီလူဟာ ငါ့လည်ပင်းမှာ ခုတ်စင်း နေတဲ့ သင်တုန်းစက်ကြီးကိုတော့ ပဒုမ္မာကြာပန်းလို့ ထင်ပြီး ငါ့လည်ပင်းမှာ စီးကျနေတဲ့ သွေးတွေကိုတော့ စန္ဒကူးနံ့သာ တွေလို့ ထင်နေတယ်။ ဒီလူဟာ ငါ့လို မကောင်းမှုပြုပြီး ထိုမကောင်းမှုကံရဲ့ အကျိုးကို ခံစားလိုပြီထင်တယ်"ဟု ကြံစည် လေ၏။

ထိုသို့ ကြံစည်ပြီးသောအခါ ထိုမိတ္တဝိန္ဒကကို "ဟဲ့ ငမိုက် သား၊ နင်လိုချင်တဲ့ ပဒုမ္မာကြာပန်း ခုယူပြီး ဆင်မြန်းလော့။ ရော့....ယူတော့"ဟု ဆို၍ မိတ္တဝိန္ဒက၏ ထိပ်ထက်မှာ သင်တုန်း စက်ကြီးကို ပစ်ချလိုက်လေသည်။

ထိုအခါ မိတ္တဝိန္ဒကသည် ကယ်ပါ, ယူပါ တစာစာနှင့် သင်တုန်းစက်ရေ့မှာ အကြီးအကျယ် ဒုက္ခခံနေရသည်။ (ဒီ-ဋ္ဌ၊ ၃၊ ၁၇၇) (ခု။ ၅-၂၄)

ဤဝတ္ထုဝယ် မိတ္တဝိန္ဒက၏ ဝေမာနိက ပြိတ္တာ နတ်မိမယ် တို့နှင့် ၂၈-ရက်မျှ နတ်စည်းစိမ် ခံစားရခြင်းသည် သူ့မိခင်က ငွေတထောင် ပေး၍ ချော့မော့လွှတ်စဉ် ငွေလိုချင်သဖြင့် ကျောင်းသွားကာ တညမျှ အိပ်လျက် ဥပုသ်စောင့်ခဲ့သော ကုသိုလ်လေးကြောင့် ဖြစ်၏။

သူ့ယုတ်မာ မဲကျ၍ ရေမျှောခံရခြင်း၊ သင်တုန်းစက် ငရဲ၌ ခံရခြင်းသည် မိဖစကားကို နားမထောင်ပဲ မိဖကို တော်လှန်ပုန်ကန်ခြင်း၊ မိခင်ကို ခြေနှင့်ကန်ခြင်း အကုသိုလ်တို့ကြောင့် ဖြစ်၏။ ဤကား မိဖကို တော်လှန်ပုန်ကန်သူ၏ အကြောင်း။

မိဖကိုသတ်သော မိဖကို တော်လှန်ပုန်ကန်သော ယုတ်မာသော ပါပမမှသဘောသည် ဤမျှလောက် ထူးဆန်း၍ ဤမျှလောက် ဝမ်းနည်းစရာ ဖြစ်လေသတည်း။

# လူရည်ချွန်ဟူသည်ကား

လူတော် လူကောင်းဟူရာ၌ 'တော်' ဟူသည် ပညာရည် ထူးချွန်မှုကို ဆိုလို၍ 'ကောင်း' ဟူသည် စာရိတ္တဗလ, မိတ္တဗလ ပြည့်ဝထူးချွန်မှုကို ဆိုလိုပေသည်။ သာယာဝပြော ငြိမ်းချမ်း သော တိုင်းပြည်ကို တည်ထောင်ရာ၌ ထူးချွန်သော ကာယ, ဉာဏ လုပ်သားတို့ မုချ လိုအပ်သည်ကား မှန်၏။ သို့သော် ထူးချွန်ဆိုရာ၌ ပညာရည် တခုတည်းသာ ထူးချွန်သော သူတို့ကို မဆိုလိုပေ။ ပညာရည်ရော စာရိတ္တဗလ, မိတ္တဗလ ထူးချွန်သည့် လူတော်လူကောင်း လုပ်သားကောင်း လူရည်ချွန် တို့ကိုသာ ဆိုလိုပေသည်။

အဘယ့်ကြောင့်ဆိုသော် ပညာရည် တခုတည်းသာ ထူးချွန် သည့် ကာယ, ဉာဏ လုပ်သားတို့ဖြင့်ကား သာယာဝပြော ငြိမ်းချမ်းသော တိုင်းပြည်ကို တည်ထောင်၍ ပြီးပြည့်စုံစွာ ဖြစ်မြောက်နိုင်လိမ့်မည် မဟုတ်ပဲ ပညာရည်ရော, စာရိတ္တဗလ, မိတ္တဗလပါ ထူးချွန်သည့် ကာယ, ဉာဏလုပ်သားကောင်းတို့ဖြင့် တက်ညီ လက်ညီ ဆောင်ရွက် တည်ထောင်မှသာ ပြီးပြည့်စုံစွာ ဖြစ်မြောက် အောင်မြင်နိုင်မည် ဖြစ်သောကြောင့်တည်း။

မှန်၏၊ ယနေ့ မြန်မာပြည်၌ အချို့သော သူတို့သည် ပညာ ရည်တခုတည်းသာ တော်၍ စာရိတ္တဗလ, မိတ္တဗလ, မပြည့်ဝ

**မ**ကောင်းမွန်သည့် ကာယ,ဉာဏ လုပ်သားတို့ကြောင့် ပြည်သူပိုင် ပစ္စည်းတို့ကို အလွဲသုံးစား လုပ်ခြင်း၊ ပေါ့ပေါ့တန်တန် လုပ်သောကြောင့် မပြီးမြောက်ခြင်း၊ ကျေးဇူးရှင် ဈေးရောင်း ဈေးဝယ် ပြည်သူနှင့် မပြေမလည်ဖြစ်ခြင်း၊ အဂတိ လိုက်စားခြင်းတို့ ဖြစ်ပေါ်နေပုံကို အကဲခတ်ကြည့်က သိနိုင်လေသည်။

ဆက်ပါဦးမည်၊ ပညာရည် တခုတည်းသာ တော်၍ စာရိတ္တဗလ, မိတ္တဗလ မကောင်းသူ ပျက်ပြားသူတယောက်ကို ဖူးစာဖက်အဖြစ် ရွေးချယ်မည်လား၊ သမက်အဖြစ် ရွေးချယ်မည်လား၊ ချွေးမအဖြစ် ရွေးချယ်မည်လား၊ တပည့်အဖြစ် ရွေးချယ်မည်လား၊ ဆရာအဖြစ် ရွေးချယ်မည်လား၊ မိတ်ဆွေအဖြစ် ရွေးချယ်မည်လား-စသည် အားဖြင့် ပြည်သူလူထုအား မေးမြန်းကြည့်သည်ဟု ဆိုကြပါစို့။ ယင်းသို့ မေးမြန်းကြည့်သည်ရှိသော် အဘယ်မည်သော ပြည်သူ ပြည်သား တယောက်တလေမျှသည် ဖူးစာဖက်အဖြစ် စသည်ကို ရွေးချယ်ပေါင်းဖော်လို၊ ရွေးချယ်ပေါင်းဖော်ဝံ့ပါမည်နည်း။

ထို့ကြောင့် ယနေ့မြန်မာ့လမ်းစဉ်ဖြင့် သာယာဝပြောငြိမ်းချမ်းသော မြန်မာပြည်ကို တည်ထောင်နေသည် ဆိုရာဝယ် လူရည်ချွန်များကို ဖော်ထုတ်ရာ၌ ပညာရည် တခုတည်းသာ ထူးချွန်သူတို့ကို ထုတ်ဖော်နိုင်သည်ထက် ပညာရော စာရိတ္တဗလ, မိတ္တဗလပါ ထူးချွန်သော လူတော်လူကောင်း, ကာယ ဉာဏ လုပ်သားကောင်း ဖြစ်နိုင်မည့် လူတော် လူကောင်း လူရည်ချွန်တို့ကို ထုတ်ဖော်နိုင်ခြင်းသည် ပိုမိုပြီးပြည့်စုံနိုင်မည်ဖြစ်ကြောင်းကို အရေးတကြီး ဖော်ပြရပေသတည်း။

# သားသမီးတာဝန် ကျေပွန်စေလိုသည်

မာတာပိတု ဥပဋ္ဌာနံ။ ပ။ တေံ မင်္ဂလမုတ္တမံ-မိဖကို လုပ်ကျွေး မွေးမြူခြင်းသည်လည်း၊ မကောင်း မှောင်ရှင်း ကောင်း ရောင် လင်းလတ်၊ မွန်မြတ်သော မင်္ဂလာ တပါးပေတည်းဟု၊ မြတ်ဗုဒ္ဓက ဟောမိန့်တော်မူခဲ့ပေသည်။ ဤသည်ကို ရည်၍ မုံရွေး ဆရာတော်က-

"မြဝတီ သာ၊ နတ်တို့ရွာက၊ ဣန္ဒာဒေဝ၊ သိကြား တမန်၊ မောင်နတ်မွန်၊ ယုဂန်တောင်ညို၊ မြင့်မိုရ်မကာ၊ ဂုဏ်ကြီးလှသား၊ မိဖမည်သာ၊ မာတာပိတု၊ ဤနှစ်စု ကို၊ ဥပဋ္ဌာန၊ တုပ်ကွမြတ်လေး၊ စားဦးပေး၍၊ ကျွေး မွေးနိုင်စေ"ဟု မင်္ဂလသုတ်ပျို့၌ စာပန်းချီ ခြယ်သ တော်မူခဲ့သည်။

**သားသမီးတာဝန် ၅-ပါး**

၁။ မိဖတို့အား လုပ်ကျွေးခြင်း၊

၂။ မိဖတို့၏ အမှုကိစ္စတို့ကို ဆောင်ရွက်ခြင်း၊

၃။ မိဖစကားကို နားထောင်၍ မိဖအမွေကို ခံထိုက်အောင် ပြုလုပ်ခြင်း၊

၄။ မိဖကွယ်လွန်သောအခါ ဒါနံပြု၍ အမျှပေးဝေခြင်း။

၅။ အမျိုးအနွယ်ကို စောင့်ရှောက်ခြင်း၊

ဤငါးပါးတို့သည် မိဖတို့အပေါ်၌ သားသမီးတို့က ပြုကျင့်ရမည့် ဝတ္တရားတို့ပေတည်းဟု၊ မြတ်ဗုဒ္ဓက ဒီဃနိကာယ် ပါထေယျပါဠိတော် **သိင်္ဂါလသုတ်**၌ သိင်္ဂါလ သတို့သားအား ဟောကြား ဆုံးမတော်မူခဲ့ပေသည်။ ဤသည်ကို ရည်၍ စာဆို ပညာရှင် တဦးကလည်း—

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" ဟု စပ်ဆို ညွှန်ကြားခဲ့ပေသည်။

ဤသည်ကို ရည်၍ **ကန်တော်မင်းကျောင်း ဆရာတော်**ကလည်း—

"မိခင်ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်၊ ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍၊ ခပ်သိမ်းမယွင်း၊ ငြိမ်းခစမင်းဟု" **လောကသာရပျို့**၌ တပည့် သားမြေးတို့အား ဆုံးမ ညွှန်ပြတော် မူခဲ့ပေသေးသည်။

## အဘယ့်ကြောင့်နည်း

လောက၌ ဤသားသမီး ကျင့်ဝတ်၊ တပည့်ကျင့်ဝတ် ဟူကုန်သော မြတ်ဗုဒ္ဓ၏တရား၊ ရှေးသူမွန်တို့၏ ဆုံးမစကား

တို့ကို ဖတ်ဘူး, မှတ်ဘူး, ဆောင်ဘူးသူတို့ နည်းပါးကုန်၍ မဖတ်ဘူး, မမှတ်ဘူး, မဆောင်ဘူးသူတို့သာ များကုန်ချေမည်ဟု ထင်၏။ အဘယ့်ကြောင့်နည်း၊ လူတို့သည် မြတ်ဗုဒ္ဓ၏ တရားစာပေ၊ ရှေးသူမြင်တို့၏ ဆုံးမစာပေတို့ကို တွေ့မြင်ကြသည်ရှိသော် 'ဟာ-တရားပေစာတွေပါကွာ'ဟူ၍၎င်း၊ 'ဟာ-ဆုံးမစာပေတွေပါကွာ'ဟူ၍၎င်း၊ သဒ္ဓါတရား စေတနာ ငြိုငြင်စွာဖြင့် ပြောဆိုကြကာ၊ တရားစာ ဆုံးမစာတို့ကို နှာခေါင်းရှုံ့၍ မျက်နှာလွှဲတတ်ကြကုန်သောကြောင့်တည်း။

## ဖတ်, မှတ်, ဆောင်ကြပါကုန်ဦးလော့

ယင်းသို့ မျက်နှာလွှဲသွားရခြင်းကား အဘယ့်ကြောင့်နည်း။ ဖေဖေတော့, မောင်တော့ စာတွေလောက် ရှ,သ, မထူး ကြည်နူးဖွယ် မရှိ၍လော၊ သို့တည်းမဟုတ်၊ မြန်မာစာဟု အထင်မြင်သေး၍လော၊ ဤသို့ကား အပြစ်တင်စော၍ သဘောမကျ ဖြစ်ကာ မပျင်းမရိကြ၊ အထင်မြင် မသေးမိကြပါကုန်လင့်ဦး။

သင်တို့သည် ဤသားသမီးကျင့်ဝတ် ဟူကုန်သော ဗုဒ္ဓ၏ တရားစာ, ရှေးသူမြင်တို့၏ ဆုံးမစာ, ပျို့လင်္ကာတို့ကို စိတ်ပါဝင်စားစွာ အချိန်ယူ၍ ဖတ်ကြ မှတ်ကြ ဆောင်ကြပါကုန်ဦးလော့ဟု တိုက်တွန်း နှိုးဆော်လိုပေသည်။

## ထင်ယောင်မြင်ယောင်လာတတ်ကြပေမည်

ဤသို့စိတ်ပါဝင်စားစွာ ဖတ်ကြ, မှတ်ကြ, ဆောင်ကြသော သင်တို့သည် ဗုဒ္ဓ၏ တရားစာပေ ယဉ်ကျေးမှု၊ ရှေးသူမြင်တို့၏ ဆုံးမစာပေ ယဉ်ကျေးမှု၊ အစုစုအထွေထွေ မြန်မာစာပေတို့၏

ကြည်နူး မြေဖွယ် အဆီအနှစ် ရသစစ် တို့ကိုလည်း နှစ်နှစ်ကာကာ ခံစားလာတတ်ကြပေမည်။ နက်နဲ ခက်ခဲပုံ သိမ်မွေ့နူးညံ့ပုံ၊ အဖိုးအနဂ္ဃ ထိုက်တန်ပုံတို့ကိုလည်း ရိပ်မိ သိမြင်လာတတ်ကြပေမည်။

"ဩြဘ်ငါတို့သည် ကျေးဇူးရှင် မိဖတို့အပေါ်၌ ပြုကျင့်ရဦးမည့် သားသမီး ကျင့်ဝတ်တို့ကား မြားမြောင်လှစွာ ရှိပါကုန်သေး၏တကား၊ သားသမီးတာဝန် မကျေပွန်ကြပါကုန်သေးတကား"ဟုလည်း ထင်ယောင် မြင်ယောင် လာတတ်ကြပေမည်။

## ပြီးပြည့်စုံကြမည်

ဆက်ပါဦးမည်၊ သင်တို့သည် ထိုသို့ စိတ်ပါဝင်စားစွာ ဖတ်မှတ်ဆောင်ကြခြင်းအားဖြင့် မြန်မာစာပေ အထွေထွေနှင့် မိဖတို့၏ ဂုဏ်ကျေးဇူးတွေကို နှစ်သက်သဘောကျ ထင်ယောင် မြင်ယောင် လာကြရုံမျှဖြင့်လည်း မပြီးပြည့်စုံသေးပေ။ လမ်းစပေါ်ရုံမျှသာ ရှိသေးသည်။ ယင်းသို့သော စာပေအသိမှသည် လက်တွေ့ကျင့်စဉ် ခရီးစဉ်သို့ ဦးတည်ကျင့်သုံး ချီတက်နိုင်ကြမှသာ ပြီးပြည့်စုံကြမည်။

## သားသမီးတာဝန် ကျေပွန်ကြသူများ

အကြင် သားသမီးတို့သည် ကျင့်ဝတ္တရားတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ သားသမီးတာဝန် ကျေပွန်ကြကုန်၏။ ထိုသားသမီးတို့သည် မိဖတို့၏ တုန့်ပြန်သော မေတ္တာရေကို ပြည့်စုံစွာ

သောက်သုံး ကြရသောကြောင့် ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြရကုန်၏။

မှန်ဘိ၏၊ ထိုနှယ်တာဝန် ကျေပွန်ကြ၍ ဘေးရန်ကင်းကွာ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာခဲ့ကြကုန်သော မှတ်တထောင် တကောင်ဖွား သားသမီး အာဇာနည်တို့သည် ဂန္ထဝင်၌ အထင်အရှားရှိကုန်၏။ ထိုတာဝန် ကျေပွန်သူ အာဇာနည် သားသမီးတို့၏ အကြောင်းကို သာဓက ထုတ်ဆောင်ပြပါဦးမည်။

## တာဝန်ကျေပွန်သော
## အာဇာနည်သမီးရတနာ ၂-ဦး

ဤကဲ့သို့ ထူးသည့်ရောမအမျိုးသမီး အာဇာနည် တဦးလည်း ရှိသေး၏။ ထိုအမျိုးသမီး၏မိခင်မှာ ထောင်ထဲတွင် အစာငတ်၍ သေရမည့် သေဒဏ်ကို ခံနေရရှာသည်။ သမီးဖြစ်သူသည် ထောင်မှူးများ၏အလစ်တွင် သူ့အမေရှိရာ ထောင်ထဲသို့ ဝင်ပြီးသော် သူ့နို့ချိုကို တိုက်ကျွေးလေသည်။ သူပါ အသတ်ခံရမည်ကို သိသော်လည်း ကျေးဇူးရှင် မိခင်အိုကြီးအတွက် သူ့အသက်ကို ပင် မငဲ့ကွက်နိုင်တော့ပဲ စွန့်စား၍ သွားခြင်းဖြစ်သည်။ အဖြစ် အပျက်ကို လွှတ်တော်အမတ်ကြီးများ ကြားသိသည့်အခါ အမယ် အိုကြီးအား အပြစ်ဘေးမှ ချမ်းသာခွင့် ပေးခဲ့လေသည်။

ကျေးဇူးရှင် ဖခင်အိုကြီးကို ဤနည်းနှင်နှင် ကျေးဇူးဆပ်၍ ကယ်တင်ခဲ့ဘူးသော ဂရိပြည်သူ 'ယူဖရားဆီးယား' ဆုံသူ တဦး လည်း သမိုင်းတွင် ထင်ရှားခဲ့သည်။ တရံရောအခါတွင် ဆွစ် ဇာလန်တိုင်းသား လူငယ်တဦးသည် အသည်းအသန် နာဖျား

သော ဖခင်အိုကြီးနှင့် နေကြလေသည်။ သူတို့သည် အလွန် ဆင်းရဲလွန်း၍ ဆေးဘိုးဝါးခပင် မတတ်နိုင်ကြချေ။ တနေ့သ၌ အင်္ဂလိပ်ခရီးသည်တဦးသည် သိမ်းငှက်များကို အဖိုးကြီးပေး၍ ဝယ်နေသည်ဟု ကြားရသောကြောင့် ဘယ်သူမျှ မတက်ဝံ့သော တောင်ထိပ်ဖျားတခုပေါ်ရှိ သိမ်းငှက်တစုကို အသက်စွန့်ကာ တက်ရောက်ဖမ်းယူပြီးလျှင် ဖခင်ကြီး၏အသက်ကို ကယ်ဆယ် ခဲ့ဘူးသည်။ အာဇာနည်ပြီသလှပါပေစွ။ ဤကား "တက္ကသိုလ် သုံး မြန်မာစကားပြေလက်ရွေးစဉ်" စာအုပ်တွင် ပါရှိသော "ဦးနု၏အာဇာနည်"မှ ထုတ်ဆောင်သာဓက ပြချက်ပေတည်း။

## ဘိုးရာဇာ၏ လျှောက်တင်ချက်

ဆက်လက်၍ သာဓကထုတ်ဆောင်ပါဦးမည်၊ "အဘိုးရာဇာ၊ လူတို့တွင် မိကောင်း ဖကောင်း သားသမီးကား ဖြစ်လွယ်၏။ သားကောင်း သမီးကောင်းတို့ မိဖတို့မှုကား အလွန်ဖြစ်ခဲသည် မဟုတ်တုံလော" မင်းကြီးမင်းခေါင် မေးတော်မူသော်-

"အရှင်သား၊ ဆိုတော်မူတိုင်း ဟုတ်လှပေ၏။ အရှင်သား၊ အကြင်သားသမီးတို့သည် မိဖတို့အား ကျင့်ရာသောဝတ်ငါးပါး နှင့် ပြည့်စုံအောင်ပြုမှ ချမ်းသာရသည်ဖြစ်ရာ၏။ သားသမီးတို့ ကျင့်ဝတ်ငါးပါး ဟူသည်ကား-

မိဖကို လုပ်ကျွေးခြင်းလည်းတပါး။

မိမိအမှုကိုပစ်၍ မိဖတို့၏အမှုကိုဆောင်ရွက်ခြင်းလည်းတပါး။

အမျိုးပွားပြန့်အောင် ပြုခြင်းလည်းတပါး။

အမွေခံထိုက်အောင် ကျင့်ခြင်းလည်းတပါး။

မိဖတို့သေလွန်လျှင်လည်း ငါ့မိဖတို့ရစေဟု ကုသိုလ်ကောင်းမှု ပြု၍ ဆုတောင်းအမျှဝေခြင်းလည်းတပါး-

ဤသည်လျှင် ကျင့်ဝတ်ငါးပါးတည်း။ အကြင်သားသည် အဆင်းအရောင်လှပခြားသော်လည်း ဤကျင့်ဝတ် ငါးပါးလည်း မရှိ၊ **စမ္မသတ်**, **နီတိကျမ်း**လည်းမတတ်၊ ထိုသားကို မွေးသဖြင့် 'ငါ့သား' ဟူ၍ မျက်စိဖြင့် ကြည့်ရသည့်အကျိုး တခုသာလျှင် ရှိသည်။ ထိုသို့သောသားသည် သူရူးနှင့်သာ တူသည်ဟူ၍ပညာရှိတို့ ဆိုကုန်၏။

## တာဝန်ကျေပွန်သော သားရတနာတဦး

ကျင့်ဝတ်တရားငါးပါးနှင့်အညီ မိဖတို့ကို ရှိသေစွာလုပ်ကျွေး၍ အကျိုးရောက်ဘူးသော ထုံးပုံကား-ဘုရား အလောင်းတော်သည် **ရတနာပစ္စေ့ာတ** မင်းသားဖြစ်သောအခါ မယ်တော်ကို လုပ်ကျွေး၍ ဟိမဝန္တာတောင်, တောအရပ်၌နေ၏။ တနေ့သ၌ မယ်တော်သည် ဘီလူးစောင့်သော သစ်ပင်အောက်သို့ဝင်မိသောကြောင့်'ငါ့အစာ ဖြစ်ပြီ'ဟူ၍ ဘီလူး ကိုင်ငင်ချည်ထားလေ၏။

ဘုရား အ လောင်း တော် လည်း မယ်တော် ရောက်ချိန်ကို မရောက်လာသဖြင့် အကြောင်းရှိသည်ဟူ၍ ခြေရာကို အစဉ်မှီးလျက် လိုက် လေ သော် မယ်တော်သည် အဝေးကပင် "ချစ်သား ဤအရပ်သို့ မလာလင့်၊ ငါဘီလူးအစာ ဖြစ်ချေပြီ၊ မောင့်ကိုလည်း စားပြန်လေတော့မည်"ဟု ဆို၏။

ဘုရားအလောင်းလည်း သစ်ရိပ်လွတ်ရာကနေ၍ "အို ဘီလူး၊ ငါ၏ မယ်တော်ကို အပြစ်အဆာမရှိပဲလျက် အဘယ့်ကြောင့် ဖမ်းသနည်း"ဟု မေးသော်-

ဘီလူးသည်"နေမွန်းတည့်သောအခါ သစ်ပင်ရိပ်နှင့်မျှသော အရပ်သို့ ဝင်သောသူအား စားပိုင်စေဟူ၍ သိကြားမင်း ငါ့ကို ပေးသည်၊ သင့်အမိလည်း ငါ၏သစ်ပင်ရိပ်သို့ ဝင်သောကြောင့် စားမည်ဟူ၍ ငါချုပ်ထားတော့သည်"ဟု ဆိုပေသော်-

"ငါ့မယ်တော်ကို လွှတ်၍ ငါ့ကို စားပါ" ဆိုလျှင်

မယ်တော်လည်း "ငါ့သားတော်၊ မိခင်မှာမူကား ကြီးသော အရွယ်သို့ ရောက်ပြီဖြစ်သောကြောင့် သေသင့်လေပြီ၊ မောင် သည် ငယ်ရွယ်ပျိုနုသေးသည် ဖြစ်သောကြောင့် မသေသင့်"ဟူ၍ တားမြစ်သော်လည်း မနိုင်။

မယ်တော်ကို သစ်ပင်ရိပ်မှထွက်စေ၍သစ်ပင်ရိပ်သို့ဝင်လေ၏။

ဘီလူးလည်း မင်းသားထံသို့ ချဉ်းကပ်လေ၏။မင်းသားလည်း "ဘီလူး၊ သင်သည် ငါတို့တွင် အဘယ်အသားကို လွန်၍ ကြိုက်သနည်း"ဟု မေး၏။

ဘီလူးလည်း "နှလုံးသားကို လွန်၍ကြိုက်သည်"ဟု ဆို၏။

မင်းသားလည်း မယ်တော်နှင့်စကားပြောဟောပြီး၍ ပုဆော် ကန်ဒတော့ပြီးမှ "ငါ၏အသက်သည် မထွက်မီ ရှေးအဘို့၌ နှလုံး သားကို ထုတ်၍ ပေးရပါလို၏"ဟု အဓိဋ္ဌာန်သစ္စာပြုပြီးမှ နှလုံး သားကို ထုတ်၍ပေး၏။ ပေးပြီးမှ မယ်တော်ထံသို့ သွားရှိခိုး ပြန်လျှင် စကားမဆိုနိုင် မိန်းမောရှိလေသော်-

မယ်တော်သည် "မိဖကိုရိုသေသောသူကို စားသလော၊ နှလုံး သားကိုအန်ထုတ်၍ မင်းသားကို ရှင်အောင်ပြု၍ပေး"ဟုဆိုလျှင်-

ဘီလူးလည်း ကြောက်လန့်ခြင်းပြင်းစွာ တုန် လှုပ် လျက် မင်းသားရှိရာသို့သွား၍ နှလုံးသားကိုအန်ထုတ်ပြီးလျှင် နတ်ဆေး တို့ဖြင့် ဖျော်၍ မင်းသားဝမ်းတွင်းသို့ သွင်းလေ၏။

မင်းသားလည်း မိဖကို ရှိသေသော အာနန္ဒာ နတ်တို့၏ အာနန္ဒာအားဖြင့် ပကတိရှိလေ၏။

ဘိလူးလည်း "သည်အရပ်တွင် နေသမျှ ကာလပတ်လုံး ငါစောင့်ရှောက်မည်"ဆို၍ အန္တရာယ်မရှိအောင် စောင့်ရှောက်ဘူးလေ၏။ဤသည်ကား-မဏိရတနာပုံ ကျမ်းလာ သားကောင်း သမီးကောင်းမှ စံတော်ဆောင်သာဓက ပြချက်ပေတည်း။

## မန်လည်ဆရာတော်ဘုရားကြီးကလည်း

ထို့ပြင် ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီးကလည်း မိဖတို့အပေါ်၌ တာဝန်ကျေပွန်ခဲ့ကြသော သားသမီးတို့သည် ဘေးရန်ကင်းကွာ ကိုယ်ရောစိတ်ပါ ချမ်းသာခဲ့ကြ ပုံတို့ကို "မိဖတို့မှာ၊ ကျင့်ကောင်းရာကို၊ ကောင်းစွာမမှား၊ ကျင့်သော အားဖြင့်၊ ပုဏ္ဏားရာမ၊ ကုမ္ဘဝတီ၊ ဒဏ္ဍကီ၏၊ ပုရီပြည်လုံး၊ လက်နက်ဖုံးလည်း၊ မဆုံးမပျက်၊ ခြားခဲ့ထွက်၏။ တချက်ထိုမှ၊ အလိနသတ္တု၊ ယေန္ဒရှယ်ဦး၊ မင်းယဉ်ကြူးလည်း၊ ဘီလူး မစား၊ ဖစကားကို၊ ထောင်နားမခွ၊ နာတတ်လှ၍၊ ရာမလောင်းတော်၊ခြောက်သောင်းကျော်အောင်၊နန်းပေါ်စံစား၊ သက်ရှည်လျား၏၊ သားကြောင့်မုချ၊ မင်းဇယလျှင်၊ ဇီဝသက်ရှင်"ဟု **မဃဒေဝလင်္ကာသစ်**၌ ညွှန်ပြတော်မူခဲ့ပေသည်။

ယခုအခါ သားသမီးရတနာတို့သည်လည်း ဤသာဓကတို့ကို ထောက်ထား၍ ကျေးဇူးရှင် မိဖတို့အပေါ်၌ ပြုကျင့်ရမည့် တာဝန်ဝတ္တရားတို့ကို ကျေပွန်စွာ ပြုကျင့်ကြဘို့ရန် တိုက်တွန်း အပ်ပေတည်း။

# အမေ့နို့ဖိုး ကျေသောနေ့

၁၃၂၀-ခု၊ နတ်တော်လဆန်း ၇-ရက်နေ့သည် ဝမ်းခဲ့အစ်ကိုတော်သူ **နောင်တော်ဦးကုမာရ**၏ မယ်တော်ကြီးသည်၊ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ၌ ဉာဏ်စဉ်တရား နာယူရသောနေ့ ဖြစ်၍၊ ၁၃၂၉-ခုနှစ်၊ ကဆုန်လဆုတ် ၇-ရက်နေ့သည် စာရေးသူ၏ မယ်တော်ကြီးသည် ၎င်းရိပ်သာ၌ပင် ဉာဏ်စဉ်တရား နာယူရသောနေ့ ဖြစ်ပါသည်။

ထိုနှစ်နေ့သည် စာရေးသူနှင့် ဦးကုမာရဟူသော နောင်ညီနှစ်ပါးတို့၏ အမေ့နို့ဖိုး ကျေသောနေ့(သို့မဟုတ်)မိဖကျေးဇူးကို အထူးပေးဆပ်နိုင်သော နေ့တို့ဖြစ်ကြသည်ဟု ဆိုရမည်ပင်။

အနည်းငယ်ချဲ့ပါဦးမည်၊ နောင်ညီနှစ်ပါးတို့သည် မုံရွာမြို့ မဏိရတနာပုံ ကျောင်းတိုက်၌ ပရိယတ် အခြေခံပညာကို သင်ယူခဲ့ကြစဉ်ကလည်း အတူတူ၊ ပခုက္ကူမြို့၊ မင်္ဂလာ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ပရိယတ်ပြင်ကျယ် ကျမ်းဂန် ပင်လယ်ကြီးကို စွမ်းအားရှိသမျှ သင်ယူကူးခပ်ခဲ့ကြစဉ်ကလည်းမခွဲမခွာ၊သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက်၌ သီတင်းသုံးဖော် ရောင်းရင်းတို့၏ ပရိယတ်၊ ပဋိပတ် သာသနာပြုလုပ်ငန်းကိုကူညီခဲ့ကြစဉ်ကလည်း တပေါင်းတည်း ဖြစ်ခဲ့ကြသည့်အပြင် ရန်ကုန်မြို့ ၎င်းမဟာစည် သာသနာ့ရိပ်သာ၌ ပဋိပတ် လုပ်ငန်းကို ကြိုးစားအားထုတ်ကြရာ၊ ပဋိပတ်

သာသနာပြု လုပ်ငန်းကို သင်တန်းယူကြရာ အခါ၌လည်းတကွ ဖြစ်ကြလေသည်။

နောင်ညီ နှစ်ပါးတို့သည် ဤမဟာစည် သာသနာ့ရိပ်သာ၌ နိဗ္ဗာန်သွားရန် တကြောင်းတည်းသော လမ်းမှန် မဟာ သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ကြိုးစား အားထုတ်ကြရသော ကြောင့် မိမိတို့၏ ပါရမီအား, သတိဉာဏ်အား, လုံ့လဝီရိယ အားလျော်စွာ မြတ်ဗုဒ္ဓ၏ ဓမ္မရသ အထူးတို့ကို အသီးအသီး ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိခံစားကြရပေသည်။

နောင်ညီနှစ်ပါးတို့သည် အရသာ တကာတို့တွင် အကောင်း ဆုံး ဓမ္မရသတို့ကို တွေ့ရှိ ခံစားကြရသောအခါ၌ လောက၌ ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်တို့တွင် ရှေးဦးစွာ ပါဝင်လျက် ရှိသော မိမိတို့၏မိခင်ဖခင် ကျေးဇူးရှင်တို့ကိုလည်း မိမိတို့ ကဲ့သို့ပင်၊ ရရှိခံစားစေလိုခဲ့ကြပေသည်။ နောင်ညီ နှစ်ပါး တို့သည် ဤသို့သော သမ္မာဆန္ဒ ပြည့်ဝရေးအတွက် မိမိတို့၏ မယ်တော်ကြီးတို့ကို လူတိုင်းစွန့်ခွာနိုင်ခဲသည့် သားရေးသမီးရေး စီးပွားရေးညွန်အိုင်ဗွက်အိုင်မှ အခိုက်အတန့်အားဖြင့် မရ,မက, ဆုတ်ဆောင်ကာ ဤ မဟာစည် သာသနာ့ရိပ်သာ၌ တရား အားထုတ်စေခဲ့ကြလေသည်။

နောင်ညီနှစ်ပါးတို့သည် မယ်တော်ကြီးများတရားအားထုတ် ကြစဉ်အခါ၌ မြတ်ဗုဒ္ဓ၏လက်ထက်တော်တုန်းက မိဖကျေးဇူးကို အထူးပေးဆပ်ခဲ့ဘူးသော အမည်မထင်ရှားသည့် ရဟန်းတော် တပါး၏ ထုံးကို နှလုံးမူကြကာ မိမိတို့၏ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် လှည့်လည်၍ တရားသဖြင့် ရရှိသော ဆွမ်း အာဟာရတို့ဖြင့် မယ်တော်ကြီးများအား ကျွေးမွေးပြုစုကြ၏။

နှောင်ညီနှစ်ပါးတို့၏ ဤသို့သောကျေးမွေးပြုစုမှုဖြင့် တရားအားထုတ်ကြသော မယ်တော်ကြီးတို့သည်ကား အထက်ဖော်ပြပါ နေ့ နှစ်နေ့တို့၌ ဉာဏ်စဉ်တရားတို့ကို အသီးအသီး နာကြားကြရပေသည်။ ဤသို့ ဉာဏ်စဉ်တရား နာကြားကြရသည်အထိ တရားအားထုတ်သွားကြသော မယ်တော်ကြီးတို့သည် မိမိတို့ ပါရမီအား, သတိဉာဏ်အား, ဝိရိယအားလျော်စွာ မြတ်ဗုဒ္ဓ၏ စမ္မရသအထူးတို့ကို အသီးအသီး ရ,ရှိ တွေ့မြင် ခံစားနိုင်ကြပါပေပြီ။ ဤသို့ ရရှိ တွေ့မြင် ခံစားကြရသော မယ်တော်ကြီးတို့သည် မိမိတို့ သန္တာန်၌ သာမန်ရှိရင်းစွဲ ဒါန, သဒ္ဓါ, သီလ, ပညာတို့ထက် တိုးတက်သန်မာ သာလွန် မြင့်မြတ်သော ဒါန, သဒ္ဓါ, သီလ, ပညာတို့ကို ထူထောင် ပွါးများ နိုင်ကြတော့မည်မှာ အမှန်ပင်။

ဤသည်တို့ကို အကြောင်းပြု၍ ဖေါ်ပြပြီး နေ့နှစ်နေ့တို့သည်ကား နှောင်ညီ နှစ်ပါးတို့၏ အမေ့နို့ဖိုး ကျေသောနေ့ (သို့မဟုတ်) မိဖကျေးဇူးကို အထူးပေးဆပ်နိုင်သော နေ့တို့ဖြစ်ကုန်၏ဟု ဆိုရပါသည်။

မှန်ပါသည်၊ မိဖကျေးဇူးကို ပေးဆပ်လိုသော သားသမီးလိမ္မာသည် အသက်ထက်ဆုံး အနှစ်တရာ ကာလပတ်လုံး မိဖနှစ်ပါးအား ပခုံးပေါ် တင်၍ ကျေးမွေး ပြုစုသော်လည်း မိဖကျေးဇူးကား မကျေနိုင်သေး။

ထို့ပြင် မိဖနှစ်ပါးအား လေးကျွန်းလုံးကို အစိုးရသည့် မန္ဓာတ်စကြာမင်းအဖြစ်ကို ပေး၍ ကျေးဇူး ပေးဆပ်သော်လည်း မိဖ ကျေးဇူးကား မကျေနိုင်သေးသည်သာတည်း။

အဘယ့်ကြောင့်နည်း၊ မိဖတို့သည် သားသမီးတို့ အပေါ်၌ မမွေးဖွားမီက တမျိုး၊ မွေးဖွားဆဲ၌ တနည်း၊ မွေးဖွားပြီးပြန်တော့ တဖုံ၊ အမျိုးစုံအောင် ချစ်ခင် ယုယ ပြုစု ကျွေးမွေးသုတ်သင် ပေးခဲ့ကြသော ကျေးဇူးတရားတို့သည် များမြတ်လှကုန်သောကြောင့်တည်း။

မိဖ ကျေးဇူးကို ကျေပွန်အောင် ပေးဆပ်လိုသော သားသမီးလိမ္မာသည် မပေးလှူလို ဝန်တိုနှမြော မစ္ဆရိယ ကြီးသောမိဖကို မစ္ဆရိယကင်း၍ ဒါနပြုနိုင်တတ်လာအောင်၊ ကံ-ကံ၏အကျိုး ရတနာသုံးပါး၌ ယုံကြည်တတ်သော သဒ္ဓါတရားမရှိသေးသည့် မိဖကို သဒ္ဓါတရားရှိအောင်၊ သီလမရှိသေးသော မိဖကို သီလရှိအောင်၊ ပညာမရှိသေးသော မိဖကို ပညာရှိအောင် ပြုစု ရှက်ဆောင်ပေးနိုင်ရမည်။ (သာမန် ဒါန, သဒ္ဓါ, သီလ, ပညာတရားတို့မျှသာ ရှိသေးသော မိဖကို အရည်မှီရတီပြည့်သည့် ဒါန,သဒ္ဓါ,သီလ, ပညာတရားတို့ ပြည့်ဝ ခိုင်မာထူးခြားစွာ တိုးတက်ကောင်းမွန်လာအောင် ပြုစုရှက်ဆောင်ပေးနိုင်ရမည်၊) သို့မှသာ မိဖတို့၏ မွန်မြတ် များပြားလှသည့်ကျေးဇူးတို့ကို ကျေပွန်အောင် ပေးဆပ်ရာရောက်သည်ဟု မြတ်ဗုဒ္ဓက တိကင်္ဂုတ္တရ-ပါဠိတော်၌ ဟောမိန့်တော် မူခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် ဤသို့ ဟောမြွက်ရုံမျှသာ မဟုတ်သေး၊ ဗုဒ္ဓကိုယ်တော်တိုင်လည်း မိဖကျေးဇူးကို အထူးပေးဆပ်သောအနေဖြင့် **မယ်တော် မိနတ်သားကို** ဝါတွင်း သုံးလပတ်လုံးအဘိဓမ္မာ ဒေသနာတော်ကို ဟောကြား မိန့်ချွေတော်မူခဲ့ပြီး၊ **ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုလည်း** မဂ်ဖိုလ် အမြိုက်ကို ဟောကြား ဆွတ်ချူ ပေးတော်မူခဲ့သည့်အပြင်၊ **မိထွေးတော်**

ဂေါတမီကိုလည်း ဘိက္ခုနီသာသနာ ခွင့်ပြုတော်မူခဲ့သည်မှ အစ အရဟတ္တဖိုလ် ရသည်အထိပင် တရားဟောကြားခဲ့၍ ကျေးဇူး ဆပ်ခဲ့ပါသည်။

ထို့ပြင် မြတ်ဗုဒ္ဓ၏ လက်ျာတော်ရံ ပညာတေဒဂ်ရ အဂ္ဂ သာဝက ဓမ္မသေနာပတိ **အရှင်သာရိပုတ္တရာ မထေရ်**သည်လည်း ပရိနိဗ္ဗာန် စံခါနီးဝယ် ရဟန္တာ ခုနစ်ဆူတို့၏ မယ်တော်ရင်း ဖြစ်သော်လည်း ရတနာသုံးပါး၌ မယုံကြည်တတ်သေးသော ဗြာဟ္မဏဝါဒ အယူရှိသည့် ကျေးဇူးရှင် မယ်တော်ကြီးအား ဗုဒ္ဓသာသနာဝင် သောတာပန် ဖြစ်သည်အထိ တရားဟောကြား၍ ချွတ်ကာ နောက်ဆုံး ကျေးဇူးဆပ်တော် မူသွားခဲ့ပါ သေးသည်။

စာရေးသူနှင့် ဦးကုမာရဟူသော နောင်ညီနှစ်ပါး တို့သည် လည်း ဖေါ်ပြပါ ဘုရားရဟန္တာ အစရှိသော သူတော်ကောင်း တို့၏ထုံးကို နှလုံးမူကြ၍ မိဖကျေးဇူးကို မိမိတို့ စွမ်းအားရှိသမျှ ပေးဆပ်နိုင်ကြပါပေပြီ။

၁၃၂၀–ခုနှစ်၊ နတ်တော်လဆန်း ၇–ရက်နေ့နှင့် ၁၃၂၉– ခုနှစ်၊ ကဆုန်လဆုတ် ၇–ရက်နေ့တို့သည်ကား နောင်ညီ နှစ်ပါး တို့၏ အမေနှင့်ဖိုး ကျေသောနေ့၊ (သို့မဟုတ်) မိဖကျေးဇူးကို အထူး ပေးဆပ်နိုင်သော နေ့ထူး နေ့မြတ်တို့ ဖြစ်ပါကုန် သတည်း။

အားလုံးသော အမျိုးကောင်းသား သမီးတို့သည် မှန်မြတ် များပြားလှသည့် မိဖတို့၏ ကျေးဇူးတို့ကို အထူးပေးဆပ်နိုင် ကြပါစေ။

# ကိုရင်ထိန်း

ကိုရင်ထိန်းဟူသည် ကျေးလက်တောရွာမှလူတဦးတယောက်၏ နာမည်မဟုတ်၊ အလုပ်၏နာမည်ဖြစ်သည်။ မည်သို့သော အလုပ်နည်း၊ သာမဏေ ကိုရင်တို့ကို ထိန်းကျောင်းရသော အလုပ်ပေတည်း။

## သာသနာ့ရိပ်သာ သကြံန်ခါ

လင်းပါဦးအံ့၊ ၁၃၂၈-ခုနှစ်မှသည်၊ ၁၃၂၉ - ခုနှစ်သို့ ပြောင်းရွှေ့သက်ရောက်ဆဲကာလ သင်္ကြန်တွင်းသမယဖြစ်သည်။ ရန်ကုန်မြို့ သာသနာ့ရိပ်သာအတွင်း၌ ကျေးဇူးရှင် **မဟာစည် ဆရာတော်ဘုရားကြီး** အမှူးပြုသော **နာယက ကမ္မဋ္ဌာနာစရိယ အရှင်မြတ်** တို့သည် သင်္ကြန်တွင်း၏ အထူးတရားပွဲ အဖြစ်ဖြင့် မဟာသတိပဋ္ဌာန် ဝိပဿနာတရား၊ သာသနာပြု တရားတို့ကို ဟောကြားတော်မူသည့်အပြင် ရှုမှတ်ပုံ ရှုမှတ်နည်းတို့ကိုလည်း မေတ္တာကရုဏာ ရှေ့ထား၍ သွန်သင်ညွှန်ပြတော် မူကြပေသေးသည်။

အမြို့မြို့အနယ်နယ် အနီးအဝေးတို့မှ စည်းဝေးရောက်လာကြကုန်သော ရဟန်း,ရှင်,လူ ယောဂီလောင်းလျာ သူတော်စင်တို့သည်လည်း အလှူဒါနပြုခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊

တရားနာခြင်း၊ တရားရှုမှတ်ခြင်းတို့ကို ပြုကျင့်ပေသည်။ ဤသို့သော ယောဂီပရိသတ်တို့သည် များပြား လှကုန်သောကြောင့် သာသနာ့ရိပ်သာ၏ ဇရပ်, တန်ဆောင်း, ကမ္မဋ္ဌာန်း ကျောင်းတို့သည် ပြည့်လျှံနေကုန်သဖြင့် ရိပ်သာတွင်းရှိ သိမ်, ဘုရားရှိခိုးကျောင်း, ဓမ္မာရုံအဆောက်အဦတို့၌ပင် ဖြစ်သလို ကြံဖန်၍ နေထိုင်ကြရပေသည်။

## ကိုရင်ဝတ်ဖြင့် တရားကျင့်

ဤယောဂီပရိသတ်တို့တွင် ၇-နှစ်မှ ၁၈-နှစ်အရွယ်အတွင်းရှိ ကျောင်းသားတို့သည်လည်း နွေရာသီကျောင်းပိတ်ရက်အတွင်း၌ ဟိုဟိုသည်သည် ခရီးလှည့်လည်ခြင်း၊ သုံကြန်ရေကစားခြင်းတို့ကို လျစ်လျူရှုကြလျက် မြတ်ဗုဒ္ဓ၏ သာသနာတော်တွင်းသားတော် အဖြစ်ဖြင့် ကိုရင်ဝတ် သာမဏေ ပြုကြလေသည်။ ထိုကိုရင်တို့သည် နံနက် ၃-နာရီမှ ည ၈-နာရီအချိန်အထိ ဆွမ်းခံ ဆွမ်းစားချိန်မှအပ အထူးအားထုတ်ကြရ၊ တရားနာကြရ၊ တရားလျှောက်ကြရ၊ ဘုရားရှိခိုးကြရလေသည်။

## ကိုရင်ထိန်း

ထိုကိုရင်တို့ကို စာရေးသူနှင့် ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာ **မဟာစည်ရိပ်သာ**ခွဲ၌ ကမ္မဋ္ဌာန်းပြရန် သင်တန်းတက်နေသော **ကမ္မဋ္ဌာနာစရိယ ဦးဇင်္ဂလ**တို့က တာဝန်ယူ ထိန်းကျောင်း ကြရလေသည်။ ထိုကိုရင်တို့ကို ထိန်းကျောင်းရသည်ကား လွယ်လှသည် မဟုတ်ပေ။ ကိုယ်နှုတ်နှလုံး သုံးပါးလုံး အလုပ်ရှုပ်ရလေသည်။ ထိန်းကျောင်းရသူသည် သူတို့တတွေခိုကပ်နေသလား

ဆော့နေ၊ ကစားနေသလား၊ ရန်ဖြစ်သလားဟုလည်း မျက်စေ့ စုံဖွင့်၍ အသင့်ကြည့်ရှုရသည်။ ဆူသလား၊ ဆဲသလားဟုလည်း နားစိုက်ထောင်ရသည်။ မခိုကပ်ရန်၊ မဆော့ကစားရန်၊ ရန် မဖြစ်ရန်၊ မဆူမဆဲရန်၊ ယဉ်ကျေး သိမ်မွေ့ရန် အတွက်လည်း ပါးစပ်မှ တဖွဖွပြောဆိုဆုံးမရသည်။ သက်နှံမညီမညာ ဖြစ်နေ သည် တို့ကိုလည်း ပြုပြင်ဝတ်ရုံပေးရသည်။ အလစ်၌ ခိုကပ် နေသူ၊ ထွက်ပြေးနေသူတို့ကိုလည်း ရှာရ, ဖွေရ, ဖမ်းရသည်။ သူတို့စိတ်ဝင်စားအောင်မည်သို့လုပ်ရမည်နည်းဟုလည်း ကြံစည် တွေးတောရသည် အမှန်ပင်။

ထိုကိုရင်လေးတို့သည် ကလေးတို့သဘာဝအတိုင်း အလုပ်ကို စိတ်မဝင်စားပဲ ရေခဏခဏ သောက်ခြင်း၊ ကျင်ကြီး ကျင်ငယ် ခဏ ခဏ စွန့်ခြင်း၊ တံတွေးခဏခဏ ထွေးခြင်းတို့ဖြင့် သူတို့၏ ထွက်ပေါက်ကို ရှာကြလေသည်။ ဆူကြသည်။ ရန်ဖြစ်ကြသည်။ စောင့်ထိန်းသူက မဆူရ၊ မဆော့ရ၊ ရန်မဖြစ်ရဟု ဥပဒေ ထုတ် သော် တရားမရှုမှတ်ပဲ အိပ်နေကြလေသည်။ ထိုရောအခါ အောက်ပါ ဆောင်ပုဒ်ကလေးကို ချပို့၍ ပညာပေး ဆုံးမ ရပြန်သည်။

## ပညာပေးဆုံးမ ဆောင်ပုဒ်

၁။ ဆော့သူ ဆူသူ၊ မေ့သောသူ၊ မှုံ ညစ် ကြေး များ တိုးပွားမည်။
၂။ မှုံညစ်ပွားက၊ သံသာရ၊ မြုပ်ရ မျောရ ဒုက္ခရှည်။
၃။ မဆော့ မဆူ၊ မမေ့သူ၊ မှုံညစ်ကြေးများ ကင်းလိမ့် မည်။

၄။ မြူညစ်ကင်းလျှင်၊ သံသာခွင်၊ ကျင်လည် ကင်းလွတ် ချမ်းသာမည်။

ဤသို့ ဆုံးမ ပညာပေးသောအခါ အနည်းငယ် ငြိမ်သက်သွားကြလေသည်။ တရားဖက်သို့ စိတ်ဝင်စားလာကြလေသည်။

## အနာဂတ် သာသနာ့ရဲ့ ရေသောက်မြစ်

ထိုကိုရင်လေးတို့ တရားထိုင် ခါနီး၌ စောင့်ထိန်းသူက တရားထိုင်မှု၌ စိတ်ပါဝင်စား ရန် အတွက် **ကိုရင်ရာဟုလာ၊ ကိုရင်ပဏ္ဍိတ၊ ကိုရင်ရေဝတ၊ ကိုရင်တိဿ** စသော ကိုရင်ထူးလေး တို့၏ ဝတ္ထုတို့ကို ထုတ်ဆောင်သာဓကပြ၍ ဆုံးမရလေသည်။ စာရေးသူသည် တနေ့သောအခါ၌ ကိုယ်တိုင် စိတ်ပါဝင်စား လျက်ရှိသော ရည်ရွယ်ချက်တို့ကို ကိုရင်လေးများ နားလည်နိုင်သော နည်းဖြင့် ဆုံးမ၍ တရားထိုင်ခိုင်းရသည်။

ကိုရင်တို့၊ ကိုရင်တို့ဟာ အနာဂတ် သာသနာအတွက် ရေသောက်မြစ်ရဲ့ ရေသောက်မြစ်ကလေးများ ဖြစ်ကြတယ်။ ကိုရင်တို့ဟာ ဗုဒ္ဓသာသနာဝင် မိကောင်းဖခင်တို့ရဲ့ သားကောင်း ရတနာကလေးများ ဖြစ်ကြတဲ့အတွက် ဘုရားတရားသံဃာဆိုတဲ့ ရတနာသုံးပါးတို့ရဲ့အကြောင်းကို စိုလင်ခိုင်မြဲ နက်နဲစွာ သိထား ကြရမယ်။

ဒါမှ ကိုယ့်သာသနာကို ကိုယ်တိုင် ယုံကြည်တတ်ကြမယ်။ အခြားဘာသာ ဝါဒီတွေက ဘယ်လိုပင် ဆွဲဆောင်ကြပေမဲ့ ကိုယ့်အဖေအမေအရင်းနဲ့ သာသနာကို မစွန့်လွှတ်ကြပဲ ခိုင်မြဲ ကြလိမ့်မယ်။ အဲဒါလို ခိုင်မြဲကြဖို့ရာကလည်း၊ တရားကို ဦးစွာ အားထုတ်ကြရလိမ့်မယ်။ တရားကို နည်းလမ်းမှန်စွာ အားထုတ်

လို့ ရုပ်နှင့်နာမ်ကို ပိုင်းခြားသိခြင်း၊အကြောင်းနှင့် အကျိုးကို သိမ်းဆည်းသိခြင်း၊ အနိစ္စ,ဒုက္ခ,အနတ္တတို့ကို ပိုင်နိုင်စွာ သိခြင်းတို့နှင့် အတော်အတန် ပြည့်စုံတဲ့အခါမှာ မည်သည့် ဘာသာဝါဒတို့နှင့်မျှ နှိုင်းယှဉ်လို့မရနိုင်အောင် မှန်ကန် မွန်မြတ်တဲ့ အကောင်းဆုံး ဓမ္မရသတို့ကို ခံစားနိုင်ကြမယ်။

အဲဒီလို ခံစားနိုင်ကြမှာသာ ဒီတရားကို ဟောကြားခဲ့တဲ့ ဂေါတမ ဗုဒ္ဓဆိုဒါ အနှစ် ၂၅၀၀- ကျော်လောက်တုန်းက တကယ်ပွင့်ခဲ့တယ်။ အဲဒီဘုရားက ဟောကြားခဲ့လို့သာ ငါတို့ဟာ ဒီတရားတွေကို အခုကိုယ်တွေ့ သိမြင်ကြရဒါပဲ၊ ဒါလောက်ကောင်းတဲ့ တရားတွေကို တပည့်ခံပြီး ကျင့်ကြံခဲ့ကြတဲ့ အရိယာသံဃာဆိုတာလဲ ရှိနိုင်ဒါပဲ။ ယခုလဲ ကျင့်လို့ သိသူတွေ ရှိကြဒါပဲ။

ငါတို့လဲ ဆက်လက်ပြီး၊ ကြိုးကြိုးစားစား အားထုတ်လို့ အကြောင်း ညီညွတ်ယင် အရိယာ ဖြစ်နိုင်ဒါပဲလို့ ရတနာသုံးပါးကို ယုံကြည်ကြမယ်။ အဲဒီလို ပြည့်စုံကြရအောင် ဆုံးမထားတဲ့အတိုင်း နည်းပေးထားတဲ့အတိုင်း တရားအားထုတ်ကြပေတော့။

ဤကား ကိုရင်ထိန်းပုံ အမြွက်လင်းပြချက်ပါတည်း။

# ဤအကြောင်းကြောင့် ဤအကျိုးပေါ်

## ကြောင်းကျိုးပြည့်ဝ ဗုဒ္ဓဝါဒ

ယခုမျက်မှောက် ခေတ်ကမ္ဘာ၌ အားထား ကိုးကွယ်ကြရာ အယူဝါဒ အမျိုးမျိုးရှိကြရာတွင် ဗုဒ္ဓသာသနာ့ ဝါဒသည် မျက်စေ့မှိတ်၍ အရမ်းယုံကြည်ရသော ဝါဒမဟုတ်၊ အကြောင်း အကျိုး ခိုင်လုံပြည့်ဝသော အယူဝါဒဖြစ်သည်။

ဗုဒ္ဓသာသနာ့ အယူဝါဒ၌ ဟောကြား ဆုံးမခဲ့သူ သဗ္ဗညု ဂေါတမ ဗုဒ္ဓသည်သာလျှင် သဗ္ဗညုဗုဒ္ဓ ဖြစ်နိုင်သည် မဟုတ်သေးပဲ သဗ္ဗညု ဘုရားဖြစ်ကြောင်း ပါရမီဆယ်ပါး စသည်တို့ကို ဖြည့်ကျင့်စွမ်းနိုင်ကုန်သည်ရှိသော် မည်သူမဆို၊ သဗ္ဗညု ဘုရားဖြစ်နိုင်ကြပေသည်။

ဤဂေါတမ သဗ္ဗညုဗုဒ္ဓ၏ အယင်ကလည်း ဤလိုသဗ္ဗညု ဘုရားဖြစ်နိုင်ကြောင်း တရားတို့ကို ဖြည့်ကျင့် နိုင်ခဲ့ကြသော ကြောင့် သဗ္ဗညုဘုရား ဖြစ်တော်မူခဲ့ကြသည်မှာ ဂင်္ဂါဝါဠု သဲစုမက ရှိတော်မူခဲ့ကြကုန်သည် မဟုတ်တုံလော။ သို့သော် သဗ္ဗညုဘုရားဖြစ်အောင် ကျင့်ဆောင်ရသော တရားသည်ကား အလွန့်အလွန်ခက်ခဲ လှသည်ကိုလည်း သတိပြုကြရပေဦးမည် တည်း။

## ဆက်ပါဦးမည်

ဆက်ပါဦးမည်၊ ဤမျှမကသေးပဲ ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း အကျင့်တရားတို့ကို ကျင့်ပွါး နိုင်သူတို့သည်လည်း ပစ္စေက

ဗုဒ္ဓါ ဖြစ်နိုင်ကြသည့်အပြင် အဂ္ဂသာဝက, မဟာသာဝက, ပကတိ သာဝက ဖြစ်ကြောင်း အကျင့်တရားတို့ကို ကျင့်ပွါး ကြကုန်သည်ရှိသော် အဂ္ဂသာဝက, မဟာသာဝက, ပကတိ သာဝကတို့သည်လည်း ဖြစ်နိုင်ကြကုန် တုံသေး၏။

မြတ်ဗုဒ္ဓသည် ဟောမိန့်တော် မူခဲ့ကုန်သော တရားတော်တို့ သည်ကား ထိုနည်းဋင်းပင် အကြောင်း အကျိုးတို့နှင့် ခိုင်လုံ ပြည့်ဝသော တရားတို့ချည်းသာတည်း။

မြတ်ဗုဒ္ဓ ဟောကြားခဲ့သော တရားတော်တို့ကို အတိုချုပ်၍ ပြရသည်ရှိသော် အပါယ် လားကြောင်း မကောင်းသော တရား တို့ကို ကျင့်မှားသူတို့သည် အပါယ်ဘုံသို့ ကျရောက်ကြကုန်၍၊ လူ, နတ်, နိဗ္ဗာန် သုံးတန်ရောက်ကြောင်း တရားတို့ကို ကျင့် သုံးသူတို့သည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်တို့တို့ ဆိုက်ရောက်ကြပေကုန်၏ဟူ၍ ဖြစ်ကုန်၏။

## မေတ္တာအကျိုး ၁၁-မျိုး

ဤနေရာ၌ မေတ္တာတရားကို ကျင့်ပွါးခြင်း တည်းဟူသော အကြောင်းကြောင့် အဘယ်မည်သော အကျိုးတရားတို့ကို ရရှိ ခံစားနိုင်သည် ဟူသော အချက်ကို တင်ပြပါဦးမည်။

"ချစ်သားတို့၊ ၁၁-ပါး ကုန်သော မေတ္တာ၏ အကျိုး အာနိသင်တို့ ဟူကုန်သည် အဘယ်သည်တို့နည်း ဟူမူကား-

၁။ ချမ်းသာစွာ အိပ်ရ၏။

၂။ ချမ်းသာစွာ အိပ်ရာမှ နိုးရ၏။

၃။ ကြောက်မက်ဖွယ် ကောင်းသော အိပ်မက်ဆိုးကို မမြင်မက်။

၄။ လူတို့သည် ချစ်မြတ်နိုးအပ်သည်ဖြစ်၏။
၅။ နတ်ဘီလူးတို့သည် ချစ်မြတ်နိုးအပ်သည်ဖြစ်၏။
၆။ နတ်တို့သည် အစဉ် စောင့်ရှောက်ကုန်၏။
၇။ ထိုမေတ္တာ ပွါးစေသောသူအား မီးသည် မူလည်း မလောင်၊ အဆိပ်သည်မူလည်း မတက်၊ လက်နက်သည်မူလည်း မစူးရှ။
၈။ လျင်သော အပြန်ရှိသော စိတ်သည်လည်း တည်ကြည်၏။
၉။ မျက်နှာ အဆင်းသည် ကြည်လင်၏။
၁၀။ မတွေမဝေသည်ဖြစ်၍ စုတေသေလွန်ရ၏။
၁၁။ အထက် မဂ်ဖိုလ်ကို ထိုးထွင်း၍ မသိသေးသော်လည်း ဗြဟ္မာ့ပြည်သို့ လားရသည် ဖြစ်၏။

ချစ်သား ရဟန်းတို့၊ မေတ္တာကို ပွါးစေခြင်း၌ ၁၁-ပါး ကုန်သော ဤအကျိုးတရားတို့ကို ရအပ်ကုန်၏။

ဤကား အင်္ဂုတ္တရ ဧကာဒသက-ပါဠိတော်၌ ဗုဒ္ဓ၏ မိန့်ဆိုချက်တည်း။

## ဆောင်ပုဒ်လင်္ကာ

ချမ်းသာအိပ်နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူနတ်၊ နတ်စောင့်တတ်လျက်၊ လက်နက်ဆိပ်မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မသွေ၊ သေသောအခါ၊ ဗြဟ္မာ့ရွာ၊ လားရာမေတ္တာကျိုး။

(အရှင်ဝါသေဋ္ဌာဘိဝံသ၏။ ပရိတ်ကြီး နိဿျသစ်မှ ဆောင်ပုဒ်ဖြစ်သည်)

# မေတ္တာပန်းများ မျိုးဆက်ပွားအောင်

## သာမှု နာမှု မေတ္တာရှု

ဦးပဥ္စင်းတို့ မြန်မာပြည် ဗုဒ္ဓသာသနာလောကဝယ် ရှေးရှေး ခေတ်မှသည် ယခုခေတ်အထိပင် သာမှု, နာမှု အလှူကိစ္စဟူသမျှ တို့၌ ဗုဒ္ဓသာသနာ့ဝန်ထမ်း သံဃာတော်တို့က **မေတ္တာသုတ် ပရိတ်တော်ကို** ဦးစားပေး အလေးထား၍ အမြတ်တနိုး ရွတ်ဖတ် သရဇ္ဈာယ်တော် မူကြ သကဲ့သို့၊ ဗုဒ္ဓသာသနာဝင် အလှူရှင် ဒါယကာ ဒါယိကာမတို့ကလည်း မေတ္တာသုတ် ပရိတ်တော်ကို ဦးစားပေး အလေးထား၍ အမြတ်တနိုး နာကြားကြပေသည်။ ဤသို့အားဖြင့် မေတ္တာခေတ်တို့သည် သတ္တလောကခေတ် တခု လုံးသို့ သက်ဝင် ပျံ့နှံ့ လေကုန်၏။ ဤကား သာမှု, နာမှုကို အကြောင်းပြု၍ ရှုပွားမှု ဖြစ်ပေါ်လာသော မေတ္တာတရား တည်း။

## ဟောသူ နာသူ မေတ္တာအကျိုး တလူလူ

ဤသို့ရှေးရှေးဆရာဒကာခေတ်မှသည် ယခုမျက်မှောက်ဆရာ ဒကာခေတ်အထိပင် ဗုဒ္ဓသာသနာဝင် လောကဝယ် သာမှု, နာမှု အလှူကိစ္စ ဟူသမျှတို့၌ မေတ္တာသုတ်ကို ရွတ်ဖတ် နာကြားကြ သောကြောင့် ရနိုင်သော အကျိုးတရားတို့ကား အဘယ်သည်

တို့နည်း။ ဤသို့ အမေးထုတ်လတ်သော် ဤဖော်ပြလတ့်သော အကျိုးတရားတို့ကို ရရှိနိုင်ကြ ပါကုန်သတည်းဟု ဖြေကြားရ မည် အမှန်ပင်။

သာမှ့နာမှ အလှူကိစ္စဟူသမျှတို့၌ မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကုန် နာကြားကုန်သော ဗုဒ္ဓသာသနာဝင် ဆရာဒကာတို့သည် ရွတ်ဖတ် သရဇ္ဈာယ်ယင်း နာကြားယင်းပင် **မေတ္တာဘာဝနာ**ကို နှလုံးသွင်းနိုင်ကြကုန်သောကြောင့် မေတ္တာ အကျိုး ၁၁-မျိုးတို့ကို ရရှိခံစားနိုင်ကြကုန်၏။ (မေတ္တာအကျိုး ၁၁-မျိုးကို ဤစာစောင်၌ပင် ဖော်ပြပြီးဖြစ်သည်)။

## ဘုရားဟောကြား အကျိုးများ

မြတ်ဗုဒ္ဓသည် ဤမေတ္တာအကျိုး ၁၁-မျိုးမျှသာ ဟောကြား ခဲ့သည် မဟုတ်သေး။ ဤဖော်ပြလတ့်သောအကျိုးများကိုလည်း ဟောကြားတော်မူသေးသည်။ မေတ္တာပွားသော ရဟန်း၏ ဆွမ်းသုံးဆောင်ခြင်းမှာ၊ **သာမိပရိဘောဂ** (စိုးရပိုင်ဆိုင်ခြင်းဖြင့် သုံးဆောင်ခြင်း) **ဒါယဇ္ဇပရိဘောဂ** (အမွေခံအဖြစ်ဖြင့် သုံး ဆောင်ခြင်း) **အဏဏပရိဘောဂ** (ကြွေးမတင်သော သုံးဆောင် ခြင်း)ဖြစ်၍ အကျိုးရှိသော သုံးဆောင်ခြင်းမျိုးဖြင့် သုံးဆောင် သည် မည်၏။ ဆွမ်းလှူသူအား အကျိုးကြီးမား စေတတ်၍ လည်း အကျိုးရှိသော သုံးဆောင်ခြင်းမျိုးဖြင့် သုံးဆောင်ခြင်း ဖြစ်ရ၏။

မှန်၏၊ လက်ဖျစ်တခါတီးမျှ မေတ္တာပွားသူကား ဈာန် မဆိတ်သူ ဘုရားမြတ် အဆုံးအမ ဩဝါဒကို လိုက်နာသူဖြစ်၍ တိုင်းပြည်၏ဆွမ်းကို အကျိုးမဲ့ အချည်းအနှီးဖြစ်အောင်မပြုပဲ

သုံးဆောင်သူဖြစ်ကြောင်း အင်္ဂုတ္တရ ၉-၌ မြတ်ဘုရား ဟောကြားတော် မူသည်။

တနေ့သုံးခါ ထမင်းအိုးကြီး အလုံးတရာစီ လှူသောသူ၏ ဒါနထက် တနေ့သုံးခါ နွားနို့တခါညှစ်စာမျှ မေတ္တာပွားသူ၏ ကုသိုလ်က သာလွန်၍ အကျိုးကြီးလှ၏ဟု နိဒါနဝဂ္ဂ ဩပမ္မသံယုတ်၊ ၄၅၅-၌ မြတ်ဘုရားဟောကြားတော်၏။

ဤသည်တို့ကို ထောက်ဆလတ်သော် ဆွမ်း အလှူစသော အလှူကိစ္စဟူသမျှတို့၌ မေတ္တာသုတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ နာကြားခြင်းဖြင့် မေတ္တာဘာဝနာကို နှလုံးသွင်းပွားများခြင်းသည် ဆွမ်းလှူရခြင်းအစရှိသော အကျိုး၊ မေတ္တာဘာဝနာပွားများရခြင်း အကျိုး နှစ်မျိုးလုံးနှင့် ပြည့်စုံနိုင်သောကြောင့် သင့်လျော်လျောက်ပတ် ကောင်းမြတ်လှပါပေ၏။

ဤသည်တို့ကား ဗုဒ္ဓမှအစ ရှေးရှေး ဗုဒ္ဓသာသနာဝင် ဆရာဒကာ စဉ်ဆက်တို့က ကျင့်သုံးညွှန်ကြား ချီးမြှောက်ခဲ့ကြသည့် သာမှု နာမှု အလှူကိစ္စ ဟူသမျှတို့၌ ပရိတ်အင်္ဂါ ညီညွတ်စွာဖြင့် ရွတ်ဖတ်နာကြား နှလုံးသွင်း ပွားများကြကုန်သော ဆရာဒကာတို့သည် ရရှိ ခံစားနိုင်ကုန်သော ကောင်း ကျိုး မင်္ဂလာတို့ ပါတည်း။

ရှေးမူမပျက် မေတ္တာပန်းများ မျိုးဆက်ပွားအောင် ရွက်ဆောင်ရန်မှာ ယနေ့ ဗုဒ္ဓသာသနာဝင် ရဟန်းရှင်လူ ဆရာဒကာတို့၏ တာဝန်သာတည်း။

(အရှင်ဝါသေဋ္ဌာဘိဝံသ၏ ပရိတ်ကြီး နိဿယသစ်ကိုမှီးသည်)

# မဟာသိရိစေတီတော်

မဟာသိရိ စေတီတော်ကား ဟသံာတခရိုင် အင်္ဂပူမြို့နယ် မဲဇလီကုန်း၌ တည်ရှိလေသည်။ မဲဇလီကုန်းသို့ ရောက်သူတိုင်းပင် ဤမဟာသိရိ စေတီတော်ကိုလည်း သဒ္ဒါပဝဝ မှုံးရှင်ရှင်ဖြင့် အခါခါဦးတင်၍ ဖူးမြင်ကြဘူးသူချည်းပင်၊ ရွှေရောင်ဝင်းထိန် မိုးတိမ်နည်းပါး မြင့်သော ဤမဟာသိရိ စေတီတော်ကို မျက်ဝါးထင်ထင် ဖူးမြင်ရသူတို့ သည်လည်းကောင်း၊ ဤစေတီတော်အထက် ထီးဆိမ့် လေတိုးတိုင်း ညိုးညိုးညံ့ညံ့ ဆည်းလည်းမြည်သံကို နားဆတ်ဆတ် ကြားမှတ်ကြရသူတို့သည် လည်းကောင်း "ဪ ဘုရား၊ ဘုရား" ဟူသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းယင်း ကုသိုလ်တိုးပွါး အကျိုးများနိုင်ကြပေသည်။

သက်တော်ထင်ရှား ရှိတော်မူခဲ့ဘူးသော သဗ္ဗညုတဉာဏ်တော်သခင် ဂေါတမ ရှင်တော်ဘုရား၏ ဂုဏ်တော် အနန္တတို့ကိုလည်း မှန်းဆကြည်ညို ပီတိစိုနိုင်ကြပေသည်။ ဤသို့ ကြည်ညိုနိုင်ကြပါမူကား ဤစေတီတော်ကို ဖူးမြင်ရခြင်းသည်ပင်လျှင် သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြင်ရခြင်းနှင့် မခြား အကျိုးသွားလည်း အတူတူ သုခပန်းတလူလူ ဖူးပွင့်နိုင်ကြမည် အမှန်ပင်တည်း။

## ရေအကြည်နှင့် စေတီ

မဟာသိဂီ စေတီတော်သို့ စာရေးသူ ရောက်ရှိ ဖူးမြင်ခဲ့ရ၏။ ဤစေတီ၏ ဝံတိုင်းအပြင် ဝန်းကျင် ပတ်လည်၌ သိုက်မြိုက် ကြည်မွန် ရေကန် ၃-ခုကို တွေ့ရသည်။ ရေအကြည်၌ စေတီ ရိပ်သည် စိတ်နှလုံးကို ရှင်ပြုံး အေးမြစေဘိသည်။ ရေပြာနန်း၌ ရွှေကြာပန်းနှင့် ဗေဒါပန်း တို့ကလည်း ကိုယ်စိတ်နှစ်လီကို ကြည်နူးနှစ်သိမ့်စေဘိသည်။ ရေ၌ပျော်ပါး လိပ်ငါး အပေါင်း တို့ကလည်း နှစ်ထောင်းအားရ ဆီးကြိုကြသည်နှယ် ရေလည်မှ သည် ကမ်းစပ်ဆီသို့ ဆိုက်ရောက်လာကြသည်။

## စေတီဝိုင်းတွင်း ဖူးမြင်ခြင်း

စာရေးသူသည် ရေကန်တို့မှ ထုထဲသော တံတိုင်းအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့သည်။ ဆောက်လုပ်ဆဲ ဆောက်လုပ်ပြီး အသီးသီးသော ဇရပ်တန်ဆောင်းတို့ကို တွေ့ရသည်။ စေတီတော်ကို ပတ်ချာဝိုင်း၍ စိုက်ပျိုးထားကုန်သော တရုပ်စကားပင်တို့၌ တရုပ်စကားပန်းတို့ကလည်း စေတီတော်အား ပွင့်လန်း ဖူးမြော် အမြဲတန်း ပူဇော်နေကြသည်။ စေတီတော်အား ဘိနပ်တော် ခုံပေါ်ထိအောင် တက်ရောက် ဖူးမြော်နိုင်လေသည်။

စေတီတော်၏ အရပ်လေးမျက်နှာတို့၌ မုခ်လေးမုခ် တပ် ဆင်ထားသည်ကို တွေ့ရသည်။ စာရေးသူသည် ကိုယ်ရုံ ကောသီ သက်နုံးကို လက်ကန်တော့ ရစ်သိုင်းလျက် လက်အုပ်ချီကာ စေတီတော်၏ အရှေ့မုခ်လှေခါးမှ ဘိနပ်တော် ခုံပေါ်သို့ တက်ရောက်၍ စေတီတော်အား လက်ျာရစ် လှည့်ကာ ဖူးမျှော် ကြည်ညိုလိုက်သည်။ နောက်ခံ ကောင်းကင်ကြီး၏ အပြာရောင်

နှင့်, စေတီတော်၏ ရွှေရောင်ဝါသည် ပဏ္ဏာတင့်လှသည်။ ပုံတော်မှသည် သဗ္ဗညုဗုဒ္ဓ၏ ဂုဏ်တော်တို့ကိုလည်း အစုံမျှော်ကာ ဉာဏ်စွမ်းရှိသမျှ မှန်းဆည္လတ်တွားခဲ့သည်။

## ဗုဒ္ဓ၏လက်ထက်တော်သို့ မှန်းမြော်မိသည်

ဘိနပ်တော် ခုံ၏အထက် စေတီတော်၏ ထောင့်လေးထောင့်တို့၌ ကျောင်းဆောင်တိုက် ၄-လုံးတို့ကို တွေ့ရသည်။ ထိုတိုက် ၄-လုံးတို့တွင်စေတီတော်၏တနင်္ဂနွေထောင့်ရှိ,ကျောင်းဆောင်၏ နဖူးစီး၌ '**ဇေတဝန်ကျောင်းတော်**' ဟူသော ကမ္ပည်းစာတန်းကိုင်း၊ အင်္ဂါထောင့်ရှိ ကျောင်းဆောင်၏ နဖူးစီး၌ '**ဇေတဝန်ကျောင်းတော်**' ဟူသော ကမ္ပည်း စာတန်းကိုင်း၊ စနေထောင့်ရှိ ကျောင်းဆောင်၏နဖူးစီး၌ '**ဝေဠုဝန်ကျောင်းတော်**' ဟူသော ကမ္ပည်းစာတန်းကိုင်း၊ ရာဟုထောင့်ရှိ ကျောင်းဆောင်၏ နဖူးစီး၌ '**ပုဗ္ဗာရုံကျောင်းတော်**' ဟူသော ကမ္ပည်းစာတန်းကိုင်း၊ ရေးထိုးထားသည်တို့ကို ဖတ်ရှုရပေသည်။

ထိုကျောင်းအမည်တို့ကို ဖတ်ရှုရသည့်အခါ၌ စာပေကျမ်းဂန်တို့၌ သင်ကြားဘူးသော မြတ်ဗုဒ္ဓသက်တော် ထင်ရှား ရှိတော်မူစဉ်က ကျောင်းတော်တို့ကိုင်း၊ **အနာထပိဏ်, ဝိသာခါ** စသော ထိုထိုကျောင်း၏ ဒါယကာ ဒါယိကာမတို့ကိုင်း၊ ထိုထိုကျောင်း၌ သီတင်းသုံး မွေ့လျော်တော် မူခဲ့ကြကုန်သော မြတ်ဗုဒ္ဓအမှူးရှိသော သံဃာတော်တို့ကိုင်း၊ မြော်မှန်း တမ်းတမိသည်။ မနောနှင့် ဓမ္မာရုံတို့၌ ဉာဏ်မျက်စိအာရုံကို ဖွင့်၍ အဆင့်ဆင့် မြင်ယောင် ကြည်ညိုမိသည်။

## ပြင်ဆင်မွမ်းမံ အဖိုးတန်

ဤစေတီတော်ကြီးကို အစဦးစွာ တည်ထားခဲ့ခြင်း သမိုင်းရင်းကိုကား စုံစမ်း၍ မရသောကြောင့် မသိရပေ။ ဤစေတီတော်ကို ဤစေတီ၏ အနီးရှိ **ဘန့်ပွေးကုန်း ကျောင်းတိုက် ဆရာတော် ဦးကလျာဏက** ၁၂၆၂ - ခုနှစ်၌ ဦးဆောင်၍ မွမ်းမံ ပြင်ဆင်ခဲ့သည်ဟု သိရသည်။ ထိုဘန့်ပွေးကုန်း ကျောင်းတိုက်သည်ပင် ခေတ် အဆက်ဆက်ပြောင်း၍ အမည်ဟောင်းကို စွန့်ခွါကာ ယခုအခါ နေရာအနီးငယ် ရွှေ့ပြီး **"ထူပါရုံကျောင်းတိုက်"** ဟူသော အမည်သစ်ကို ခံယူလျက် ရှိပေပြီတည်း။ ယခုအခါ၌ ၎င်း ထူပါရုံ ကျောင်းတိုက်ကို **ဆရာတော် ဦးသီဟနှင့် ဆရာတော် ဦးကမ္ဗလ**တို့က ဦးဆောင်၍ စာသင်တိုက်ငယ်တခုအဖြစ် ဖွင့်လှစ်ထားလေသည်။

ဤမဟာသိရိ စေတီတော်ကို ယခုလက်ရှိ ထူပါရုံဆရာတော်တို့က ဦးဆောင်၍ မဲဇလီကုန်း နယ်သူနယ်သား ဒါယကာ ဒါယိကာမတို့က ဆက်လက်၍ မွမ်းမံပြင်ဆင်ကြလေသည်။ ယခုအခါ၌ ဤစေတီတော်သည် နေ့အခါ ရွှေရောင် ညဉ့်အခါ မီးရောင်တို့ဖြင့် တန်ခိုးတော် တွန်းပြောင်လျက်ရှိပေပြီ။ ဤစေတီတော်သည် ဉာဏ်တော် အတောင် (၁၀၈) တောင် မြင့်မားသည်။ မြတ်ဗုဒ္ဓ၏ ကိုယ်စားတော် စေတီတော်တို့တွင် ဤမဲဇလီကုန်းမြို့ရှိ မဟာသိရိ စေတီတော်သည်လည်း လူနတ်တို့၏ ကိုးကွယ်အားထားရာ ဗုဒ္ဓရတနာတဆူ အပါအဝင်အဖြစ် သမိုင်းတွင်လျက် ရှိပါသတည်း။

# ငယ်ကဝါသနာ

## ဝါသနာဟူသည်

ဝါသနာဟူသည် ကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ပြုမူပြောဆို ကြံစည်ပုံ အခြင်းအရာ အလေ့အလာ သဘောတရားလေးများ ဖြစ်သည်ဟု ဆိုချင်သည်။ ထိုသဘာဝလေးများသည် အတိတ်ဘဝများစွာမှ ပါလာကြသည်လည်း ရှိ၏။ ယခုဘဝ ဝန်းကျင် အတွေ့အကြုံ အဖုံဖုံနှင့် စပ်လျဉ်း၍ ဖြစ်ပေါ် လာခြင်းလည်း ရှိ၏။

အမှန်စင်စစ်သော် အားကြီးရင့်သန်နေသော ဝါသနာ သဘောကလေးများမှာမူ အတိတ်ဘဝမှသည် ပစ္စုပ္ပန် ဘဝသို့ ကျေးဇူးပြု ဆက်သွယ် လိုက်ပါလာ၍ ပစ္စုပ္ပန် ဘဝမှလည်း အနာဂတ်ဘဝ ထိုထိုသို့ ကျေးဇူးပြု ဆက်သွယ်လိုက်ပါသွား တတ်ချေသေး၏။ ယင်းဝါသနာ သဘောလေးသည် ရုပ်နာမ် ချုပ်ငြိမ်းသော နိဗ္ဗာန်သို့ ဆိုက်ရောက်မှသာ ပျောက်ကွယ်လေ တော့၏။

## တရား၌ ဝါသနာကြီးခဲ့သည်

ဦးပဥ္စင်းသည် ငယ်စဉ်မှစ၍ ဗုဒ္ဓတရားတော်၌ ဝါသနာ ကြီးခဲ့သည်။ အထူးအားဖြင့် ငယ်စဉ်ကျောင်းသား ကိုရင် ဘဝမှ အလေ့အလာ ဝါသနာလေးများကို စဉ်းစားဆင်ခြင် သုံးသပ်မိ၏။ ဦးပဥ္စင်းသည် 'နာကိုး, ထောင်းရှစ်၊ သာခုတစ်၊

ဟောလုစ်အသခြေ်ုဲ'ဟူသော ဤဆောင်ပုဒ်တိုကလေးကို ငယ်စဉ်ကပင် နှုတ်တိုက်ရနေခဲ့၏။ သို့သော် ငယ်စဉ်အခါက "တရားနာခြင်း၏ အကျိုးကား ၉-ကမ္ဘာတိုင်တိုင် အပါယ်ဆင်းရဲသို့ မရောက်နိုင်။ တရားတောင်းပန်ရခြင်း၏ အကျိုးကား ဂ-ကမ္ဘာတိုင်တိုင် အပါယ်ဆင်းရဲသို့ မကျရောက်နိုင်။သာဓုခေါ်ရခြင်း၏ အကျိုးကား ၁-ကမ္ဘာတိုင်တိုင် အပါယ်ဆင်းရဲသို့ မကျရောက်နိုင်၊ တရားဟောသောအကျိုးကား မရေမတွက်နိုင်သော ကမ္ဘာကာလပတ်လုံး အပါယ်ဆင်းရဲသို့ မရောက်နိုင်"ဟူသော အနက်အဓိပ္ပါယ်အကြောင်းအကျိုးတို့ကိုမူ မသိနားမလည်ခဲ့သေးပေ။

## ကျောင်းသားဘဝမှ ကိုရင်ဘဝအထိ

သို့သော် တရားတော်၌ ဝါသနာကြီးနေခဲ့သည်ကား အမှန်ပင်။ ကလေးအချင်းချင်း ကစားရာ၌ပင် ဖျင်စောင်ကြမ်းကြီးကို လက်ကန်တော့ သိုင်းရစ်၍ ဘုန်းကြီးဟန်ဖြင့် သူငယ်ချင်းကလေးအပေါင်းတို့အား ကလေးတရား ဟောခဲ့မိဘူးသေး၏။ ဥပုသ်စောင့်ခြင်း၌လည်း မပျင်းရိခဲ့။ တရားနာခြင်း၌လည်း လေးစားခဲ့၏။ ကျောင်းသားဘဝဖြင့် လက်ဦးဆုံး ဟောခဲ့သော တရားကား ကြောင်ပန်း ဟောပုံကျမ်း ဒုတိယတွဲမှ "အိန္ဒာသေဘေး လွတ်လပ်ရေး မြော်တွေးဖော်ညွှန်း တရားခွန်း"ပင် ဖြစ်၏။

မိမိဝါသနာအလျောက် နွားကျောင်းယင်းလည်း တရားကျက်သည်၊ ယာထွန်းယင်းလည်းရပြီးသော တရားတို့ကို အလွတ်ပြန်ဆိုသည်။သက်ကြီးရွယ်ကြီးများ တရားဆွေးနွေးလေ့ရှိသော သာမှု,နာမှု လဘက်ရည်ဝိုင်းများ၏ အနီး၌လည်း အမြဲလိုလို

နားထောင်နေတတ်သည်။ လူကြီးများကလည်း ယင်း ကဲ့ သို့ ငြိမ်ငြိမ်သက်သက် နားထောင်သော ကလေးကိုမူ ဝေါက်၍ မလွှတ်ပေ။ လဘက်ရည်မြည်းကိုပင် ရက်ရက်ရောရော ကျွေး တတ်သေး၏။

သည်လိုနှင့်ပင် ကိုရင်ဘဝသို့ ရောက်ပြန်သည်။ ကိုရင်ဘဝ ရောက်မှ ပို၍ သဘောကျဖြစ်ကာ ကျောင်းရှိ တရားစာအုပ် တွေကို ကျက်၍ ဟောပြောလေတော့၏။ သို့သော် ကိုရင်တိုင်း သင်လေ့ရှိသော စာပေကိုလည်း အပျက်မခံ၊ မှန်မှန်ပင် ကျက်အံ ခဲ့၏။ အခြားအားလပ်ချိန်ရတိုင်းသာ တရားစာကို ကျက်မှတ် ခဲ့ခြင်းဖြစ်သည့်။ စိုးရိမ်တတ်သော လူကြီး ဘုန်းကြီးများကမူ စာသင်ပျက်မည်စိုး၍ တရားဟောခြင်းကို ပိတ်ပင် တားဆီးခဲ့ ကုန်သေး၏။ သို့သော် ဝါသနာကြီးသူဖြစ်၍ အခိုက်အတန့်သာ ရခဲ့၏။ ဒိုရင်း ပြန်ကျ၍ နေလေတော့သည်သာတည်း။

## စာလည်းသင် တရားလည်းနာ

၁၅-နှစ် ၁၆-နှစ် အရွယ်ရောက်လတ်သော် မန္တလေးသို့ စာသင်တက်ခဲ့၏။ စာကိုလည်း သင်၏။ **ဆရာတော်ဦးညေယျ၏** တရားပွဲ၊ **ဝိဇ္ဇောဒယ ဆရာတော်**၏ တရားပွဲ၊ **အနီးစခန်း ဆရာ တော်**၏တရားပွဲ၊**တိပိဋကဓရ(ဦးဝိစိတ္တသာရာဘိဝံသ)ဆရာတော်**၏ တရားပွဲ၊ **ဦးလှသိန်း** တရားပွဲများကိုလည်း သွားမိ အောင် သွား၍ နာလိုက်သေးသည်။

တခါသော် ဆရာတော် ဦးညေယျ၏ တ ရား ပွဲ မှ အပြန်၌ ဆရာတော်ချပေးလိုက်သော ဆောင်ပုဒ်လေးကို မမေ့မပျောက် ရန် အဖန်ဖန် စဉ်းစား၍ မိမိနေသော အနောက်ပြင် မိုးကောင်း

တိုက်သို့ ပြန်ခဲ့၏။ ကိုင်းတန်းဈေးအရောက်၌ ခွေး ၄-၅ ကောင် ဝိုင်းလိုက်သဖြင့် ကတိုက်ကရိုက် ပြေးခဲ့ရာ ဆောင်ပုဒ်ကလေးမှာ မေ့ပျောက် သွားပါချေ၏။

ကိုင်းတန်းဈေးမှ ကျောင်း ရောက် ၍ အိပ် ရာ ပေါ် ၌ လဲလျောင်းကာစဉ်းစားယင်း ပြန်ရလာသဖြင့်အထူးဝမ်းမြောက်မိတော့၏။ ဤသည်တို့ကား ကျောင်းသား ကိုရင် ဘဝမှ တရားတော်၌ ဝါသနာကြီးခဲ့ပုံအချို့ကို ပြန်၍ သုံးသပ်ဆင်ခြင်မိပုံတို့ပေတည်း။

## ဆောင်ပုဒ်တိုကလေး

ထိုစဉ်က ဆရာတော်ဦးညေယျ ချပေးလိုက်သောဆောင်ပုဒ်တိုကလေးကား "ဖောက်ပြန်, ခံစား၊ မှတ်သား, ပြုပြင်၊ အသိပင်၊ ခေါ်တွင် ခန္ဓာငါး" ဟူ၍ ဖြစ်၏။ ဖေါက်ပြန်တတ်သော သဘောအစုသည် ရူပက္ခန္ဓာ၊ ခံစားတတ်သော သဘောအစုသည် ဝေဒနာက္ခန္ဓာ၊ မှတ်သားတတ်သော သဘောအစုသည် သညာ-က္ခန္ဓာ၊ စေ့ဆော်ပြုတတ်သော သဘောအစုသည် သင်္ခါရက္ခန္ဓာ၊ အာရုံသို့ ညွတ်တတ် သိတတ်သော သဘောအစုသည် ဝိညာ-ဏက္ခန္ဓာ ဟူ၏။ ခန္ဓာငါးပါးမှတပါး ငါ, သူတပါး, ယောကျာ်း, မိန်းမ, အသက်, လိပ်ပြာ, စသည်တို့ မရှိတော့ပေဟုဆိုလို၏။ ခန္ဓာငါးပါး ထင်ရှား ရှိခြင်းသည် ဒုက္ခသစ္စာ၊ ခန္ဓာငါးပါးကို လိုချင်လျှင် သမုဒယသစ္စာ၊ ခန္ဓာငါးပါး ချုပ်ငြိမ်းရာသည် နိရောဓသစ္စာ၊ ခန္ဓာငါးပါး ချုပ်ငြိမ်းကြောင်းအကျင့် မဂ္ဂင် ရှစ်ပါးသည် မဂ္ဂသစ္စာတို့ပေတည်းဟု ဆိုလို၏။

# ရန်ကုန်သာသနာ့ရိပ်သာ

## သာသနာ့ ရိပ်သာ တည်နေရာ

မဟာစည် သာသနာ့ရိပ်သာကား ရန်ကုန်မြို့ ကုက္ကိုင်း ဟာမစ်တစ်လမ်း၌ တည်ရှိလေသည်။ နိဗ္ဗာန်လိုလား သူတော်စင် အများတို့၏ မဟာသတိပဋ္ဌာန် အလုပ်တရားတို့ကို ကြိုးစား အားထုတ် ကျင့်ကြံရာ ဌာနပေတည်း။ ယင်းသာသနာ့ရိပ်သာ တည်နေရာသည်—

၁။ မြို့နှင့် မနီးမဝေး၌ တည်ရှိခြင်း။
၂။ သွားရာ လာရာ၌ လွယ်ကူခြင်း။
၃။ လူအများနှင့် ရောပြွမ်းမှု မရှိခြင်း။
၄။ သူတော်ကောင်းတို့ တကိုယ်တည်း ကိန်းအောင်းရန် လျော်ကန် သင့်မြတ်ခြင်း။
၅။ အရိပ်ရေစမ်း စိမ်းလန်းစိုပြေလှသဖြင့် သူတော်စင် များ တရားနှလုံး ကျင့်သုံးပါက အာဝါသ သပ္ပါယ ကို အထူးရရှိနိုင်ခြင်း- ဟူကုန်သော ထူးခြားသည့် ဂုဏ်အင်္ဂါ ငါးပါးတို့ဖြင့် တင့်တယ် တည်ရှိဘိ၏။

## ညှိပုံညှိနှယ် လွန်ဆန်းကြွယ်

ယင်းသာသနာ့ရိပ်သာကား ဓမ္မသာလာ ဖါလ်ယဉ် ဓမ္မာရုံ တော်၊ သာသနာ့ မလဝိသောဓနီ-ခေါ် မင်္ဂလာ သိမ်တော်မြတ်၊

ဇေယျဝတီ ဟာရိဂျီ ပိဋကတ်ရွှေတိုက်၊ သိုက်မော်ကွန်းတင် ဓမ္မာရုံ ဝတ်ကျောင်း၊ ရွှေဘုံမင်္ဂလာ စံကျောင်း၊ မြေညှိတ် စောင်းမျှ၊ အပေါင်းကမ္ဘဋ္ဌာန်း၊ ကျောင်းသခ်မ်းတို့နှင့်၊ ထောက်လှမ်းပြည်ပ၊ ဗာဟီရမှ၊ ဓမ္မဖွေမှီ၊ သုတေသီတို့၊ ယောဂီ ရွှေဘုံ၊ ခုနစ်ပုံသော ဌာနတို့ဖြင့်၊ လွှန်စွာတင့်တယ် သာယာ လှလေသည်။

## သာသနာ့ရိပ်သာ ဖြစ်ပေါ်လာ

ဤပုံဤနှယ် လွန်ဆန်းကြယ်သည့် သာသနာ့ရိပ်သာကြီးကို ၁၃၁၀-ခုနှစ် ခန့်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓ သာသနာ့နုဂ္ဂဟ အဖွဲ့ကြီးက တည်ထောင်ခဲ့လေသည်။ ယင်း သာသနာ့ရိပ်သာ၏ အကြီးအမှူး ဦးစီးနာယက ဆရာတော်ကား ထိုဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီး၏ ပင့်လျှောက်ချက်အရ ရွှေဘိုမြို့ ဆိပ်ခွန်ဂါမမှသည် ရန်ကုန်မြို့သို့ လိုက်ပါ ကြွရောက်တော်မူခဲ့ သော ပရိယတ်, ပဋိပတ် နှစ်ရပ်ကျွမ်းကျင် **ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးပေတည်း။**

ဆရာတော် အရှင်မြတ်သည် ၁၃၁၁-ခုနှစ်မှစ၍ သာသနာ့ ရိပ်သာ၌ သီတင်းသုံးတော်မူကာ တပည့် ရဟန်း, ရှင်, လူ, ယောဂီတို့အား မဟာသတိပဋ္ဌာန် အလုပ်တရားတို့ကို အားထုတ် ကြရန် ဟောပြောခြင်း ပြသခြင်းတို့ဖြင့် ပရိယတ် ပဋိပတ် သာသနာ ပြုတော်မူခဲ့ရာ ဗုဒ္ဓမြတ်စွာ၏ မဟာသတိပဋ္ဌာန် သာသနာတော်သည် မြန်မာပြည်မှသည် ကမ္ဘာလည်၍ပင် ပြန့်နှံ့ ခဲ့ချေပြီ။ ဝိပဿနာဉာဏ် အမြင်မှန် ရကြကုန်သော ယောဂီ တို့သည်လည်း သိန်းနှင့်ချီ၍ စည်ပင်ပြန့်ပွါးခဲ့ချေပြီ။

## ကြာလေကောင်းလေ ဟောင်းလေသစ်လေ

သာသနာ့ရိပ်သာ၏ မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားတော်သည် ကြာလေကောင်းလေ ဟောင်းလေသစ်လေဖြစ်ရကား ရှေ့အနာဂတ်ကာလ၌လည်း ရဟန်းရှင်လူ ယောဂီတို့သည် ဆထက်တိုး၍အားထုတ်လာကြဦးမည်မှာမလွဲပေ။ ယင်းသို့လာဆဲ လာလတ္တံ့ ဖြစ်ကုန်သော ယောဂီရဟန်း ရှင်လူတို့သည် သာသနာ့ရိပ်သာ၏ စည်းကမ်း ဥပဒေများကို စုံစမ်း လေ့လာထားသင့်ပေသည်။ သို့မှသာလျှင် အဆင်ပြေစွာ တရား အားထုတ်နိုင်ပေမည်။

## နေထိုင် စားသောက်ရေး

သာသနာ့ရိပ်သာသို့ လာရောက်၍ တရားအားထုတ်ကြကုန်သော ရဟန်းသာမဏေ ယောဂီတို့သည် သပိတ် ပရိက္ခရာ အိပ်ရာလိပ် ခြင်ထောင်များ ယူလာနိုင်ပါက ပို၍ကောင်းသည်။ သို့သော် မပါလာကလည်း ရိပ်သာမှ တာဝကာလိက အသုံးအဆောင်များကို ထိုက်သင့်သလို ရှိသော ပစ္စည်းများဖြင့် စောင့်ရှောက်လျက်ရှိသည်။ မိမိ၏ ဆွမ်းအာဟာရ အတွက်မှာမူ သာသနာ့ရိပ်သာ ဒါယကာ ဒါယိကာမများ၏ နိစ္စဘတ်ဆွမ်းကို ဂုတ္တလစ်လမ်း ကွက်သစ်စသည်တို့သို့ တန်းဆွမ်းလိုက်၍ ခံယူခြင်းဖြင့် ပြည့်စုံလုံလောက်လေသည်။ မိမိ၏ ဒါယကာရင်းတို့က ဝတ္ထုများဖြင့် ဖိတ်ကြားလျှုဒါန်း၍ ဆွမ်းမခံပဲ ကိစ္စငြိမ်းအားထုတ်လိုကလည်း ရိပ်သာတွင်းရှိ သီးသန့် ဆွမ်းစားဇရပ်၌ ဒါယကာများက တလလျှင် ၉ဝိ-ကျပ်နှုန်းဖြင့် ချက်ပြုတ်

ဆက်ကပ်လှူဒါန်းလျက်ရှိသည်။ လှူဒါယကာ ယောဂီများလည်း လခပေး၍ စားပြီး တရားအားထုတ်လိုက ဤနှုန်းအတိုင်းပင် ဖြစ်သည်။

## လခပေး၍ မစားနိုင်သော်

ငွေကြေး မတတ်နိုင်သော လူယောဂီတို့သည် လခပေး၍ မစားနိုင်သော် သာသနာ့ရိပ်သာ **ဟိတေသီအဖွဲ့က** ကုသိုလ်ဖြစ် ကျွေးမွေး ထောက်ပံ့လျက် ရှိပါသည်။ လူယောဂီများသည် အိပ်ရာလိပ်ခြင်ထောင် စသော အသုံးအဆောင်တို့ကို ယူဆောင်ခဲ့ကြရပါမည်။ မှတ်ပုံတင် ကပ်ပြားကိုလဲ ယူခဲ့ရပါမည်။ အားလုံးသော ရဟန်းရှင်လူ ယောဂီလောင်းသူတော်ကောင်းတို့သည် အဆင်ပြေစွာဖြင့် သတိပဋ္ဌာန် တရားတို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

# သရက်အောင်မင်္ဂလာ တိုးသံသာ

စာရေးသူသည် သရက်မြို့ အောင်မင်္ဂလာ ကျောင်းတိုက် စာချမ္မကထိက အရှင် ၂-ပါးတို့နှင့်အတူ ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်၌ စာသင်ခဲ့စဉ်က တအူတုံဆင်း ညီရင်းအစ်ကိုကဲ့သို့ ရင်းနှီးခင်မင်ခဲ့ကြသောကြောင့် အောင်မင်္ဂလာကျောင်းတိုက်သို့ ရောက်ခဲ့ရသည်။ အောင်မင်္ဂလာကျောင်းတိုက်ကား သရက်မြို့၌သာသနာပြုလျက်ရှိသောစာသင်ကျောင်းတိုက်ကလေးတခု၏ အမည်ဖြစ်ပေသည်။

## ပတ်ဝန်းကျင်တည်နေရာ

ကျောင်း၏မြောက်ဖက်၌တောင်းမင်းတဲခေါ် လူနေအိမ်ခြေ ရပ်ကွက်ရှိ၍ အနောက်ဖက်နှင့် တောင်ဖက်၌ လူသေမြှုပ်နှံ မြေသုသာန်ကြီးရှိပေသည်။ ယင်းမြေသုသာန်ကြီးသည် သံဃာတော်များနှင့် ကျောင်းသို့ ဆိုက်ရောက်လာကြကုန်သော ရဟန်းရှင်လူတို့အား မမြဲခြင်း အနိစ္စ, ဆင်းရဲခြင်း ဒုက္ခ, အစိုးမရ အနှစ်သာရ မရှိခြင်း အနတ္တတရားတို့ကို ညွှန်ပြသကဲ့သို့ ရှိချေသည်။ အရှေ့ဖက်၌ကား သရက်ခရိုင်လုံးဆိုင်ရာ တောင်သူလယ်သမား

ဦးကြီးများ၏ လုပ်ဖော်ကိုင်ဖက် ဖြစ်ကြကုန်သော မြီးစုပ်၊ ထိပ်ကွက်၊ ဂျိုထောင်တို့ကို တနင်းလာနေ့တိုင်း လဲလှယ် ရောင်း ဝယ်ရာဌာနရှိ၏။ ထို့ကြောင့်လည်း အောင်မင်္ဂလာ ကျောင်း တိုက်နှင့် ဦးကြီးတို့သည် ဆရာဒကာအဖြစ်ဖြင့်ရင်းနှီးကြကုန်၏။

အောင်မင်္ဂလာကျောင်းဘိုက်သည် အရှေ့အနောက် အလျား ပေ ၂၅၀-ခန့်နှင့် တောင်မြောက် အနံပေ ၁၅၀-ခန့်ရှိ၍ ပတ်လည် စတုရန်းပေအားဖြင့် ၄၀၀-ခန့် ကျယ်ဝန်းပေသည်။ ကျောင်းအဆောက်အဦများမှာ အုဉ်ခံနှင့် နှစ်ထပ်သိမ်ကျောင်း (၁)၊ သစ်သားနှစ်ထပ်ကျောင်း(၁)၊ ဆွမ်းစားကျောင်း (၁) အားဖြင့် အပြေးအလွှား ရေတွက်ပါမှ (၃) ဆောင် သာ ရှိလေသည်။

## သာသနာပြု ပုဂ္ဂိုလ်များ

အောင်မင်္ဂလာကျောင်းတိုက်ကို သရက်ခရိုင် အလပ်လယ်ရွာ ဇာတိ လူပြန်တော်ဆရာ ဦးကျော်မင်းက ၁၃၁၅-ခုနှစ်၌ စတင် တည်ထောင်ခဲ့သည်။ ထိုဆရာကြီးသည် ၁၃၂၇-ခုနှစ်၊ တော် သလင်းလဆုတ် ၁၀-ရက်နေ့၌ အနိစ္စရောက်ခဲ့ရှာသည်။ ဆရာကြီး ရှိစဉ်ကပင် အပ်နှံခဲ့၍ ယခုတိုင် ကျောင်းတိုက်ကို ဦးဆောင်၍ သာသနာပြုတော်မူကြကုန်သော ပုဂ္ဂိုလ်မွန်တို့ကား **နာယက ဆရာတော်ကြီး ဦးကလျာဏ**(အလပ်လယ်ရွာ)၊ **စာချဆရာတော် ဦးကေသရ** (တုတ်ကိုင်းရွာ)၊ **ဓမ္မကထိက ဦးစန္ဒာဝရ** (ယခုအခါ လှိုင်မဟာစည် သာသနာ့ရိပ်သာ ဆရာတော် သရက်အောင် မင်္ဂလာ အရှင်စန္ဒာဝရ)တို့ပင်တည်း။

## ဆွေရင်းမျိုးချာကဲ့သို့

အောင်မင်္ဂလာသံဃာတော်များသည် တောရွာဇာတိများဖြစ်ကြ၍ အောင်မင်္ဂလာကျောင်းတိုက်ကား မြို့၌တည်ရှိသျက်မြို့၏ကျက်သရေကို ဆောင်နေသောကြောင့် တောလူထုနှင့်မြို့လူထုတို့သည် ဆွေမျိုးရင်းချာကဲ့သို့ ခင်မင် ရင်းနှီးကြကုန်၏။ ကူညီယိုင်းပင်းကြကုန်၏။ အောင်မင်္ဂလာသည် တောရောမြို့ပါ ဒါယကာ ဒါယိကာမများအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသကဲ့သို့ တောရောမြို့ပါ ဒါယကာ ဒါယိကာမများကလည်း အောင်မင်္ဂလာအား ပစ္စည်းလေးပါးတို့ဖြင့်ထောက်ပံ့လှူဒါန်းကြကာ ဆည်းကပ်ကိုးကွယ်ကြကုန်၏။

## အောင်မင်္ဂလာကျောင်းတိုက်နှင့် တုံးခေါက်သံ

စာရေးသူသည် အောင်မင်္ဂလာကျောင်းတိုက်၌ နေခဲ့တော်များ၏ သာသနာပြု လုပ်ငန်းကို တတ်စွမ်းသမျှ ကိုယ်အားဉာဏ်အားဖြင့် ကူညီယိုင်းပင်းယင်း တနှစ်ကြာကြာ နေထိုင်ခဲ့ဘူးပါ၏။ ထို တ နှစ် ကာ လ အတွင်းဝယ် အောင်မင်္ဂလာ၌တွေ့ကြုံခဲ့ရသမျှသောအတွေ့အကြုံတို့တွင် စာရေးသူအလေးစားဆုံး အမြတ်နိုးဆုံးကား တုံးခေါက်သံပင် ဖြစ်သည်။ အောင်မင်္ဂလာ၌ တုံးခေါက်သံကို နေ့အချိန်၌ ၇-ကြိမ်တိုင်တိုင် ကြားရ၍ ညအချိန်၌ ၃-ကြိမ်တိုင်တိုင် မှန်မှန်ကြားရ၏။ ဤသို့အားဖြင့် တရက်အတွင်း ၁၀-ကြိမ်တိုင်တိုင် မှန်မှန်ကြားရ၏။

ထို ၁၀-ကြိမ်တိုင်တိုင် ထွက်ပေါ်လာကုန်သော တုံးခေါက်သံတို့တွင် နေ့စဉ် နံနက် အရုဏ်ဦး အချိန်နှင့် နေ့ ၁၁-နာရီအချိန်တို့၌ ထွက်ပေါ်လာကုန်သော တုံးခေါက်သံတို့၏ မရှေး

မနှောင်းဝယ် သံဃာတော်တို့ ဆွမ်းဘုဉ်းပေး တော်မူကြ၍ ညဉ့် ၆-နာရီခွဲ အချိန်၌ ထွက်ပေါ်လာသော တိုးခေါက်သံ၏ မရှေးမနှောင်းဝယ် သံဃာတော်တို့ ဘုရားဝတ်ပြုကြ၏။ ထိုသုံးကြိမ်မှ ကြွင်းကျန်သောအချိန်တို့၌ ထွက်ပေါ် လာကုန်သော တိုးခေါက်သံတို့၏ မရှေးမနှောင်းဝယ် သံဃာတော်တို့ စာဝါ ပို့ချခြင်း၊ စာဖတ်ခြင်းတို့ကို ပြုတော်မူကြကုန်၏။

ထို့ကြောင့်ပင် အောင်မင်္ဂလာသို့ ဆိုက်ရောက်လာကုန်သော ရဟန်းရှင်လူတို့အား အောင်မင်္ဂလာ၏ စာသံ ပေသံ တရားသံတို့သည် သန့်စင်ကြည်လင်သော အအေးဓာတ်ကို ပေးအပ်ကဲ့သို့ ရှိကုန်၏။ ထို့ကြောင့်ပင် စာရေး သူသည် အောင်မင်္ဂလာ၏ တိုးခေါက်သံကို လေးစားမြတ်နိုးလှပါ၏။

## မေ့နိုင်ဖွယ်မရှိ

အောင်မင်္ဂလာနှင့် တိုးခေါက်သံ တိုးခေါက်သံနှင့် အောင်မင်္ဂလာတို့သည် ရေနှင့်ကြာ ပေနှင့်စာတို့ကဲ့သို့ ပဏာတင့်ကုန်ဘိ၏။ စိန်ကျောက်နှင့် ရွှေတို့ကဲ့သို့ ဂဟေဆက်ကုန်၏။ ဘုရားနှင့်တရားတို့ကဲ့သို့ တသားတည်း ရှိကုန်ဘိ၏။ ဘုရားနှင့်သံဃာတို့ကဲ့သို့ ကြည်ညိုဖွယ်ရာရှိကုန်ဘိ၏။ စာရေးသူသည် တနှစ်ပတ်လုံး ကြားခဲ့ရသော အောင်မင်္ဂလာ၏ တိုးခေါက်သံကို တသက် ပတ်လုံး မေ့နိုင်ဖွယ်မရှိ။ သတိရနေလိမ့်ဦးမည်ဟု မှတ်တမ်းတင်မိပါ၏။ အောင်မင်္ဂလာ၏ တိုးခေါက်သံသည် ဗုဒ္ဓသာသနာတော် တည်သမျှ ကာလပတ်လုံး ခြိမ့်ခြိမ့်သဲသဲ မစဲတန်း မြည်ဟီးနိုင်ပါစေသတည်း။

# ပရိနိဗ္ဗာန်စံခါနီးဝယ် ဤသို့မိန့်တော်မူ၏

ဤနေ့ကား မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ကဆုန်လဆန်း ၁၄-ရက် တနင်္လာနေ့ဖြစ်သည်။ အချိန်သည် နေဝင်ရိုးရီ ရောင်ခြည်ထွေလာ စီရရီဖြာသည့် ဆည်းဆာရောင် သန်းနေသော ညနေချမ်း အချိန်ဖြစ်သည်။ အိပ်တန်းတက်ရန် စီမံခန့်ခွဲသည့် တောကြက် တောငှက်သံတို့သည် တောလုံးညံလျက် ရှိချေလိမ့်မည်။

လပြည့်နေ့နံနက်အရုဏ်တက်လုလု အချိန်တန်လျှင်၊ ပရိနိဗ္ဗာန်စံလွန်တော်မူတော့မည်ဖြစ်သော မြတ်စွာဗုဒ္ဓလည်း မလ္လတိုင်း ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင်း၌ အမြစ် ပင်စည် အကိုင်း အခက် အရွက်တို့ဖြင့် အချင်းချင်း ရောယှက်၍ တည်သော အစုံစုံသော အင်ကြင်းပင်ပျိုတို့၏ အကြား၌ မြောက်အရပ်သို့ ခေါင်းပြုလျက် ခင်းထားအပ်သော ညောင်စောင်းပေါ်ဝယ် လက်ျာနံတောင်းဖြင့် စောင်းတော်မူ၍ လက်ျာခြေတော်ပေါ်၌ လက်ဝဲခြေတော်ကို အနည်းငယ်ပိုလွန်၍ ထားပြီးလျှင် သတိသမ္ပဇဉ် အမြဲယှဉ်တော်မူသည်ဖြစ်၍ မြတ်သော လျောင်းအိပ်ခြင်းကို ပြုတော်မူပေပြီ။

ညီတော်အာနန္ဒာနှင့်တကွ များစွာသော တပည့် ရဟန်း သံဃာတော်အပေါင်းသည် မြတ်ဗုဒ္ဓ၏ ထံတော်နီး၌ ရှိသေစွာ ဆည်းကပ် ခစားကြလျက် ငြိမ်သက် တိတ်ဆိတ်စွာ သီတင်းသုံး ထိုင်နေတော်မူကြ၏။

## ပူဇော်ကြပုံ အမှုံဖုံ

ထိုအခါ၌ အလုံးစုံသော အကြွင်းပင်ပျိုတို့သည် အချိန် အခါမဲ့ငြား ထူးခြားသော ပန်းတို့ဖြင့် ငွားငွားစွင့်စွင့် ကား ကားပွင့်ကုန်လျက် မြတ်ဗုဒ္ဓအား ပူဇော်သောအားဖြင့် ဗုဒ္ဓ၏ ထံတော်သို့ ပန်းပွင့်များကို တဖွားဖွား ကြွေကျပူဇော်ကြ ကုန်၏။

နတ်နန်းပျော်ပါး နတ်အများတို့သည် နတ်ပြည်ဖြစ်နတ်ပန်း မျိုးစုံ စန္ဒကူး နံ့သာမှုန့်စသော နံ့သာမှုန့်မျိုးစုံတို့ကို ဆည်း တားမထင် ခြားအပြင်ဖြင့် ရှုမြင်အပ်သော အဇ္ဈာဝေဟင် ထက်ကောင်းကင်ဆီမှ စီရရီ မစဲ ဖြန့်ကြဲကုန်၍ မြတ်စွာဘုရား အား မနားတန်း ပူဇော်ကြကုန်၏။

နတ်၌ဖြစ်ငြား နတ်တူရိယာ သီဆိုခြင်းတို့ဖြင့် နားဝင်ချို အောင်·တီးမှုတ်ခြင်း၊ သီဆိုခြင်းတို့ဖြင့် ကောင်းကင်ယံ ထက် ဆီမှ မြတ်စွာဗုဒ္ဓ၏ ထံတော်သို့ အဖန်ဖန် ပူဇော်ကြကုန်၏။

## ဗုဒ္ဓမိန့်ကြား အမြိုက်တရား

နတ်ပန်း နံ့သာ တူရိယာတို့ဖြင့် သာယာငြိမ့်ငြီး သီချင်း ကြီးငယ် အသွယ်သွယ်တို့ဖြင့် အကြီးအကြယ် ပူဇော်ကြလေရာ

ထိုအခါ၌ မြတ်စွာဗုဒ္ဓသည် ညီတော်အာနန္ဒာအား အရေးကြီးသော တရားစကားကို ဤသို့ မိန့်ကြားတော်မူ၏။

"အို-ညီရင်းသည်းချာ အာနန္ဒာ၊ ဤမျှလောက် အတိုင်းအရှည်ရှိသော နတ်ပန်း နံ့သာ တူရိယာ မျိုးစုံတို့ကို ကြဲဖြန့်တီးမှုတ်၍ ပူဇော်ခြင်းမျှဖြင့် ငါဘုရားကို ကောင်းစွာ ပြုအပ်သည်မှုလည်း မဖြစ်နိုင်သေး၊ အလေးအမြတ် ပြုအပ်သည်မှုလည်း မဖြစ်နိုင်သေး၊ ပူဇော်အပ်သည်မှုလည်း မဖြစ်နိုင်သေး၊ အရိုအသေ ချစ်မြတ်နိုးအပ်သည်မှုလည်း မဖြစ်နိုင်သေးသည်သာတည်း။

အို-ညီရင်းသည်းချာ အာနန္ဒာ၊အမှန်စင်စစ်အားဖြင့် အကြင်ရဟန်း ယောကျ်ား (ဘိက္ခု)သည်မှုလည်း ဖြစ်စေ၊ အကြင်ရဟန်းမိန်းမ (ဘိက္ခုနီ)သည်မှုလည်း ဖြစ်စေ၊ အကြင် သီတင်းသည် လူဒါယကာသည်မှုလည်း ဖြစ်စေ၊ အကြင် သီတင်းသည် လူဒါယိကာမသည်မှုလည်း ဖြစ်စေ၊ လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်တရားကို ကျင့်သည်ဖြစ်၍ နေ၏။ ဝိပဿနာအား လျော်သော သလ္လေခ အစရှိသော အကျင့်၊ ခြောက်ပါးသော ဝိသုဒ္ဓိအား လျော်သော သလ္လေခ အစရှိသော အကျင့်၊မဂ်ဖိုလ်အားလျော်သော ဝဋ္ဋာနုဂါမိနီ ဝိပဿနာအကျင့်ကို ကျင့်သည်ဖြစ်၍ နေ၏။

အို-ညီရင်းသည်းချာ အာနန္ဒာ၊ ထိုသို့ဆိုပြီးသော အကျင့်တရားတို့ကို ကျင့်သော ဘိက္ခု,ဘိက္ခုနီ, ဒါယကာ, ဒါယိကာမသည်သာ ငါဘုရားကို မြတ်သော ပူဇော်ခြင်းဖြင့် ကောင်းစွာ ပြုအပ်သည် မည်ပေတော့၏။ အလေးအမြတ် ပြုအပ်သည်

မည်ပေတော့၏။ ချစ်မြတ်နိုးအပ်သည် မည်ပေတော့၏။ ပူဇော်အပ်သည် မည်ပေတော့၏။

အို-ညီရင်းသည်းချာ **အာနန္ဒာ၊** ထို့ကြောင့် ငါဘုရား၏ သာသနာတော်၌ သင်တို့သည် ကျင့်ရာ၏။ အဘယ်သို့ ကျင့်ရမည်နည်းဟူမူ 'ငါတို့သည် ကိုးပါးသော လောကုတ္တရာ တရားအားလျော်သော အကျင့်တရားတို့ကို ကျင့်သည်ဖြစ်၍ နေကြကုန်စို့။ ဝိပဿနာ, ခြောက်ပါးသော ဝိသုဒ္ဓိအားလျော်သော သလ္လေခ စသောအကျင့်, မဂ်ဖိုလ်အား လျော်သော စုဋ္ဌာန ဂါမိနိ ဝိပဿနာ အကျင့်တရားတို့ကို ကျင့်သည်ဖြစ်၍ နေကြကုန်စို့ဟု ဤသို့ ကျင့်၍ နေရာ၏။ အာနန္ဒာ၊သင်တို့သည် ဤသို့ကျင့်၍ နေရာ၏"ဟု မိန့်တော်မူလေပြီ။

# မရှိတာကို အရှိထင်နေကြလို့

## မရှိတရားနှင့် အရှိတရား

ပညာမျက်စိ မပွင့်လင်းသေးပဲ အဝိဇ္ဇာ တိမ်သလာတို့သည် ထူထပ်စွာ ဖုံးလွှမ်းပိတ်ကာခြင်း ခံကြရကုန်သော ပုထုဇဉ် သတ္တဝါတို့သည် မရှိတရားကို အရှိထား, အရှိတရားကို မရှိထား လျက် အသိတရားတွေ လွဲမှားဖောက်ပြားကြကာ အို,နာ,သေ, ဆင်းရဲအပေါင်းတို့၏ ထူထောင်း နှိပ်စက်ခြင်းကို တပြောင်း ပြန်ပြန် သံသရာ မဆုံးမခြင်း အလူးအလဲ ခံကြရကုန်၏။

## လွဲမှားနေသမျှ သံသရာမဆုံးနိုင်

အဘယ်သို့ လွဲမှားကြကုန်သနည်း၊ မရှိသော ငါ,သူတပါး, ယောကျ်ား,မိန်းမကို အရှိထား၍ တကယ်ရှိသော မမြဲ, ဆင်းရဲ, အစိုးမရသည့် ခန္ဓာငါးပါးကို ရှိ၏ဟု မသိကြကုန်၊ ဤသို့ လွဲမှားကြကုန်၏၊ ထိုသို့လွဲမှားနေသမျှ ကာလပတ်လုံး ပဋိသန္ဓေ အို, နာ, သေ သံသရာဆုံးနိုင်ကြမည် မဟုတ်ကုန်။ မလွဲမှားပဲ အမြင်မှန် အသိတရားသို့ ဆိုက်ရောက်မှသာလျှင် သံသရာဆုံး ရမည် ကေန်တည်း။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာသည် အမှန် အမှား ခွဲခြားဝေဘန်လျက် မရှိတရားနှင့် အရှိတရားတို့ကို

ပိုင်းခြား၍ မှန်ကန်စွာ ဟောကြားတော်မူခဲ့သည်မှာ ဤသို့ ဖြစ်၏။

## အမှန်အမှား ခွဲခြားဝေဘန် ဟောခဲ့ပြန်

သံသရာဘေးကို ရှုလေ့ရှိကုန်သော ချစ်သား ချစ်သမီးတို့၊ လောက၌ ပညာရှိတို့က မရှိဟု သမုတ်အပ်၍ ငါဘုရားကလည်း မရှိဟု ဟောအပ်သောအရာကား အဘယ်နည်း။

အို.... ချစ်သား ချစ်သမီးတို့၊ မြဲမြန်တည်တံ့ ခိုင်မြဲသော ဖောက်ပြန်ခြင်း မရှိသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို, လောက၌ ပညာရှိတို့က မရှိဟု သမုတ်အပ်၍ ငါဘုရားကလည်း မရှိဟုပင် ဆိုအပ်၏။

အို....ချစ်သား ချစ်သမီးတို့၊ လောက၌ ပညာရှိတို့က မရှိဟု သမုတ်အပ်၍ ငါဘုရားကလည်း မရှိဟု ဆိုအပ်သော အရာကား ဤသည်ပင်တည်း။

အို....ချစ်သား ချစ်သမီးတို့၊ လောက၌ ပညာရှိတို့က ရှိ၏ဟု သမုတ်အပ်၍ ငါဘုရားကလည်း ရှိ၏ဟု ဆိုအပ်သော အရာကား အဘယ်နည်း။

အို..ချစ်သား ချစ်သမီးတို့၊ မမြဲ, ဆင်းရဲ, အစိုးလဲမရ, ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,ဝိညာဏ်ကို လောက၌ ရှိ၏ဟု ပညာရှိတို့ သမုတ်အပ်၏။ ထိုအရာအားလုံးကို ငါဘုရားကလည်း ရှိ၏ဟုပင် ဆို၏။

အို....ချစ်သား ချစ်သမီးတို့၊ လောက၌ ပညာရှိက ရှိ၏ဟု သမုတ်အပ်၍ ငါဘုရားကလည်း ရှိ၏ဟုပင် ဆိုအပ်သော တရားကား ဤသည်ပင်တည်း။ (ခန္ဓဝဂ္ဂသံယုတ်ပုပ္ဖသုတ်)

## ဤသို့ ရှုမှတ်ပွားများရမည်

ဖော်ပြခဲ့ပြီးသော မရှိတရားတို့ကို ဖယ်ရှားပစ်ရန် မလို တော့ပေ။ အဘယ်ကြောင့်နည်း၊ ပင်ကိုရင်းအစကပင် မရှိသော ကြောင့်တည်း။ မရှိမှန်းသိရန်သာ အရေးကြီးသည်။ အရှိတရား တို့ကိုကား တကယ်သိရန် အရေးကြီးဘိ၏။ တကယ်သိရန်မှာ လည်း တကယ် ရှုမှတ် ပွားများရပေလိမ့်မည်။ အဘယ်သို့ ရှုမှတ်ပွားများရမည်နည်း။ ဗုဒ္ဓဟောကြားသောနည်းဖြင့် ရှုမှတ် ပွားများရပေမည်။

ဗုဒ္ဓက ဤသို့ ဟောကြားတော်မူခဲ့၏။ "ရုပ်ကို ရေမြှုပ်နှင့် တူ၏ဟူ၍၎င်း၊ ဝေဒနာကို ရေပွက်နှင့် တူ၏ဟူ၍၎င်း၊ သညာကို တံလျှပ်နှင့် တူ၏ဟူ၍၎င်း၊ သင်္ခါရကို ငှက်ပျောတုံးနှင့် တူ၏ ဟူ၍၎င်း၊ ဝိညာဏ်ကို မျက်လှည့်နှင့် တူ၏ဟူ၍၎င်း၊ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောတော်မူအပ် ၏။" (ခန္ဓဝဂ္ဂသံယုတ် ဖေဏပိဏ္ဍူပမသုတ်)

## ဖြစ်ဆဲခန္ဓာ ရှုမှတ်ပါ

ဤအရာ၌ ဗုဒ္ဓမြတ်စွာသည် သဘောပေါက်ရန်သာ ညွှန်ပြ ခဲ့ခြင်းဖြစ်သည်၊ ရေမြှုပ်ဆိုင်, ရေပွက်, တံလျှပ်, ငှက်ပျောတုံး, မျက်လှည့်တို့ကို ဂရုတစိုက် မရမကရှာကြံ၍၎င်း၊ မှန်းဆ၍၎င်း၊ ကြည့်ရှုရန်၊ ရှုမှတ်ပွားများရန် ညွှန်ပြတော်မူခဲ့ခြင်း မဟုတ်ပေ။

စင်စစ်သော်ကား မိမိ၏ ခန္ဓာကိုယ် ဒွါရ ခြောက်ပါး၌ ကျရောက်လာသော ရှေ့နောက်တစပ်တည်း မဟုတ်ပဲ ဖောက် ပြန်တတ်သော ရုပ်သဘော၊ ကောင်း, ဆိုး, မကောင်း မဆိုး အမျိုးမျိုးကို ခံစားတတ်သော ဝေဒနာသဘော၊ဖြူ,နီ,ကြောင်,

ကျား စသည်များကို မှတ်သားတတ်သော သညာသဘော၊ ကွေးမှု၊ ဆန့်မှု စသည်တို့ကို စေ့ဆော်ပြုတတ်သော သင်္ခါရ သဘော၊ မြင်စရာ, ကြားစရာ စသော အာရုံတို့ကို ညွှန်တတ် သိတတ်သော ဝိညာဏ်သဘောတို့ကိုသာ ဖြစ်တိုင်း ပျောက်တိုင်း ဖြစ်ပေါ်ဆဲ ချုပ်ပျောက်ဆဲ၌ သတိနှင့် ဉာဏ်စိုက်၍ ရှုမှတ် ပွားများရန်သာ ညွှန်ကြား ဟောမြွက်တော်မူခြင်း ဖြစ်၏။

ဤသို့ ရှုမှတ်သည်ရှိသော် ရုပ်၏ ရေမြှုပ်နှင့်တူပုံ၊ ဝေဒနာ၏ ရေပွက်နှင့်တူပုံ၊ သညာ၏ တံလျှပ်နှင့် တူပုံ၊ သင်္ခါရ၏ ငှက်ပျော တုံးနှင့် တူပုံ၊ ဝိညာဏ်၏ မျက်လှည့်နှင့် တူပုံတို့သည် အလိုလိုပင် ဉာဏ်၌ ထင်မြင်လာလိမ့်မည်။ ဤသို့ ထင်မြင်ပါမှ ခန္ဓာကိုယ်၌ ငြီးငွေ့ရှိမုန်းမည်။ ငြီးငွေ့ရှိမုန်းမှ စွန့်လွှတ်မည်။ စွန့်လွှတ်မှသာ ပဋိသန္ဓေ, အို, နာ, သေတို့ အဆက်မပြတ် နှိပ်စက်နေသော သံသရာဝဋ်မှ ကင်းလွတ်နိုင်မည်ဖြစ်ကြောင်း စေတနာကောင်း ဖြင့် တင်ပြအပ်ပါသတည်း။

# အညမည စောင့်ရှောက်ကြ

အကြင်သူသည် မိမိကိုယ်ကို စောင့်ရှောက်၏။ ထိုသူ၏ ပတ်ဝန်းကျင်သည်လည်း ထိုသူကဲ့သို့ ဘေးရန်ကင်းကွာ ချမ်းသာအေးမြပေလိမ့်မည်တည်း။

## သောတာပန်နှင့် လှည်းသမား

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏။ ထိုအခါ၌ ထိုသာဝတ္ထိပြည်ဝယ် အယူမှားမှု-ဒိဋ္ဌိနှင့် ယုံမှားမှု-ဝိစိကိစ္ဆာတို့ကို အမြစ်ပါမကျန် တော်လှန်ပြီးသော နိယတ ဗုဒ္ဓသာသနာဝင် သောတာပန်ပုဂ္ဂိုလ်တယောက်သည်ရှိလေ၏။ တနေ့သ၌ ထိုဥပါသကာသည် အရေးပေါ်ကိစ္စတခုဖြင့် လှည်းကုန်သည် တို့နှင့်အတူ လှည်းကြုံစီး၍ သာဝတ္ထိပြည်မှ ခရီးထွက်ခဲ့လေသည်။

ထိုခရီးသည်တို့သည် ကတောဝင် တတောထွက်ဖြင့် ခရီးဆက်ခဲ့ကြရာ လူရော နွားပါ အလွန်ပင် မောပန်းကြသဖြင့် တောကန်းတခု၌ စခန်းချကြကုန်၍ အပန်းဖြေ နားနေကြလေ၏။ နွားတို့ကိုလည်း အစာရေစာ တိုက်ကျွေးကြကုန်၏။ သူတို့ကိုယ်တိုင်လည်း အစာအာဟာရ စားသုံးကြကုန်၏။

## သောတာပန်နှင့် ခိုးသားများ

အချိန်ကား ဒေါင်းဝင်ယုန်ထွက် ညဥ့်ဖက်သို့ ရောက်ခဲ့ချိန် ဖြစ်သည်။ လှည်းကုန်သည်တို့သည်လည်း ခရီးမောပန်း ကိုယ်စိတ်နွမ်းကြသဖြင့်ရင်း၊ စားသောက်ပြီးစ ဝမ်းတောင့်တင်းကြသဖြင့်ရင်း၊ လှည်းပေါ်၌တချို့ လှည်းအောက်၌တဖုံ အိပ်မောကျလေကုန်၏။

သောတာပန်ဥပါသကာသည်ကား အချိန်အားကိုအလကား မကုန်စေပဲ မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှါ မဟာသတိပဋ္ဌာန် အမှတ်တရားဖြင့် လှည်းတို့၏အနီး၌ ခေါက်တုန့် ခေါက်ပြန် စင်္ကြံလျှောက်လျက် နေလေ၏။

ဤအချိန် ဤအခါမျိုး၌ ဤနေရာသို့ ရောက် လာ တိုင်း ကုန်သော ခရီးသည်သို့အား တကြိမ်တခါမျှ အလွတ်မပေးပဲ အမြဲခိုးယူလုယက်နေကျဖြစ်ကုန်သော တောပုန်းခိုးသားတို့သည် ဓားလှံလက်နက်တို့ကို ကိုင်ဆောင်ကုန်လျက် လှည်းကုန်သည်တို့ အိပ်မောကျခိုက် ခိုးယူလုယက် လိုက်မည်ဟူသော အကြံဆိုးဖြင့် လှည်းစခန်းအနီးသို့ ချဥ်းကပ်ဝန်းရံလာကုန်၏။

ထိုသော် သစ်ပင် သစ်ခက် သစ်ရွက်တို့၏ အကြိုအကြားမှ တိုးဝင်လာသော မှုံဝါးဝါး လရောင်အောက်၌ စင်္ကြံလျှောက် နေသော သောတာပန် ဥပါသကာကို တွေ့မြင်ရ၍ ရုတ်တရက် အခက်ကြုံသွားကြလေ၏။ ခိုးသားတို့သည် ''သူသည်၊ လှည်းစခန်းကို စောင့်သောသူ ဖြစ်ချေမည်။ ငါတို့သည် ဤသူမအိပ်မီ ခိုးယူလုယက်ကြကုန်သည်ရှိသော် ဤသူသည် လှည်းသမားအားလုံးတို့ကို နှိုး၍ ခုခံကြလျှင် ငါတို့အလုပ် မအောင်မြင်ပဲ

ရှိချေကုန်မည်။ ဤသူအိပ်မှသာ ခိုးယူ လုယက်ကြကုန်စို့ ”ဟု အချင်းချင်း တိုးတိုးသာ တိုင်ပင်နိုးနှော၍ ခိုးယူ လုယက်ခြင်းငှါ မစွမ်းနိုင်ကြသေးပဲ နေမြဲတိုင်းသော မှောင်ရိပ်ထဲ၌သာ စောင့်မျှော် ဆိုင်းငံ့နေကြလေ၏။

ထိုစကြံလျှောက်သောဥပါသကာသည် ညဉ့်ဦးယာမ်၌လည်း မအိပ်သေး၊ သန်ခေါင်ယာမ်၌လည်း မအိပ်သေးသည့် အပြင် ညဉ့်၏ နောက်ဆုံး လင်းအားကြီးယာမ်၌ပင် မအိပ်တော့ပဲ တညဉ့်လုံး သတိပဋ္ဌာန်တရားအလုပ်ဖြင့်သာ စကြံလျှောက်နေလေ၏။

အချိန်ကား အရုဏ်ကျင်း၍ အလင်းဖက်သို့ ရောက်လာချေပြီတည်း။ ခိုးသားတို့သည်လည်း ခိုးယူလုယက်ခြင်းငှါ မစွမ်းနိုင်ကုန်ပဲ မြေခဲလင့်ချက်ကင်းစွာဖြင့်ပင် စိတ်ပျက်အားလျှော့ကုန်၍ တောထဲသို့သာ ရှောင်လွှဲ ပြန်သွားကြရလေ၏။

ထိုသောတာပန် ဥပါသကာနှင့် လှည်းကုန်သည် တို့သည် ဘေးရန်ကင်းကွာ ချမ်းသာစွာဖြင့် မိမိတို့လိုရာခရီးကို ဆက်လက် သွားနိုင်ကြလေ၏။ မိမိတို့ ကိစ္စအံသီးသီး ပြီးမြောက်ကြကုန်သည် ရှိသော်၊ နေရင်းဌာန သာဝတ္ထိပြည်သို့ ပြန်ခဲ့လေ၏။

## သောတာပန်နှင့် မြတ်ဘုရား

ထိုသောတာပန် ဥပါသကာသည် သာဝတ္ထိပြည်သို့ရောက်လျှင် ရောက်ခြင်း မြတ်ဘုရားထံတော်ရင်းသို့ ချဉ်းကပ်ပြီးလျှင် လမ်းခရီး၌ တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်နှင့် စပ်သောစကားကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

ဥပါသကာ။ ။"အို မြတ်စွာဘုရား၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်တဲ့ သူဟာ သူတပါးကို စောင့်ရှောက်ခြင်း မည်ပါသလားဘုရား။"

မြတ်ဘုရား။ ။"မှန် ပေ တယ် သီတင်းသည် ဥပါသကာ ဒါယကာ၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်သူဟာ သူတပါးကိုလဲ စောင့်ရှောက်ခြင်းမည်ပေတယ်။ သူတပါးကို စောင့်ရှောက်သူဟာလဲ ကိုယ့်ကိုယ်ကို စောင့်ရှောက်ခြင်း မည်ပေတယ်"

ဥပါသကာ။ ။"မှန်လှပါပေတယ် မြတ်စွာဘုရား၊ ယခု မြတ်စွာဘုရား မိန့်တော်မူတဲ့ စကားတော်ဟာ အလွန်မှန်ကန် ကောင်းမွန်တဲ့ စကားတော်ပါပဲ ဘုရား။ တပည့်တော်ဟာ မကြာသေးမီ ကာလ အတွင်းက လှည်းကုန်သည် တို့နှင့်အတူ ခရီး ထွက်ခဲ့ပါတယ်ဘုရား။ တပည့်တော်တို့ခရီးသည် တွေဟာ ခရီးအတော်သွားမိကြလို့ တောတန်း တခုသို့ ရောက်ကြတဲ့အခါမှာ ညဉ့်အချိန်လဲကျ မောလဲ မောပန်းကြတာနဲ့ လှည်းစခန်းချပြီး နားနေ ကြပါတယ် ဘုရား။ အဲဒီအချိန်မှာ လှည်းကုန်သည်တွေ အိပ်ကြပေမဲ့ တပည့်တော် ကတော့ မအိပ်ခဲ့ပါဘုရား။ ကိုယ့်ကိုယ်ကို စောင့် ရှောက်မယ်ဆိုပြီး သတိပဋ္ဌာန်အမှတ်တရားဖြင့် တညဉ့်လုံး စကြံသွားခဲ့ခြင်းဟာ ကိုယ့်ကိုယ်ကို လုံခြုံစေရုံမျှမကပဲ ခရီးဖော် လှည်းကုန်သည်

တွေပါ သူခိုးဘေးမှ ကင်းဝေးအောင် စောင့်ရှောက် နိုင်ခဲ့ပါတယ်ဘုရား။

ဤသည်တို့ကား ကေကနိပါတ် အသင်္ကိယ ဇာတ်လာ အကြောင်းအရာကောက်နုတ်ချက်တို့ပေတည်း။ ကမ္ဘာသူ ကမ္ဘာသားတို့သည်လည်း မြတ်စွာဘုရား ဟောကြားတော်မူသော နိဗ္ဗာန်ရောက်ရန် တကြောင်းတည်းသော လမ်းမှန် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြသည်ဖြစ်ကုန်၍ မိမိရော သူတပါးပါ ဘေးရန်ကင်းကွာ ချမ်းသာ ကြစေခြင်းငှါ အချင်းချင်း စောင့်ရှောက်နိုင်ကြပါစေ။

# သာသနာအရှည်တည်ရေး

မြတ်စွာဘုရားသည် ငါးလီစာဂ စရိယ သုံးသွယ် ဆယ်ပါးသော ပါရမီတော်တို့ကို အဆင့်ဆင့် ဖြည့်ကျင့်တော်မူ၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပြီးနောက် ၄၅-ဝါတို့ ကာလပတ်လုံး ဝေနေယျ သတ္တဝါ အပေါင်းတို့အား ပစ္စုပ္ပန် သံသရာ နှစ်ဖြာကြီးပွားကြောင်း, ဝဋ်ဆင်းရဲမှလွတ်ကြောင်း လောကီ လောကုတ္တရာ သဒ္ဓမ္မအဝဝတို့ကို ဟောကြားတော်မူခဲ့ပေသည်။

ယင်းသို့ ဟောကြားတော် မူခြင်းဖြင့်ပင် အားရ ကျေနပ် ရောင့်ရဲ တင်းတိမ်တော် မမူနိုင်သေးသဖြင့် ကျန်ရစ်သေးသူ သတ္တဝါ ဝေနေယျအများ သာသနာတော် နောက်ပိုင်းသားတို့အားလည်း ပေးသနားတော်မူလိုလှ၍ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး၌ ဝေသာလီပြည် အတွင်းရှိ ရဟန်းတော်များကို စည်းဝေးစုစည်းစေကာ တခုသော ဇရပ်အတွင်း၌ သာသနာတော် အရှည် တည်တံ့ရေး တရားတော်ကြီးကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပြန်ပေသည်။

### သာသနာတော် အရှည် တည်တံ့ရေး တရား

''အိုချစ်သားတို့၊ ငါဘုရားတို့သည် ထူးသော ဉာဏ်ဖြင့် သိတော်မူ၍ ဟောတော်မူအပ်သော ယင်း တရားတော်တို့သည်

ကား သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါး၊ မဂ္ဂင် ၈-ပါး အစရှိသော အရိယာ မဂ်တို့ပေတည်း။

ရဟန်းတို့၊ ငါဘုရားသည် သင်တို့အား ထူးသော ဉာဏ်ဖြင့် သိတော်မူ၍ ဟောအပ်သော ဤတရားတို့ကို သင် ချစ်သား တို့သည်-

(၁) ကောင်းစွာ သင်ယူ၍ မှီဝဲအပ်ကုန်၏။
(၂) ပွားများအပ်ကုန်၏။
(၃) အဖန်ဖန် လေ့ကျင့်အပ်ကုန်၏။

ယင်းသို့ အဖန်ဖန် ကောင်းစွာ သင်ယူ မှီဝဲ ပွားများ လေ့ကျင့်သည်ရှိသော် ဤမြတ်သော အကျင့် သာသနာတော် သည် အရှည်ခိုင်ခန့်လျက် ကြာမြင့်စွာ တည်ရာ၏။ ထိုသို့ တည်တံ့ခြင်းသည် လူအများ၏ စီးပွားချမ်းသာ အလို့ငှါ၊ လောကကို စောင့်ရှောက်ရန် အလို့ငှါ၊ နတ်လူတို့၏ အကျိုး စီးပွားနှင့် ချမ်းသာအလို့ငှါ ဖြစ်လေရာ၏" (ဒီဃနိကာယ် သုတ်မဟာဝါ ပါဠိတော်)

## အကျယ်နှင့်အကျဉ်း

ဗုဒ္ဓ မိန့်ကြားတော်မူသော ၎င်းဗောဓိပက္ခိယ ၃၇-ပါးတို့ကို သဘောကူရာပွား၍ အကျယ် ဝေဘန်လိုက်လျှင် ပိဋကတ် သုံးသွယ် နိကာယ် ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့လည်း ဖြစ်လာနိုင်သည်။ အကျဉ်း ချုံးလိုက်လျှင် သီလ, သမာဓိ, ပညာ သုံးမျိုးလည်း ဖြစ် သွားနိုင်သည်။

## သာသနာတော်တည်ပုံ

**သာသနာ**တော်သည်သုံးမျိုးသုံးဖြာပေါ်ထွက်လျက်ရှိသည်။ ဗုဒ္ဓမြတ်စွာသည် ၄၅-ဝါတိုတိုင်တိုင် ဆုံးမတော် မူခဲ့သော ယင်းအဆုံးအမတို့ကို တလုံးတပါဒသဘောတရားတခုကိုဖြစ်စေ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်လုံးကို ဖြစ်စေ၊ အမှန် အတိုင်း သိအောင် သင်ကြားနားလည်မှုကို **ပရိယတ္တိ သာသနာ တော်**ဟု ခေါ်သည်။ ပရိယတ္တိ သာသနာ တည်နေသည်ဟု လည်း ဆိုနိုင်သည်။

သင်ကြား၍ နားလည်ထားသော ၎င်းသဘောတရားတို့ကို၊ ဝါ၊ သီလ, သမာဓိ, ပညာတို့ကို ကျင့်ကြံပွားများ အားထုတ် ခြင်းကို **ပဋိပတ္တိ သာသနာတော်**ဟု ခေါ်သည်။ ပဋိပတ္တိ **သာ**သနာတော် တည်နေသည်ဟုလည်း ခေါ်ဆိုနိုင်သည်။

ကျင့်ကြံပွားများ အားထုတ်မှုအလျောက် မဂ်ဖိုလ်**အ**သိဉာဏ် ဆိုက်ရောက်မှုကို **ပဋိဝေဓ သာသနာတော်**ဟု ခေါ်သည်။ ပဋိ ဝေဓသာသနာတော် တည်နေသည်ဟုလည်း ခေါ်ဆိုနိုင်သည်။

ဗုဒ္ဓသာသနာတော်ကို ကြည်ညိုသူ ရဟန်းရှင်လူ မှန်သမျှ ဤပဋိဝေဓသို့ ဆိုက်ရောက်ရန် ကြိုးစားနေကြသည်။ ဤကား သာသနာတော် တည်ပုံတည်း။

ဤသို့ သာသနာတော် တည်ရှိနေခြင်းသည် လောကကို စောင့်ရှောက်ခြင်း၊ **န**တ် လူတို့၏ ဒါန သီလ ဘာဝနာတို့ကို လှူဒါန်း စောင့်ရှောက် ပွားများခြင်းတို့ဖြင့် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိခံစားရခြင်းကြောင့် အကျိုးထူး တရားတို့ များပြားလှပါသတည်း။

# ယောဂီ ဦးပါ၏သတင်းထူးကို အကြောင်းပြု၍

သထုံမြို့နယ် သိမ်ဆိပ် မင်းလမ်းမှနေ လယ်ယာဦးကြီး ဦးပါ ဆိုသူကို လက်နက်ကိုင် သောင်းကျန်းသူတို့ ဖမ်းဆီးသွားရာ အပြစ်မရှိဆိုပြီး ဇန္နဝါရီလ ၁၄-ရက်နေ့က ပြန်လွှတ်လိုက်၍ ထိုနေ့ နံနက်က နေအိမ်သို့ ပြန်ရောက်လာ၏။ ဦးပါသည် ချုပ်နှောင် ခံထားရရာမှ ထိုနေ့ည **အာနာပါနှင့် ထွက်လေ ဝင်လေ ရှုမှတ်မှု ကမ္မဋ္ဌာန်းတရားကို** ဖမ်းထားသော နေရာတွင် ကျင့်ကြံအားထုတ်သည်ဆို၏။

အစောင့်သောင်းကျန်း လေးယောက်အနက် နှစ်ယောက်က တရားအားထုတ်မှုကို ပြသခိုင်းပြီးနောက် ၎င်းတို့ ကိုယ်တိုင် လိုက်လံ အားထုတ်ပြီးလျှင် ဦးပါအား ပြန်လွှတ်လိုက်ခြင်း ဖြစ်သည်ဆို၏။

စာရေးသူသည် ဤဖော်ပြပါ သတင်းကို ၂၃-၁-၆၀ နေ့ထုတ် **ဟံသာဝတီ သတင်းစာ**၌ တွေ့မြင် ဖတ်ရှုလိုက်ရပေသည်။ စာရေးသူသည် ဤသတင်းကို ဖတ်ရှုလိုက်ရသောအခါ ဗုဒ္ဓ လက်ထက်တော်က အဖြစ်အပျက် ဝတ္ထုတပုဒ်ကို ပြေး၍ သတိ ရမိ လိုက်ပေသည်။

အခါတပါး၌ မြတ်ဘုရား၏ တပည့် ရှင်မဟာကစ္စည်း ထေရ်သည် အဝန္တိတိုင်း ကုလလဃရ-မြို့ကို ဂေါစရဂါမ် အမှီ ပြု၍ ပဝတ္တတောင်၌ သီတင်းသုံးနေတော်မူ၏။

ထိုကုလလဃရမြို့၌လည်း ပစ္စည်း ဥစ္စာ ကြွယ်ဝသည့် ကာဠီ မည်သော သောတာပန် ဥပါသိကာမကြီးသည် ရှိ၏။

ထို ဥပါသိကာမကြီး၏ ကောဠိကဏ္ဏသောဏ အမည်ရှိသော သားသည် ထို ရှင်မဟာကစ္စည်းထေရ်ထံ၌ ရဟန်းပြု၍ နေ လေသည်။

တခါသော် ထို ကာဠီမည်သော ဥပါသိကာမကြီးသည် သူ့သား အရှင်သောဏအား တရားဟောရန် တောင်းပန် လျှောက်ထားလေသည်။ အရှင်သောဏက တရားဟောမည်ဟု ဝန်ခံကတိ ပေးလေသော် ထိုမယ်တော် ဥပါသိကာမကြီးသည် မြို့လယ်၌ မဏ္ဍပ်ဆောက်၍ မြို့တွင်း၌လည်း တရားပွဲ ကြေငြာ ပြီးလျှင် ထိုမဏ္ဍပ်၌ တရားပွဲ ကျင်းပလေသည်။ ထိုကာဠီမည် သော မယ်တော် ဥပါသိကာမကြီးသည် သူ့အိမ်၌ အိမ်စောင့် ကျွန်မတယောက်ကိုသာ ချန်ထားခဲ့ပြီးလျှင် အခြွေအရံအားလုံး နှင့်တကွ သူ့သားတော်၏ တရားပွဲသို့ တရားနာ သွားလေ သည်။

ထိုအခါ ထိုကာဠီအိမ်ကို ဖောက်ထွင်း ခိုးယူရန် အခွင့် သာသာအခါကို စောင့်နေကြသော ခိုးသား ကိုးရာတို့ သည် "ယခုအခါ ဖောက်ထွင်း ခိုးယူရန် အခွင့်အခါ သာပေ ပြီ"ဟု အားရဝမ်းသာဖြင့် ဖောက်ထွင်းခိုးယူရန် အားထုတ်ကြ လေသည်။

ဒေါ်ကာဠီ၏အိမ်ကား တံတိုင်း ခုနစ်ထပ်တို့ဖြင့် ကာရံပြီးလျှင် အပေါက် ခုနစ်ပေါက်တို့၌ ခွေးကြမ်းကြီးတို့ကိုလည်း အစောင့်ချထားလေသည်။ ထို့အပြင် သူခိုး ဓားပြတို့ အိမ်တွင်းသို့ အလွယ်တကူ မဝင်ရောက်နိုင်ရန် ကျုံး, မြောင်း, ဆူးချုန် စသည်တို့ဖြင့်လည်း အိမ်ကို ပတ်ချာဝိုင်း၍ စီရင်ထားလေသေးသည်။ ထို့ကြောင့် ထိုခိုးသားတို့သည် ဥမင်လိုဏ်ခေါင်းဖောက်၍ ဒေါ်ကာဠီ၏အိမ်တွင်းသို့ ဝင်ရောက်ကြလေသည်။

ခိုးမှုးကြီးကိုယ်တိုင်ကား တရားနာနေသောဒေါ်ကာဠီသည် သူတို့၏ ဖေါက်ထွင်း ခိုးယူမှုကိုသိ၍ တကယ်လို့ တရားနာရာမှ အိမ်ပြန်လာခဲ့လျှင် လမ်းခုလတ်မှနေ၍ အသေသတ်ရန်သန်လျက်ကိုင်၍ ဒေါ်ကာဠီ တရားနာနေသော တရားပွဲအစွန် မှောင်ရိပ်ထဲ၌ အဆင်သင့်စောင့်နေလေ၏။ နောက်လိုက် ခိုးသားတို့သည်ကား ဒေါ်ကာဠီ၏ အလွယ်တကူသုံးရန် ထားသော အသပြာတိုက်ခန်းကို ဖွင့်လှစ်ကြလေသည်။

ဒေါ်ကာဠီ၏ အိမ်စောင့် ကျွန်မသည် ခိုးသားတို့ လိုဏ်ဖေါက်၍ အိမ်တွင်းသို့ဝင်ကာ အသပြာတိုက်ခန်းကို ဖွင့်လှစ်ကြသည်ကို သိလျှင် သိခြင်းပင် ဒေါ်ကာဠီထံပြေး၍အကြောင်းကြားလေသည်။

"အို....ခိုးသားတွေဟာ သူတို့တွေရာ အသပြာတွေကို ယူချင်ယူကြပါစေ၊ ငါဟာ ငါ့သားဟောတဲ့ တရားတော်ကို နာကြားနေတယ်။ ငါတရားနာနေတာကို အန္တရာယ်လာမပြုနဲ့၊ အိမ်သာပြန်သွား"ဟု ဒေါ်ကာဠီက အိမ်စောင့် ကျွန်မကို ပြန်လွှတ်လိုက်လေသည်။

ခိုးသားတို့သည်လည်း အသပြာအားလုံးတို့ကိုယူကြပြီးသော် ငွေသားများထားရာ တိုက်ခန်းကို ဖွင့်လှစ်ကြပြန်လေသည်။

ထိုအိမ်စောင့်သော ကျွန်မသည်လည်း "ခိုးသားတို့ ငွေတိုက်ကို ဖွင့်လှစ်ကြပြန်ပါပြီ"ဟုဒေါကာဋ္ဌိထံသို့ ပြေး၍ ဒုတိယအကြိမ် အကြောင်းကြားပြန်လေသည်။

ထိုအခါ၌လည်း ဒေါကာဋ္ဌိက "အို... သူတို့တွေဟာ သူတို့လိုရာရာကို ထင်သလိုယူကြပစေ၊အိမ်ကိုသာ ပြန်သွား"ဟုဆိုကာ အိမ်စောင့်ကျွန်မကို ပြန်လွှတ်လိုက်ပြန်လေ၏။

ထိုအခါ ခိုးသားတို့သည်လည်း ငွေသားအားလုံးကို ယူပြီးကြပြန်သော် ရွှေထားရာတိုက်ခန်းကို ဖွင့်လှစ်ကြပြန်ကုန်၏။

ထိုအိမ်စောင့် ကျွန်မသည်လည်း ဒေါကာဋ္ဌိထံပြေး၍ "ရွှေတိုက်ကိုဖွင့်ပြန်ပါပြီ"ဟု တတိယအကြိမ် အကြောင်းကြားပြန်လေ၏။

ထိုအခါ ဒေါကာဋ္ဌိက "ဟယ်....ကျွန်မ ခဏ ခဏ ငါ့ဆီ လာလာနေပါတကား။ ခိုးသူတွေဟာ သူတို့လိုရာရာတွေကို သူတို့သဘောရှိ ယူကြပစေ။ ငါဟာ ငါ့သား ဟောကြားတဲ့ တရားတော်ကိုသာ နာကြားနေတယ်။ ငါတရားနာနေတာကို အန္တရာယ်လာမပြုနဲ့လို့ ငါပြောရဲ့သားနဲ့၊ ငါ့စကားကို နင် နားမထောင်ပဲ ငါ့ဆီကို အခါခါ လာလာနေတယ်။ ဒီတခါ တကယ်လို့သာ နင်ထပ်လာခဲ့ယင် နင့်ကို မှတ်လောက်အောင် ဆုံးမလိုက်ရသေးတာပေါ့။ ငါ့အကြောင်း သိစေရမယ်။ ကဲ အိမ်ကိုသာပြန်" ဟု နောက်တခါ မလာရဲအောင် ခပ်ထန်ထန် ငေါက်ငန်း လွှတ်လိုက်ပြန်လေ၏။

ထိုအခါ တရားပွဲအစွန် မှောင်ရိပ်ထဲ၌ ဒေါ်ကာဠီ အိမ်ပြန်လာလျှင် သတ်ရန် အဆင်သင့် စောင့်နေသော ခိုးမှုကြီးသည် ဒေါ်ကာဠီ၏ သုံးကြိမ်သုံးခါ ကျွန်မကိုပြောဆို၍ ပြန်လွှတ်ပုံကို တွေ့ရသောအခါ "ဒီလို သူတော်ကောင်းရဲ့ ဥစ္စာတွေကို ခိုးယူတဲ့သူတွေဟာ မိုးကြိုးအပစ်ခံ သေရခြင်း-စတဲ့ သေခြင်းဆိုး တမျိုးမျိုးနဲ့ သေကြရမှာ သေချာတယ်"ဟုကြံစည်မိလေသည်။

ထို့နောက် ထိုခိုးမှုး ဗိုလ်ကြီးသည် နောက်လိုက်တပည့် ခိုးသားတို့ထံပြေး၍ အကြောင်းစုံကိုပြောပြီးလျှင် ဒေါ်ကာဠီ၏ အိမ်ရှိပစ္စည်းတို့ကိုနဂိုမူလရှိရင်းစွဲအတိုင်း အခြေမပျက် ပြန်ထားကြရန် ပြောကြားလေသည်။ ထိုနောက် ခိုးမှုးကြီးအပါအဝင် ခိုးသားကိုးရာတို့သည် ဒေါ်ကာဠီ၏အိမ်ရှိ ပစ္စည်းတို့ကို အခြေမပျက် ပြန်ထားကြပြီးလျှင် ဒေါ်ကာဠီ တရားနာနေရာ တရားပွဲ အနီးသို့ ပြန်လာကြလေသည်။

အရှင်သောဏထေရ်သည်လည်း အရုဏ်ကျင်း၍လင်းအားကြီး အချိန် ရောက်လတ်သော် တရားကို အဆုံးသတ်၍ ပလ္လင်ပေါ်မှ ဆင်းကြွလေသည်။ ထိုအခါ ခိုးသားအားလုံးတို့သည် ဒေါ်ကာဠီထံ ချဉ်းကပ်ကြ၍အကြောင်းစုံအမှန်ကို ပြောကြားကြပြီးလျှင် မိမိတို့၏အပြစ်ကို ဝန်ချတောင်းပန်ကြလေသည်။ ထို နောက် ခိုးသားတို့သည် ဒေါ်ကာဠီမှတဆင့် အရှင်သောဏထံ ခွင့်ပန်၍ ရဟန်းပြုကြလေသည်။ ရဟန်းပြုကြပြီးနောက် သီလ၌တည်ကြ ကုန်၍ တရားကျင့်ကြလေသည်။

ထိုအခါ ထိုရဟန်းတော် ကိုးရာတို့သည် မြတ်စွာဘုရား၏ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ တန်ခိုးတော်ဖြင့် ရောင်ခြည်တော်လွှတ်၍ တရားဟောကြားခြင်းကို နာကြားရသည်၏

အဆုံး၌ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ကြလေသတည်း။ ဤကား စာရေးသူ ပြေး၍သတိရမိသော ဗုဒ္ဓလက်ထက်တော်က ဝတ္ထုတပုဒ်ဖြစ်သည်။

စာရေးသူသည် ဤဝတ္ထုကို သတိရမိသည်နှင့် တဆက်ထဲပင် အောက်ပါတရားတော်ကိုလည်း သတိရမိ လိုက်ပြန်သေး၏။

"စင်စစ် သူတော်ကောင်းတရားသည် မိမိတည်းဟူသော တရားကို ကျင့်လေ့ရှိသူကို စောင့်ရှောက်၏။ ကောင်းစွာမပျက် လေ့ကျက်အပ်သော သူတော်ကောင်းတရားသည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်၏။ တရားကိုကျင့်လေ့ ရှိသူသည် မကောင်းမှုပြုသူတို့လားရာ ရောက်ရာ ဒုဂ္ဂတိ ဘဝသို့ မလားရောက်ရပေ။ ဤသို့ မလားရောက်ရခြင်းသည် ကောင်းစွာ မပျက် လေ့ကျင့်အပ်သော တရားတော်၌ဖြစ်သော အကျိုးဆက် ဂုဏ်အင် အာနိသင်ပေတည်း" ဤကား စာရေးသူဆက်၍ သတိ ရမိသော တရားတော်တပုဒ်ဖြစ်သည်။ ဤသည်တို့ကား ယောဂီ ဦးပါ၏ သတင်းထူးကိုအကြောင်းပြု၍ စာရေးသူသတိရမိသော ဝတ္ထုတပုဒ်နှင့် တရားတော်တပုဒ်တို့ပေတည်း။

## ဆောင်ပုဒ်

တရားမှန်များ၊ ကျင့်ပွားသူမှာ၊
တရားကပဲ၊ စောင့်မြဲသောချာ။
တရားတော်က၊ အေးမြချမ်းသာ၊
ဆောင်ယူပေး၊ ကင်းဝေးပါယ်ဒုက္ခာ။

၁၃၂၉-ခုနှစ်၊ တပို့တွဲလဆန်း ၉-ရက်နေ့ထုတ် ဟံသာဝတီ သတင်းစာမှ။

# ဘဝဟာစ်တိုင်နှင့်ပတ်သက်၍

"ဘာကိစ္စ လာခဲ့သလဲ ဒကာစိုး"

"နက်ဖြန်ခါ ဇူလိုင်လ ၁၉-ရက်နေ့မှ ဆွမ်းစားပင့် လာပါတယ်ဘုရား"

၁၉၆၉-ခု ဇူလိုင်လ ၁၇-ရက်နေ့ ဖြစ်သည်။ မန္တလေး ဗဟိုမီးသတ်မှ ဒကာကြီး **ဦးစိုးအောင်**သည် ယောဂီဟောင်းကြီး ဖြစ်သည့်အားလျော်စွာ ဘုန်းကြီးတို့ စိန်ပန်း၊ **တနာပုံသာသနာ့ ရိပ်သာ**သို့ မကြာမကြာ လာလေ့ရှိသည်။ သူ လာတိုင်း လာတိုင်းပင် ဟိုအကြောင်း ဒီအကြောင်း လေးများ ကို ဘုန်းကြီးနှင့် ဆွေးနွေးမိကြပြီး နောက်ဆုံးတွင် ဗုဒ္ဓသာသနာရေး ကိုသာ ရောက်ရောက်သွားတတ်ချေသည်။ ယခုလည်း သူသည် ဟိုဟိုသည်သည် အကြောင်းလေးများကို လျှောက်ထားနေရာမှ သူဖတ်ခဲ့ရသော စာအုပ်ကြီးတအုပ်အကြောင်းကို ရောက်လာချေပြီ။

"အရှင်ဘုရား၊ **သခင်သန်းထွန်း၏ နောက်**ဆုံးနေ့များဆိုတဲ့ စာအုပ်ကြီးကို ဖတ်ပြီး ပါပြီလား ဘုရား"

"ဘုန်းကြီးတို့လဲ တရားဟော တရားပြဘို့ရာအတွက် တရား စာအုပ်ကြီးတွေထဲမှာဘဲ နစ်မြုပ်နေတာနဲ့ ဘာဘာညာညာ ခေတ်စာအုပ်တွေဖက်ကို မျက်နှာမလှည့်နိုင်ပါဘူးဒကာစိုးရယ်"

"ဒီလိုဆိုယင် အရှင်ဘုရားတို့ဟောတဲ့ တရားတွေဟာ ခေတ်လူတွေ နားနဲ့ဝင်ဆန့်မှ ဝင်ဆန့်ပါ့မလား-ဘုရား"

"ဒီလိုဆို လုပ်စမ်းပါအုံး၊ ဒကာကြီးရယ်၊ အကြံဉာဏ်လေးဘာလေး ပေးစမ်းပါအုံး"

"တပည့်တော်ကတော့ ဒီလိုဖြစ်စေချင်တယ်၊ ကိုယ့်စာအုပ်တွေကိုချည်း ကုန်းကုန်းကြည့်မနေပဲ ခေတ်စာအုပ်ကလေးတွေကိုလဲ ကြားညှပ်ညှပ်ကြည့်ပြီး ခေတ်လူတွေ နားနဲ့ဝင်ဆန့်အောင် အသက်သွင်း အကွက်ရိုက် ဟောစေချင်တယ်ဘုရား"

"ကောင်းပါပြီ ဒကာကြီး၊ ဘုန်းကြီးတို့လဲ ကြိုးစားနေတာကြာပါပြီ၊ ဒါပေမဲ့ ကိုယ့်စာအုပ်ကြီးတွေထဲကလဲ ပိုင်ပိုင်နိုင်နိုင်ထုတ်နုတ်နိုင်အုံးမှ နေ့ရာကျမှာကိုး၊ ကဲ ပါလေ – ဒကာ စိုးလျှောက်တဲ့အတိုင်း ဖြစ်အောင် အချိန်အားမထားပဲ ကြိုးစားပါဦးမယ်။ ဒါနဲ့ခုနင်က ဒကာကြီးလျှောက်တဲ့ စာအုပ်ကြီးထဲမှာ ဘာတွေများ ပါလို့တုံး"

"အဲဒီ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များဆိုတဲ့ စာအုပ်ကြီးထဲမှာ "ဘဝဟာစ်တိုင်" ဆိုတဲ့ ကဏ္ဍပါတယ်ဘုရာ့၊ အဲဒီဘဝဟာစ်တိုင် ဆိုတာရဲ့အဓိပ္ပါယ်က ကိုယ့်ဘဝ နောက်ကြောင်းမကျေနပ်စရာတွေကို တွေးရမယ်၊ အဲဒီလိုတွေးပြီး ကိုယ့်ဘဝရဲ့အဆင်မပြေမှုတွေဟာ ဘယ်သူတွေကြောင့် ဖြစ်ရတယ်ဆိုပြီး အဲဒီ ပုဂ္ဂိုလ်တွေအပေါ်မှာ နာကျည်း မုန်းတီးရမယ်။ ဘယ်လောက်အထိ မုန်းတီးရမလဲဆိုယင် ထွက်ပေါက် မရှိလောက်အောင် စွဲချက်တင်ပြီး မုန်းခြင်းရဲ့ အထွဋ်အထိပ်ရောက်အောင်ကို

မုန်းရမယ်၊ အဲဒီ မိမိစွဲချက်တင်ပြီး ဆုံးဖြတ်ထားတဲ့ အမုန်းခံ ပုဂ္ဂိုလ်တွေကို မသေမချင်း သတ်ပစ်ရမယ်တဲ့ဘုရား”

“ဆက်ပါအုံး ဒကာကြီး”

“အဲဒီတော့ သူတို့ဘဝဟာစ်တိုင်ဆိုတဲ့ဝါဒကြီးက ဒေါသမီး အကြီးအကျယ် တောက်တဲ့ ဝါဒကြီးပေါ့ ဘုရား”

“အင်း-ဘုန်းကြီးတို့ ဗုဒ္ဓကတော့ လောကီရေးဘဲ ဖြစ်ဖြစ်၊ လောကုတ္တရာရေးဘဲ ဖြစ်ဖြစ် ဒေါသနဲ့လုပ်တဲ့အလုပ်ကို မကြိုက်ဘူး-ဒကာကြီးရဲ့”

“ဆက်မိန့်ပါအုံး-ဘုရား”

“အော်-ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက ‘နတ္ထိ ဒေါသ သမော ကလိ=ဒေါသလောက် ညစ်စုတ်တဲ့အပြစ် မရှိဘူး-တဲ့၊ ဒေါသ အခြေခံတဲ့ အလုပ်၊ ဒေါသအားပေးတဲ့ အလုပ်ဆိုယင် ဘယ် အလုပ်မှ မဖြူစင် မကောင်းမြတ်ဘူးပ”

“မှန်ပါ့ဘုရား”

“နောက်ပြီး- ‘ဒေါသော အတ္တံ န ဇာနာတိ=ဒေါသမီး တောက်သူဟာ အကောင်းအဆိုး အကြောင်းအကျိုး အမှန် အတိုင်း မသိတတ်ဘူးတဲ့၊ ဒေါသအခြေခံပြီး ဒေါသအားပေးတဲ့ ဝါဒမှန်သမျှ မျက်ကန်း လမ်းသွားသလိုပါပဲ ဆိုပါတော့ ဒကာကြီးရာ”

“ဟုတ်ပါတယ် ဘုရား”

“အဲဒီတော့ ဘုန်းကြီးအနေနဲ့ကတော့ ဒကာကြီးပြောတဲ့ အဲဒီ စာအုပ်ကြီးထဲက ဒေါသကြီးတဲ့ မျက်ကန်း ဝါဒမျိုးတွေ

လူအများထံကို မကူးစက်မကြီးပွားပါစေနဲ့၊ အရာရာမှာ အပြစ်ကင်းပြီး ကောင်းကျိုးချမ်းသာ ပွားစေနိုင်တဲ့ မေတ္တာအခြေခံတဲ့တရားတဲ့ ဝါဒမျိုးသာ ဖြစ်ပေါ် တိုးတက်ကြီးပွားပါစေလို့ ဆုတောင်းပါတယ် ဒကာကြီးရာ”

“သာဓု–သာဓု–သာဓုပါ ဘုရား၊ ကဲ–တပည့်တော်လဲ ကိစ္စတွေ ရှိသေးလို့ ပြန်ပါအုံးမယ် ဘုရား”

# သူ့ဒုက္ခကိုယ်မသိ၊ ကိုယ့်ဒုက္ခသူမသိ

## ခန္ဓာရှိသူတိုင်း ဒုက္ခိတသမားချည်းပဲ

တချို့က "ဩော်…ဒုက္ခ - ဒုက္ခ လောကမှာ ငါ့လောက် ကံဆိုးပြီး ဒုက္ခရောက်တဲ့သူ မရှိပါဘူး" လို့ ညည်းတွားတတ်ကြတယ်၊ အဲဒီလို ညည်းတွားသူတွေဟာ "နတ္ထိ ခန္ဓ သမာ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ-ခန္ဓာနှင့် တူသော ဆင်းရဲသည် မရှိ၊ အားလုံးသော သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏"လို့ မြတ်ဘုရား ဟောသွားတဲ့ တရားတော်တွေကို သတိမပြုမိကြလို့ ညည်းတွားနေကြတာပဲ။ တကယ်ဆိုတော့ သင်္ခါရ အတိ ပြီးတဲ့ ခန္ဓာရှိသူတိုင်းဟာ ဆင်းရဲသူ-ဆင်းရဲသား ဒုက္ခိတသမားချည်း ပါပဲ။ ဒီနေရာမှာ ဘုန်းကြီးက သူ့ဒုက္ခကိုယ်မသိ၊ ကိုယ့်ဒုက္ခ သူမသိ ဖြစ်နေကြလို့ပါ၊ တကယ်တော့ အားလုံး ဒုက္ခသည် တွေချည်း ဖြစ်ကြပါတယ်–ဆိုတဲ့ အကြောင်းကိုသရုပ်ဖော်ထားတဲ့ **သက္ကတပုံပြင်လေး** တခုကို ထုတ်ပြပါဦးမယ်။

## သက္ကတ ပုံပြင်

အဲဒီပုံပြင်ရဲ့ခေါင်းစဉ်ကတော့ "ဆုံနှင့်စည်တို့ရဲ့အကြောင်း" တဲ့။ ဆုံဆိုတာ စပါးစသည်တို့ကို ထည့်ထောင်းခံရတဲ့အရာဝတ္ထု ဖြစ်တယ်၊ စည်ဆိုတာ ကြားရသူ အပေါင်း နားဝင်ကောင်း အောင် အတီး အခတ် ခံရတဲ့ အရာဝတ္ထုတခု ဖြစ်ပါတယ်၊ တခါတုန်းက အိမ်တအိမ်မှာ ဆည်းကပ်ကိုးကွယ်တဲ့ ပွဲသဘင် အတွင်း ညဉ့်အချိန်တွင် စည်ကို ဆုံတခုရဲ့ အနားမှာထားပါ တယ်၊ စည်က သူ့အနားမှာ သူ့မိတ်ဆွေ ဆုံကို မြင်တော့ ကျန်းမာခြင်းကို မေးချင်တာနဲ့ အဲဒီဆုံနဲ့ စကားပြောတယ်။

စည်ကစပြီးတော့ "အဆွေ.. အရှင်ဟာ ကျန်းမာပါရဲ့လား၊ အရှင့်ဆီမှာ ဘာသတင်းထူးလေးများရှိပါသလဲ"လို့မေးတယ်။

အဲဒီတော့ ဆုံက "အဆွေရယ်= ဒီအရပ်မှာ ကျုပ်တို့က လွဲယင် အားလုံး ကျန်းမာကြတဲ့သူတွေချည်းပါပဲဗျာ၊ ကျွန်ုပ် ဟာ အလွန်ကံဆိုးပါတယ်"လို့ ဖြေတယ်။

အဲဒီတော့ စည်က "ဘာလို့ သင်က ကံဆိုးရသလဲ၊ သင်ရဲ့ ကံဆိုးတာက ဘာလဲ"လို့ မေးပြန်တယ်။

အဲဒီတော့ ဆုံက "အဆွေရယ် ကျွန်ုပ်ဖြင့် ဘယ်နှယ်ပြောရ မှန်းတောင် မသိပါဘူးဗျာ၊ ဒါပေမဲ့ ပြောပြနိုင်သလောက် တော့ ပြောပြပါ့မယ်၊ နားသာထောင်ပါ၊ ကံဆိုးသူ ကျွန်ုပ် ခေါင်းပေါ်မှာ စပါးတွေကို ထားပြီး မိန်းမတွေကရော၊ ယောကျ်ားတွေကပါ ကျွန်ုပ်ကို ကျည်ပွေ့နဲ့ မငဲ့မကွက်

ရက်ရက်စက်စက် ထောင်းထု ရိုက်နှက်ကြပါတယ်၊ တချို့က မျှားသစ်သားကျည်ပွေ့နဲ့တောင်မက သံကျည်ပွေ့နဲ့လဲထောင်း ထု ရိုက်နှက်ကြသေးသဗျာ့၊ ဒီလိုဘဲ နေ့စဉ်နေ့တိုင်း ဆိုသလို မျှားမျှားကြီး နှိပ်စက်ခြင်း ဒဏ်ကို ခံစားနေရပါတယ်။ ဒီ ကျွန်ုပ်ခံစားနေရတဲ့ ဆင်းရဲထက် ဆင်းရဲတဲ့ လွန်လွန်ကျူးကျူး ဆင်းရဲဟာ ရှိနိုင်ပါသေးသလား အဆွေရာ''လို့ပြောပြတယ်။

အဲဒီတော့ စည်က ''အဆွေ...အဆွေ့မှာဒါလောက် ဆင်းရဲ တာလေးကိုများ ဘာလုပ် ကျွန်ုပ်ကို လာပြောနေရတာလဲ၊ ကျွန်ုပ်ဟာ သင့်ထက်ပင် ကံဆိုးပါသေးတယ်၊ သင့်ကိုဦးခေါင်း မှာသာ လွန်လွန် ကျူးကျူး ထောင်းထု ရိုက်နှက်ခံရရုံရှိသေး တာပဲ၊ ကျွန်ုပ်ကိုများဗျာ အရိုက်အနှက်မှာ အစွမ်းထက်ကြတဲ့ လူတွေက နံပါး နှစ်ဖက်တွေကိုလဲ လက်နဲ့ ရိုက်နှက်ကြတယ်၊ အထူးသဖြင့် မင်္ဂလာဆောင်ပွဲတို့ ဘာတို့မှာဆိုယင် လူပုံအလယ် မှာ ပြင်းပြင်းထန်ထန် ရိုက်နှက်ပြီး မထေမဲ့မြင်ပြုကြသေးတယ်။ တယောက်တလေကမှ ကျွန်ုပ်ကို စိုးရိမ်သောကမဖြစ်ကြပါဘူး၊ တကယ်ဆိုတော့ အားလုံးပရိသတ်တွေဟာ တရှင်ရှင်တပျပျ ခေါင်းတလှုပ်လှုပ်နဲ့ ကျွန်ုပ်ကို ရိုက်နှက်နေတာကို သဘောတွေ မနေသာခွေ့နေကြတယ်''လို့ သူက ပိုပြီး ကံဆိုးနေကြောင်းကို ပြောပြန်တယ်။

''အလိုလေး....ဘယ်သူမှာပဲဖြစ်ဖြစ် ကံဆိုးခြင်းအခိုက်အတန့် ဟာ ရှိနေတာပါပဲလား၊ ဟုတ်ပါတယ်၊ လောကမှာတယောက် သောသူရဲ့ဒုက္ခကို တယောက်သောသူဟာ မသိပါဘူး''တဲ့ အဲဒါ သက္ကတပုံပြင်လေးပါပဲ။

## ကံဆိုးဒုက္ခတွေ့ကြုံလာယင်

အဲဒီတော့ ဘယ်သူမဆို ကိုယ့်မှာ ကံဆိုးဒုက္ခ တွေ့ကြုံလာယင် ငါ့မှာသာ ကံဆိုးတာ မဟုတ်ဘူး၊ သူများတွေမှာလည်း ငါ့လို ကံဆိုးတာဘဲလို့ စိတ်ကို ဖြေပြီး ဒုက္ခကို သည်းခံကြရမယ်၊ ငါ့မှာသာ ကံဆိုးလေးခြင်းလို့ စိတ်ဓာတ်မကျရဘူး။ တကယ်ဆိုတော့ ကံဆိုး ဒုက္ခကင်းပြီး ငြိမ်းအေးခြင်းကို လိုလားသူတိုင်းဟာ နိဗ္ဗာန်မြန်မြန်ရောက်အောင် သတိပဋ္ဌာန် တရားကို ကြိုးစား အားထုတ်သင့်ကြပါတယ်၊ အားထုတ်နိုင်ကြပါစေလို့လဲ ဘုန်းကြီးက ဆုတောင်းပတ္ထနာပြုပါတယ်။

---

# ဒုက္ခ ဟူသည်

အချိန်မှာ ၁၃၃၁-ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်နေ့၊ ညနေ ၃-နာရီ အချိန် ဖြစ်ပါတယ်၊ စာရေးသူဟာ ရန်ကုန်မြို့မှ ကြွလာတဲ့ အာဂန္တု ဘုန်းတော်ကြီးက အဖော်ခေါ်တာနဲ့ မန္တလေးမြို့ ဓားတန်းရပ် အိမ်တအိမ်သို့ ရောက်သွားပါတယ်၊ အိမ်ကတော့ တမံသလင်းခံ နံရံကပ် နှစ်ထပ်အိမ်ကလေးပါ၊ စာရေးသူတို့ ရောက်ကြတယ်ဆိုယင်ပဲ အိမ်ရှင် ဒကာကြီးက ခရီးဦးကြို နေရာထိုင်ခင်းပေးပြီး အိမ်သား အားလုံးက စာရေးသူတို့အား ရှိခိုးကြပါတယ်၊ သူတို့အိမ်မှာ အသက် ၅၀-ကျော် ၆၀ အရွယ် ဒကာကြီးကတယောက်၊ ဒကာမကြီးက တယောက် အသက် ၃၀-ခန့်ရှိ ဒကာမကတယောက် မတ်တတ်ပြေး ကလေးငယ်ကတယောက် အားလုံးပေါင်း လေးယောက်တွေ့ရပါတယ်၊ ခဏကြာအောင် အလ္လာပ သလ္လာပစကား ပြောဆိုကြပြီးနောက် ဒကာမကြီး တယောက်သာ စာရေးသူတို့ အနားမှာ ကျန်ရစ်ပြီး အိမ်သား အားလုံး အိမ်မှု ကိစ္စတွေကို လုပ်နေကြပါတယ်။

စာရေးသူနှင့်အတူ ကြွလာတဲ့ အာဂန္တု ဘုန်းတော်ကြီးက ဒကာမကြီးနှင့် စကားပြောနေကြပါတယ်။

“ဒကာမကြီးတို့ အခုဘာများ လုပ်ကိုင် စားသောက်နေကြပါသလဲ”

"မြင်တော်မူတဲ့အတိုင်း ဆီရောင်းစား နေရပါတယ် ဘုရား၊ အယင်က ဘုန်းကြီးတပည့် တပည့်တော်မရဲ့သား ရှိတုံးကတော့ သူက (ဘီအေ)အောင်ပြီး ကျောင်းဆရာလုပ်ကျွေးတယ်၊ လခ ကလဲ တလ ၃၀၀-ဆိုတော့ အေးအေးဆေးဆေး ချောင်ချောင် လည်လည် စားနိုင်သောက်နိုင်တာပေါ့ ဘုရား၊ အခုတော့ သူဆုံးသွား ကတည်းက လုပ်မိလုပ်ရာ ဆိုတာလို ဆီပဲရောင်းစား နေရပါတယ် ဘုရား"

"ဩော်-ဒကာမကြီးသား ဆုံးသွားတာက ဘယ်လောက် ကြာပြီလဲ ဒကာမကြီးရဲ့"

အခါလည် ကျော်ပါပြီ ဘုရား၊ တပည့်တော်မ သားက အရှင်ဘုရား သိတော်မူတဲ့အတိုင်းပဲ လိမ်လဲ လိမ္မာတယ်၊ ရိုးလဲ ရိုးသားတယ်ဘုရား၊ အလုပ် လျှောက်တာတောင်မှ မန္တလေး မြို့ပေါ်မှာ ရနိုင်ရက်သားနဲ့ မြို့ပေါ်မှာ မလျှောက်ဘူး၊ မတ္တရာ မှာ လျှောက်တယ်၊ အခွင့်အရေးယူရာ ကျမှာစိုးလို့တဲ့ဘုရား"

"ရိုးသားတဲ့ လူဆိုတာ ဒီလိုပဲ ဒကာမကြီးရဲ့"

"နောက်ပြီး သူ့ဟာက လူ့လောက ရောက်လာပြီး သာ နဲ့ မယားနဲ့ အလုပ်နဲ့ အကိုင်နဲ့ ရပ်တည်နေမယ်မှ မကြာသေးဘူး ဆုံးသွားတာကအယင်ကိုး ဘုရား၊ မနှစ်က ကဆုန်လမှာ မင်္ဂလာ ဆောင်တယ်၊ ပြာသိုလမှာ ဆုံးသွားတယ်၊ ခုနင်က ခလေးမနဲ့ သူငယ်လေးဟာ တပည့်တော်မ သားရဲ့ အိမ်သူနဲ့ ရင်သွေး လေးပဲ ဘုရား၊ သမီး ချွေးမလေးကလဲ သူ့အိမ်ကို မပြန်ရှာ ပါဘူး၊ တပည့်တော်မနှင့်ပဲ အတူနေရှာပါတယ်၊ တပည့်တော် မကလဲ သူတို့ကိုပဲ သေသွားတဲ့ သားအစား အားထားရတော့ မှာပဲ ဘုရား၊ တပည့်တော်မ ကံကလဲ ဆိုးကို ဆိုးပါတယ်"

"ဒုက္ခဘုံထဲ ရောက်လာကြတော့ ဒုက္ခတော့ ရောက်ကြရ တာပ၊ ဒါပေမဲ့ ဒကာမကြီးဟာ ဒကာမကြီးထက် ကံဆိုးတဲ့ လူတွေနဲ့စာယင် အလွန် ကံကောင်းပါသေးတယ်၊ ဒကာမကြီး မှာ ဒကာကြီးလဲ ရှိသေးတယ်၊ နောက်ပြီး သမီး ချွေးမနဲ့၊ မြေးနဲ့၊ အလုပ်အကိုင်နဲ့၊ နေစရာအိမ်နဲ့၊ စားစရာ အစားအစာနဲ့ အားထားစရာတွေ အများကြီး ရှိပါသေးတယ်"

"ဘုရား လက်ထက်တုံးက ဒကာမကြီးတို့ ကြားဘူးတဲ့ ပဋာစာရီတို့များ သားသေ လင်ဆုံး ဆွေမျိုးတွေလဲဆုံး နေအိမ် လဲပြို လူလဲ အရှုးဘဝ ရောက်လောက်အောင်ပင် ဒုက္ခဗျား ရှာတာပဲ၊ အခုမျက်မှောက်ခေတ်မှာလဲ ခေတ်သစ် ပဋာစာရီ ခေါ်လောက်တဲ့ ကံဆိုးသူတွေ ဒုနဲ့ဒေးပါ၊ အဲဒီကံဆိုးသူတွေနဲ့ စာယင် ဒကာမကြီးက အလွန်ကံကောင်းသူပါပဲ၊ အဲဒီပဋာစာရီ ဆိုယင် ဒါလောက် ဒုက္ခရောက်နေပေမဲ့ ဘုရားမြတ်ရဲ့ တရားကို နာရတာနဲ့ အရှုးလဲပျောက်၊ နိဗ္ဗာန်လဲ မျက်မှောက်ပြုသွားနိုင် ခဲ့သေးတယ်၊ ဒကာမကြီးက သူ့လောက်မှ ကံမဆိုးသေးတာ၊ တရားနဲ့ ဖြေယင် ပြေနိုင်ပါတယ်။ ငါဟာ ကံမဆိုးသေးဘူးလို့ အားတင်းပြီး ဒုက္ခကို မောင်းနှင် ထုတ်နိုင်အောင်ကြိုးစားပါ"

"မှန်ပါ ကြိုးစားပါ့မယ် ဘုရား

အဲဒီလို အိမ်ရှင်ဒကာမကြီးနဲ့ အာဂန္တု ဘုန်းကြီးတို့ စကား ပြော တရားဟောနေစဉ် ဆီပေပါပ့ိုသည့် လှည်းဆရာက—

"ကျုပ်လ ာမပို့ယင်ဖြစ်လို့သာ လာပို့ရတာဗျ၊ ကျုပ်မှာလဲ နှမ်းအိတ် သယ်တုန်း အိတ်ပုံကြီး ပြိုကျ ပိလို့ အိတ် အလုံး

၂၀-လောက် အောက်က ဆွဲထုတ်ခံထားရတာ၊ ကံကောင်းလို့ မသေတယ်”လို့ ပြောယင်း ဆီပေပါကို အိမ်ထဲ ရောက်အောင် ကျွမ်းကျင်စွာ ပို့သွားလေသည်။

အိတ်ပိခံရတဲ့ သူ့ချေထောက်မှာ ရောင်ပွလျက်ရှိပြီး ခြေထောက်ကလည်း ခထော့နဲ့ ထော့နဲ့နှင့် ဖြစ်နေတာကို တွေ့ရတယ်။

စာရေးသူတို့လည်း အိမ်ရှင်များကို နှုတ်ဆက်ပြီး ပြန်လာကြသည်။

ဒီမြင်ကွင်းတွေကို မြင်ရတော့ စာရေးသူစိတ်ထဲမှာ “ဩော် ဒုက္ခ-ဒုက္ခ၊ သူဟာ သူ့ကို လက်ခံထားသူတိုင်းအား အခွင့်သာတိုင်း နှိပ်စက်တတ်တဲ့ သဘောရှိပါလား”လို့ တွေးမိတယ်။

# ဒဟတ်ပန်းနှင့် ရင်ခတ်ပန်းတို့
# လန်းဆန်းရာမြေ

သရက်မြို့ အငြိမ့်လမ်းမှ **ဒကာ**မြနှင့် **ဒကာလှ**တို့ ညီအစ်ကို နှစ်ဦးက သူတို့ ဥပုသ်စောင့် ရောက်လေ့ရှိတဲ့ ရေဖြူတောရ ကျောင်းကို ရောက်ဘူးအောင်ကြွရန် ဖိတ်မန်ကြတဲ့ စာရေးသူ အား သီတင်းသုံးဖော် **သရက် အောင်မင်္ဂလာ** အရှင်စန္ဒာဝရနှင့် အတူ ၁၃၂၇-ခုနှစ် ကဆုန်လဆန်း ၉-ရက်နေ့က ရေဖြူတောရ ကျောင်းသို့ ရောက်ခဲ့ကြပါတယ်။

ရေဖြူတောရကျောင်းဟာ သရက်မြို့ရဲ့မြောက်ဖက် ဇာလီ တောင်ရဲ့ အနောက်မြောက်ရှန်းရှန်း သရက်မြို့ရဲ့ ၄-၅-၆-မိုင် လောက် ဝေးမယ်ထင်ပါတယ်။ ရေဖြူတောရကျောင်းဟာ တောင်ဂမူလေးပေါ်မှာ တည်ရှိပါတယ်။ အခြား တောရ ကျောင်းများလို ခမ်းနားသိုက်မြိုက်ခြင်း မရှိလှသေးပါ။ ကျောင်းငယ် ဘုရားအို ဇရပ်ပျက်များကိုသာ တွေ့ရတယ်။ ရောက်ဖူး ပေါက်ဖူးသော ဒကာ ဒကာမတို့က ရေဖြူတောရ ကို ပြုပြင် မွမ်းမံရန် အားယူနေဆဲ ရှိကြပါသေးတယ်။

ယင်းကျောင်းတဝိုက်မှာပွင့်လန်းပေါက်ရောက်နေတဲ့ဒဟတ်ပင်နှင့် ရင်ခတ်ပင်တို့ကို တွေ့ရပါတယ်။လူသံတိတ်ဆိတ်နေသော ရေဖြူတောရကျောင်းကို ငှက်သံတို့က နှိုးဆွနေကြပါတယ်။ ရေဖြူတောရကျောင်းမှာ သက်တော် (၇၉)နှစ်ရှိ တောရဆရာတော်ကြီး တပါးကို တွေ့ရပါတယ်။ "တောက်တက်၊ ဖွတ်စတဲ့ သတ္တဝါတွေလဲ ပေါတယ်၊ မြွေပွေးကလည်း အလွန်ပေါတယ်။ ဒါပေမဲ့ ကျောင်းမှာ ဘယ်သူကလာပြီး လွတ်သွားမှန်းမသိတဲ့ ခွေးနဲ့ကြောင်တွေကြောင့် ကြွက်နှင့် မြွေတွေရဲ့ဘေးမှ သက်သာရာရတယ်"လို့ ရေဖြူတောရ ဆရာတော်ကြီးက မိန့်ပါတယ်။ဆရာတော်ကြီးဟာ အလိုနည်းဟန်တူပါတယ်။ တောတွင်းမှာနေပြီး မေတ္တာကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းတယ်လို့ ကြားဘူးပါတယ်။ ဆရာတော်ရဲ့ မေတ္တာ အာနုဘော်ကြောင့်လဲ မြွေဘေးမှ လွတ်ဟန်တူပါတယ်။ ဒါကိုပင် "ခွေးနှင့်ကြောင်တို့ကြောင့် ကြွက်နှင့်မြွေ ဘေးမှ သက်သာရာရတယ်"လို့ မိန့်လိုက်ပုံကို ထောက်ယင် ဟိတ်ဟန်မလုပ် မကြွားမဝါဘဲ အလိုနည်းနည်းနှင့် အေးအေးသိတင်းသုံးနေကြောင်းထင်ရှားပါတယ်။

"လောကထဲမှာ ပျော်နေကြတဲ့ လောကသား မှန်သမျှတွေဟာ လောကကို အပြစ်မမြင်ကြပဲ ချစ်ခင်နေကြလို့ပေါ့၊ ဒါလိုလောကကို အပြစ်မမြင်ကြပဲ လောကကို ချစ်ခင်နေသမျှကာလပတ်လုံး လောကသားတွေဟာ လောကထဲက ထွက်နိုင်ကြမည် မဟုတ်ပါဘူး။ လောကသားတွေဟာ လောကကိုအပြစ်မမြင်ပဲ ချစ်ခင်နေကြတော့ လောကအကြိုက် လောဘဒေါသ မောဟ စတဲ့ကိလေသာ တရားဆိုးတွေ နောက်ကို

တကောက်ကောက်လိုက်ရင်း ကာမ, ရူပ, အရူပဆိုတဲ့ လောက သုံးသွယ် ဘုံပြင်ကျယ်ကြီးထဲမှာ မဆုံးနိုင် မမုန်းနိုင်ပဲ တဝဲဝဲ တလည်လည် နေကြအုံးမှာပ။ တပည့်တော်တို့တော့ ဒါတွေကို ရိပ်မိလို့ လောကသားတွေနဲ့ ဝေးရာကို ရှာဖွေပြီး လောကထဲက ထွက်ရာလမ်း တရားကို ရှာဖွေရှုမှတ်ယင်း တောရကျောင်းမှာ နေရဒါပါဘဲ”လို့လဲ ရေဖြူတောရ ဆရာတော်က မိန့်လိုက်ပါ သေးတယ်။စာရေးသူဟာ ရေဖြူတောရက ပြန်လာယင်း တွေးမိ ပါတယ်။ တောထွက်လိုတဲ့ ဆန္ဒ နေက္ခမဇ္ဈာသယ ရှိတော်မူ ကြတဲ့ ဆရာတော်နှင့် တောရ ပျော်မွေ့တော်မူကြတဲ့ ဆရာ တော်များဟာ လောကကို အပြစ်မြင်ပြီး လောကထဲက ထွက် ရာလမ်းကို စူးစမ်း မြော်မြင်တော်မူကြတာချည်း ပါတကား။ ဟုတ်ပါတယ်၊ **ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး** ကလည်း လောကက ငြီးငွေ့ပြီး တောကို ချီးကျူးလိုက်တာ စိတ်ဝင်စားထားလိုက်တာက—

“ထိုဂနိုင်ငယ်၊ စုံမြိုင်ရှက်စိပ်၊ လူမသန်းတဲ့ ဂူနန်း ရိပ်မှာ၊ စိတ်တဖြူဖြူ၊ နိမိတ်ယူလို့၊ နိဗ္ဗူပရမ့်၊ အမြန်တွေ့ရအောင်၊ ဈာန်လေ့ကာ မနေစမ်းလေရ၊ ညစ်ညမ်းတဲ့ သည်ဝသီကို၊ မကြည်ပြီ ကြာလေ မုန်း လှပေါ့၊ ဆုံးမမြင်၊ သုံးခွင်ဘုံထုက၊ ကျယ်သနှင့်....တဲ့။

# တောကိုအထင်မသေးပါ

သို့

နေ့စွဲ ၁၅-၁-၇၀

ပျဉ်းမနားမြို့နယ်၊ ပြန်ကပြေးရွာ၊ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၊ ဝေယျာဝစ္စကာရီ မတင်ငြိမ်းထံ အိတ်ဖွင့် ပေးစာ၊

ဘုန်းကြီး စာရေး ပြန်ကြားလိုက်တယ် တပည့်မ၊

တပည့်မထံက ပေးစာကို (၁၄-၁-၇၀)နေ့က ဖတ်ရှုရ တယ်၊ သတိရကြောင်း မေတ္တာပို့သလျက်ရှိကြောင်း သိရလို့ များစွာ ဝမ်းမြောက်လှပေတယ်။

ဒါပေမဲ့ တပည့်မရဲ့ စာထဲမှာ မြို့က ဆရာတော်တို့ကတော့ တပည့်တော်မတို့ရဲ့ တောရိပ်သာ ဆရာတော်နှင့် တပည့်တော် မတို့လို တောသူ တောင်သား ပေမွှားတို့ကို ဖူးတ်လေတဲ့ပေပဲ ရှိလေတယ်လို့တောင်မှ အောက်မေ့ပါရဲ့လား-ဘုရား၊ မြို့ကို ရောက်တော့ မြို့စိတ်ပေါက်ပြီး မေ့နေမှာပေါ့ ဘုရား-ဆိုတာ ကတော့ ဘုန်းကြီးက တောကို အထင်သေးရာ ကျနေပြီကဘဲ။

ဘုန်းကြီး တောကို အထင်မသေးတတ်ပါဘူး၊ ဘုန်းကြီး ကိုယ်တိုင်ကလဲ တောသား စစ်စစ်ပါ၊ တပည့်မက ဘုန်းကြီးကို မြို့သား ထင်နေပုံရတယ်။ များသောအားဖြင့် ဘုန်းကြီးရဟန်းတို့ ပညာရှိ ကဝိကျော် စာဆိုတော်တို့ စစ်ဗိုလ်ကြီးတို့–စတဲ့ ထူးချွန်သူများဟာ တောကပေါ်ပေါက်ခဲ့ကြတာတွေပါ၊ ဘုန်းကြီးတို့ မုံရွာခရိုင် ဘုတလင်မြို့နယ် တလျောက်ရှိ ကျေးရွာကလေးကိုဘဲ ကြည့်ဇမ်းပါဦး၊ သလ္လာဝတီ ချင်းတွင်းမြစ်ကမ်း ဦးထိပ်တွင် တည်ရှိတဲ့ မေးကတက်ရွာဆိုတာ မြဝတီမင်းကြီး ဦးစရဲ့ ဇာတိဘဲ၊ မောင်းထောင်ရွာဆိုယင် မောင်းထောင် သာသနာပိုင် ဆရာတော်တို့၊ သံချိုဘုရင် ဦးကျော်လှတို့ရဲ့ မွေးရပ်မြေပေါ့၊ နောက် ဘုတလင်နဲ့ မဝေးကွာလှတဲ့ ဒိပဲရင်းဆိုတာ ကမ္ဘာကျော် (သေနာပတိ) စစ်ဗိုလ်ချုပ်ကြီး မဟာဗန္ဓုလရဲ့ ချက်သိုရာ တောရွာမြို့၊ ဘုန်းကြီးတို့ ညောင်ကန်ရွာတရွာထဲမှာပင် ထင်ရှား ကျော်ကြားတဲ့ ဆရာတော် တကျိပ်နှစ်ပါး ထွန်းကားခဲ့သေးတယ်လေ၊ ဘာတဲ့–ဆောင်ပုဒ် သံပေါက်ကလေးက အဲ–အဲ–

၁။ ပျော်ညွန့်ရောင်ယာ၊ ပုံမှတ်ပါ၊ ဆရာသခင်ဖြစ်။

၂။ ပိုး ဗုဒ် ကြီး သူ၊ ကန် မှော် ဟူ၊ ငယ်မူ တကျိပ်နှစ်၊

အဲဒါ အကျဉ်းမှတ်ရန် ဆောင်ပုဒ် သံပေါက်ပါ၊ ဦးပျော်, ဦးညွန့်, ဦးရောင်, ဦးယာ, ဦးသာပုံ, ဦးမှတ်ကြီး, ဦးပိုး, ဦးဗုဒ်, ဦးကျိုးညို, ဦးသူ, ဦးကန်ရိုး, ဦးမှော်- လို့ ဆိုတယ်ပ။ နောက်ပြီး ဘုတလင်မြို့နယ် **နတ်ရဲ** ထောင်ရွာဆိုတာ **သာသနာပိုင် ဆရာတော်ကြီး ဦးညေယျကို**

မွေးပွားခဲ့တဲ့ ရွာပဲလေ၊ ဒါကြောင့် ဘုန်းကြီးဟာ တောကို အထင်မသေးတတ်ပါဘူး–လို့ ပြောတာပ။

ဘုန်းကြီးလဲ တောသားဖြစ်လို့ပ၊ တပည့်မထင်သလို မတော်တဆ မြို့သားများဖြစ်ခဲ့ယင် တောကို အထင်သေးချင် သေးမိမှာပဲ၊ ဟုတ်တယ်လေ၊ မြို့သူ မြို့သားတွေဟာ များသောအားဖြင့် တောကို အထင်သေးတတ်ကြတာကလား၊ ကြည့်ပါလား၊ သူတို့ကဆိုကြတယ်လေ၊ တောသားလဲ ဆိုသေးရဲ့ ဗိုက်ရွှံ့တွေနဲ့–တဲ့၊ ကန်ရေသောက် မြက်ခြောက်စား ကျေးတောသားတဲ့၊ တောသား လူအ-တဲ့ စသည်ဖြင့် တောကိုနှိမ်ပြီး ပြောတတ်ကြတယ်လေ၊ အေးလေ....ပြောချင် ပြောကြစမ်းပါစေ၊ သူတို့ဟာ တောကထွက်တဲ့ ဆီတွေ၊ ဆန်တွေကို စားပြီး တောကို နှိမ်ကြ ချိုးကြတာဟာ တောကို ကျေးဇူးကန်းကြတာလို့ ဆိုကြရမှာပ၊ ကျေးဇူးရှင်ကို ကျေးဇွပ်တဲ့ အချို့သော မြို့သားတွေဟာ တနေ့တော့ ဝဋ်လည်မှာပါ။

ခုခေတ်မှာသာ တောသားဆိုတိုင်း တောသားကို အထင်သေးတတ်ကြတာ မဟုတ်သေးဘူး၊ မင်းတုန်းမင်း ခေတ်ကလဲ မြို့သူ မြို့သားတွေက တောသားဆိုယင် နှိမ်ချင်ခဲ့ကြဘူးတယ်၊ ဟုတ်တယ်လေ၊ ဒို့တောက သံချိုဆရာ ဦးကျော်လှ ဆိုတာ မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင် ရွာသားလေ၊ ၁၂၀၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄-ရက် အင်္ဂါနေ့မှာ မောင်းထောင်ရွာ အဖ ဦးထောင်ရိပ်၊ အမိ ဒေါ်သင်းဒွေးတို့မှ ဖွားမြင်ခဲ့သူပ၊ သူဟာ ၁၂၂၅-ခုနှစ်မှာ မန္တလေး ရတနာပုံသို့ တက်ရောက်ခဲ့ရာ အချို့သဘင် ပညာရှင်များက "တောက

အကောင်လေး၊ ဘာစာရေးတတ်မှာလဲ၊ မင်းတို့ တောအရပ် ပြန်ပြီး သင့်သလို အသက်မွေးဝမ်းကျောင်း နေချေ၊ မြို့ကြီး ပြကြီးမှာ နေပြီး အသက်မွေးရန် အလွန်ခဲယဉ်းတယ်” စတဲ့ အထင်သေး ချိုးနှိမ်တဲ့ စကားတွေကို ပြောကြသတဲ့။

အဲဒီတော့ ဦးကျော်လှက မခံချင်တာနဲ့ “တောသား မြို့သား ကြီးတာငယ်တာ ပမာန မဟုတ်ပါ၊ ပညာသာပမာန ဖြစ်ပါတယ်”လို့ ပြောပြီး ချက်ချင်းပင် သံချိုတပုဒ်ကို နိတိ ကျမ်းနှင့်အညီ ရေးပြီး အဦးဆုံး ဖွဲ့ဆို ပြလိုက်သတဲ့၊ သူ့ သံချိုက–

ဌာနေဌာနေနှင့်၊ ပဏ္ဍိတေ မရှိကြောင်း၊ ထုံးဟောင်း
ပါဠိတော် တမ်းခဲ့မယ်၊ ကျမ်းနီတိအလာ။
ဝနေ ဝနေ ပြောသေ်ာလဲ၊ တောဆိုလျှင် မည်ကာပ၊
ပဏ္ဍုကာ စန္ဒကူး၊ ပေါက်ဖူးဗျ ကေန်သာ။
ကျေးတောနေ မြစ်နွား၊ မြို့သားပင် ဖြစ်လေပြီး
သော်လဲ၊ ကြီးသူနှင့်ငယ်သူမှာ၊ ပညာသာအကြောင်း။
သိန်း, ဒေဝိန်း, ကာမိန်းတို့ ယင်းအပေါ်၊ မင်းမဟော်
သူ၏ ထုံးကဲ့သို့၊ နိဂုံးရွာသိန်က၊ သုခမိန် ဂုဏ်ရောင်
မွန်းသော်ကြောင့် ခုထက်တိုင် ဇမ္ဗူကျွန်းမှာ၊ ထွန်း
ရစ်စတော်င်း။

အဲဒီ သံချိုကစပြီး ဦးကျော်လှဟာ သံချိုတွေကို ရေးလိုက် တာ အပုဒ်ပေါင်း ငါးရာကျော်သတဲ့၊ သံချိုဘုရင်လို့ ဆိုရ လောက်အောင်ကို ကျော်ကြားခဲ့တယ်၊ ဒါကြောင့် ဘုန်းကြီး ဟာ တောကို အထင်မသေးတတ်ပါဘူးလို့ ပြောရတာပဲ။

ကဲ....စာလဲ ရှည်သွားပြီ၊ ဝေယျာဝစ္စကာရီ မတင်ငြိမ်းနှင့် တကွ အားလုံး အားလုံး ကျန်းမာချမ်းသာစွာ သာသနာ ပြုနိုင်ကြပါစေ။

**ညောင်ကန်-အရှင်ဣန္ဒက**
ရတနာပုံ သာသနာ့ရိပ်သာ၊
စိန်ပန်းရပ် အနောက်ပြင်
မန္တလေး။

**မှတ်ချက်။** ။ယခု အခါ ညောင်ကန် အရှင်ဣန္ဒကသည် ၁၆၊ သာသနာ့ရိပ်သာ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့၊ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ခြေတော်ရင်း၌ သီတင်းသုံးလျက် ရှိပါသည်။

# အသေထွက် ထွက်လာရပါတယ်

"မြှော်လိုက်ရဒါ ဒကာမကြီးရယ်၊ လာများမှ လာပါဦး မလားလို့"

"တရားအားထုတ်လာရဒါများ မလွယ်လှဘူး အရှင်ဘုရား၊ ခုတောင်မှ အသေထွက် ထွက်လာရပါတယ် အရှင်ဘုရား-ရယ်"

"အလို...အသေထွက်၊ ဘယ်ကဂိုဏ်းက ဆရာနဲ့များ တွေ့လာလို့တုန်း၊ ပြောစမ်းပါဦး ဒကာမကြီး အသေထွက်က"

"ဘယ်က ဂိုဏ်းဆရာနဲ့မှ မတွေ့ခဲ့ရပါဘူး ဘုရား၊ သားဦးဇင်းက တရားအားထုတ်ရအောင် လာခဲ့ပါ၊ စရိတ်ထောက်ပါ့မယ်လို့ စာရေးခေါ်တယ်။ ခုကြုံတုန်း တရားအားထုတ်သွားဦးမယ်-လို့ တပည့်တော်မက ပြောတော့ အိမ်ကလူတွေက နှင်မရှိယင်မဖြစ်ဘူး၊ (အမေမရှိယင် မဖြစ်ဘူး) ဘာဘူး ညာဘူးနဲ့ ဝိုင်းထားကြတယ် ဘုရား၊ အဲဒီတော့ တပည့်တော်မက ဒီလိုဆို ငါသေသွားယင် နှင်တို့ ဘယ်လိုလုပ်နေရစ်ကြမလဲလို့၊ မေးရတယ်ဘုရား၊ ဒီလိုမေးတော့ သူတို့က ဒါတော့ တကယ်လို့ နှင်သေသွားယင်ဖြင့် ဒို့ဖြစ်သလို နေရစ်ကြမှာပ-လို့ ပြန်ပြောကြတယ် ဘုရာ့၊ ဒါဖြင့် အခု ငါသေပြီလို့သာ သဘောထားကြပေတော့၊ သားဦးဇင်းရဟန်း (၉) ဝါရလို့တောင်မှ ငါတရားအားမထုတ်ရသေးယင် ဘယ်တော့မှ အားထုတ်ရတော့မှာ

မဟုတ်ဘူး-လို့ ပြောပြီး၊ ဇွတ်တရွတ် အသေထွက် - ထွက်လာရတာ ဘုရား၊ ဒါကြောင့် အသေထွက် ထွက်လာရပါတယ် အရှင်ဘုရားရယ်-လို့ လျှောက်ရပါတယ် အရှင်ဘုရား”

အချိန်မှာ ၁၃၂၉-ခု၊ နွေဦးတု အချိန်တုန်းကဖြစ်ပါတယ်။ စာရေးသူ ရန်ကုန် သာသနာ့ရိပ်သာမှာ နေစဉ်တုန်းက တရားအားထုတ်ရန် စာရေးပြီး ခေါ်လိုက်လို့ ရောက်လာတဲ့စာရေးသူရဲ့(မယ်တော်)ဒကာမကြီးက လျှောက်ထားတဲ့ စကားများကို ယခုတိုင် ကြားယောင်နေပါသေးတယ်၊ ဒကာမကြီး လျှောက်ထားတဲ့ ‘အသေထွက်’ ဆိုတာကိုလဲ စာရေးသူ ဆက်လက် သုံးသပ်မိပါတယ်၊ သမီး,သားရေး စီးပွားရေးတွေကို နှစ်ရှည်လများ ကြိုးစား အားထုတ်ပြီး နေနိုင်ကြသူတွေ များပေမဲ့ တရားအားထုတ်ရန် တလ,နှစ်လလောက်ကိုမှ အချိန်ယူအားထုတ်နိုင်သူဟာ အလွန်နဲပါး ပါတယ်၊ဘာကြောင့် ညာကြောင့် အဝါကြောင့်စတဲ့ ကြောင့်ပေါင်းများစွာ ဆင်ခြေတက်ပြီး တရားအလုပ်ကို ရှောင်လွှဲနေတတ်ကြပါတယ်။

ဒကာမကြီးပြောတဲ့အသေထွက်-မထွက်နိုင်သေးသမျှ ကာလပတ်လုံး တရားဘက်ကို မျက်နှာလှ နိုင်သူ ရှားပါလိမ့်မယ်၊ ဘယ်တော့မှ အားထုတ်နိုင်ကြမှာ မဟုတ်ပါဘူး၊ ဒီလိုနဲ့ပင် သေမဆုံး ဖြစ်ကြရမှာဘဲ၊ အမှန်မှာတော့ မည်သူမဆို ယခုလို ဗုဒ္ဓုပ္ပါဒ နဝမ ခေတ်ကြီးနဲ့ ကြုံကြိုက်နေတဲ့အခါ အချိန်မရွေး ရှောင်တခင်သေနိုင်တဲ့ သေခြင်းတရားကို ဆင်ခြင် စဉ်းစားပြီး အမြဲတမ်းသေခြင်းကင်းရာ နိဗ္ဗာန်ကိုရောက်စေနိုင်တဲ့သတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားကို ကြိုးစားအားထုတ်ဖို့ အခွင့်ကို မရ

အရယူပြီး အားထုတ်ဖို့ သင့်ပါတယ်၊ တရားအားထုတ်ဖို့ အချိန်ကို နေ့ရွှေ့ ရက်ရွှေ့ ရွှေ့နေဖို့ မသင့်ပါဘူး။

ဟုတ်ပါတယ်၊ ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ်မှာလဲ မြတ်ဘုရားက "နက်ဖြန်ခါမှာ အသက်ရှင်ဦးမည် သေရမည်ကို ဘယ်သူမှချ သိနိုင်ပါမလဲ၊ ဒီလိုနှလုံးသွင်း ဆင်ခြင်ပြီး ကိလေသာတွေကို ပူလောင်သွေ့ခြောက် ကင်းပျောက် စေတတ်တဲ့ ဝိပဿနာတရားအလုပ် အားထုတ်မှုကို နက်ဖြန်သဘက် နေ့ရက်မရွှေ့ ယနေ့ပင်လျှင် မဆိုင်းမရပ် ပြုလုပ်အပ်တယ်၊ နက်ဖြန် အသက်ရှင်ဦးမည် သေရမည်ကို မသိနိုင်ခြင်းရဲ့ အကြောင်းမှာ ရေ,မီး,အဆိပ်,လက်နက်ရောဂါစသည်ဖြင့် သေစေနိုင်ကြောင်း စစ်သည်ပေါင်းများစွာရှိတဲ့ သေမင်းလို့ခေါ်တဲ့ သေခြင်းတရားနှင့် ငါတို့အား ရက်ချိန်းပေးထားခြင်း တံစိုးလက်ဆောင်ပေးထားခြင်း ခုခံနိုင်အောင် စစ်သည်ဗိုလ်ပါ စုဆောင်းထားခြင်းသည် မရှိပါချေ။ ဒါကြောင့် နက်ဖြန် အသက်ရှင်ဦးမည် သေရမည်ကို ဘယ်သူ မှုချသိနိုင်ပါမလဲ" လို့ ဆုံးမ သတိပေးတော် မူခဲ့ပါတယ်။

ဆောင်ပုဒ်

နက်ဖြန်ရှင်မှု သေမှုသေချာ၊
ဘယ်သူမသိ သတိပြုပါ၊
ယနေ့တရား ကြိုးစားမြန်စွာ၊
သေမည့်ရက် ချိန်းချက်မရှိပါ။

# ဝေါဟာရ အသွယ်သွယ်

## မိုက်ယင် တောင်ကျော် ကိုင်ရအောင်တဲ့

(ဝေါဟာရကား ကျယ်ပြန့်၏၊ တရပ်နှင့် တရပ် တနယ်နှင့် ဘနယ် သုံးနှုန်းမှုလည်း ကွဲ၏။ ဝေါဟာရတို့၏ စီးဆင်းရာ ရေသောက်မြစ်ကား နက်ရှိုင်း လှပေ၏။

မြန်မာ့ ဝေါဟာရ အဘိဓာန် ကျမ်းကြီးကို ပြုစုကြမည် ဟူသော မင်္ဂလာသတင်းကို ကြားသိရသောအခါ စာရေးသူ ပခုက္ကူမြို့ **မဟာဝိသုဘာရာမတိုက်**ကြီး၌ စာသင်ကြားခဲ့စဉ်က ဝေါဟာရ အနက်များနှင့် ဟိုမှ သည်မှ ဝေါဟာရ အရပ်သုံး စကားတို့ကိုလည်း သတိရမိတော့သည်။ ပခုက္ကူစာချနည်းသည် နိကာယ်များကို နှံ့စပ်ပေါက်ရောက်လွှယ်၍ ဝေါဟာရ ကြွယ်ဝ လှသည်-ဟု ကျော်ကြားလှ၏။

## လှည်း-ကခြင်း **စသည်**

စာရေးသူသည် ယင်း ကျောင်းတိုက်ကြီး၌ နေခဲ့စဉ်က ဇေယျသုခကျောင်း ဆရာတော်ထံ၌ စာလိုက်ခဲ့ဘူး၏။ **ဇေယျသုခကျောင်း ဆရာတော်ဘုရားကြီး ဦးဂန္ဓမာ**သည် "သကဋံ-ယောဇေတွာ" ဟူသော ပါဠိကို အနက်ပြုချရာ အရပ်သုံး ဝေါဟာရတို့ကို ဝါ-ပေါက်၍ ချပို့တော်မူခဲ့၏၊ ချပို့တော်မူပုံမှာ

သကင္ဍ-လှည်းကို၊ ယောဇေတွာ-ယှဉ်၍၊ ဝါ၊ တပ်၍၊ ဝါ၊ က-၍၊ ဝါ၊ ကော့၍၊ ဝါ၊ ကောက်၍-ဟု ချဲ့ပိုတော်မူသည်။

ဤအနက်များအရ လှည်းသွားရန် လှည်း၌ နွားကို လှည်း တပ်သည်ကို စာရေးသူတို့ ဘုတလင်ဖက်က "လှည်း တပ်သည်၊ လှည်း က-သည်"ဟု သုံး၏၊ ပခုက္ကူ မြိုင်ဖက်ဆိုက "လှည်း ကော့သည်"ဟု ခေါ်ကြောင်း သိရ၏။ တောင်တွင်းကြီးဖက် ဆိုက "လှည်း ကောက်သည်"ဟု ခေါ်ဝေါ် သုံးနှုန်းကြောင်း သိရ၏။ ဤသို့ သိရလေသည်။

## တောင်ကျော်ကိုင်ခြင်း ဟူသည်

"မလ္လယဒ္ဓ"ဟူသောပါဠိကို အနက်ပို့ချရာ၌လည်း မလ္လယဒ္ဓ-နပန်းလုံးခြင်းကို၊ ဝါ-နပန်းချခြင်းကို၊ ဝါ-နပန်းသတ်ခြင်းကို၊ ဝါ-နပန်းကိုင်ခြင်းကို၊ ဝါ-တောင်ကျော်ကိုင်ခြင်းကို-ဟု ချဲ့ပိုတော်မူ၏။ ဤနပန်းလုံးခြင်းစသည်ကို လူတိုင်း သိနိုင် ကြသော်လည်း "တောင်ကျော်ကိုင်ခြင်း"ကိုမူ နပန်းလုံးခြင်း တို့နှင့် အတူတူ ဖြစ်ကြောင်း လူတိုင်း သိနိုင်ကြမည် မဟုတ်ပေ၊ ဤ တောင်ကျော်ကိုင်ခြင်း ဝေါဟာရသည် မြင်းခြံခရိုင်ဖက်က သုံးသော ဝေါဟာရ-ဟု ကြားဘူး၏။

## ရန်ပွဲက ရယ်ပွဲဖြစ်ရ

ဤ တောင်ကျော်ကိုင်ခြင်း ဝေါဟာရကို မသိသောကြောင့် ရန်ပွဲက ရယ်ပွဲဖြစ်ရကြောင်း စာရေးသူ ကြားဘူး၏။ အခါ တပါး စာသင် ကျောင်းတိုက် တတိုက်၌ စကားထစ်သော ဘုန်းကြီး ဦးသြသမနှင့် စိတ်တိုသော ဘုန်းကြီး ဦးထောမန

ဟူ၍ ရှိခဲ့ကြဘူးသတဲ့၊ ထိုဘုန်းကြီး နှစ်ပါးတို့သည် ဝါ ၂၀-ကျော် အရွယ်တော်ရင့်ကြပြီ ဖြစ်တော်မူသောကြောင့် စာသင်သား ရဟန်းငယ်တို့က ထိုဘုန်းတော်ကြီး (၂)ပါးတို့ကို ဘွဲ့အမည် အဆုံးမခေါ်ကြဘဲ ဘုန်းကြီး-သြ, ဘုန်းကြီး-ထောဟု ချစ်စနိုး ခေါ်ကြလေ၏။

တနေ့သ၌ ထိုဘုန်းကြီးသြနှင့်ဘုန်းကြီးထောတို့သည် တပါးတခွန်းစကားများတော်မူကြ၏။ ခွန်းကြီးခွန်းငယ် အချေအတင်ပြောရာမှ ရိုက်မည် နှက်မည် အခြေသို့ပင် ရောက်လာကြ၏။ ထို့ကြောင့် စာသင်သားတို့က ဖြန်ဖြေရန် ဝိုင်းဝန်း ရောက်လာကြ၏၊ ထိုစဉ် စိတ်တိုသော ဘုန်းကြီးထောက–

"ဟေ့ စကားတွေ အများကြီး မပြောနဲ့ ဟေ့၊ မိုက်ယင်တောင်ကျော် ကိုင်ရအောင်"ဟု အော်၍ ပြော၏။ ထိုအခါ စကားထစ်သော ဘုန်းကြီးသြကလည်း မခံမရပ်နိုင် ဖြစ်ကာ အသားများ ဆတ်ဆတ်တုန်လာသော်လည်း ဘုန်းကြီးထော၏ စစ်ကြေငြာချက် ဝေါဟာရ တောင်ကျော်ကိုင်ခြင်းကို မသိသဖြင့် အခက်ကြုံနေလေ၏။ ထို့ကြောင့် စကားထစ်သော ဘုန်းကြီးသြက နပန်းလုံးရန် အဆင်သင့် ပြင်ဆင်နေသော ဘုန်းကြီးထောကို ကြည့်ယင်း....

"နေ-နေ-နေ-နေ-နေ-နေပါအုံး ကိုယ်တော်ရဲ့၊ တောင်-တောင်-တောင်-တောင်-တောင်ကျော်ကိုင်တယ်ဆိုတာ ဘာ-ဘာ-ဘာ-ဘာ-ဘာကို ခေါ်-ခေါ်-ခေါ်-ခေါ်ဒါလဲ"ဟု ပြန်မေးလိုက်ရာ ဖြန်ဖြေရန် ရောက်နေကြသော စာသင်သားတို့မှာ ငိုအားထက် ရယ်အားသန် ဆိုဘိသို့ မပြုံးဘဲနဲ့ ဝါးလုံးကွဲ

ရယ်ကြသဖြင့် ဘုန်းကြီးသြနှင့် ဘုန်းကြီးထောတို့လဲ ဒေါသစိတ်များ ပြေပျောက်ကြကာ ရန်ပွဲစဲ၍ ချော်လဲရောထိုင် အများနှင့် ရောနှော ရယ်မောကြသော ဟူ၏။

## အော့အန်နှင့် ကော့ကလန်

နောက်တခု ကြားဘူးသည်မှာ ရွာတရွာသို့ တနယ်သား ညွှံ့သည် လုလင်တယောက် ရောက်သွားစဉ် အိမ်ရှင် အမေက ဝေနေသော ထမင်းအိုးကို လက်ညှိုးညွှန်၍–

"ဟဲ့-ဟဲ့ သမီး ထမင်းအိုးကြီး အော့အန် နေတယ်၊ ကော့ကလန်နဲ့ နှိပ်လိုက်"ဟု ပြောသတဲ့၊ ထိုအခါ ညွှံ့သည် လုလင်က–

"ဩ–ထမင်းအိုး ဝေတာကို အော့အန်တယ်လို့ ခေါ်ပြီး၊ ယောက်မကိုတော့ ကော့ကလန်လို့ ဒီအရပ်မှာ ခေါ်ကြသကိုး" ဟု မှတ်ချက် ချမိသတဲ့၊ ဤအသုံးကို အထက်အရပ်က သုံးသည် ဟူသာ သာမည ကြားဘူးပါသည်။

## ချောင်တစ်လစ်

စာရေးသူတို့ ဘုတလင် ညောင်ကန်ဖက်၌ လှည်းထမ်းပိုး၊ ထွန်ထမ်းပိုး- နှစ်ဖက်စွန်းတို့၌ အပေါက်နှစ်ပေါက်စီ ဖေါက်၍ အောက်သေး အထက်ကြီး တုတ်တိုတိုကို လျှို၍ နွားဘွဲ့ကြိုးကို ထိန်းကြ၏။ ထိုတုတ်ချောင်းကို "ထမ်းပိုးကြီးထောက်"ဟု ခေါ်ဝေါ် ကြ၏။

ပခုက္ကူဖက်၌မူ "ထမ်းပိုးကျစ်"ဟု ခေါ်ကြ၍ တောင်တွင်းကြီး ဖက်၌မူ "ထမ်းပိုးကြီး"ဟု ခေါ်ကြောင်း သိရ၏။

ရွှေဘိုနယ် ရွာတရွာ၌မူ "ချောင်တစ်လစ်"ဟု ခေါ်ကြောင်း သိရပြန်သည်။ အကြောင်းမှာ အပေါ်က လျှိုသွင်းလိုက်ရာ ချောင်ကျလာပြီးမှ တစ်လစ်ကလေး နေခဲ့သောကြောင့် ဟူ၏။

## ပူကယ်

နောက်တခုမှာ ထမင်းအိုး ဟင်းအိုးချရာ၊ တည်ရာတို့၌ သုံးသော အဝတ်ကို အချို့ အရပ်က "လက်ခု"ဟူ၍ ခေါ်ကြ၏။ အချို့အရပ်က "လက်နှိုးစုတ်"ဟု ခေါ်၏။ အချို့ အရပ်က "ပူကယ်"ဟု သုံး၏။ အကြောင်းမှာ ပူသောအိုးကို ကိုင်ရာ၌ မပူအောင် ကယ်သောကြောင့် ဟူ၏၊ ဤကား စာရေးသူ ကြားဘူး သိဘူးသမျှ အရပ်သုံး ဝေါဟာရ အချို့တို့ ပါတည်း။

---

# ညောင်ကန်သားလား
# ဒန်းတိုင်သားလား

[၁၃၃၂-ခု ဝါဆို လပြည့်နေ့ထုတ် ဗုဒ္ဓမမ္မလောက အတွဲ (၁၆) **စစ်ကိုင်းအရှင်ပညိန္ဒရေး** "ရှေးရှေးတုန်းက ဆောင်းပါး၌ **ဆရာတော်ဦးဗုမ်သည် ဒန်းတိုင်ရွာသား**" ဖြစ်ကြောင်း ပါ၏။ ၁၃၃၂-ခု ဝါဆိုလဆုတ် ၈-ရက် နေ့ထုတ် ဗုဒ္ဓမမ္မလောက အတွဲ (၁၆) အမှတ်(၇) **ဝါခင်းကုန်း ဦးတိက္ခရေးသော** "ဆရာတော်ဦးဗုမ်၏ ထင်ရှားသောရွာ" ဆောင်းပါး၌ ဆရာတော် ဦးဗုမ် သည် **ညောင်ကန်ရွာသား** ဖြစ်ကြောင်း ပါ၏။

၎င်းဆောင်းပါးရှင် ဆရာတော် နှစ်ပါး ရေးသား ချက်အရ ဆရာတော်ဦးဗုမ်၏ဇာတိနေရပ်သည်မည်သည့် ရွာက မှန်ကြောင်းကို ကျောက်ပန်းတောင်းမြို့ ဥပါ သကာ ဦးညိုက မေးမြန်း၍ ၎င်းအမေးကို ညောင်ကန် ရွာသား **ညောင်ကန် ဦးဣန္ဒက** ထံသို့ပို့လိုက်ရာ အောက် ပါအတိုင်း ဖြေကြားသည်ကို မူရင်းအတိုင်း ဖော်ပြလိုက် ပါသည်။ အယ်ဒီတာ ]

ဒကာတော်ထံမှ ပူးတွဲပါ ဆရာတော် ဦးဗုဓ်၏ မွေးဖွားရာဒေသ ညောင်ကန်ရွာလား၊ ဒန်းတိုင်ရွာလား ဆိုတဲ့ ဦးညို၏ အမေးကို ဘုန်းကြီးက ဖြေကြားလိုက်ပါသည်။

၁။ မန္တလေးမြို့ ပြည်လုံးချမ်းသာ ကျောင်းတိုက် ဘုန်းတော်ကြီး **ဦးသုဒဿန** အရှင်သူမြတ် ရှာဖွေစုဆောင်း၍ စီစဉ်ရိုက်နှိပ်ထုတ်ဝေသည့် "**ညောင်ကန်သာသနာဝင်**" စာအုပ်စာမျက်နှာ ၁၀၀-တွင် ဆရာတော် ဦးဗုဓ်၏ ဖွားရာဒေသကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

မြန်မာပြည် အောက်ပိုင်း (ရှေးအခေါ်) ပဒိုမြို့ **ကျေးလက်၊** (ယခုအခါ) မုံရွာခရိုင် **ဘုတလင် မြို့နယ် ညောင်ကန်ရွာသာခေါင်ရပ်** ၌ နေထိုင်သော **အဖ** ဦးအို၊ **အမိ ဒေါ်မွေး** တို့မှ သက္ကရာဇ် ၁၁၄၉-ခုနှစ် နယုန်လပြည့်ကျော် ၅-ရက် အင်္ဂါနေ့တွင် **ဆရာတော် ဦးဗုဓ်** ၏ အလောင်းအလျာ သတ္တဝါသားကို ဖွားသန့်စင်၍ ထင်ရှား ဖြစ်လာသတည်း။

## ရှင်းလင်းချက်

ထို ဆရာတော် ဦးဗုဓ်၏ အလောင်းအလျာ သတ္တဝါသားကို ဒန်းတိုင် ရွာ၌ မွေးဖွားသည် ဟူသော စကားကို ညောင်ကန်ရပ်သူ ရွာသားနှင့် နယ်သူ နယ်သားတို့ကပါ သဘောမကျမနှစ်သက်သောကြောင့်၎င်း၊ ပြည်တွင်း ပြည်ပ အနီးအဝေးတွင်ရှိကြသော ရဟန်းရှင်လူ အပေါင်းတို့ကလည်း ဆရာတော် ဦးဗုဓ်သည် ညောင်ကန်ရွာကဟု သိပြီးဖြစ်ကြသောကြောင့်၎င်း၊ ဆရာတော် ဦးဗုဓ် ကိုယ်တိုင်ကလည်း "ဗောဓောဒမိသုတေ

ဂါမေ၊ ဇာတေန ဇာတိယာ မယာ" ဟူ၍ ဂါထာစီကုံးကာ ညောင်ကန်ရွာ၌ မွေးဖွားသည်ဟု မိန့်ဆိုထားသောကြောင့်ရှင်း ညောင်ကန်ရွာ သာခေါင်ရပ်တွင် ဖွားမြင်သည်ဟု ရေးသား လိုက်ပေသတည်း။

## ထို့ပြင်တဖြာ ရှင်းလင်းချက်

အချို့သော ရှေးသူဟောင်း လူကြီးသူမ အပေါင်းတို့က ဒန်းတိုင် ရွာ၏ အနောက် ဘက် တွင် ရှိသော ချောင်းကို **နန်းမတော် မယ်နု** အမိန့်နှင့် တံတားဆောက်လုပ်၍ ပေးခြင်း၊ ဆရာတော် ဦးဗုဓ်၏ မယ်တော်၊ ခမည်းတော်များ ပိုင်ဆိုင် လုပ်ကိုင်သည့် ယာမြေရှိရာ ဒန်းတိုင်ရွာ အရှေ့တောင်ထောင့်ရှိ ထန်းတကောင်းကြီး တောမှ ညောင်ကန်သို့ အရောက် ကူးသန်း သွားလာရန် ထွန်လမ်း လှည်းလမ်း မပေါက်သဖြင့် နန်းမတော် မယ်နုအမိန့်ဖြင့် လမ်းတောင်းရာ ကျွဲကြီးတကောင်ကို ခလောက် ဆွဲပြီး လွှတ်လိုက်သောအခါ ထိုကျွဲကြီးသွားရာအတိုင်း လမ်း ပေးကြရသည် ဟူသော စကားများကို ပြောကြားကြသည်။

ထိုအကြောင်းအရာများသည် ဆရာတော် ဦးဗုဓ်ကို ဒန်းတိုင် ရွာတွင် ဖွားမြင်ခြင်းကြောင့် မဟုတ်တန်ရာ၊ နောင်သောအခါ ဆရာတော် ဦးဗုဓ် နေပြည်တော်သို့ ရောက်၍ မင်းဆရာဖြစ်မှ မဟာအောင်မြေတံစံ အုတ်ကျောင်းကြီးအမ **နန်းမတော်မယ်နု** က ဆရာတော် ဦးဗုဓ်ကို ကြည်ညို လေးစားပြီး မယ်တော်ကို ချီးမြှောက်လိုသောအားဖြင့် မယ်တော်၏ အလိုဆန္ဒ ရှိသမျှ ပြည့်ဝအောင် လုပ်ဆောင်ပေးခြင်းသာ ဖြစ်ဟန် တူသည်။ (ဤကား ညောင်ကန်သာသနာဝင် အဆို)

၂။ တောင်ငူမြို့ **ဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်း ဆရာတော် ဦးသံဝရ** ပြုစုသော ညောင်ကန်ရွာက ဆရာတော် ဦးဗုဓ် စသော တံဆိပ်ရ မရ ပုဂ္ဂိုလ်တို့၏ ခထေရုပ္ပတ္တိစာတမ်း ''စာအုပ်စာမျက်နှာ ၃၁-တွင် ဆရာတော် ဦးဗုဓ် ဖွားမြင်ရာဒေသကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

## တံဆိပ်ရ တတိယ ညောင်ကန်ဆရာတော်

ဆရာတော်ဦးဗုဓ် ဖွားရာဒေသ ညောင်ကန်ရွာ အရှေ့တောင် ယွန်းယွန်း နှစ်မိုင်ခန့်အရပ်၌ ဒန်းတိုင်ရွာခေါ်သော ရွာငယ်တရွာရှိ၏။ ထိုဒန်းတိုင်ရွာတွင် ဆရာတော်ဦးဗုဓ် အလောင်းအလျာသည် အဖ ဦးအို၊ အမိ ဒေါ်မွှေးတို့၏ ဂဗ္ဘာသယဝမ်းကြာတိုက်မှ သက္ကရာဇ် ၁၁၄၉-ခုနှစ် နယုန်လပြည့်ကျော် ၅-ရက် အင်္ဂါနေ့တွင် ဖွားသန့်စင်၍ ထင်ရှားဖြစ်လာသတည်း။ ဤသို့ မွေးဖွားပြီးနောက် အမည်သညာ ခေါ်စရာကား မွေးဖွားသောအခါ **လကို** ရာဟု **ပေးပ်ဖမ်းသော အချိန်အခါကြုံကြိုက်သော ဗျုပ္ပတ္တိ နိမိတ်** ကို အကြောင်းရှာလျက် **ပေးပ်ဟု** ခေါ်တွင်ကြ၏။ အချို့သောသူတို့ကလည်း ဦးခေါင်း၌ ဒက်ခေါ်သော အနာရှိသောကြောင့် ပေးပ်ဟု ခေါ်သည်ဟု ပြောဆိုကြ၏။ မူလ အမည်ရင်းမှာ ဦးပုပ် ပင်တည်း။ ဆရာတော်ပုပ် ရေးသားသော ကျမ်းစာများကို ပုံနှိပ်သောအခါကျမှ ပါဠိဆရာ **ဆရာမြေ** က ပညာရှိဟော ဗုဓသဒ္ဒါကို ထောက်ထားရှာကြံ၍ **ဦးဗုဓ်** ဟု ရေးသားခြင်းကို ပြုအပ်၏။ ဦးပုပ်သည် ဒန်းတိုင် ရွာ၌ မွေးဖွားသည်ကို သိရသည်ကား ဘုန်းကြီး

ဒကာကြီး ဦးပေါက်နှင့် ဒန်းတိုင်ရွာသား **ဦးတက်အောင်** တို့၏ ပြောပြခြင်းကြောင့်ရှင်း၊ ဆရာတော် ဦးပုပ် မွေးဖွားရာအရပ် ဒန်းတိုင်ရွာ၏ အနောက်ဘက်၌ ချောင်းတချောင်းရှိရာ ထိုချောင်းကို နန်းမတော်မယ်နုက ဆင်သွားနိုင်လောက်အောင် တံတား လုပ်ပေးမည်ဟု ဆရာတော် ဦးပုပ် မယ်တော်အား ပြော့ပြပြီးလျှင် တံတားလုပ်ပေးရာ တံတားလည်း သေးငယ်နေသဖြင့် ဆရာတော် ဦးပုပ် မယ်တော်က ဆင်သွားနိုင်အောင် တံတားလုပ်မည် ပြောပြီး လုပ်ပေးတော့ လှည်းမှမသွားနိုင်ဟု ညည်းသောဟူ၏။ ထိုတံတား အစအနတို့ကို ငါတို့ငယ်စဉ်က မြင်လိုက်ရဘူးသေး၏။ ထို့ကြောင့် ဦးပုပ်သည် ဒန်းတိုင်ရွာ၌ မွေးကြောင်းကို သိရသတည်း။

ဆရာတော်ပုပ်၏ မိဖများသည် ညောင်ကန်ရွာ၌ အိမ်နေရာ အတည်တကျရှိပြီး ဒန်းတိုင်၌ လယ်ယာလုပ်ရန် အသွားတွင် မွေးဖွားသည်ဟု ဆိုစရာရှိ၏။ မိဖတို့က ညောင်ကန်ရွာသား ဖြစ်သဖြင့် ညောင်ကန်ရွာ၌ မွေးဖွားသည်ဟု မိမိရေးသော ကျမ်းနိဂုံး၌ ရေးထားခြင်းဖြစ်သည်ဟု မှတ်ရာ၏။

ဥပမာ။ ။သာသနာပိုင် ဦးဉာဏ ယျသည် အဘ ရဲထွက်သား၊ အမိမောင်းထောင်သူ ဖြစ်လျက် ကန်နီနယ် နတ်ရဲတောင်ရွာ၌ လယ်ယာရှိသဖြင့် နတ်ရဲတောင်ရွာ၌ မိဖများ လယ်လုပ်ယင်း မွေးသဖြင့် နတ်ရဲတောင်သား ဖြစ်သော်လည်း ကြီးပြင်း၍ ရဟန်း သာသနာပိုင် ဖြစ်သောအခါ **"ငါမောင်းထောင် သာသနာပိုင်"**ဟု ပြောဆိုခဲ့၏။

နတ်ရဲတောင်ဘုရားအသွား ဖလပ၌ တည်းကျောင်းဆောက်လျက် စခန်းချနေရာတွင် ငါတို့ မောင်းထောင်ရွာ ကန်က

ရေပြာကလေးကို သောက်ရလျှင် ကောင်းမည်ဟု ပြောသော ဟူ၏။ ဤလိုသာသနာပိုင် ဦးဥ ယျသည် မောင်းထောင်ရွာ၌ မဖွားမြင်သော်လည်း အမိ၏ နေရာကို အကြောင်းပြုလျက် မောင်းထောင်ရွာဖွား ဇာတိသားဟု ပြောသည့်နည်းတူ ဆရာ တော်ပုပ်လည်း ညောင်ကန်ရွာ ဇာတိဖွား ဖြစ်သည်ဟု စာပေ ကျမ်းဂန်နိဂုံးတို့၌ ရေးသားသည်ဟု မှတ်ရာသတည်း။

ဆရာတော်ပုပ် မွေးဖွားပြီးမှ ညောင်ကန်ရွာသို့ ပြောင်းရွှေ့ လာပြီးလျှင် ညောင်ကန်ရွာ ရပ်ကွက် ၁၁-ရပ်ကွက်ရှိသည်တွင် အရှေ့တောင်ပိုင်း သာခေါင်ခေါ်သော ရပ်ကွက်၌ ဝင်းခြံအိမ် ကြီးနှင့် နေကြောင်းကို ယခုထက်တိုင် အများသိကြ၏။ **နန်း မတော်ဝန် ဦးရန်** လည်း ဆရာတော်ပုပ်ကို အလွန်ကြည်ညိုသူ ဖြစ်၍ သီပေါ ရှင်ဘုရင် လက်ထက် ညောင် ကန် ရွာ သို့ လာ ၍ ဆရာတော်ဦးပုပ်၏ မိဘဝင်းခြံ နေရာကိုရင်း၊ ဆရာတော်ဦးပုပ် နေသော ကျောင်းကိုရင်း ဦးနှိမ်ချသွားသည်ဟု ဆရာအများ ပြောသံကို ကြားရဘူး၏။ (ဤကား သေရပ္ပတ္တိစာတမ်းအဆို)။

ဤအဆို ၂-ရပ်ကို ပေါင်းစပ် လေ့လာသော် ဆရာတော် ဦးပုပ်ဖွားရာဒေသမှာနှစ်နေရာ ကွဲပြားနေသော်လည်းဆရာတော် ဦးပုပ်သည် ညောင်ကန်သားဟု အများသဘောကျ ဆုံးဖြတ်ရ ပါမည်။ ဦးညိုစသား သူတော်ကောင်းအများတို့သည် ဆရာ တော်ဦးပုပ်သည် ညောင်ကန်သားဟု မှတ်သားနိုင်ကြပါစေ သော်...။

### ညောင်ကန်အရှင်ဇနက၏

# စာအုပ်စာပေများကို ဗိုလ်မြင်ကြသည်

### ခေတ်လူတို့အတွက်

ဗုဒ္ဓတရားတော်များကို ခေတ်လူတို့ အလွယ်တကူ ဖတ်နိုင်အောင် စကားပြေရိုးရိုးဖြင့် ရေးသားထားသော ဆောင်းပါးများ ဖြစ်သည်။

(ကြေးမုံသတင်းစာ ၂၄-၈-၇၀)

---

### လောကီလောကုတ္တရာအကျိုးပြုစာအုပ်

ညောင်ကန်အရှင်ဇနကက စုဆောင်းပြုစုသော စာအုပ်မှာ လောကီလောကုတ္တရာ အကျိုးပြုစာအုပ်ဖြစ်သည်၊ ထိုစာအုပ်တွင် ကိုယ့်အားကိုယ်ကိုး သဘောတရားကို ၂၂-မျိုးသောရှုထောင့်မှ ရေးသားထားသည်မှာ ထူးခြား၍ မှတ်သားသွယ်ကောင်းသည်။

(ရန်ကုန်သတင်းစာ ၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၉-ရက်)

---